နိကာယမဉ္ဇရီကျမ်း

(ဗုဒ္ဓဘာသာ)

၂/၆၅
၁၀၀၅

ဝိုင်ငံခြားသားများ နိုင်ငံပြန်ပို့ခြင်း

နိုင်ငံပြန်းကုံး

ပထမတွဲ

သာသနာအောင်ပွဲတွင်းကား [illegible]

စာ [illegible] ပြီး

ဒုတိယအကြိမ် - [illegible]

သာသနာ့အလင်းရောင်
ဦးဇဝနပြောင်
သီကုံးသည်

မြန်မာနိုင်ငံတော်သာသနာပြုနှစ်ပေါင်း ၂၅၀၀ ပြည့်
စာကြည့်တိုက်
၁၀၆၅

ပထမအကြိမ် ရိုက်နှိပ်ခြင်း
သာသနာ ၂၅၁၉ ခုနှစ်
ဇော်ဂျီ ၁၃၄၀ ခုနှစ်
အုပ်ရေ ၀၀၀၄ ၂၀၀၀
ခမ်းစ် ၁၉၇၇ ခု ဖေဖော်ဝါရီလ

တန်ဆိုးရေး(၂၀၀) (မူပိုင်ရှင် - မောင်ဘည့်နှင့်)

ရတနာစာပေပဋ္ဌာန်း

အမှတ် [၁၀] ကျေးတော်ရုံ

ရွှေတိဂုံဘုရားတောင်ဘက်မှခံ

ရန်ကုန်မြို့-ဒဂုံစာကိုက်မ

Printed in the Socialist Republic of the Union of Burma
by the Kyawwinswe Printing Press, Rangoon.
ဘာသာရေးဆိုင်ရာ ထုတ်ဝေခွင့် အမှတ် (ဂ၇၀၀)

ပုံနှိပ်သူ—ဒေါ်မြရီ
ကျော်ဝင်းဆွေပုံနှိပ်တိုက် (ဝ၁၄၁၃)
၁၃၊ ၉၀ - လမ်း၊ ရန်ကုန်မြို့။

ထုတ်ဝေသူ—သာသနာ့ အလင်းရောင် ဦးဖေမြင့်
ကမ္ဘာ့အလင်းထွောင်စာပေ (ဝ၁၅၉၀)
၂၉၊ ၃ - လမ်း၊ ဖျာပုံမြို့။

အဖုံးရိုက်-ကာလာမောင်ဝင်း

ဆာသနဒေါ်ဘွဲ့ကားကြီးပွားရေးဦးစီးဌာန

စာကြည့်ဘိုက်

ထုတ်ဝေသူ - ရန်တုန်း

အဂ္ဂမဟာသမ္မတ—အာဇီဝမဟာသမ္မတရုပ်ပုံ

ဆင်ခြေသံကယာနာဂိုဏ်းပေါင်းစုံဝန်ဆောင်သံဃာအဖို့ ဥက္ကဋ္ဌ

ကျေးဇူးတော်ရှင်

မဓိုးရိပ်ဆရာတော်ဘုရားကြီး

သာသနဓဇ သီရိပဝရ ဓမ္မာစရိယ

အဂ္ဂမဟာပဏ္ဍိတ-ဆဋ္ဌသံဂီတိပုဏ္ဏက

ဂန္ထကာရက—ကမ္မဋ္ဌာနာစရိယ



ကျေးဇူးတော်ရှင်

မဟာစည်ဆရာတော်ဘုရားကြီး

သာသနဓဇသီရိပဝရဓမ္မာစရိယ—အစိုးရပထမ္မကျော်
ပရိယတ္တိသာသနဟိတ (သက္ကသီဟ) ဓမ္မာစရိယ—အာဒိကမ္မိကဝဋ္ဌ သာကာ
အဋ္ဌကထာ ပြန်အကျော်—ပုဒ္ဓသာသနဝိသိဋ္ဌ
တိပိဋကဓရ-မဟာတိပိဋကကောဝိဒ—ဓမ္မဘဏ္ဍာဂါရိက

ဆဋ္ဌသင်္ဂါယနာတိုင်းသင်္ဃက - မဟာဒုဋ္ဌဝဏ်ကျမ်းဖြိုး
ဆရာတော်အရှင်ဝိစိတ္တသာရာဘိဝံသ

သာသနာ့ဓဇ သိရိပဝရ ဓမ္မာစရိယ

ဘဒ္ဒန္တသာ တိပိဋကာစရ-တိပိဋကကောဝိဒ-ဓမ္မဘဏ္ဍာဂါရိက



ဂန္ထကာရက

အရှင်ဇနကာဘိလ္လ

ပဉ္စကာတ္တာဆေကာဝိဒ–ဓမ္မာစရိယ

ဘာသန္တရဆေက–ကာဗျဝိဒူ–ပိဋကတ်ဘာသာပြန်ပဋိသောစက

မဂ်လာအမြုတေ



အရှင်စန္ဒဇောတိ

ကံကြွေးသိရိသောဘာရံကိုက်၊ မလှိုင်မြို့

ဂဏာဓိသဘံဃသမ္မုတိ ဂိုဏ်းချုပ်ဆရာတော်
ကျောင်းနီကျောင်း၊ ထဲယာရွာ၊ အင်းထေး
ခရာခန်ပိုင်း ရွှမ်းပြည်

အရှင်ဝိမလ-အဂ္ဂမဟာပဏ္ဍိတ

စာရေးသူ-တောရတိုက်၊ ဦးခင်ထုန်းမြို့



နိကၡေပ မဇ္ဈိ၊ ကျမ်းပြုဆရာ

သာသနာ့အလင်းရောင် - ဦးဖေမြင့်

‘အဂ္ဂမဟာပဏ္ဍိတ’ ‘အဘိဓဇ မဟာရဋ္ဌ ဂုရု’

ဆဋ္ဌသံဂါယနာ–ဂိုဏ်းပေါင်းစုံ ဝန်ဆောင် သံဃအဖွဲ့ဥက္ကဋ္ဌ

ကျေးဇူးရှင်

မစိုးရိမ်ဆရာတော်ဘုရားကြီး

၏

အနုမောဒနာကထာ

—

သာသနာ့ အလင်းရောင် ဒါယကာ မောင်ဖေမြင့် စီစဉ်ရေးသားသည့် သုတ္တန္တ (နိကာယမဇ္ဈိမကျမ်း) သည် ဗုဒ္ဓပါဝစန နိကယ်ငါးရပ်တွင် ဒီဃ, မဇ္ဈိမ, သံယုတ္တ, အင်္ဂုတ္တရ ဟူသော သုတ္တန် နိကာယ်ကြီး လေးရပ်၌ ရှိသော သုတ်တော်ပေါင်း (၁၇၅၀၀) ကျော်တို့၏ နိဒါန်း နှင့် ဟောလိုရင်း သဘောအဓိပ္ပာယ်တို့ကို အကျဉ်းအားဖြင့် ပေါ်လွင်ထင်ရှားအောင် ရေးသား ဖော်ပြ ထားသော ကျမ်းကြီး တဆူ ဖြစ်သည့်ပြင် အနက် အဓိပ္ပာယ် အပြည့်အစုံ အကျယ် သိရှိလိုသူများ လွယ်ကူစွာ ရှာဖွေ ကြည့်ရှု နိုင်ကြစေရန် သုတ်တော်များ၏ အမည်တို့ကို (အက္ခရာဝလီ) စဉ်၍ ဆဋ္ဌသံဂါယနာမူ ပါဠိတော် အဋ္ဌကထာ ဋီကာ မြန်မာပြန် ဆိုင်ရာကျမ်းများ၏ နံပါတ်တို့ကိုပင် အစ နှင့် အဆုံး ကိုပါ ဖော်ပြထားသော ကျမ်းဖြစ်သဖြင့် အချိန်မကုန်စေဘဲ ဗုဒ္ဓရှင်တော်မြတ်၏ ဒေသနာတော် အဆိအနှစ်တို့ကို ရယူစားသုံးစေနိုင်သော ကျမ်းမြတ်တဆူ ဖြစ်သည် ဟု ဆရာတော် ယူဆ ယုံကြည်သည်။

ထို့ကြောင့် ရှေးကာလ အတော်ကြာကပင် ဤ (နိကာယမဇ္ဈိမကျမ်း) သဘောမျိုးကို ရေးသားရန် လျောက်ပတ်သော တပည့်များကို ဆရာတော် တိုက်တွန်းခဲ့ဘူးသည်၊ ယခုအခါတွင် ဆရာတော် လိုလား တောင့်ဘ နေသော ကျမ်းမြတ် တဆူ သာသနာ့ အလင်းရောင် ဒါယကာ မောင်ဖေမြင့်၏ ထူးခြားသော စေတနာ သဒ္ဓါတရားဖြင့် စီစဉ်ရေးသား ပေါ်ပေါက်လာ သဖြင့် ဆရာတော် သာဓုခေါ်ကာ အထူးပင် ဝမ်းမြောက် မိပေသည်။

မစိုးရိမ်ဆရာတော်
‘အဂ္ဂမဟာပဏ္ဍိတ’ ‘အဘိဓဇ မဟာရဋ္ဌ ဂုရု’
ပတ္တမြားခြံ—ရန်ကုန်မြို့။

၁၃၃၇ ခု၊ ဝါဆိုလဆန်း ၁၀ ရက်။

အဂ္ဂမဟာပဏ္ဍိတ

ဂန္ဓကာရက - ဆဋ္ဌသင်္ဂီတိပုဆိုက - ကမ္မဋ္ဌာနာစရိယ

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး

၏

အနုမောဒနာကထာ

၁၃၃၃ - ခု၊ ဝါဆိုလပြည့်ကျော် ၁၂ ရက်၊ (၁၉-၇-၇၁)

နိကာယမူရီ မည်သော ဤကျမ်းသည် ဒီဃ, မဇ္ဈိမ, သံယုတ္တ, အင်္ဂုတ္တရ ဟူသော နိကာယ်လေးရပ်၌ ပါဝင်သော သုတ္တန် တရားတော်တို့၏ အနက် အဓိပ္ပာယ် အကျဉ်း ချုပ်ကို ထုတ်နှုတ် ဖေါ်ပြထားသောကြောင့်ထင်း အလွယ်ဘကူ ရှာဖွေကြည့်ရှုနိုင်ရန် အကွာရာစဉ်ဖြင့် ပြထားသောကြောင့်ထင်း ဆိုင်ရာသုတ်၏ ပါဠို, အဋ္ဌကထာ, ဋီကာ, မြန်မာပြန် တို့၏ စာမျက်နှာ နံပါတ်တို့ကိုလည်း, (အစအဆုံး) ညွှန်ပြထားသောကြောင့် သုတ္တန် တရားကော် များကို အလိုရှိရာ ကြည့်ရှုလေ့လာရန် အကူအညီ အထောက်အပံ့ များစွာ ပေးမည့် ကျမ်းကောင်း တခု ဖြစ်ပါပေသည်။

အထူးအားဖြင့် ပိဋကတ စာပေများကို အနှံ့အပြား လေ့လာရန် အခွင့်မရသော ပုဂ္ဂိုလ်ထို့ အတွက်, အလွန်ကျေးဇူးများစေနိုင်မည့် ကျမ်းထူးတခု ဖြစ်ပါပေသည်။

ပါဠို ပိဋကတ်၌ ကျေပြန်နေသော ပုဂ္ဂိုလ်များအတွက်လည်း အချို့သော သုတ်အမည်နှင့် အနက်အဓိပ္ပာယ်ကို ရုတ်တရက် စဉ်းစား၍ မရသော အခါများ၌ ဤကျမ်းက အလျင် အမြန် သတိဖေါ် ပေးလိမ့်မည်ဟု မြော်လင့်ရပေသည်။

အရှင်သောဘန

(အဂ္ဂ မဟာ ပဏ္ဍိတ)

မဟာစည်ဆရာတော်

သာသနာ့ရိပ်သာ-ရန်ကုန်မြို့။

၁၃၃၃-ခု၊ ဝါဆိုလပြည့်ကျော် ၁၂-ရက်။

အစိုးရပဉ္ဇမကျော်

ပရိယတ္တိ သာသနာ့ဟိတ ဓမ္မာစရိယ–အာဒိကမ္မိက ဝဋ္ဋံသကာ

သာသနဓဇ သီရိပဝရ ဓမ္မာစရိယ

ဗုဒ္ဓသာသန ဝိသိဋ္ဌ တိပိဋကဓရ – မဟာ တိပိဋက ကောဝိဒ

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိတ – ဆဋ္ဌသင်္ဂီတိ ဝိဿဇ္ဇက

မဟာဗုဒ္ဓဝင် ကျမ်းဖြိုဆရာတော်

အရှင်ဝိစိတ္တသာရာဘိဝံသ

၏

အနုမောဒနာကထာ

၁၃၇၃ - ခု သီတင်းကျွတ်လဆန်း ၇ ရက်နေ့။

နိကာယမဉ္ဇရီ မည်သော ဤကျမ်းကို လေ့လာသုံးသပ် ဖတ်ရှုကြည့်သောအခါ ဤဆိုလတံ့သော အချက်အလက်များ မိမိစိတ်၌ ထင်ရှား ပေါ်လွင်လာပါသည်ကို အကျဉ်းချုပ်အားဖြင့် ဖော်ပြလိုပါသည်မှာ–

(၁) ကျမ်းဆရာက မိမိကျမ်းကို နိကာယမဉ္ဇရီ ဟု အမည်တပ်တားသော်လည်း ဤကျမ်းမှာ (ဒီ+မ+သံ+အံ) လေးတန်သော နိကာယ်ကြီးများ၏ ကြေးမုံပြင်သဖွယ် ဖြစ်သောကြောင့် **နိကာယဒပ္ပန နိကာယ်ကြေးမုံ** ဟူ၍လည်း အမည်တရပ် တပ်၍ သတ်မှတ်ဆိုက်ပါသည်။

(၂) တဖန် နိကာယ်လေးရပ်ပါ သုတ္တန်တို့အတွက် သာသနာဖက်ဆိုင်ရာ သိုက်ညှဉ်းစာသဖွယ် ဖြစ်သောကြောင့် **နိကာယသာသန နိကာယ်သိုက်ညှဉ်း** ဟူ၍လည်း ခေါ်ဆိုထိုက်ပြန်ပါသည်၊ တနည်း ထိုသဘောရှိသောကျမ်းကို တိပိဋကဓရတနာဝလိဟု ရှေးဆရာတို့ အမည်ပညတ်သတ်မှတ်တော်မူကြသကဲ့သို့ ဤကျမ်းကိုလည်း **စတုနိကာယဓရတနာဝလိ** ဟု အမည်ပညတ် သတ်မှတ်ထိုက်ပါသည်။

(၃) များစွာသော ဗုဒ္ဓဘာသာဝင် ရှင် လူတို့၏ သဘောမှာ ပိဋကတ်တော်နှင့် စပ်၍ သုတ္တန်တခုခု၏ အမည်ကို ကြားလိုက်ရလျှင်ပင် ထိုသုတ္တန်မှာ ဘာတွေကို ဟောထားသနည်းဟု သုတ္တန်ပါ တရားအချုပ်ကို ရှေးဦးစွာ သိလိုကြ မေးမြန်းလေ့ ရှိကြပါသည်၊ ဤနိကာယမဉ္ဇရီကျမ်းကား ထိုအမေးကို အရှင်းလင်းဆုံး ဖြေဆို ညွှန်ကြားထားသောကျမ်း ဖြစ်၍ ထိုသို့မေးလိုကြသော အမေးရှင်တိုင်း လက်ကိုင်ပြု၍ ကြည့်ရှုထိုက်ပါသည်။

(၄) တဖန် နိကာယ်လေးရပ်ပါ သုတ္တန်တို့အတွက် သာသနာဖက်ဆိုင်ရာ သိုက်ညှဉ်းစာသဖွယ် ဖြစ်သောကြောင့် **နိကာယသာသန နိကာယ်သိုက်ညှဉ်း** ဟူ၍လည်း ခေါ်ဆိုထိုက်ပြန်ပါသည်၊ တနည်း ထိုသဘောရှိသောကျမ်းကို တိပိဋကဓရတနာဝလိဟု ရှေးဆရာတို့ အမည်ပညတ်သတ်မှတ်တော်မူကြသကဲ့သို့ ဤကျမ်းကိုလည်း **စတုနိကာယဓရတနာဝလိ** ဟု အမည်ပညတ် သတ်မှတ်ထိုက်ပါသည်။

(၅) များစွာသော ဗုဒ္ဓဘာသာဝင် ရှင် လူတို့၏ သဘောမှာ ပိဋကတ်တော်နှင့် စပ်၍ သုတ္တန်တခုခု၏ အမည်ကို ကြားလိုက်ရလျှင်ပင် ထိုသုတ္တန်မှာ ဘာတွေကို ဟောထားသနည်းဟု သုတ္တန်ပါ တရားအချုပ်ကို ရှေးဦးစွာ သိလိုကြ မေးမြန်းလေ့ ရှိကြပါသည်၊ ဤနိကာယမဉ္ဇရီကျမ်းကား ထိုအမေးကို အရှင်းလင်းဆုံး ဖြေဆို ညွှန်ကြားထားသောကျမ်း ဖြစ်၍ ထိုသို့မေးလိုကြသော အမေးရှင်တိုင်း လက်ကိုင်ပြု၍ ကြည့်ရှုထိုက်ပါသည်။

(၄) နိကာယ်လေးရပ် ပိဋကတ်ပါဠိတော်လာ သုတ္တန်တိုင်း၏ အကျဉ်းချုပ် သဘာဝတို့ကို ပြဆိုသောကြောင့် နိကာယသင်္ဂဟကျမ်း ဟု အမည်တရပ် ထပ်၍ ခေါ်ဆိုထိုက်ပါသည့်ပြင် ဒေသနာသောဘာဇရ အလွန် ကျယ်ဝန်းလှသော ထိုထိုသုတ္တန်တို့၏အနက်ကို အကျဉ်းဆုံး ဖော်ပြသောကြောင့် သြဇာဂုဏ်မြောက်သောကျမ်း ဟူ၍လည်း ယူသင့်ပါသည်။

အခုုပ်အား ဖြင့် တရားဓမ္မ ဇဟုသုတကို ရှာမှီးလိုကြသော သုတေသီ ပုဂ္ဂိုလ်တို့သည် ထိုထို မွေဆိုင်ရာ ကျမ်းစာတို့၏ မာတိကာ ခေါင်းစဉ်ကို ရှေးဦးစွာ ကြည့်ရှုပြီးမှ အကျယ်လိုရာကို ကြည့်ရှုကြသကဲ့သို့ ထို့အတူပင် နိကာယ်လေးရပ် ပိဋကတ်ပါဠိတော် စာအုပ်ကြီး ၁၂ - အုပ်လာ မွေအခွက်အလင်္ကျားကို ဤကျမ်းက (အဋ္ဌကထာ + ဋီကာ+ မြန်မာပြန် စာမျက်နှာနံပါတ်များ နှင့်တကွ) မာတိကာ ခေါင်းစဉ်ပမာ ညွှန်ပြထားသောကြောင့် ဓမ္မသုတေသီ ပုဂ္ဂိုလ် တို့သည် နိကာယ်လေးရင်၏ မာတိကာ ခေါင်းစဉ်သဖွယ် ဖြစ်သော ဤ နိကာယမဉ္ဇူရီကျမ်း ကို ရှေးဦးစွာ လေ့လာ ကြည့်ရှုပြီးမှ မိမိ အလိုရှိရာ နိကာယ်ကျမ်းကြီးများ သုတ္တန်အကျယ်များကို ကြည့်ရှုလေ့လာက အလွန်သင့်မှာဘဲ ဟု စိတ်ထဲ၌ ရိုးသားစွာ ထင်မြင်လာပါသည်။

ဦးဝိစိတ္တသာရာဘိဝံသ
ဓမ္မနာဒတိုက်၊ မင်းကွန်း
မန္တလေး အနောက်ဖက်

၁၃၇၃ - ခု၊ သီတင်းကျွတ်လဆန်း ၇ - ရက်။

ပြည်မြို့၊ ပဉ္စင်္လသိမ်ကုန်းဧကျောင်းတိုက်
တိဝိဋ္ဌကဓရ ဓမ္မဘဏ္ဍာဂါရိက
အရှင်ကောသလ္လ၏ အနုမောဒနာကထာ

—

နိကာယမဇ္ဈရိကျမ်း ဂုဏ်ရည်

အတိတ်မှအရိပ် -

သာသနာ့အလင်းရောင် ဦးဖေမြင့်၏ နိကာယ့်မဇ္ဈရိကျမ်း ကို ဘတ်ရှရာ လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀ - ကျော်က အတိတ် သာသနာတော်၏ အခြေအနေသည် အရိပ်ပမာ ပေါ်လာရစ်ဝဲမိပါသည်၊ ဆိုလိုသည်မှာ ဘုရားရှင်သည် ချဉ်းကပ်လာသူ ပုဂ္ဂိုလ်အလွှာအသီးသီးတို့အား လက်ငင်းဘဝ ချမ်းသာကြောင်း နောင်ဘဝ ချမ်းသာကြောင်း ဘဝဇာတ်သိမ်း လွတ်ငြိမ်းချမ်းသာကြောင်းများကို အချိန်အခါ ပုဂ္ဂိုလ်၏ စိတ်နေသဘောထား စသည်အားလျော်စွာ စရိုက်ကိုချင့်၍ ထိုက်သင့်သလို ဟောကြား တော်မူရာ ချဉ်းကပ်မိကြသူတိုင်း အခြေခံ (ပါရမီ) ရှိသလောက် သိ, ပယ်, ဆိုက်, ပွား အကျိုး များနှင့် တကွ စား၀တ်နေရေး ပေါင်းသင်းဆက်ဆံရေး စသည်များ လုံလောက်ပြည့်စုံကြသဖြင့် ဗုဒ္ဓလမ်းစဉ် ပါ၀င်ရကျိုးနပ်၍ အကြည်ဆိုက်ကာ အကြိုက်တွေ့နေရသည့်ပုံ ဘဝဇာတ်ခုံ ဓာတ်ရိပ် ပုံတို့ကို စုံလင်စွာ ထင်မြင်ရစ်ဝဲ့ မိပါသည်။

မိုးရွာတန်ဆောင်
မြတ်ဘုန်းခေါင်

ယခုအခါ သုံးလောက၏ အတုမဲ့ခေါင်းဆောင် မိုးရွာတန်ဆောင် ကြီး ဖြစ်တော်မူပါသော မြတ်ဘုန်းခေါင် ရှင်တော်ဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူသွားပြီ ဖြစ်ပါသော်လည်း ထိုဗုဒ္ဓ၏ မဟာကရုဏာ တော်အားလျော်စွာ ဟောကြား ပညတ်တော်မူခဲ့သော ဓမ္မ, ဝိနယ တို့သည် ဘုရားရှင်၏ကိုယ်တော်စား ခန့်ညားထယ်ဝါစွာ ရပ်တည်တော်မူလျက်ရှိရာ ရှစ်သောင်း လေးထောင်သော ဓမ္မက္ခန္ဓာတော်တို့မှာ နှောင်းခေတ် လူသားများအဘို့ ဘုရားရှင် ကိုယ်တော် စား အားထားရာ ခေါင်းဆောင်ကောင်းတို့ပင် ဖြစ်ပါပေတော့သည်။

လိုရင်းညွှန်မည်
ကျမ်းမဇ္ဈရိ

ဓမ္မက္ခန္ဓာတော် ရှစ်သောင်းလေးထောင် ဟု ဆိုလျှင်ပင် ဘဝင်မကျ သည်ကို ဘုန်းကြီးများကိုယ်တိုင် တွေ့မြင်ကြားသိ နေရသည် ဖြစ်ရာ ဘုရားရှင်၏ မဟာကရုဏာတော်ကို မြှောခေါ် ကြည်ညိုကြလေအောင် တိုတိုကျဉ်းကျဉ်း နှင့် လိုရင်းကို ညွှန်ပေးမည့် ဤနိကာယမဇ္ဈရိကျမ်း သည် အံကိုက်ပင် ဖြစ်ရမည်ဟု ဆိုလိုပါသည်။

တိုက်တွန်းပါရစေ

ထို့ကြောင့် ဗုဒ္ဓ၏ မဟာကရုဏာတော်ဉာဏ် ဒေသနာတော်ဉာဏ်တို့ကို မျှားကို ကြည်ညိုပူဇော်လိုသူ ဟောပြောချပို့လိုသူ ကျင့်ကြံအားထုတ်လိုသူ ရဟန်း, ရှင်, လူမျှားသည် နေ့စဉ်မှန်မှန် အချိန်ယူ၍ လွယ်ကူစွာ ကြည့်ရှုလေ့လာသင့်ကြောင်း စေတနာကောင်းဖြင့် တိုက်တွန်းအပ်ပေသည်။

ဦးကောသလ္လ
တိပိဋကဓရ – ဓမ္မဘဏ္ဍာဂါရိက
ပဋ္ဌာန်လှသိမ်ကုန်းတိုက်
ပြည်မြို့။

၁၃၇၃ · ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ · ရက်၊

မလိုင်မြို့

ကံကြီးသီရိသောမာရုံကျောင်းတိုက်

ပိဋကတ္တယဓိသာရဒ-ဂန္ထကာရက

ဓမ္မာစရိယ

ဘာသန္တရဝိဉ္ဇု-ကာဗျဝိဒူ

ဆရာတော် ဦးစန္ဒဇောတိအရှင်မြတ်

၏

အနုမောဒနာကထာ

၁၃၃၃-ခု၊ တပို့တွဲလဆန်း ၄- ရက်

သာသနာ့အလင်းရောင် ဦးဖေမြင့် ရေးသား စီရင်သော ဤ နိကာယမဉ္ဇူရီကျမ်းကြီး သည် ဆင်္ကသံဂါယနာကို မြစ်ဖျားခံပြီး ပေါ်ပေါက်လာသောကြောင့် နောက်ပိုင်းဖြစ်သော နှစ်ထောင့်ငါးရာ သာသနာတော် သက်တမ်းတလျှောက်၌ ဗုဒ္ဓ, ဓမ္မ, စည်ပင်ပြန့်ပွားရေးအတွက် ဗုဒ္ဓမြတ်စွာ၏ တမန်တော်ကြီး အဖြစ်ဖြင့် ထိရောက်စွာ ဒူးကျိုးပွဲမည့် ကျမ်းကြီး ဖြစ်ကြောင်း ကို ပညာရှိသုခမိန်တိုင်းက ပင် မှတ်တမ်းတင်ကြလိမ့်မည်ဟု ရဲဝံ့စွာ ဟောစာတမ်း ထုတ်ရ တော့မည်။

ထိုနိကာယမဉ္ဇူရီကျမ်းကြီးကို ကြည့်ရှုသုံးသပ်ရာ ဘုရားဟော သုတ္တန်တခုတခု၏ ဆိုလိုရင်း အဓိပ္ပာယ်ကို သြဇဂုဏ်မြောက် ထိရောက်သော စကား ပါကျတိုင်းဖြင့် အကွက်လှအောင် ဖြေရှင်း ထားသည်ကို တွေ့မြင်ရသဖြင့် ဤကျမ်းသည် ဒေါက်တာ မာလာဆေကရ ရေးသားထားသော ပါဠိအမည်နာမအကွဲရာစဉ် သရုပ်ပေါ်အဘိဓာန် (Dictionary of Pali Proper Names.) ကျမ်းကြီး မှ မြန်မာဘာသာ ပြန်ဆိုထားသော ဘာသာပြန် ကျမ်းကြီးတစောင် ဖြစ်လေသလော ဟု အစပထမ၌ တွေးထင်မိပေသည်၊ သို့သော် သေချာစွာ ကြည့်ရှု လေ့လာသော အခါ၌ကား ဤနိကာယမဉ္ဇူရီကျမ်းကြီးသည် ဘာသာပြန်ကျမ်း မဟုတ်ခဲ့၊ ကျမ်းပြုဆရာကြီး ဦးဖေမြင့်သည် သူ့နည်းသူ့ဟန် သူ့ကိုယ်ပိုင်ဉာဏ်ဖြင့် စီစဉ်၍ တီထွင်ရေးသားထားသော ကျမ်းဖြစ်ကြောင်း ဆုံးဖြတ်ချက် ချနိုင်ရုံမျှမက အချို့အချို့ နေရာများ၌ ဒေါက်တာမာလာဆေကရ၏ အဆိုအမိန့် တို့ထက် ချိုမြိန်သာယာ လွန်စွာစိတ်ဝင်စားဘွယ်ကောင်းသော အချက်အလက် များစွာတို့ဖြင့် တန်ဆာဆင်ထားသည်တို့ကို ဖော်ထုတ်ပြနိုင်သောကြောင့် ဤကျမ်းအတွက် မြန်မာ့ သာသနာဝင်ပါ ဂုဏ်တက်သွားပြီဟု ဝမ်းသာအားရ ဖြစ်ရပြန်သည်။

ထို့ကြောင့် သာသနာ့အလင်းရောင် ဆရာကြီး ဦးဖေမြင့် ရေးသားအပ်သော နိကာယ မဉ္ဇူရီကျမ်းကြီးကို ဆရာတော်က အောက်ပါ အာသီသ ရစနာ(၃) ဂါထာတို့ဖြင့်ပင် အားပါး တရ ချီးကျူး ဂုဏ်ပြုလိုက်ရပါကြောင်း။

သီဒ္ဓိ + ရတ္တာ

(ဗုဒ္ဓ) နိကာယမဉ္ဇရီ နာမ၊ သော သုတ္တကထာ ဝဋ္ဋိ။
ဝိဒ္ဓါ အာရာဓယံ တာဝ၊ တိ သာ ယာ သာ ဝိယုဇ္ဈဝိ။ ။

ဣန္ဒ္ဝဇိရ (ဓမ္မ) ကေကသုတ္တတ္ထ ဝိဘာဂ မေတံ၊ ယော သတ္ထမိက္ခေယျ သုတေသတောဓယော။
ပုဗ္ဗေ မယာ ညာတ မိဒါနိ ညာတံ၊ ဣစ္ဆာနုဘုဇ္ဇေယျ ရသောဇ ပိတိ။ ။

(သံဃ) သံခိတ္တ သုတ္တတ္ထ သဘာဝသူစိ၊ သာ ဟိတ္ထ ဗောဓယ ဗဟူပကာရာ။
ဟေယျာတိ ဝတ္ထုံ နကုတောစိ လဗ္ဘာ၊ သော ဟိ ဟောတံ ဝိဒူ လော
စနာဝံ ါတိ။ ။

ဘဒန္တ စန္ဒဇောတိဘိက္ခုရော
မလ္လိင်နဂရေ၊ ကံကြီး သိရိသောမာရာမာဓိပေါ

ရှမ်းပြည်တောင်ပိုင်း – ညောင်ရွှေမြို့နယ်

အင်းလေးဒေသ- - ဟဲယာရွာမ

ကျောင်းနီကျောင်း

ဂဏဝိသ-သံဃသမ္မုတိ ဂိုဏ်းချုပ် ဆရာတော်ဘုရားကြီး

၏

အနုမောဒနာ ကထာ

၁၃၇၃-ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၉-ရက်။

(၁) ဤနိကာယမဥ္ဇရီကျမ်းဌ် ဒီဃ-မဇ္ဈိမ-သံယုတ္တ-အင်္ဂုတ္တရ ဟူသော သုတ္တန် နိကာယ် လေးရပ်မှ သုတ်ပေါင်း (၁၇၅၀၀)ကျော်တို့ကို-

(က) အက္ခရာဝလိဖြင့် စဉ်၍ ပြထားခြင်း၊

(ခ) နိဒါန်းနှင့်တကွ ဟောလိုရင်း တရားအချုပ်ကို ဖေါ်ပြခြင်း၊

(ဂ) ပါဠိဘော် အဋ္ဌကထာ ဋီကာနှင့် မြန်မာပြန် ဆဋ္ဌသံဂါယနာမူပိဋကတ်စာမျက်နှာ နံပါတ်တို့ကို အစနှင့်အဆုံး ညွှန်ပြထားခြင်း။

အားဖြင့် သုဘဂဝေသီ ပဂ္ဂိုလ်တို့သည် မိမိတို့အလိုရှိရာ သုတ်တော်များကို အချိန်မကုန်စေဘဲ လွယ်ကူစွာ ရှာဖွေကြည့်ရှု နိုင်ကြမည်ဖြစ်၍ သုတေသီ ပဂ္ဂိုလ်တို့အတွက် ကျေးဇူးများသော ကျမ်းထူးကျမ်းကောင်း တစောင် ဖြစ်ပါပေသည်။

(၂) နိကာယမဥ္ဇရီ ဟူသောအမည်သည် ပန်းပွင့်, ပန်းငုံ, ပန်းဖူးတို့ကို အထူးထူး ရွေးချယ်ပြီးလျှင် တင့်တယ်လှပစွာ သီကုံးထားဘိသကဲ့သို့ သုတ္တန် နိကာယ်လေးရပ်မှ သုတ်တော်ပေါင်း (၁၇၅၀၀)ကျော်တို့ကို အက္ခရာဝလိ စဉ်ထားသည်ဖြစ်သောကြောင့် အထူးပင် လှပတင့်တယ် ခံ့ထယ်သော အမည်ပင် ဖြစ်ပါသည်။

ထင်းပြင် ဤနိကာယမဥ္ဇရီကျမ်းဌ် သုတ်တော်တို့၏ ဟောလိုရင်း အနက်သဘောအဓိပ္ပါယ်တို့ကို သိလွယ်အောင် အကျဉ်းအားဖြင့် ဖေါ်ပြထားရှိသည်ဖြစ်ပါသောကြောင့် ဤကျမ်း၏အမည်ကို **နိကာယတ္ထမဥ္ဇရီ** ဟု ခေါ်ဆိုအမည်ပေးပါက ပိုမိုရှင်းလှပတင့်တယ် ခံ့ထယ် လေးနက်စွာ ပြည့်စုံလေမလား ဟု စဉ်းစားထင်မြင် မိပါသည်။

No. B

(၃) သုတ္တန်နိကာယ်လေးရပ် ပိဋကတ် ပါဠိတော် စာအုပ်(၁၂) အုပ်မှ သုတ်တော် ပေါင်း (၁၇၅၀၀) ကျော်တို့ကို အကွရာဝလိအစဉ်အားဖြင့် မာတိကာသဖွယ် စီစဉ်ထားရှိသည် ဖြစ်ရကား အဘိဓမ္မာ မာတိကာ ပါဠိတော် ကဲ့သို့ပင် ဤကျမ်းလည်း သုတ္တန္တ မာတိကာကျမ်း ဟု ခေါ်ဆိုသင့်လှပေသည်။

အဘိဓမ္မာ မာတိကာ ပါဠိတော် ဟူသည် အဘိဓမ္မာပါဠိတော် (၇) ကျမ်းမှ မာတိကာ သဖွယ်ဖြစ်သော ပါဠိတော်များကို ထုတ်နုတ်စုပေါင်းထားသော ပါဠိတော် အစုပင် ဖြစ်ပါသည်။

ထုတ်နုတ် စုပေါင်းထားပုံမှာ

(က) မာတိကာယှဉ်သည့် ဓမ္မသင်္ဂဏီ ဓာတုကထာကျမ်း တို့မှ မာတိကာပါဠိတော်များ၊

(ခ) မဉ္စတိကာ ဧယှဉ်သည့် ဝိဘင်း ပုဂ္ဂလပညတ် ပဋ္ဌာန်းကျမ်း တို့မှ ဥဒ္ဒေသ ပါဠိတော်များ၊

(ဂ) ကထာဝတ္ထုကျမ်း မှ အဋ္ဌကနိဂ္ဂဟတိုင်အောင် ပါဠိတော်များ၊

(ဃ) ယမိုက် (၁၀) ကျမ်း အနက် မူလယမိုက်မှ ဥဒ္ဒေသဝါရ ပါဠိတော်များ၊ အနုသယ ယမိုက်မှ အနုသယ(၇)ပါး ပါဠိတော်များ၊ ကျန် ယမိုက် ရှစ်ကျမ်းမှ ပဏ္ဏတ္တိ ဥဒ္ဒေသဝါရ ပါဠိတော်များကို အသီးသီး မာတိကာအဖြစ် ထုတ်နုတ် ပြီးလျှင် ၎င်းပါဠိတော်များကို အဘိဓမ္မာ ကျမ်းစဉ်အတိုင်း စုပေါင်းထားကာ အဘိဓမ္မာ မာတိကာပါဠိတော် ဟု အမည်ပညတ် သတ်မှတ်ခဲ့ပါသည်။

ထို့ကြောင့် ဤကျမ်းအမည်ကိုလည်း **သုတ္တန္တမာတိကာကျမ်း** ဟု အမည်ပညတ်သတ်မှတ် မည်ဆိုပါက သတ်မှတ်သင့်ပေသည်ဟု ဆိုရပါသည်။

အချုပ်အားဖြင့် ဆိုရသော် မည်သို့ပင် အမည်ပညတ် သတ်မှတ်သည်ဖြစ်စေ ဤကျမ်းသည် ဓမ္မသုတေသီပုဂ္ဂိုလ်တို့အတွက် နိကာယ်လေးရပ်နှင့် စပ်၍ သိမှတ်လိုသော သုတ်တော်တို့ကို အချိန် ကုန်စေဘဲ လွယ်ကူစွာ ရုတ်တရက် ချက်ခြင်း ညွှန်ပြနိုင်သည့် ရှေ့ဆောင်လမ်းညွှန်ပမာ အထောက် အကူပေးကာ ကျေးဇူးများမည့် ကျမ်းတစောင် ပေါ်ထွက်လာသည် ဖြစ်ပါသောကြောင့် အကြိမ် ကြိမ် သာဓုခေါ်ကာ ဝမ်းမြောက် ဝမ်းသာစွာဖြင့် အနုမောဒနာစကား ရေးသားလိုက်ရ ပါသတည်း။

ဆရာတော် ဦးသောဘိတ

ဂဏဝိသ သံဃသမ္မုတိ ဂိုဏ်းချုပ် ဆရာတော်
ကျောင်းနီကျောင်း
ဟံယာရွာမ၊ ဒေါင်းလေးဒေသ၊ ညောင်ရွှေ
ရှမ်းပြည်တောင်ပိုင်း။

ညောင်တုန်းမြို့
ရွှေဟင်္သာတောရကျောင်းတိုက်၊
(အင်္ဂမဟာပဏ္ဍိတ)

ဆရာတော် ဦးဝိမလအရှင်မြတ်

၈၂

အနုမောဒနာကထာ

ဤနိဂၢယမဥ္ဇူရီကျမ်းသည် သတိ, ပညာ, သဒ္ဓါ, လျှောကျသည့်ဟာယနခေတ်အတွင်း၌ နေတစင်းထွက်လာသည့်ပမာ (ခေတ္တာနုရူပ) မုချကေန် စစ်မှန်လှပါတော့၏။

(က) ဝိစိတြနယ သမ္ပန္နာ တိ, ဘဂဝတော ဒေသနာ၊ (ခ) တတ္ထပမံ ဓမ္မဝရံ အဒေသယိ ဟူသောကျမ်းဂန်စကားများ အရ ဘုန်းခြောက်ဝသခင် ဘုရားရှင်၏ ဒေသနာဓမ္မပါဝစနမှာ နယအသီးသီး သိမှတ်ကြောင်း နည်းတို့ဖြင့် ပုဒ်းစီးဆန်းကြယ်ကာ ပွင့်သီးစုံ ဝေဖြာသည့် မဟာဂန္ဓိုင် လေခတိုင်း လှုပ်ယိုင်သည့် စုံမြိုင်မြင့်ထီး တောအုပ်ကြီးပမာ ကြက်သရေ မင်္ဂလာနှင့် လွန်စွာမှ ပြည့်စုံလှသည် ဖြစ်ပါကြောင်း။

သို့ပင်ဖြစ်စေကာ သသာဒီဟိဝိယ မဟာသမုဒ္ဒေါ ဒုက္ခော ဂါဒ္ဓော အလင်္ဃနေယျ ပတိဋ္ဌော စ အနုပစိတ ကုသလသမ္ဘာရေဟိ ဟူသောကျမ်းဂန်စကားကို ထောက်ထားကာ ငါတို့လို ပုဂ္ဂိုလ်စားတို့၏ အရာမဟုတ် - ဆုတ်နစ်တန့်စား အနားသို့မသိ—သွေဖီ၍နေသော ပုဂ္ဂိုလ်မျိုးမှာ ရာခိုင်နှုန်းအားဖြင့် အများအပြားရှိဘို့ သေချာပါသည်၊ တို့ပြင် တဘူး ဘီလူးရက္ခိုက် သိမ်းပိုက် စောင့်မ 'ရက္ခသ ပရိဂ္ဂဟိတ ပေါက္ခရဏီ' ပမာ ကြောက်စရာဟု ထင်ကြသူများလည်း မနည်း လှပေ။

ထိုကဲ့သို့သော အခြေအနေအရ မြတ်ဗုဒ္ဓ ပါဝစန အတွင်းမှာသာ ရအပ် ရသင့် ရနိုင် ခွင့်ရှိသည့် 'သက်ဉာသန—သက္ခရ' စသော အတ္ထဗျဉ္ဇန ကိုမှစ၍ သီလအစ အနုပါဒါ ပရိနိဗ္ဗာန် တိုင်အောင်သော အကျိုးဖလတို့မှ အပဖြစ်ကာ သာသနာတော်နှင့် တွေ့ကျိုးမရသော မဟာဇာနိယောဝတ ဟု မှတ်ချက်ပြုရမလောက် ကြောက်စရာအခြေဆိုးနှင့် ကြုံတိုး၍ နေကြ ရရှာလေသည်။

ညွှန်ပြသူ (က) တောအုပ် ကြီးမှာ မည်ကဲ့သို့ ကြီးကျယ်ခမ်းနား ဆန်းပြားဝေဘာ၍ မည်ကဲ့သို့သော ယနံ့သင်းထုံ ရောင်ဆင်း စုံသည့်ပန်းမျိုးစုံပြည့်ဝ ကြက်သရေ မင်္ဂလာရှိလှသည့် မည်သို့သောလမ်းမ, လမ်းသွယ်တို့ဖြင့် အန္တရာယ်မခ အလွယ်တကူ သွားရောက် ထွက်ဝင်နိုင်ကြ သည်ဟု စိတ်ဝင်စားစရာ ညွှန်ကြားသူ တစုံတယောက်ပေါ်ပေါက်၍ လာခဲ့သော်ငင်း။

(ခ) ကြာငါးရုပ်ဖုံးလွှမ်းခြင်း ရှုမခန်းတင့်တယ်ကာ သောက်ချင် ချိုးချင် စရာဖြစ်သော ရေကြည်ရေအေးတို့ဖြင့် ကြိုင်ဖွေးသင်းပျံ့၍ နေသော ရေကန်တော်မဟာသို့ သက်ဆင်းရန်အတွက် ရက္ခိုက်အစောင့် အနှောင့်အယှက် မပြုနိုင်စရာ မဟာသြသထ ဒေဝနုဘော် နတ်ဆေးကျော်ကို ကံတော်ကံမ အဆင်သင့်ရခဲ့သော်ငင်း တောအုပ်အတွင်း ချင်းနင်း ဝင်ရောက်ရန်နှင့် ရေကန်အတွင်းသို့ သက်ဆင်းရန် အမှန်မုချ စိတ်ဆန္ဒပေါ်ပေါက်လာကာ ကောင်းစွာဝင်ရောက် ချိုးသောက်သုံးစား ပိတိပွားရလေတော့သည်။

ပိဋကနှင့် နိကာယမဇ္ဈရီ

ထိုနည်းမကွာ သာသနာ့အလင်းရောင် ဦးဖေမြင့်၏ (**နိကာယမဇ္ဈရီကျမ်း**) တည်းဟူသော မဂ္ဂဒေသက လှယ်ကူစွာလမ်းပြသူ ဆရာနှင့် မင်္ဂလာရေကန်သာသို့ ဆင်းနိုင်ကြောင်း ကောင်းမြတ်လှစွာသော သြသထ ဒိဗ္ဗောဇကို ကံမ၍ ရရှိသည်ရှင်ရှင်, လူလူအပေါင်း ဘုန်းကံရှင်သူတော်ကောင်းတို့မှာလည်း နှစ်ထောင်းအား၍ မဟာဝန ပိဋကအတွင်း ချင်းနည်း ဝင်ရောက်ကာ ဝိမုတ္တိအရသာကို ဝစွာသုံးဆောင် ရန်မျိုးအောင်လျက် လေးမဂ္ဂကန်တော်သာ၌ ကိလေသာညစ်အထေးတို့ကို လျှော်ဆေးသုတ်သင် စင်ကြယ်သန့်ရှင်း စေနိုင်မည့် အကျိုးဖလတို့ကို ယထာဗလ ပါရမီကဲ့ ထောက်မသလောက် ထမြောက်ကြပေလိမ့်မည်ဟု ယုံကြည်မျှော်လင့်ကာ အောက်ပါအတိုင်း တောင့်တမိပါသတည်း။

တာဝတိဒ္ဓတု လေးကသို့၊ ဥတ္တမတ္ထ ဂဝေသိနံ။
ယာဝါယံ သာသနံ ဌာတိ၊ ဒတ္တာ ဉာဏဝိသုဒ္ဓိကံ။

ဆရာတော် ဦးဝိမလ
(အဂ္ဂမဟာပဏ္ဍိတ)
ရွှေဟ့သ်ာ တောရ ကျောင်းတိုက်
ညောင်တုန်းမြို့။

၁၃၇၃-ခု၊ နတ်တော်လပြည့်ကျော် ၅-ရက်။

နိဒါန်း

ဂန္ထ နိဒါန

ဤနိကာယမဉ္ဇရီကျမ်း ဖြစ်ပေါ်လာရပုံ အကြောင်းရင်းမှာ ဤသို့ဖြစ်ပါသည်—ဤနိဒါန်းရေးသူသည် မေမျှူဟာစာစောင်၏ တာဝန်ခံ အယ်ဒီတာ အဖြစ် အမြဲမြဲ အနယ်နယ်မှ ကလောင်ရှင် အသီးသီးတို့၏ စာမူတို့ကို ရွေးချယ် တည်းဖြတ် ပြင်ဆင်ခြင်း မမှစာပေတာဝန်ကို ထမ်းဆောင်နေရသူ ဖြစ်လေရာ စာမူတို့ကို တည်းဖြတ် ပြင်ဆင်ရာ၌ ပါဠိစာပေနှင့် ပတ်သက်၍ အခက်အခဲ များစွာတို့ဖြင့် ရင်ဆိုင် တွေ့ကြုံခဲ့ရပါသည်၊ အချို့စာမူတို့တွင် ပါဠိကို ကိုးကားထား သော်လည်း မတိကျခြင်း - ပါဠိစာလုံးများ မမှန်ကန်ခြင်း - အချို့သော အကြောင်းအရာတို့သည် မိမိ သိထားသော အချက်အလက်တို့နှင့် များစွာ ကွဲလွဲမှု ရှိနေခြင်း - တချို့ အကြောင်းအရာတို့ သည် ကျမ်းဂန်လာ စကားလိုလို စာရေးသူ၏ ထင်မြင် ယူဆချက်လိုလိုဖြင့် မပြတ်မသား ရှိခြင်း စသော အခက်အခဲတို့ကို တွေ့လာရသောအခါ သက်ဆိုင်မည်ထင်သည့် စာအုပ် စာတမ်းတို့ကို ဟိုလှန် သည်လှန်ဖြင့် အချိန်ကုန်လူပန်း ဖြစ်ရပါတော့သည်။

ယင်းသို့ စာပေ ရှာဖွေခြင်း ဒုက္ခနှင့် ပတ်သက်ပြီး တနေ့တွင် စိတ်ကူးတခု ပေါ်ခဲ့ပါသည်၊ 'နိကာယ်တွေမှာ ပါတဲ့ သုတ်တော်တွေကို စုပေါင်းပြီး အကြောင်းအရာ အကျဉ်းချုပ်နှင့်တကွ အက္ခရာဝလိစဉ်ပြီးလျှင် ကျမ်းညွှန်း အပြည့်အစုံနှင့် အဘိဓာန်သဖွယ် ပြုစုထားရယင် ကောင်းမှာဘဲ' ဟူသော စိတ်ကူး (ဆန္ဒ) ဖြစ်ပေါ်ခဲ့ပါသည်၊ စကားစပ်မိသော အခါတိုင်းမှာလည်း စာပေပညာရှင် မိတ်ဆွေများကို တင်ပြ ဆွေးနွေးခဲ့ပါသော်လည်း ရေးသားပြုစုမည့် ပညာရှင် မပေါ်ခဲ့ပါ၊ တနေ့တွင် ဤကျမ်းပြုဆရာ သာသနာ့အလင်းရောင် ဦးဖေမြင့် (ဖျာပုံ)နှင့် တွေ့ဆုံ ရ၍ စာပေအကြောင်းတို့ကို ဆွေးနွေး ပြောဆိုကြရာတွင် ဤနိကာယ်အဘိဓာန် ကိစ္စကို ဆရာ ဦးဖေမြင့်အား တင်ပြရာ ဆရာက စိတ်ဝင်စားစွာဖြင့် ကြိုးစားမည့် အကြောင်း ကတိပြုသွားပါသည်၊ မကြာမီ ရက်ပိုင်း အတွင်း ပြန်လည် တွေ့ဆုံကြပြီး ဤကျမ်း ပြုစုမည့်အစီအစဉ်ကို အသေးစိတ် ဆွေးနွေး ညှိနှိုင်း တိုင်ပင်ကာ ဆရာ ဦးဖေမြင့် ဖျာပုံမှိုသို့ ပြန်သွားပါသည်၊ မကြာမီ စာတစောင် ရောက်လာပါသည်၊ ကျမ်းပြု လုပ်ငန်းကို စတင် ဆောင်ရွက်နေပြီ ဖြစ်ကြောင်းနှင့် နမူနာမျှားကိုပါ လက်နှိပ်စက်ဖြင့် ရိုက်နှိပ် ပေးပို့လိုက်သည်ဖြစ်၍ ဝမ်းမြောက် အားတက်စွာ သဘုဝခေါ်ရပါသည်။

ထို့နောက်တွင်လည်း မကြာမကြာ အကျိုးအကြောင်း စာရေးပါသည်၊ ကျမ်းအခြေအနေနှင့် နေ့စဉ်ပါဠိတော် အဋ္ဌကထာ ဋီကာတို့ကို ကြည့်ရှု လေ့လာခွင့် ရရှိသဖြင့် သာသနာတော် မြတ်ကြီးကို ပိုမို ကြည်ညိုနိုင်ခွင့် ရရှိကြောင်း • ဓမ္မာနုဿတိဘာဝနာဖြင့် ပျော်မွေ့နေရကြောင်း • ဘုရား

ရဟန္တာ အရိယာ အရှင်မြတ်တို့နှုတ်တော်မှ ကျမ်းပြုဆရာတော် အရှင်မြတ်ကြီးတို့ကို၂၊ အာရုံပြုကာ နှစ်စဉ် တွေ့ဆုံ ဖူးမြင်နေရကြောင်း . ယခင်က မကြားနာရဘူးသေးသော တရားတော်များကိုလည်း ထူးခြားစွာ ကြားနာ သိရှိခွင့်ရရှိကြောင်း . နှစ်စဉ် တရားတော် အာရုံဖြင့်သာ အချိန်ကုန်ရသည် ဖြစ်၍ အလွန် ကျေးဇူ များလှကြောင်း စသည်ဖြင့် ဝမ်းမြောက် ကြည်နူးဘွယ်ရာ မင်္ဂလာသတင်း များကို အားရ ကျေနပ်ဖွယ်ရာ ကြားသိနေရပါသည်။

ဤသို့ဖြင့် ၁ . နှစ်ကျော်မျ ကြာသောအခါ ဆရာ ကိုယ်တိုင် လက်နှိပ်စက်ဖြင့် ၄ . မူ ရိုက်ပြီး ဤ **နိကာယမဉ္ဇရီကျမ်း** စာမူထုပ်ကြီးကို ပိုက်၍ ဆရာ ဦးဖေမြင့် ရောက်လာပါတော့သည်၊ ကျမ်းစာမူကြီးကို ဝမ်းသာအား‌ရ ဖတ်ကြည့်သောအခါ မျော်လင့်ထား‌သည်ထက် ပိုမို ပြည့်စုံကောင်းမွန်နေသည်ကို တွေ့ရသဖြင့် သာသနာ့အလင်းရောင် ဆရာ ဦးဖေမြင့်အား အထူး ပင် ကြည်ညို လေးစား‌စွာဖြင့် ကျေးဇူး အကြိမ်ကြိမ် အခါခါ တင်မိပါသည်၊ တန္ဒစ်ကျော် ကာလအတွင်းမျှဖြင့် ပြုစု ရေးသား‌သော ဆရာ၏ နိကာယမဉ္ဇရီကျမ်း စာမူကို ကြည့်ရသော အခါ စာပေသမား‌ချင်း ဖြစ်၍ ဆရာ ဦးဖေမြင့်၏ ပရိယတ္တိ သာသနာတော် အပေါ် ပြည့်လျမ်း သော ယုံကြည်မှု (သဒ္ဓါ) ကို ထက်ထက် မြက်မြက် အကောင်အထည် ပေါ်အောင် ဖော်နိုင် သည့် ကြိုး‌စာ အား‌ထုတ်မှု (ဝီရိယ) လူဝတ်ကြောင် ပုဂ္ဂိုလ် ပင်ဖြစ်ပါသော်လည်း ကျမ်းကြီး တကျမ်း ပြီ စီး‌အောင် ပြုစုနိုင်သည့် ခိုင်မြဲသော တည်ကြည်မှု (သမာဓိ) ကောင်းမွန် သန့်စင် သည့် ဂန္ထဝင်မြောက် ကျမ်းကြီး ဖြစ်အောင် နှိုင်း‌ချိန်သုံးသပ် ဆင်ခြင် ဆုံးဖြတ်နိုင်မှု (ပညာ) သဒ္ဓါလွန်မှု ဝီရိယလွန်မှု ပညာလွန်မှုတို့ကိုထိန်း‌ချုပ်၍ ဖြောင့်မတ်စွာ မဇ္ဈိမပဋိပဒါကျကျ အမှတ် ရုနေမှု (သတိ) ဟူသော ဆရာ ဦးဖေမြင့်၏ ဗလငါး‌တန် (ငါး‌ပါး) ကို အား‌ရမြတ်နိုး ဖွယ်ရာ ဝမ်းမြောက်စွာ တွေ့မြင် သုံးသပ်မိပါသည်။

မျက်မှောက်ခေတ် ပရိယတ္တိသာသနာတော် နှင့် ပိဋကစာပေသမိုင်း အတွက် လိုအပ်နေ သော အကွက်လပ် တခုကား ပြည့်စုံသွား‌ခဲ့ပါပြီ၊ လိုနေသော ကွက်လပ်ကို ပြည့်စုံအောင် ဖြည့်စွမ်း‌ပေး‌နိုင်သည့် ဆရာ ဦးဖေမြင့်အတွက်လည်း များ‌စွာ ဂုဏ်ယူမိပါသည်၊ ထို့ကြောင့် ပုဂ္ဂိုလ်ရေး‌ရာ အတွက်လည်း‌ကောင်း စာပေရေး‌ရာ အတွက်လည်း‌ကောင်း ပရိယတ္တိ သာသနာတော် အတွက်လည်း‌ကောင်း ကျမ်း‌ဆရာအား အထူး လေး‌စား ကျေးဇူး‌တင်ကာ ရိုသေစွာဖြင့် ဂါရဝ ပြုအပ်ပါသည်။

ဤသည်လျင် ဤနိကာယ မဉ္ဇရီကျမ်း ဖြစ်ပေါ်လာပုံ အခြေခံ အကြောင်း‌ရင်း နိဒါန်း ဖြစ်ပါသည်။

ဂန္ထာရမ္ဘ

ဂန္ထနိဒါန‌ကို ဖော်ပြပြီး‌၍ ဂန္ထာရမ္ဘ ဤနိကာယ မဉ္ဇရီကျမ်း အား‌ထုတ်ပုံ (ပြုစုစီရင်ပုံ) ကို ဆက်လက် တင်ပြလိုပါသည်၊ (၁) ဒီဃနိကာယ် (၂) မဇ္ဈိမနိကာယ် (၃) သံယုတ္တ နိကာယ် (၄) အင်္ဂုတ္တရနိကာယ် (၅) ခုဒ္ဒကနိကာယ် ဟူသော နိကာယ်ကြီး ငါး‌ရပ် ရှိသည် တွင် ဤ နိကာယမဉ္ဇရီကျမ်း၌ ခုဒ္ဒကနိကာယ်ကို ချန်လှပ်၍ ဒီဃနိကာယ်လာ သုတ်‌တော်ပေါင်း ၃၄ သုတ် . မဇ္ဈိမနိကာယ်လာ သုတ်တော်ပေါင်း ၁၅၂ သုတ် . သံယုတ္တနိကာယ်လာ သုတ်

ဇတော်ပေါင်း ၇၇၆၂ သုတ် - အင်္ဂုတ္တရ နိကာယ်လာ သုတ်တော်ပေါင်း ၉၅၅၇ သုတ် - နိကာယ် လေးရပ်မှ သုတ်တော်ပေါင်း ၁၇၅၀၆ - (တသောင်း ခုနစ်ထောင် ငါးရာခြောက်သုတ်) တို့ကို အာဂရာဝလိ စဉ်၍ သုတ်တသုတ် (၁) နိဒါန်း (၂) လိုရင်းတရား အကျဉ်းချုပ် (၃) ကောက်ချက် (၄) ကျမ်းညွှန်း နံပါတ်များ ဟူ၍ လေးဆင့် ခွဲ၍ ရေးသား ပြုစုထားသည် ကို အောက်ပါ အတိုင်း တွေ့ရပါသည်။

(၁) မြတ်စွာဘုရားသျှင်သည် ဣစ္ဆာနင်္ကလ တောအုပ်၌ သီတင်းသုံးတော်မူစဉ် အခါ အမွှဋ္ဌလုလင် နှင့် ပေါက္ခရသာတီပုဏ္ဏားကို အကြောင်းပြု၍—

(၂) ဇာတ်နိမ့် ဇာတ်မြင့် စသော အယူအဆ အဝိဇ္ဇာတရား စရဏတရား ပျက်စီး ကြောင်းတရား လေးပါးနှင့် ရှေးခေတ် ရသေ့တို့၏ အကြောင်းများ အပြင် လျှို့ဝှက်သော မဟာပုရိသ လက္ခဏာတော်ကြီး ၂ · ပါးကို တန်ခိုးတော်ဖြင့် ပြသ ဟောကြားတော်မူသောသုတ်—

(၃) ဇာတ်နိမ့် ဇာတ်မြင့် မှတ်သားဘွယ်တို့ကို ပြသည်။

(၄) သီလက္ခန္ဓ—ပါ—၈၂+၁၀၃။ ဒု—၂၁၃+၂၄၈။ ဋ္ဌိ/ဒု—၂၁၀+၂၈၁။ မြန်—၉၁+၁၁၄။

ဤတွင် အပိုဒ် (၁) ဖြင့် သုတ်၏ ဖြစ်ပေါ်လာပုံ အကြောင်း နိဒါန်းကိုလည်းကောင်း အပိုဒ် (၂) ဖြင့် သုတ်တော်၏ လိုရင်းတရား အကျဉ်းချုပ်ကိုလည်းကောင်း အပိုဒ် (၃) ဖြင့် သုတ်တော်၏ ပဓာန ကောက်ချက်ကိုလည်းကောင်း အပိုဒ် (၄) ဖြင့် ကျမ်းညွှန်း နှင့် စာမျက်နှာနံပါတ်ကိုလည်းကောင်း အသီးသီး စုံလင်စွာ ညွှန်ပြပါသည်၊ အချိန် အနည်းငယ်မျှဖြင့် သုတ်တသုတ်၏ နိဒါန်းနှင့် တကွ လိုရင်းတရားအကျဉ်းချုပ် · ကောက်ချက် · ကျမ်းညွှန်းတို့ကိုပါ ချက်ခြင်း သိရမည့်ပြင် ထိုသုတ်နှင့် ပတ်သက်၍ အကျယ်ကို သိလိုပါက ပါဠိတော် စာမျက်နှာ - အဋ္ဌကထာ စာမျက်နှာ - ဋီကာ စာမျက်နှာ - မြန်မာပြန် စာမျက်နှာတို့ကို တိတိကျကျ ညွှန်ပြထားသည်မှာ အားရနှစ်သက် ကျေနပ်စွာ ကျေးဇူးတင်ဘွယ် ဖြစ်ပါပေသည်၊ ၎င်းတွင် ကျမ်းညွှန်းသည် ဤကျမ်း၏ အချက်အချာ အသက်ပမာ ဖြစ်ပါသည်၊ ဤကျမ်းညွှန်းသည် စာပေ သုတေသီတို့အတွက် အလွန် နှစ်သက်မြတ်နိုးဘွယ်သော အကျိုးကို ဖြစ်စေပါသည်။

ဤကျမ်းညွှန်းမှ ဆက်သွယ်၍ မရေမတွက်နိုင်သော စာဒေပအကျိုးဆက်တို့ ပေါ်ထွက်လာမည်ကိုလည်း မြော်မြင် ယုံကြည်မိပါသည်။

ဤနိကာယမဇ္ဈိမကျမ်းတွင် စာပေရှာရသည့် အခက်အခဲများကို တခဏချင်း ဖြေရှင်းပေးနိုင်အောင် စီစဉ်ထားပုံကို အကဲခတ် စီစစ်ကြည့်ကြပါဦးစို့၊ ဥပမာ—မဟာသမယသုတ် ဆိုကြပါစို့၊ မဟာသမယသုတ် ဆိုလျှင် ဗုဒ္ဓဘာသာဝင်တို့၏ နှုတ်ဖျားတွင် ရေပန်းစားလှသော သုတ်တသုတ် ဖြစ်ပါသည်၊ သို့သော် ထိုသုတ်သည် ဘယ်နိကာယ် ဘယ်ပါဠိတော်၌ ရှိသည်ဟု မူရင်းကို သိသူကား နည်းပါးမည် ထင်ပါသည်၊ မူရင်း နိကာယ် နှင့် ပါဠိတော်ကို သိလိုသည်ဆိုပါတော့၊ ဤနိကာယမဇ္ဈိမကျမ်း၏ မာတိကာ အကွရာဝလိ အစဉ်တွင် (မ) ပိုင်းတွင် ရှာလိုက်

ပါ၊ မဟာသမယသုတ်ကို တွေ့ပါလိမ့်မည်၊ 'ဒီ–၂'ဟု ညွှန်းထားသည်ကို တွေ့ရပါလိမ့်မည်၊ ၎င်း 'ဒီ–၂'၏ သင်္ကေတ အညွှန်းကို ဒီဃနိကာယ် သုတ်မဟာဝဂ်ပါဠိတော် ဟု ဖော်ညွှန်း ထားပါသည်၊ မဟာသမယသုတ်သည် ဒီဃနိကာယ် သုတ်မဟာဝဂ်ပါဠိတော်၌ ရှိကြောင်းကို တခဏချင်း သိရပါလိမ့်မည်၊ ဤမျှဖြင့် မကျေနပ်သေးပဲ အသေးစိတ်ကို သိလိုသေးသည် ဆိုပြားအုံ၊ ၎င်း 'ဒီ–၂'၏ ဘေးဘွင် ဖော်ပြထားသော ဤကျမ်းစာ၏ စာမျက်နှာနံပါတ်ကိုကြည့်၍ ဤကျမ်းကို လှန်လိုက်ပါ၊ မဟာသမယသုတ်ကို အောက်ပါ အတိုင်း ဖော်ညွှန်း ထားသည်ကို ကျေနပ်ဖွယ်ရာ တွေ့ရပါလိမ့်မည်။

မဟာသမယသုတ်

မြတ်စွာဘုရားသျှင်သည် ကပိလဝတ်ပြည့် မဟာဝုံန်တော၌ သာကီဝင်မင်းမျိုးမှ ဖြစ်သော ရဟန္တာ ငါးရာ ခြံရုံလျက် သီတင်းသုံးတော်မူစဉ်အခါ စကြဝဠာတိုက်တသောင်းမှ နတ် ဗြဟ္မာ အပေါင်းတို့၏ အစည်းအဝေးကြီးတွင် နတ်ဗြဟ္မာတို့၏ အမျိုး အနွယ် အမည် ဂုဏ် တန်ခိုး အမျိုးမျိုးတို့ကို ဟောကြားတော်မူသောသုတ်။

(ကြီးကျယ်သော နတ်ဗြဟ္မာတို့၏ အစည်း အဝေးကြီး နှင့် တရား ပွဲတော်ကြီးကို ပြသည်။)

မဟာဝဂ္ဂ–ပါ–၂၀၃+၂၁၀။ ဒဋ္ဌ–၂၆၆+၂၈၉။ ဒီဋီ–၂၃၂+၂၄၅။
မြန်–၂၂၉+၂၃၆။

ဟု နိဒါန်း သုတ်တော်၏ လိုရင်း အကျဉ်းချုပ် ပဓာန ကောက်ချက်နှင့် 'ပါ-ဒဋ္ဌ-ဒီဋီ-မြန်' စာမျက်နှာ လေးမျိုးတို့ကို အစ နှင့် အဆုံးကိုပါ တင်ကျစွာ ညွှန်ပြထားပါသည်။

အချို့နေရာတို့တွင် ကျမ်းဆရာက ဤမျှဖြင့် မကျေနပ်သေးပဲ စေတနာ ပိုဆာပေးပုံမျှားကိုလည်း လေးစား မြတ်နိုးဘွယ်ရာ တွေ့ရပါ၏သေးသည်၊ ဥပမာ–ကသိဘာရဒ္ဓါဇသုတ် ဆိုကြပါစို့၊ ဖော်ပြပါ ဤကျမ်းကြည့်နည်း အတိုင်း ကြည့်လိုက်ပါက နိဒါန်း အကျဉ်းချုပ် ကောက်ချက် ကျမ်းညွှန်း နှင့် စာမျက်နှာ နံပါတ် ၄ - မျိုးတို့ကို တွေ့ရမည့် အပြင် (ဒဋ္ဌ–၂၅ ဘာရဒ္ဓါဇ လယ်သမားဝတ္ထုနှင့် ဗုဒ္ဓကိစ္စကြီး ငါးပါးကို အကျယ် ဖွင့်ပြသည်) ဟူ၍ အဋ္ဌကထာ၌ အထူး ဖွင့်ပြချက်ကိုလည်း လက်မလွတ်စေလိုသဖြင့် (မှတ်ချက်) ပေးထားပုံမှာ ကျမ်းဆရာ၏ စေတနာ ပေါ်လွင် လှပေသည်။

ကျမ်းဆရာသည် ဤနိကာယမဟာရီကျမ်းကြီး ဖြစ်ပေါ် လာအောင် ရှေးဦးစွာ နိကာယ် လေးရပ်မှာ ရှိသော သုတ်တော်ပေါင်း (၁၇၅၀၆) သုတ်ကို စိတ်ရှည်လက်ရှည်ဖြင့် ဤကျမ်း အတွင်း၌ နိကာယ်လေးရပ်ကို အစဉ်မပျက်စေပဲ တမျိုး, မာတိကာ၌ နိကာယ်လေးရပ်ရှိ သုတ်တော်တို့ကို စုပေါင်း၍ တမျိုး, အကွာရာဝလိ နှစ်မျိုး နှစ်စား ခွဲခြားလျက် ခက်ခဲစွာ စဉ်ယူရပါသည်၊ အကွာရာဝလိစဉ်ပြီးနောက် သုတ်တော်များကို တသုတ်ချင်း အသေးစိတ် ဖတ်ရှုရပါသည်၊ ထိုသို့ ဖတ်ရှုပြီးမှ သုတ်၏ နိဒါန်း ဟောလိုရင်း အကျဉ်းချုပ် နှင့် ပဓာန ကောက်ချက်

ကို ရေးသားရပါသည်၊ ၎င်းနောက် အဋ္ဌကထာအဖွင့်များကို စေ့စပ်စွာ ကြည့်ရှုပြီးလျှင် အထူးဖွင့်ဆိုချက်တို့ကို မှတ်ချက် ရေးသားရပါသည်၊ ဋီကာကိုလည်း တို့အတူပင် ကျိသို့ အဆင့်ဆင့် စီစဉ် ရေးသား မှတ်ချက် ထားပြီးမှ ဆဋ္ဌသံဂါယနာ ပိဋကတ်တော်မူ ပါဠိတော် အဋ္ဌကထာ ဋီကာ မြန်မာပြန် စာမျက်နှာတို့ကို သေချာစွာ ကြည့်ရှု စစ်ဆေး၍ စီစဉ် ရေးသား ရခြင်း ဖြစ်ပါသည်၊ ဤသို့လျှင် ကျမ်းဆရာ၏ သဒ္ဓါ ဝီရိယ သတိ သမာဓိ ပညာ အဖြာဖြာတို့ကြောင့် ယခု အခါ ပရိယတ္တိ သာသနာတော်မြတ် နှင့် စာပေသုတေသီတို့ အတွက် အလွန် အကျိုးများသည့် နိကာယ်လမ်းညွှန်ကျမ်းကြီး တစောင် ပေါ်ထွက်လာခဲ့ပါပြီ၊ ယခုခေတ် သိပ္ပံပညာရှင်တို့သည် အသံထက်မြန်သော လေယာဉ်ပျံကြီးများဖြင့် ကမ္ဘာ့မြေကျောကို ရှုံ့ပေးလိုက်သကဲ့သို့ အပြောကျယ်လှသည့် နိကာယ်စာပေပင်လယ်ကြီးကိုလည်း ကျမ်းဆရာက ဤနိကာယမဉ္ဇရီကျမ်းဖြင့် စာကျောကို ရှုံ့ပေးလိုက်ပါပြီ၊ ဤသည်လျှင် ဂန္ထာရမ္ဘ ဤကျမ်းကို အားထုတ်ခဲ့ပုံ (ပြုစုစီစဉ်ပုံ) ဖြစ်ပါသည်။

ဂန္ထဂုဏ—ဂန္ထဝိသေသ

ဂန္ထနိဒါန နှင့် ဂန္ထာရမ္ဘကို ဖေါ်ပြပြီးနောက် ဂန္ထဂုဏ ဤကျမ်း၏ ဂုဏ်ရည်-ဂန္ထဝိသေသ ဤကျမ်း၏ ထူးခြားချက်တို့ကို ဆက်လက် ဖေါ်ပြရန် ဖြစ်ပါသည်၊သို့သော် ဤကဏ္ဍများအတွက် ပစ္စက္ခ သာသနာတော်တွင် နေလအသွင် ထင်ရှားတော်မူကြသည့် ဂကျးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ· အဘိဓဇမဟာရဋ္ဌဂုရု ·မစိုးရိမ် ဆရာတော် ဘုရားကြီးမှ စ၍ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးတို့၏ အနုမောဒနာကထာ များဖြင့် ပြည်စုံ လုံလောက် ဂုဏ်မြောက်ပါပြီဟု လေးစားစွာဖြင့် ခံယူပုံကြည်ပြီး ဖြစ်ပါ၍ အထူး ရေးသားဖေါ်ပြရန် မလိုတော့ဟု ယူဆပါသည်၊ ၎င်းပြင် စာရှုသူများ ကိုယ်တိုင်လည်း ဤကျမ်းကို ဖတ်ရှုလေ့လာပါက (ဖတ်ပြီးပါက) ဤကျမ်းဂုဏ်ရည် နှင့် ဤကျမ်း၏ ထူးခြားချက်တို့ကို ကိုယ်တိုင်ပင် ထင်မြင်ချက် ပေးနိုင်လိမ့်မည်ဖြစ်ပါသည်။

ဂန္ထိစရိယ

ကျမ်းဆရာ၏ အကြောင်းကို အနည်းငယ် ဆက်လက် ဖေါ်ပြလိုပါသည်၊ သာသနာ့အလင်းရောင် ဆရာ ဦးဖေမြင့်သည် ခရိုင်သာသနာရေး အရာရှိ အဖြစ်ဖြင့် သာသနာရေး ကိစ္စ အဝဝတို့ကို ကြိုးစား ဆောင်ရွက်ခဲ့သည့်ပြင် စာပေပညာရှင် တဦး အနေဖြင့်လည်း စာပေ၏ တာဝန်အသီးသီးတို့ကို တာဝန်ကျေစွာ ထမ်းဆောင်ခဲ့သော ပုဂ္ဂိုလ် ဖြစ်ပါသည်၊ ဆရာ ပြုစုပြီးသော ကျမ်းများမှာ—

(၁) သာသနာ့ အလင်းရောင် ဒေသနာ—ပ—ဒု—တ—၃—တွဲ။
(၂) ဝိဇ္ဇာ မဏ္ဍိုင် လမ်းညွှန်ကျမ်း။
(၃) ဆဋ္ဌသံဂါယနာ မော်ကွန်း။
(၄) ဓမ္မစကြာပျံ့ နှင့် ဟေမဝတာပျံ့။

(၅) ဝိဇ္ဇာဓရ မဟာထရ ဘဒန္တပဏ္ဍိတ ထေရပ္ပတ္တိ ၂-တဲ့ နှင့် ၎င်းပျို့။
(၆) ဘဒန္တ မုနိန္ဒ မဟာ ထေရပ္ပတ္တိ။
(၇) ချောက်မြို့ သာသနာ့ ဗိမာန်တော်ကြီး သမိုင်းချုပ်။
(၈) နိကာယမဉ္ဇရီကျမ်း-နှင့်
(၉) မင်္ဂလာရတု ကဗျာ သြဘာစာများ အပြင်-
(၁၀) ပတ္ထနာ အလင်းရောင် ဂုဏ်ထူးဆောင်ကျမ်း-
ကိုလည်း ရေးသား နေဆဲပင် ဖြစ်ပေသည်။

ဆရာ၏ ပါဠိဂါထာ (ပါဠိကဗျာ)အစီအကုံး နှင့် အနက်ဥာဏ် ရှင်သန်ထိမိ ကောင်းမွန်ပုံများကို သာသနာ့အလင်းရောင် ဒေသနာများ · ဤနိကာယမဉ္ဇရီကျမ်း၏ ပဏာမဂါထာများ နှင့်ုးဂါထာတို့ကို လေ့လာခြင်းဖြင့် အကဲခတ်နိုင်ပါလိမ့်မည်၊ ဆရာ၏ ဆဋ္ဌသံဂါယနာမော်ကွန်း နှင့် ဓမ္မစကြာပျို့ ဟေမဝတပျို့တို့သည် အဆင့်အတန်းမြင့် ပျို့မော်ကွန်း ကဗျာများဖြစ်ကြောင်း ကာဗျဝိဒူများက လက်ခံခဲ့ကြပါသည်၊ ဆရာ၏ စကားပြေအရေးအသားကို သာသနာ့ အလင်းရောင်ဒေသနာများ · ဘဒန္တ မုနိန္ဒ မဟာထေရပ္ပတ္တိ (လောကမာရဇိန် ရွှေဘုံဆရာတော် ဦးမုနိန္ဒ၏ မဟာထေရပ္ပတ္တိ နှင့် သာသနာပြု ဆောင်ရွက်ချက် မှတ်တမ်းများ) စာအုပ်ကြီး နှင့် ဤနိကာယ မဉ္ဇရီကျမ်းတို့က ရှေ့တန်းမှ သက်သေပြုခဲ့ပါသည်၊ ဘဒန္တမုနိန္ဒ ထေရပ္ပတ္တိကျမ်းတွင် အကျယ်ချဲ့၍ ပဲ့နဲ့ရေးသားဟန်ကိုလည်းကောင်း ဤနိကာယမဉ္ဇရီကျမ်းတွင် အကျယ်ကို အကျဉ်းချုံး ရေးသားဟန်ကိုလည်းကောင်း ဆရာ၏ သြဇဂုဏ်မြောက်သော အရေးအသားတို့ကို တွေ့ရပါသည်၊ ဆရာသည် ပါဠိကဗျာ မြန်မာကဗျာတို့ကို ပိုင်နိုင် ကျွမ်းကျင်စွာ သိကုံးရေးသားနိုင်သည့် နည်းတူ ထိုပါဠိမြန်မာကဗျာ ရတု သြဘာစာ စသည်တို့ကိုလည်း ကိုယ်တိုင် စနစ်တကျ အောင်မြင်သာယာသော အသံဖြင့် ဟန်ပါပါ ရွတ်ဖတ်ကျူးရင့် သီဆိုနိုင်သည့် စာဆိုရှင် (အသံရှင်)တဦးလည်း ဖြစ်ပါသည်၊ ဆရာက သူ၏ မွေးဖွားရာ ဇာတိမြို့ နှင့် သူ၏ အမည်ကို ဓမ္မစကြာပျို့ နှင့် ဓမာမဝတပျို့နိုုံးတွင် နာမန္တရိက ပဟေဠိ (နာမည်ဝှက် ကဗျာ)ဖြင့် အောက်ပါအတိုင်း မှတ်တမ်းတင်ခဲ့ပါသည်။

နာမန္တရိက ပဟေဠိ နိုုံး

နာမန္တရိ ပဟေဠိဖြင့် တိုကျသေချာ နိုုံးဖြာပိမ့် — သုနာပရန် တိုင်းရပ်ဌာန်တွင် နှစ်ထန်ရွှေစက် ရာ့ရှစ်ကွက်နှင့် ပြိုးပြက်ရောင်ဖြာ နမွဒါဟု သညာမြစ်မန်း ရေညိုသန်းလျက် မျော်မှန်းသာယာ မြစ်ရောနှင့် နှစ်ဖြာယှဉ်ပူး ကမ်းနဖူးဝယ် ကြည်နူးသာစွာ သြဇာနှင့် ဒန္တနှစ်ဖြာ ပဉ္စမာကို ယှဉ်ကာတူကွ အစဉ်ချ၍ မနဓာတ်တွင် တန့်ခွန်တင်လျက် ပျို့စင်ညွှင်းခ နှစ်ပြောက်ချ၍ သြဠဇကွရ ပဌမကို သတ္တမကွရာ ကပ်ပြီးခါတွင် နှစ်ဖြာညွှင်းကူး အမည်ထူးဖြင့် ကြည်နူးသာစွာ နဂရလျင် ဖွားထဇာတိ အမွန်သိလော့ လာရှိဝဏ္ဏ အခြေမှလျင် ဇကေစတ္တာ အကွရာဠ် တဖြာနာမ ကောက်ယူဆသော် သြဠဇကွရ သတ္တမတွင် နှစ်ဝညွှင်းခ အရင်းစလျက် ကဏ္ဍတာလုဇ မိဿကတွင် သြဠဇကွရာ ရောစလျ ဖြာ၍ သညာခေါ်မှ ဂြိုဟ်ဂုရုလျင် ယှဉ်ပြုဒုတိယ ပဉ္စမကို ယှဉ်ထမုဒ္ဓဇ ဆဋ္ဌမ

နှင့် နှစ်ဝတ္ထုတွ ကပ်ပြီးမှလျှင် ကဏ္ဍဇမည် စန်းရောင်ခြည်ဟု ထိန်ကြည့်ဝင်းပ ပဥ္စမတွင် တင်ထစ်ခင့်စင့် တန်ခွန်ဆင့်၍ အမြင့်ထက်ဝယ် လွန်တင့်တယ်လျက် အောက်ဝယ်ညှဝ်းခ တပြောက်ချသည့် နာမရှင်ကြည် ကျွန်ုပ်သည်ကား....

စသည်ဖြင့် ကဗျာဉာဏ် ကွန့်ထားလေသည်။

အဘိယာစက ကထာ

ဤနိကာယမဇ္ဈိမကျမ်း (ပဌမတွဲ)၌ 'ဒိ–မ–သံ–အံ' ဟူသော နိကာယ်ကြီး လေးရပ်လာ သုတ်တော်ပေါင်း (၁၇၅၀၄) သုတ်တို့ကို အကွရာဝလိ စဉ်ကာ ပန်းသိကုံးသကဲ့သို့ အစီအရီ အကန့်အကန့်ဖြင့် တသန့်တသန့်စီ နှံစပ်ညီညာ သီကုံးပေးထားပုံမှာ မြတ်နိုးမဆုံးနိုင်အောင် ရှိလှုပါသည်၊ ကျန်ရှိနေသေးသည့် ခုဒ္ဒကနိကာယ်ကိုလည်း ဤနည်းနှင်နှင် ပြုစီရင်ဦးမည်ကို ယုံကြည်မျော်ကိုးလျက် ရှိပါသည်၊ ခုဒ္ဒကနိကာယ် ဥယျာဉ်အတွင်း၌ သဘာဝအလျောက် ပေါက်ရောက်ပွင့်လန်းလျက် ရှိသော ဓမ္မပန်းတို့ကိုလည်း သီကုံးပန်းသွင် အလှဆင်ပေးပါဦးဟု ကျမ်းဆရာအား အနူးအညွတ် ပန်ကြားလိုပါသည်၊ မှန်ပါသည်· ခုဒ္ဒကနိကာယ်သည် အကျယ်ဝန်းဆုံး ဖြစ်သည့်မြင် ဗုဒ္ဓဘာသာဝင် စာပေသုတေသီတိုင်း ဖတ်သင့် မှတ်သင့်လှသော နိကာယ်တရပ်လည်း ဖြစ်ပါသည်၊ ယခု **နိကာယမဇ္ဈိမကျမ်း (ပဌမတွဲ)** ၌ ဖော်ညွှန်း သီကုံး ပြုစုထားသည့် နိကာယ်ကြီး လေးရပ် ဟူသည်မှာ သုတ္တန္တပိဋကသာ ဖြစ်ပါသည်၊ ခုဒ္ဒကနိကာယ်တွင်ကား– (က) ဝိနယ (ခ) အဘိဓမ္မ (ဂ) သုတ္တန္တ ဟူသော ပိဋကတ်သုံးသွယ်လုံးပါဝင်သဖြင့် ကျယ်ဝန်းများပြားပြည့်စုံ ကုံလုံလှပါသည်၊ ထိုတွင် ခုဒ္ဒကနိကာယ် သုတ္တန်ပိဋကဌ– (၁) ခုဒ္ဒကပါဌ (၂) ဓမ္မပဒ (၃) ဥဒါန (၄) ဣတိဝုတ္တက (၅) သုတ္တနိပါတ (၆) ဝိမာနဝတ္ထု (၇) ပေတဝတ္ထု (၈) ထေရဂါထာ (၉) ထေရီဂါထာ (၁၀) အပဒါန (၁၁) ဗုဒ္ဓဝံသ (၁၂) စရိယပိဋက (၁၃) ဇာတက (၁၄) မဟာနိဒ္ဒေသ·စူဠနိဒ္ဒေသ (၁၅) ပဋိသမ္ဘိဒါမဂ္ဂ (၁၆) မိလိန္ဒပဉှာ (၁၇) နေတ္တိ (၁၈) ပေဋကောပဒေသကျမ်းတို့ ပါဝင်လေရာ ဤကျမ်းစာရင်းတို့ကို ကြည့်ခြင်းဖြင့် ခုဒ္ဒကနိကာယ်ဝင် သုတ္တန်တို့၏ အဓိပ္ပါယ်ဖုံ·ဗုဒ္ဓဘာသာဝင်တို့နှင့် လွယ်ကူစွာ ရင်းနှီးသင့်ပုံ-စာပေသုဓတသီတို့ လက်မလွှတ်သင့်ပုံတို့ကို မှန်းဆနိုင်လောက်ပါသည်။

ကျမ်းဆရာ ကိုယ်တိုင်ကလည်း ယခုကျမ်းကို **သုတ္တန္တ နိကာယမဇ္ဈိမကျမ်း (ပဌမတွဲ)** ဟု တိကျစွာ အမည်သတ်မှတ်ထားသဖြင့် ကျန်ရှိနေသေးသည့် ခုဒ္ဒကနိကာယ်ဝင် သုတ္တန္တ နိကာယ မဇ္ဈိမကျမ်း ဒုတိယတွဲကို ဆက်လက်ပြုစုရန် ရည်ရွယ်ချက် (ဆန္ဒ)ရှိကြောင်း ပေါ်လွင်လှပါသည်၊ ထို့ကြောင့် ကျမ်းပြုဆရာ၏ ဆန္ဒ·နိဒါန်း ရေးသူ၏ အဘိယာစက·စာပေသုတေသီတို့၏ အာသီသ-ဟူသော အညမညပစ္စယသတ္တိဖြင့် သုတ္တန္တနိကာယမဇ္ဈိမကျမ်း·ဒုတိယတွဲသည် မကြာမြင့်မီ စာပေစင်မြင့်ဆီသို့ ဦးတည်ကြွရောက်၍ စာပေအခက်အခဲတို့ကို ဖြိုခွဲတော်လှန် အမှန်ကို လမ်းညွှန်နိုင်ပါစေဟု အလေးအမြတ် ပတ္ထနာ ပြုအပ်ပါသည်။

သုတ္တန္တပိဋကတွင် –ဒါန သီလ သမထ ဝိပဿနာ တရားတို့ကိုလည် ကောင်း, သီလ သမာဓိပညာ တရားတို့ကိုလည်းကောင်း, ခန္ဓာ အာယတန ဓာတ် သစ္စာ တရားတို့ကိုလည်းကောင်း,

သတိပဋ္ဌာန် သမ္မပ္ပဓာန် ဣဒ္ဓိပါဒ် စသော တရားတို့ကိုလည်းကောင်း, အဝိဇ္ဇာ သင်္ခါရ စသော ပဋိစ္စသမုပ္ပပါဒ် တရားတို့ကိုလည်းကောင်း, မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာ တရားတို့ကိုလည်းကောင်း, အမျိုးမျိုး အထွေထွေ ဝေနေယျတို့၏ အဇ္ဈာသယ စရိယာနုလောမ အား လျော်စွာ ဟောကြားတော်မူထားလေရာ စာသုံးခြ မကုန်နိုင်သော ဓမ္မပဒေသာကြီးနှင့် တူလှပါပေသည်၊ ယင်းကဲ့သို့ ရောင်စုံယှက်သန်း အမျိုးမျိုး တင့်ဆန်းခြ သီးပုင့်နေသော ဓမ္မပဒေသာကြီးကို အကန့်လိုက် အကန့်လိုက် တသန့်စီ တသန့်စီ ခွဲခြ ဒါနပဒေသာ သီလပဒေသာ သမာဓိပဒေသာ ပညာပဒေသာ စသည်ဖြင့် စီ၊ ဥ်ပေးနိုင်ပါမူ အနာဂတ်သာသနာတော် အတွက် အကျိုးများနိုင်ပေစွဟု တချိန်တခါက ကြံစည်စိတ်ကူး တိုင်ပင် ညှိနှိုင်းခဲ့ဘူးပါသည်။

သာသနာ့ညွှန်ကြားရေးဝန် ပဌမကျော် ဦးကြီးဖေ မကွယ်လွန်မီ တပတ်ခန့်က ဖြစ်ပါသည်၊ ထိုအချိန်က ဆရာကြီးသည် အလှန် ကျန်းမာရေး ကောင်းလျက် ရှိသည့်ပြင် မကြာမီ တနိုင်ငံလုံးသို့ သာသနာရေးကိစ္စ အတွက် ခရီးထွက်ရန် စိုင်းပြင်းနေစဉ် ဖြစ်ပါသည်၊ ထိုနေ့က ဆရာကြီးကတော် တည်ခင်းသော နံနက်စာ ထမင်းကို စားသောက်ရင်း တနေ့လုံး သာသနာရေးကိစ္စ စာပေရေးရာကိစ္စတွဲကို ဆရာကြီးက ညွှန်ကြား ဩဝါဒ ပေးခဲ့ပါသည်၊ ထိုတွင် သုတ္တန် ပိဋကတ်မှ ဒါနနှင့် ပတ်သက်သော သုတ်များ - သီလနှင့် ပတ်သက်သော သုတ်များ ပဋိစ္စသမုပ္ပါဒ်နှင့် ပတ်သက်သော သုတ်များ - သတိပဋ္ဌာန်နှင့် ပတ်သက်သော သုတ်များ - စသည်ဖြင့် တသန့်စီ တသန့်စီ စုံစည်း၍ အဖွင့် အဋ္ဌကထာ ဋီကာများနှင့် တကွ တွဲဘက် စီစဉ်ရန် — ထိုတွင်မှ တူရာ တူရာများကို ပေါင်း၍ (မထူးသည်ကိုချန်လှပ်၍) ပြည့်လည်း ပြည့်စုံ - လွယ်လည်း လွယ်ကူ - တိုကျဉ်းနှင့် လိုရင်းလည်း မလွတ်အောင် စီစဉ်ရန် စသည်များကို မူချ၍ လမ်းညွှန်မှု ပေးခဲ့ပါသည်၊ ယခုအခါ နိကာယမဟာရီကျမ်း ကျေးဇူးကြောင့် ဤကိစ္စ အတွက် အခွင့်သင့်၍ လမ်းပွင့်ခဲ့ပြီ ဟု ဆိုရပါတော့မည်။

သာသနာ့အလင်းရောင် ဆရာ ဦးဖေမြင့်၏ သုတ္တန္တ နိကာယမဟာရီကျမ်း (ပ — ဒု) တို့ စုံလင်သွားပါက ဆရာကြီး ဦးကြီးဖေ မျှော်မှန်းခဲ့သော ပိဋကစာပေ စုစည်းရေး လုပ်ငန်းသည် လက်တလှမ်း လက်တကမ်း မျှသာ လိုပါတော့သည် ဟု ဆိုနိုင်ပါသည်၊ နိကာယမဟာရီကျမ်း ပ — ဒု တို့မှ တဖန် ဒါနမဟာရီ သီလမဟာရီ သမထမဟာရီ ဝိပဿနာမဟာရီ ပဋိစ္စသမုပ္ပါဒ်မဟာရီ စသည်တို့ကို အလိုလို ခွဲထုတ်၍ အုပ်စု ဖွဲ့ကာ အလွယ်တကူ စီစဉ်နိုင်ပါလိမ့်မည်၊ စာရင်းကိုင်ပညာတွင် လယ်ကျစာရင်း ဖွင့်သကဲ့သို့ ဇယားကွက် ချ၍ နိဒါန်း - အကြောင်းအရာ - ကျမ်းညွှန်းတို့ကို (နိကာယမဟာရီကျမ်းကိုကြည့်၍) အုပ်စုလိုက် ဇယားကွက်တွင် သွင်းပါက ဒါနနှင့် ပတ်သက်သော သုတ်ပေါင်း မည်မျှ - သီလနှင့် ပတ်သက်သော သုတ်ပေါင်း မည်မျှ - နောက်ဆုံး ပကိဏ္ဏကသုတ်ပေါင်း (အထွေထွေသုတ်ပေါင်း) မည်မျှ စသည်တို့ကို စာမျက်နှာ အတိုကျ ညွှန်းထားပြီး ဖြစ်သဖြင့် အစစ အရာရာ လွယ်ကူမည်ကို မြော်မြင်မိပါသည်၊ သုတ္တန်ပိဋကလာ သုတ်တော်များကို အုပ်စုလိုက်ခွဲကာ အက္ခရာဝလီ စဉ်ပြီး ' ပါ - ဋ္ဌ - ဋီ - မြန် ' ကျမ်းညွှန်းနှင့် ပူးတွဲ၍ စာအုပ်ငယ် တမျိုးရိုက်နှိပ်မည် ဆိုပါကလည်း အဘယ်မျှ သုတ္တန္တပိဋက သဒ္ဓါမြောက်၍ ခရီးရောက်မည်ကို ဝမ်းမြောက်ဖွယ်ရာ မှန်းဆနိုင်ကြပါလိမ့်မည်၊ ထို့ကြောင့် ပရိယတ္တိသာသနာတော်မြတ် နှင့် စာပေသမိုင်း

နိဒါန်း

အတွက် ကြိုးစားပေးတော်မူကြပါဟု ဤကျမ်းဆရာနှင့် တကွ ပိဋကစာပေ ပညာရှင် ဖြစ်တော်မူကြသည့် ရဟန်းအပေါင်းတို့အား အဦးလီဂါရဝဖြင့် ရိုသေစွာ အဘိယာစက ပြုအပ်ပါသည်။

ပေါရာဏ နယ ဒဿန

ပိဋကတော်ကို စုစည်းခြင်း အုပ်စုဖွဲ့ခြင်း စသော နည်းများသည် ယခုခေတ်မှ ဆန်းသစ် တီတွင်လာသော နည်းသစ်များ မဟုတ်ခဲ့ပါ၊ ပဌမသံဂါယနာတင် အရှင်မဟာကဿပ အရှင်အာနန္ဒာ အရှင်ဥပါလိ စသော သာသနာ့ထိပ်ခေါင်တင် ပိဋကဓာနည်ရှင် ရဟန္တာ အရှင်မြတ်ကြီးတို့ ချမှတ် နည်းပေးခဲ့သော နည်းကောင်း နည်းမြတ် နည်းဟောင်းများ ဖြစ်ပါသည်၊ မှန်ပါသည် ရှင်တော်မြတ်ဘုရားသည် (၄၅) ဝါ ကာလပတ်လုံး တရားမြတ်ရတနာတို့ကို ဟောကြားတော်မူခဲ့ရာ၌ ယခုရှိနေသည့် ပိဋက အစဉ် နိကာယ်အစဉ်ဖြင့် ဟောကြားတော်မူခဲ့ခြင်း မဟုတ်သည်ကို အားလုံး သိတော်မူပြီး ဖြစ်ကြပါသည်၊ အနာဂတံသ ဉာဏ်တော်သခင် ရဟန္တာအရှင်မြတ်ကြီးတို့သည် အနာဂတ်သာသနာတော် အတွက် မြော်မှန်း၍ နောင်သာသနာဝင်တို့ အလွယ်တကူ မှတ်ယူသင်ကြား ပို့ချနိုင်ပါစေခြင်းငှာ (၄၅) ဝါ ကာလပတ်လုံး ဟောကြားတော်မူအပ်သော ဒေသနာတော်တို့ကို—

(၁) ဝိမုတ္တိရသ အားဖြင့် တပါး
(၂) ဓမ္မ ဝိနယ အားဖြင့် နှစ်ပါး
(၃) သုတ် ဝိနည်း အဘိဓမ္မာ ဟူသော အားဖြင့် သုံးပါး
(၄) ဒီဃ မဇ္ဈိမ သံယုတ္တ အင်္ဂုတ္တရ ခုဒ္ဒက ဟူသော နိကာယ်အားဖြင့် ငါးပါး
(၅) သုတ္တ, ဂေယျ, ဝေယျာကရဏ, ဂါထာ, ဥဒါန, ဣတိဝုတ္တက, ဇာတက, အဗ္ဘုတဓမ္မ, ဝေဒလ္လ ဟူသောအင်္ဂါအားဖြင့် ကိုးပါး
(၆) ဓမ္မက္ခန္ဓာ အားဖြင့် ရှစ်သောင်း လေးထောင်

ဟု စနစ်တကျ ခွဲဝေသတ်မှတ်၍ ဘောင်ခတ်ပေးတော်မူခဲ့ကြပါသည်၊ ထိုတွင် နိကာယ်ငါးတန် အခွဲ၌ အုပ်စုလိုက် တူရာတူရာ ပေါင်းစပ် စုစည်းပေးထားပုံများ နှင့် အင်္ဂုတ္တရ နှင့် ဇာတကတို့တွင် အင်္ဂါတပါး၊စီ ဂါထာတပုဒ်စီ အတိုးအဆုတ်အလိုက် ကေဂုံတရ - ဒုကဂုံတ္တရ - ကေနိပါတ - ဒုကနိပါတ စသည်ဖြင့် စိတ်ရှည် လက်ရှည် စီစဉ် သတ်မှတ် ပေါင်းစု ပေးတော်မူခဲ့ပုံများမှာ ကျေးဇူးတော် ဆပ်မကုန်အောင် ဖြစ်ရပါသည်။

ဤကဲ့သို့ သံဂါယနာ မထေရ်မြတ်ကြီးတို့ ပေးအပ်တော်မူသော နည်းကို အစဉ်မှီး၍ ခေတ်အားလျော်စွာ တိုးတက်လာသော စာပေပြုစုမှုပညာ စာပုံနှိပ်ပညာ စသည်တို့နှင့် ပေါင်းစပ်၍ အမှန်းတင်လိုက်သောအခါ ပါဠိအဘိဓာန်ကျမ်းများ. ပိဋကလမ်းညွှန်ကျမ်းများ နှင့် ဤ နိကာယမဇ္ဈရီကျမ်း စသည်တို့ ထွက်ပေါ်လာခဲ့ကြရခြင်း ဖြစ်ပါသည်၊ သံဂါယနာတင် ရဟန္တာအရှင် မြတ်ကြီးတို့သာ ပိဋကအခွဲ နိကာယ်အခွဲတို့ဖြင့် နည်းမည်ွန်ခဲ့ပါက ပိဋကပင်လယ် နိကာယ်သမုဒ္ဒရာကြီး အလယ်တွင် ယုန်သူငယ်များ မထောက်နိုင်ကြပဲ များစွာ ဒုက္ခရောက်ကာ ခက်ခဲကြပါလိမ့်မည်၊ ဤတွင် ဆရာကြီး ဦးကြီးဖေ မြော်မှန်းခဲ့သော ပိဋက အုပ်စုဖွဲ့စည်းခြင်း

မူကိုလည်း သံဂါယနာ မထေရ်မြတ်တို့က သံယုတ္တ နိကာယ်ဖြင့်လည်းကောင်း, အင်္ဂကထာဆရာ အရှင်မဟာဗုဒ္ဓဃောသ မထေရ်မြတ်ကြီးက ဝိသုဒ္ဓိမဂ် အင်္ဂကထာကြီးဖြင့် လည်းကောင်း အသီးသီး နည်းပေးတော်မူခဲ့ပြီး ဖြစ်ပါသည်၊ ဝိသုဒ္ဓိ (နိဗ္ဗာန်) သို့ ရောက်ကြောင်း ခရီးမှာ သီလ သမာဓိ ပညာတို့ ဖြစ်ပါသည်၊ ထို့ကြောင့် ဝိသုဒ္ဓိမဂ် အင်္ဂကထာကြီးတွင် သီလနှင့် စပ်၍ မှတ်သားဘွယ်တို့ကို သီလနိဒ္ဒေသပိုင်းဖြင့် လည်းကောင်း, သမာဓိနှင့် ပတ်သက်၍ မှတ်သားဘွယ်တို့ကို သမာဓိနိဒ္ဒေသပိုင်းဖြင့်လည်းကောင်း, ပညာနှင့် ပတ်သက်၍ မှတ်သားဘွယ်တို့ကို ပညာနိဒ္ဒေသပိုင်းဖြင့်လည်းကောင်း အသီးသီး အုပ်စုဖွဲ့ကာ ကတ္တားခြား၍ တသန့်စီ တသန့်စီ အကန့်လိုက် အကန့်လိုက် လွယ်ကူအောင် စီစဉ်ပေးတော်မူခဲ့ပါသည်။

အင်္ဂကထာဆရာ မထေရ်မြတ်ကြီးသည် အခြားတပါးသော သင်္ဂဟအင်္ဂကထာတို့ကို မပြုစုမီ ဝိသုဒ္ဓိမဂ် အင်္ဂကထာကြီးကို အကျယ်ပြန့်ဆုံး(ဗဟိုပင်တိုင်ထား၍)ပြုစုတော်မူပါသည်၊နောက်နောက် ပြုစုလတ်သော အင်္ဂကထာတို့၌ သီလ သမာဓိ ပညာခန်းတို့ အစဉ် ရောက်လာသော အခါ ' ဝိသုဒ္ဓိမဂ္ဂေ ဒေသေ နယော ' ဟူ၍ ဝိသုဒ္ဓိမဂ်ကို လက်ညှိုးညွှန်၍ ကျမ်းကို ချုံးလိုက်ပါတော့သည်၊ ဤသို့ဖြင့် အင်္ဂကထာ ဆရာကြီးသည် ဝိသုဒ္ဓိမဂ်အင်္ဂကထာဖြင့် ကျမ်းပြုနည်း · ကျမ်းညှိနည်း · ဆရာနည်းကျ ခံယူနည်း · ဆရာနည်းကျသုံးသပ်နည်း · ဆရာနည်းကျဆုံးဖြတ်နည်း · အုပ်စုဖွဲ့နည်း · အကျယ်ချဲ့နည်း · အကျဉ်းချုံးနည်း စသော နည်းပေါင်း · များစွာတို့ကို နည်းညွှန် · ပေးအပ်တော်မူခဲ့ပါသည်၊ ဤကဲ့သို့ သံဂါယနာနည်း အင်္ဂကထာနည်းတို့ကို ဖော်ကျူးခြင်းဖြင့် သံဂါယနာတင် မထေရ်မြတ်တို့နှင့် အင်္ဂကထာ ဆရာအရှင်တို့၏ ဂုဏ်တော်ကျေးဇူးတော်တို့ကို အလစ်အလပ်မရှိ အစဉ် မြော်မြင် ယုံကြည် လေးစား မြတ်နိုး ကြည်ညိုစွာဖြင့် ဤနိကာယမဉ္ဇူရီကျမ်း နှင့် နိကာယမဉ္ဇူရီကို ဗဟိုထား၍ နောက်ဆက်တွဲ ပေါ်ထွက်လာနိုင်မည့် အုပ်စုခွဲ မဉ္ဇူရီကျမ်းညွှန်း အသီးသီးတို့သည် သံဂါယနာနည်း အင်္ဂကထာနည်းတို့ကို အစဉ်မှီး၍ ရအပ်ဖသော နည်းမျာ ဖြစ်သောကြောင့် သံဂါယနာတင် အရှင်အပေါင်း နှင့် အင်္ဂကထာဆရာရှင်တို့ကို ကျေးဇူးတော် တုံ့ပြန်ပူဇော်ရာရောက်သည့်ပြင် ထိုထိုအာစရိယ ပရမ္မရနယဒေသကတို့ကို ဦးထိပ်ရွက် ပန်ဆင်၍ ပြုစီရင်အပ်သောကြောင့် သာသနာတော်တွင် ဂန္ထဝင်အဖြစ် တည်ခဲ့မည်ကို ယုံကြည်ရင်းရှိပါသဖြင့် ဤမျှ ရှည်လျားစွာ ရေးသား လျှောက်ထား အစီရင်ခံရခြင်း ဖြစ်ပါသည်။

ဤ နိကာယမဉ္ဇူရီကျမ်း သည် နိကာယ်လမ်းညွှန်ကျမ်း ဖြစ်သည့်အပြင် ဆင်္ဂသံဂါယနာမူ ' ပါ · ဠ · ဋီ · မြန် ' စာမျက်နှာတို့ကို တိကျစွာ ညွှန်ပြထားသဖြင့် ဆင်္ဂသံဂါယနာ စာမူတော်သိုက်စာညွှန်းကျမ်း · သဖွယ်လည်း ဖြစ်နေပါသည်၊ ထို့ကြောင့် ဤ နိကာယမဉ္ဇူရီကျမ်း သည် ဆင်္ဂသံဂါယနာတင် စာတော်မူ နိကာယ်ကျမ်းကြီးများ၏ နောက်ပါးက ပရိယတ္တိ သာသနာတော်ကြီး တိုးတက် ပြန့်ပွားရေး အတွက် တဘပ်တအား ပါဝင်လုပ်အားပေးနေမည်ကို ယုံကြည်စွာဖြင့် ပီဘိဖြစ်နေမိပါသည်၊ ထိုပီတိမှ လျှံဖြာလာသော စေတနာကို အရင်းခံ၍ ဤနိဒါန်းရေးသူ၏ ရင်ထဲ (စိတ်ထဲ) တွင် နှစ်မျာစွာ ကိန်းအောင်း၍ ချင်ခြင်းတပ်နေသော စာပေချင်ခြင်း တရပ်ကို ဤကျမ်းပြုဆရာနှင့် တကွ ပိဋကစာပေပညာရှင် အသီးသီးတို့အား ရိုးသားစွာ တင်ပြ၍ တောင်းခံခြင်း ဖြစ်ပါသည်၊ ဤနိကာယမဉ္ဇူရီကျမ်းသည် ပညာရှင် အသီး

သီးတို့၏ လက်ဝယ်သို့ ရောက်ရှိမည်ကိုလည်း ယုံကြည်ရင်းရှိပါသဖြင့် ပညာရှင် အသိုင်းအဝိုင်းတို့က ဤကျမ်းနိဒါန်းကို ဖတ်မိ၍ စာရေးသူ၏ စာပေချွင်းချက်တပ်ကို အသိအမှတ် ပြုမိသွားသည် ဆိုပါလျှင် ဤနိဒါန်းကို ရေးသားတင်ပြရကျိုး နပ်ပါပြီဟု ဝံ့ယူပါသည်၊ ဤနိဒါန်း၏ ဥပနိဿယ ပစ္စယကြောင့် မဉ္ဇရီကျမ်းညွှန်းအသိုးသိုး (သို့ပေဟုတ်) အလားတူ ကျမ်းအသိုးသိုးတို့ ပေါ်ထွက်လာမည် ဆိုပါက ဆိုဘွယ်ရာ မရှိတော့ပါပြီ၊ အဉ္ဇလီပြု၍လည်း ကြိုဆိုမျှော်လင့်နေပါမည်။

ဤနိဒါန်းကို နိဂုံးမသတ်မီ ဤနိကာယမဉ္ဇရီကျမ်းမှ တဆင့် ဝိနယပါရဂူများ နှင့် အဘိမ္မောပါရဂူ ညောရဲတို့အား ရိုသေလေးမြတ်စွာ ဆက်ကပ်ပန်ကြား လျှောက်ထားလိုသည်မှာ သုတ္တန္တသင်္ဂဟ (သုတ္တန်အကျဉ်း) နှင့် သုတ္တန္တဒေသက (သုတ္တန် ကျမ်းညွှန်း) တို့ကို ဤနိကာယမဉ္ဇရီကျမ်းက တာဝန်ယူလိုက်သည့်နည်းတူ ဝိနယသင်္ဂဟ နှင့် ဝိနယ ဒေသကကိုလည်းကောင်း အဘိမ္မောသင်္ဂဟ နှင့် အဘိမ္မောဒေသကကိုလည်းကောင်း နိကာယမဉ္ဇရီနည်းတူ ဝိနယမဉ္ဇရီ, အဘိမ္မောမဉ္ဇရီတို့ဖြင့် အသိုးသိုး တာဝန်ယူ၍ ပေးတော် မူနိုင်ကြမည် ဆိုပါက ပစ္စက္ခပရိယတ္တိ သာသနာတော် နှင့် အနာဂတ် ပရိယတ္တိသာသနာတော်တို့ အတွက် ကြီးမားစွာ အထောက်အကူ ဖြစ်လာနိုင်မည့် အပြင် အနာဂတ် ဗုဒ္ဓသာသနာတော် သမိုင်းတွင် အကြောင်းအားလျော်စွာ ပေါ်ထွန်းလာဦးမည့် ' သတ္တမသံဂါယနာ ' အတွက် ဤသုတ္တန် ဝိနယ အဘိမ္မောမဉ္ဇရီကျမ်းညွှန်းတို့သည် မီးရှူး တန်ဆောင်ပမာ အထောက်အကူပြုကာ ရှေ့ဆောင်လမ်းပြနေမည်ကို ယုံကြည်ရင်းရှိပါကြောင်းကို ရိုသေရိုးသားစွာဖြင့် လျှောက်ထား တောင်းပန်ကာ ဤနိဒါန်းဖြင့် အနန္တငါးပါးနှင့် တကွ ကျမ်းပြုအရှင် စာပေပညာရှင် အားလုံးတို့အား ရိုသေလေးမြတ်စွာ ဂါရဝပြု၍ ကန်တော့ပန်း ဆင်အပ်ပါသည်။

ဤစာနိဒါန်း ပုလဲပန်းဖြင့် စိတ်ကြိုက်မာန်လျှော့ ကျွန်ကန်တော့ကာ တောင်းပန်ပါ၏။ ကဝိသူတော် ပညာကျော်တို့ ခွင့်တော်အပြစ် လွှတ်စေသော်။

မြသောင်း (သာကီနွယ်)

(ဓမ္မဗျူဟာစာစောင် အယ်ဒီတာ)

သုတ္တန္တ

နိကာယမဉ္ဇရီကျမ်း

ကျမ်းဦးရှုတ္ထယ်အသွယ်သွယ်

—

(၁) ဘုရားသျှင် ဟောကြားတော်မူအပ်သော နိကာယ်ငါးရပ်တို့တွင် ဒီဃ, မဇ္ဈိမ, သံယုတ္တ, အင်္ဂုတ္တရ, ဟူသော သုတ္တန်နိကာယ် လေးရပ်တို့၌ အရေအတွက်အားဖြင့် သုတ်တော်ပေါင်း (၁၇၅၀၀)သုတ်ရှိခဲ့မှကာမီ သုတသိပုဂ္ဂိုလ်တို့သည် မိမိတို့ လိုရာရာ သုတ်တော်တို့ကို လွယ်ကူလျင်မြန်စွာ ရှာဖွေကြည့်ရှုနိုင်ကြပါစေရန် ပါဠိတော်, အဋ္ဌကထာ, ဋီကာ နှင့် မြန်မာပြန် ပိဋကတ်တော် စာမျက်နှာ လေးမျိုးတို့ကို အသင့်တိုက်ဆိုင်၍ အစ နှင့် အဆုံးကိုပါ ညွှန်ပြထားရှိပါသည်။

(၂) ညွှန်ပြထားရှိသည့် စာမျက်နှာ နံပါတ်များသည် ဆဋ္ဌသံဂါယနာပိဋကတ် စာတော်မူ ပါဠိတော်, အဋ္ဌကထာ, ဋီကာ နှင့် မြန်မာပြန် ပိဋကတ်တော် စာမျက်နှာ နံပါတ်များသာ ဖြစ်ပါသည်။

(၃) ဤကျမ်းတွင် မာတိကာ၌ ဒီဃ, မဇ္ဈိမ, သံယုတ္တ, အင်္ဂုတ္တရ ဟူသော · နိကာယ်လေးရပ်ကို ပေါင်းစပ်၍ အက္ခရာအများဆုံး တူညီသည့် သုတ်တော်တို့ကို အက္ခရာဝလီ စီစဉ်ထားရှိပါသည်၊ ၎င်းမာတိကာကို ကြည့်၍ အတွင်းစာသား၌ နိကာယ်လေးရပ် အစဉ်မပျက်စေဘဲ အစ အက္ခရာ တလုံးစဉ် တူညီသောသုတ်တို့ကို အက္ခရာဝလီ စီစဉ်ထားရှိသည် ဖြစ်ပါ၍ အလိုရှိသော သုတ်တော်၏ ပါဠိတော်, အဋ္ဌကထာ, ဋီကာနှင့် မြန်မာပြန် ပိဋကတ်တော် စာမျက်နှာ နံပါတ်တို့ ပြည့်စုံစွာ ညွှန်ပြထားသည်ကို ပိုမိုလွယ်ကူစွာ ရှာဖွေတွေ့ရှိနိုင်ပါသည်၊ 'ဌ/မ—ဋီ/မ—' ဟု တွေ့ပါလျှင် အဋ္ဌကထာ ဋီကာတို့၌ ဖွင့်ပြခြင်း မရှိသည်ကို ပြပါသည်။

(၄) သုတ်တော်များတွင် နိဒါန်းနှင့် ဟောလိုရင်းအဓိပ္ပာယ်တို့ကို အကျဉ်းအားဖြင့်ပေါ်လွင်ထင်ရှားစွာ ဖေါ်ပြထားသည့်ပြင် အဋ္ဌကထာ၌ (ကိုရ) ဟူသောပုဒ်ဖြင့် ဖွင့်ပြသည့် ထူးခြားသော ဝတ္ထုများကိုလည်း ညွှန်ပြထားပါသည်။

(၅) အကြောင်းတစုံတခုကြောင့် ချုတ်ယွင်းချက်များကို တွေ့ရှိပါကစာရေးသူ၏ ချုတ်ယွင်းချက်ဟု ရိုးသားစွာခံယူပါသည်၊ ထိုချုတ်ယွင်းချက်ကို ကောင်းမြတ်သော စေတနာဖြင့် ပြင်

ဆင်ဖတ်ရှုတော်မူကြပါရန်နှင့် ၎င်းချတ်ယှင်းချက်ကို ညွှန်ကြားပေးပို့တော်မူကြပါက ကျေးဇူးကင် ဝမ်းမြောက်စွာဖြင့် မှတ်သား‌ထား‌ရှိပြီးလျှင် ဒုတိယအကြိမ် ရိုက်နှိပ်သောအခါတွင် ပြင်ဆင်ပြည့်ဝက် ရိုက်နှိပ်ပါမည်။

(၆) မွေကားမီသုတေသီပုဂ္ဂိုလ်တို့သည် အချိန်မကုန်စေဘဲ ညွှန်ပြပါ စာမျက်နှာနံပါတ်တို့ဖြင့် မိမိတို့အလိုရှိသော သုတ် ပါဠိတော်, အဋ္ဌကထာ, ဋီကာ နှင့် မြန်မာပြန် ပိဋကတ်တော်တို့ကို လွယ်ကူစွာ ရှာယူတွေ့ရှိ ရှုကြည့်တော်မူကြရပါသော အကြိမ်အခါတိုင်း စာရေးသူ၏ ရည်ရွယ်ချက် အောင်မြင်ပြည့်ဝလျက် အားရဝမ်းမြောက်လှစွာဖြင့် ဤသုတ္တန္တ နိကာယမဋ္ဌရီကျမ်းကို ကြိုးပမ်း ရေးသား‌ပြုစုရသည့် အကျိုးကျေးဇူး နပ်လှပါတော့သည်။

(၇) အနန္တဂုဏ်ရည် စုံညီပြည့်ဝ မိဘနှစ်ဖြာ မြတ်ဆရာတို့ကို အစအဦး အမှူးထား‌လျက် ဧလေးစား‌ကြည်ညို ရိုသေအပ်-ရိုသေထိုက်သော ကျေးဇူးရှင်အပေါင်းတို့အား ဤသုတ္တန္တ (နိကာယမဋ္ဌရီကျမ်း) တင်ဆန်းထိန်ကြည် သိဂီကြိုးသွယ် နိကာယ်ပေါင်းရုံး မြတ်ပန်းကုံးဖြင့် ရှင်ပြုသဒ္ဓါ ရိုသေစွာ ပူဇော်ပါ၏။

သာသနာ့အလင်းရောင်

သုတ္တန်

နိကာယမဋ္ဌကထာများ

မှတ်သားဖွယ်သင်္ကေတများ

မာတိကာ သင်္ကေတ	ကျမ်းစာအတွင်း သင်္ကေတ	ဒီဃနိကာယ်
ဒီ ၁—	သီလက္ခန္ဓ	သုတ်သီလက္ခန် ပါဠိတော်
ဒီ ၂—	မဟာဝဂ္ဂ	သုတ်မဟာဝါ ပါဠိတော်
ဒီ ၃—	ပါထိက	သုတ်ပါထေယျ ပါဠိတော်
		မဇ္ဈိမနိကာယ်
ပံ ၁—	မူလ · ပဏ်	မူလပဏ္ဏာသ ပါဠိတော်
ပံ ၂—	မဇ္ဈိ · ပဏ်	မဇ္ဈိမပဏ္ဏာသ ပါဠိတော်
ပံ ၃—	ဥပရိ · ပဏ်	ဥပရိပဏ္ဏာသ ပါဠိတော်
		သံယုတ္တနိကာယ်
သံ ၁—	သဂါထာ · သံ	သဂါထာဝဂ္ဂသံယုတ် ပါဠိတော်
သံ ၂—	နိဒါန · သံ	နိဒါနဝဂ္ဂသံယုတ် ပါဠိတော်
သံ ၃—	ခန္ဓ · သံ	ခန္ဓဝဂ္ဂသံယုတ် ပါဠိတော်
သံ ၄—	သဠာ · သံ	သဠာယတနဝဂ္ဂသံယုတ် ပါဠိတော်
သံ ၅—	မဟာ · သံ	မဟာဝဂ္ဂသံယုတ် ပါဠိတော်
		အင်္ဂုတ္တရနိကာယ်
အံ ၁—	အံ · ဧက	ဧကင်္ဂုတ္တရ ပါဠိတော်
အံ ၂—	အံ · ဒုက	ဒုကင်္ဂုတ္တရ ပါဠိတော်
အံ ၃—	အံ · တိက	တိကင်္ဂုတ္တရ ပါဠိတော်
အံ ၄—	အံ · စတု	စတုက်ကင်္ဂုတ္တရ ပါဠိတော်

သင်္ကေတများ

မာတိကာ သင်္ကေတ	ကျမ်းစာအတွင်း သင်္ကေတ	အဂိုတ္တရနိကာယ်
အံ ၅—	အံ · ပဉ္စ	ပဉ္စဂိုတ္တရ ပါဠိတော်
အံ ၆—	အံ့ · ဆက္က	ဆက္ကဂိုက္ကရ ပါဠိတော်
အံ ၇—	အံ · သတ္တ	သတ္တဂိုတ္တရ ပါဠိတော်
အံ ၈—	အံ့ · အဋ္ဌ	အဋ္ဌဂိုတ္တရ ပါဠိတော်
အံ ၉—	အံ့ · နဝ	နဝဂိုတ္တရ ပါဠိတော်
အံ ၁၀—	အံ · ဒသ	ဒသဂိုတ္တရ ပါဠိတော်
အံ ၁၁--	အံ · ဧကာဒသ	ဧကာဒသဂိုတ္တရ ပါဠိတော်

အကျဉ်း သင်္ကေတ ရေးသားပုံ

ဒီ ၁—ပါ—၂၅+၂၆။ ဋ္ဌ/ပ—၂၆+၂၇။ ဋီ/ဒု—၂၃+၂၅။ မြန်—၂၀+၂၆။

အကျယ် သိမှတ်ဖွယ်

ဒီဃနိကာယ် – သုတ်သီလက္ခန် ပါဠိတော် – စာမျက်နှာနံပါတ်–၂၅ မှ ၂၆။
အဋ္ဌကထာ ပဌမတွဲ စာမျက်နှာနံပါတ် ၂၆ မှ ၂၇။ ဋီကာနံပါတ် – ဒုတိယတွဲ ၂၃မှ၂၅။
မြန်မာပြန် စာမျက်နှာ နံပါတ် ၂၀ မှ ၂၆ ဖြစ်ပါသည်။

သုတ်ကံ
နိဂဿယမဇ္ဈရိကျမ်း
ကျမ်းညွှန်းမာတိကာ

—

[ ]

အကတညုတာ အံ ၄— ဂ၂
အကတညုတာ အံ ၄— ဂ၂
အကမ္မနိယဝဂ် အံ ၁— ၆ဂ
အကုပ္ပ အံ ၅— ဂ၇
အကုသလ အံ ၃— ၇၁
အကုသလ အံ ၃— ၇၆
အကုသလ အံ ၁၀— ၁၀ဂ
အကုသလဓမ္မ သံ ၅— ၅၅
အကုသလပေယျာလ အံ ၂— ၇၁
အကုသလမူလက အံ ၃— ၇၃
အကုသလရာသိ သံ ၅— ၅၉
အကုသလရာသိ အံ ၅— ဂ၅
အကုသလဝိတက္က သံ ၁— ၁ဂ
အက္ကောဓ သံ ၁— ၁၉
အက္ကောဓံန သံ ၄— ၅၀
အက္ကောသ သံ ၁— ၁၆
အက္ကောသက အံ ၅— ဂ၉
အက္ကောသက သံ ၁၀—၁၀၅
အက္ခဏ အံ ဂ— ၁၀၀
အက္ခမ အံ ၅— ဂ၆
အက္ခမ အံ ၅— ဂဂ
အက္ခန္တိ- ပ - ဒု အံ ၅— ဂ၉
အဂ္ဂ- ပ - ဒု အံ ၄— ၇၉

အဂတိ ပ - ဒု - တ အံ ၄— ၇ဂ
အဂ္ဂည ဒီ ၃— ၅
အဂ္ဂဓမ္မ အံ ၆— ၉၃
အဂါရ သံ ၄— ၄၉
အဂါရဝ ပ - ဒု အံ ၅— ဂ၄
အဂါရဝ-ပ - ဒု အံ ၅— ဂ၄
အင်္ဂ သံ ၅— ၅၇
အင်္ဂ အံ ၅— ၉ဝ
အင်္ဂ -ပ-ဒု အံ ၇— ၉၇
အင်္ဂတ သံ ၁— ၁၇
အင်္ဂက္ခန္ဓောပမ အံ ၇— ၉၇
အင်္ဂဝဇ္ဇ ပံ ၂— ၇
အင်္ဂုလိမာလ ပံ ၂— ဂ
အင်္ဂ် သံ ၄— ၅၁
အင်္ဂ် သံ ၅— ၆၅
အဃမူလ သံ ၃— ၂၆
အစ္စယ ဆံ ၁— ၁၆
အစ္စယ အံ ၃— ၇၁
အစရိံ သံ ၂— ၂၄
အစ္စာယိက အံ ၃— ၇၄
အစိန္တေယျ (အစိန္တေယျ) အံ ၄— ၇၆
အစိရပက္ကန္တ သံ ၂— ၂၅
အစ္စေန္တိ သံ ၁— ၁ဝ
အစေလကဝဂ် အံ ၃— ၇၇
အစေလ ကဿပ သံ ၂— ၁၆

အဓေလေ ကဿပ	သံ ၄–	၅၁	အဇ္ဈတ္တာယတနအနတ္တ	သံ ၄–	၄၈
အဆ္ဆရာ	သံ ၁–	၁၂	အဇ္ဈတ္တိကဂ်	သံ ၅–	၅၇
အဆ္ဆရာသဏ်ဌာတဝဂ်	အံ ၁–	၆၈	အဇ္ဈတ္တိကာယတန	သံ ၅–	၆၆
အဆ္ဆရိယအဘ္ဘုတ	ပံ ၃–	၉	အညတြ	သံ ၅–	၆၇
အဇရသာ	သံ ၁–	၁၂	အညတရဖလ	သံ ၅–	၅၈
အဇိတ	အံ ၁၀–၁၀၇		အညတရဗြာဟ္မဏ	သံ ၁–	၁၅
အဇေဠက	သံ ၅–	၆၇	အညတရဗြာဟ္မဏ	သံ ၂–	၂၁
အဋ္ဌဘ	သံ ၃–	၃၆	အညတရဗြာဟ္မဏ	သံ ၅–	၅၉
အဋ္ဌဘာနိစ	သံ ၄–	၄၀	အညတရဗြာဟ္မဏ	အံ့ ၃–	၃၃
အဋ္ဌဘာဒိက္ခ	သံ ၄–	၄၀	အညတရဘိက္ခု ပ·ဒု	သံ ၃–	၂၆
အဋ္ဌဘာနတ္တ	သံ ၄–	၄၀	အညတရဘိက္ခု	သံ ၄–	၄၆
အဋ္ဌဘာနိစ္စာတီတာနာဂတ	သံ ၄–	၄၁	အညတရဘိက္ခု ပ-ဒု	သံ ၅–	၅၄
အဋ္ဌဘ်ဒုက္ခာတီတာနာဂတ	သံ ၄–	၄၁	အညတိတ္ထိယ	သံ ၂–	၂၀
အဋ္ဌဘာနတ္တာတီတာနာဂတ	သံ ၄–	၄၁	အညတိတ္ထိယ	အံ ၃–	၃၃
အဋ္ဌင်္ဂိကဃတနပရိဇာနန	သံ ၄–	၄၄	အညာ	သံ ၅–	၆၀
အဋ္ဌဘာနိစဟေတု	သံ ၄–	၄၄	အညိန္ဒြိယ	သံ ၅–	၆၁
အဋ္ဌဘ်ဒုက္ခဟေတု	သံ ၄–	၄၄	အဋ္ဌဝီဝိတံ အညံသရီရံ	သံ ၃–	၃၀
အဋ္ဌဘာနတ္တဟေတု	သံ ၄–	၄၄	အဋ္ဌကရဏ	သံ ၁–	၁၄
အဏ္ဍဇဘူတိ	သံ ၄–	၄၅	အဋ္ဌကနဂရ	ပံ ၂–	၆
အတ္ထပဋိသမ္ဘိဒါဉာဏ	သံ ၄–	၄၆	အဋ္ဌကနာဂရ	အံ၁၁–	၁၁၀
အတ္ထပဋိသမ္ဘိဒါဉာဏနိဒ္ဒေသ	သံ ၄–	၄၆	အဋ္ဌမ	အံ၁၀–	၁၀၇
အတ္ထပဋိသမ္ဘိဒါဉာဏဝိဘင်္ဂ	သံ ၄–	၄၆	အဋ္ဌသတပရိယာယ	သံ ၄–	၄၃
အတ္ထပဒ	သံ ၁–	၁၂	အဋ္ဌာနပါဠိဝဂ် ပ·ဒု·တ	အံ ၁–	၆၃
အတ္ထပုရေခါရိယ	သံ ၁–	၁၂	အဍ္ဍ	သံ ၂–	၂၆
အတ္ထပုရေစာရိက	သံ ၁–	၁၂	အဍ္ဍကမဟပ္ပလ	သံ ၅–	၅၈
အတ္ထဝသ	သံ ၁–	၁၂	အဍ္ဍဂီက	သံ ၂–	၂၄
အတ္ထသာလိနီ	သံ ၁–	၁၂	အဍ္ဍဂီက	အံ ၄–	၈၂
အတ္ထသာလိနီ	သံ ၂–	၂၁	အဏ္ဏဇဒါနုပကာရ (၁၀)	သံ ၃–	၃၉
အတ္ထသာလိနီ	သံ ၃–	၃၁	အဏ္ဏဇဒါနုပကာရ (၁၀)	သံ ၃–	၄၀
အတ္ထသာလိနီ	သံ ၄–	၄၁	အတပနီယ	အံ ၂–	၇၀
အတ္ထသာလိနီ	သံ ၅–	၅၁	အတ္တကာရီ	အံ ၆–	၆၂
အတ္ထသာလိနီ	သံ ၆–	၆၁	အတ္တဒီပ	သံ ၃–	၃၁
အတ္ထသာလိနီ	သံ ၇–	၇၁	အတ္တဗျာပါဒ	အံ ၃–	၇၂
အတ္ထသာလိနီ	သံ ၈–	၈၁	အတ္တရက္ခိတ	သံ ၁–	၁၃
အတ္ထသာလိနီ	သံ ၉–	၉၁	အတ္တဟိတ	သံ ၁–	၁၂

အတ္တဟိတ အံ ၄— ၈၀
အတ္တာနုဒိဋ္ဌိ သံ ၃— ၃၆
အတ္တာနုဒိဋ္ဌိပဟာန သံ ၄— ၄၆
အတ္တာနုဝါဒ အံ ၄— ၈၁
အတိစာရီ သံ ၄— ၄၉
အတိတ္တိ အံ ၃— ၇၄
အတိနိဝါသ အံ ၅— ၉၀
အတ္တန္တပ အံ့ ၇— ၈၁
အတမ္မယ အံ ၆— ၉၅
အန္တ သံ ၄— ၃၄
အန္တဝါ-အနန္တဝါ သံ ၃— ၃၈
အန္တေဝါသိက သံ ၄— ၄၅
အတ္ထ အံ၁၀— ၁၁၀
အတ္ထဝသ အံ ၃-- ၇၂
အဘိုနုဓေါပရိယာယ သံ ၄— ၄၅
အဘိုရာဂ သံ ၂— ၂၂
အဒုလိဒ္ဓ သံ ၅— ၅၇
အဒိန္နာဒါန သံ ၅— ၆၇
အဒိန္နာဒါယိ အံ ၄— ၈၄
အဒုက္ခမသုခီ သံ ၃— ၃၉
အဒုက္ခမသုခီ သံ ၃— ၃၉
အဒန်္တအာဂုတ္တ သံ ၄— ၄၄
အဒန္တဝင် အံ ၁— ၆၈
အဓမ္မ ပ·ဒု·တ အံ၁၀— ၁၁၆
အဓမ္မ ပ·ဒု·တ အံ၁၀— ၁၀၉
အဓမ္မစရိယာ အံ၁၀— ၁၁၀
အဓမ္မဝင် အံ ၁— ၆၈
အဓမ္မိက အံ ၄— ၇၉
အန္ဓဘူတ သံ ၄— ၄၂
အဒ္ဓါနပရိညာ သံ ၅— ၆၃
အဓိကရဏဝင် အံ့ ၂— ၇၀
အဓိကရဏသမထ အံ ၇— ၉၈
အဓိဂမ အံ ၆— ၉၃
အဓိမာန အံ၁၀— ၁၀၅
အဓိဝုတ္တိပဒ အံ့၁၀— ၁၀၄

အန္ဓ အံ ၃— ၇၂
အန္ဓကဝိန္ဒ သံ ၁— ၁၆
အန္ဓကဝိန္ဒ အံ ၅— ၈၇
အန္ဓကာရ သံ ၅— ၆၇
အနဂ်ဏ ပံ ၁— ၆
အနတ သံ ၄— ၅၃
အနတ္တ သံ ၃— ၃၃
အနတ္တ သံ ၃— ၃၈
အနတ္တ သံ ၃— ၃၈
အနတ္တ ပ·ဒု·တ သံ ၃— ၃၅
အနတ္တ သံ ၅— ၁၆
အနတ္တ အံ ၆— ၉၅
အနတ္တဆန္ဒာဒိ သံ ၃— ၄၆
အနတ္တမမ္မ သံ ၃— ၃၈
အနတ္တနိဗ္ဗာနသပ္ပာယ သံ ၄— ၄၅
အနတ္တနိယ သံ ၃— ၃၂
အနတ္တနုပဿီ အံ ၃— ၃၆
အနတ္တလက္ခဏ သံ ၃— ၃၁
အနတ္တာနုပဿီ အံ ၇— ၉၆
အနတ္တာနုဒိဋ္ဌိပဟာန သံ ၄— ၄၆
အနတိစာရီ သံ ၄— ၅၀
အနနုဿုတ သံ ၅— ၆၀
အနနုဿုတ အံ ၅— ၈၄
အနဘိရတိ သံ ၅— ၅၈
အနရိယဝေါဟာရ အံ ၈— ၁၀၁
အနဝတ္တိတ အံ ၆— ၉၅
အနာဂတဘယ ပဒု·တ·စ အံ ၅— ၈၅
အနာဂါမိဖလ သံ ၅— ၆၅
အနာဂါမိဖလ အံ ၆— ၉၃
အနာထပိဏ္ဍိက သံ ၁— ၁၃
အနာထပိဏ္ဍိက ပ·ဒု သံ ၅— ၆၄
အနာထပိဏ္ဍိကောဝါဒ ပံ ၃— ၁၀
အနာပတ္တိဝင် အံ ၁— ၆၉
အနာယူသာ ပ·ဒု အံ ၅— ၈၇
အနာသဝါဒိ သံ ၄— ၅၃

အနိဓိ	သံ ၃–	၂၇	အနုဂ္ဂဒ္ဓ	ပံ ၃–	၉
အနိဓိ ပ·ဒု	သံ ၃–	၃၁	အနုဂ္ဂဒ္ဓ	သံ ၁–	၁၈
အနိဓိ	သံ ၃–	၃၂	အနုဂ္ဂဒ္ဓ ပ·ဒု	အံ ၃–	၇၅
အနိဓိ ပ·ဒု·တ	သံ ၃–	၃၅	အနုဂ္ဂဒ္ဓ	အံ ဂ–	၁၀၀
အနိဓိ	သံ ၃–	၃၇	အနုဂ္ဂဒ္ဓ မဟာဝိတက္က	အံ ဂ–	၁၀၀
အနိဓိ	သံ ၄–	၄ဂ	အနုဏ္ဍဘိဋ္ဌာန	အံ ၆–	၉၂
အနိဓိ	သံ ၅–	၅၉	အနုဏ္ဍဘိဋ္ဌာန	အံ ၆–	၉၁
အနိဓိ	အံ ၆–	၉၄	အနုဏယ	သံ ၂–	၂၆
အနိဓိဓမ္မ	သံ ၃–	၃၇	အနုဏယ	သံ ၅–	၅၆
အနိဓိ နိဗ္ဗာနသပ္ပာယ	သံ ၄–	၄၅	အနုဏယ	သံ ၅–	၆၂
အနိဓိဘာနုပဿီ	သံ ၃–	၃၆	အနုဏယ ပ·ဒု	အံ ဂ–	၉၆
အနိဓိဘာနုပဿီ	အံ ဂ–	၉၆	အနုဏယ ပဟာန	သံ ၄–	၄၃
အနိဓိသညာ	သံ ၃–	၃၄	အနုဏယ ယမုဋ္ဌါတ	သံ ၄–	၄၃
အနိဓိဘဒိသုတ္တာဒိနဝက	သံ ၄–	၄၃	အနုဏယ သမုဋ္ဌါတ	သံ ၅–	၆၃
အနိမိတ္တပဋိဘာ	သံ ၄–	၅ဂ	အနုဏရိတမ္ဘ	အံ ၁ဝ–	၁ဝဂ
အနိဏုတီ	သံ ၄–	၅ဝ	အနုဏရိတမ္ဘ	အံ ၁ဝ–	၁၁ဝ
အနုကမ္ပ	အံ ၅–	၉ဝ.	အနုဏောတ	အံ ၄–	၇၇
အနုဂ္ဂဟိတ	အံ ၅–	ဂ၅	အနောတ္တပ္ပမူလိက	သံ ၂–	၂၃
အနုတပ္ပံယ	အံ ၆–	၉ဂ	အနောတ္တပီ	သံ ၂–	၂၅
အနုတ္တရိယ	အံ ၆–	၉ဂ	အနောမ	သံ ဂ–	ဂ၂
အနုတ္တရိယ	အံ ၆–	၉၂	အနော်န	ပံ ဂ–	၆
အနုဒမ္မ ပ·ဒု·တ·စ	သံ ၃–	၃ဝ	အနုန္တဝါ	သံ ၃–	၃ဂ
အနုပက္ကိလေသ	သံ ၅–	၅၆	အနုန္ဒ	သံ ဂ–	ဂဂ
အနုပဒ	ပံ ၃–	၉	အပဂက	သံ ဂ–	ဂ၃
အနုပနာဟီ	သံ ၄–	၅ဝ	အပဂတ	သံ ၂–	၂၆
အနုပါဒါ ပရိနိဗ္ဗာန	သံ ၅–	၅၅	အပဂ္ဃဝိဒိတ	သံ ဂ–	ဂဝ
အနုပုဗ္ဗနိရောဓ	အံ ၉–	ဂဝ၂	အပဏ္ဏက	ပံ ၂–	၇
အနုပုဗ္ဗနိရောဓ	အံ ၉–	ဂဝ၃	အပဏ္ဏက	အံ ၃–	၇၂
အနုပုဗ္ဗပဿဒ္ဓိ	အံ ၉–	ဂဝ၃	အပဏ္ဏက	အံ ၃–	၇၅
အနုပုဗ္ဗ ဝိဟာရ	အံ ၉–	ဂဝ၂	အပုမတ္တပညာ	သံ ၅–	၆၅
အနုပုဗ္ဗ ဝိဟာရ သမာပတ္တိ	အံ ၉–	ဂဝ၂	အပုမာဒ	သံ ဂ–	ဂ၄
အနုဗုဒ္ဓ	အံ ၄–	၇၇	အပုမာဒ	အံ ၄–	ဂဝ
အနုမာန	ပံ ဂ–	၆	အပုမာဒ	အံ ၆–	၉၂
အနုရာဓ	သံ ၃–	၃၃	အပုမာဒ	အံ ၁ဝ–	၁ဝ၄
အနုရုဒ္ဓ	သံ ၄–	၅၄	အပုမာဒဂါရဝ	အံ ၇–	၉၆

အပ္ပမေယျ	အံ ၃—	၇၅
အပ္ပရအစ္ဆရာသဏ်္ဌာတ	အံ ၁—	၇၀
အပရပဌမစျာန	အံ ၅—	၉၀
အပရဒုတိယ စျာနသုတ္တာဒိ	အံ ၅—	၉၁
အပရိဇာနန -ပ-ဒု	သံ ၄—	၄၂
အပရိဟာနိယ	သံ ၅—	၅၆
အပရိဟာနိယ	အံ ၄—	၇၀
အပရိဟာနိယ	အံ ၆—	၉၁
အပရိဟာနိယ - ပ - ဒု	အံ ၆—	၉၂
အပ္ပသာဒပဝေဒနိယ	အံ ဂ—	၁၀၂
အပ္ပသုတ	သံ ၄—	၅၀
အပ္ပသုတ	အံ့ ၄—	၇ဂ
အပ္ပသုတမ္ဘုလက	သံ ၂—	၂၃
အပ္ပဟာယ	အံ ၆—	၉၄
(ရာဇဂြိုဟ်) ဂိဇ္ဈကူဋ်တောင် ကောင်းကင်ထက်၌ ဥဒေါင့်းမပါ ရင်ဝ၌ မျက်လုံး, ပါးစပ်ပေါက်သော ပြိတ္တာအား ကျီးငှက်စွန်ရဲတို့ ဝိုင်းအုံထိုးဆိတ်ကြသဖြင့် အော်ဟစ်မြည်တမ်း ပြေးလွှားနေရပုံကို အသျှင်မဟာ မောဂ္ဂလာန် တွေ့မြင်တော်မူရပုံ နှင့် (အဋ္ဌသုတ်) ကဲ့သို့ ဟောတော်မူသောသုတ်။

(ခိုးသူသတ်ယောကျ်ား ဖြစ်ခဲ့ဘူးကြောင်းကို ပြသည်။)

နိဒါန သံ–ပါ–၄၅၁။ ဋ္ဌ/ဒု–၂၀၄။ ဋီ/ဒု–၁၀၅။ မြန်–ပ/၄၄၀။

ပြန်စာပေဖြန့်ဝေရေး
စာကြည့်စန်း
၁၀၆၀

အနိစ္စသုတ်

(သာဝတ္ထိ) မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ရုပ်စသည်တို့ မမြဲပုံ ရှုမှတ်ပွားများရပုံ မမြဲသည်ကိုသိသော (သုတဝါ) အရိယာ သာဝကသည် ရုပ်စသည်ဘို့၌ ငြီးငွေ့ပြီးသူ၊ တပ်မက်ခြင်းကင်းလွတ်၍ ကျင့်သုံးဘွယ်မရှိ မင်္ဂလာပြီးပြီဟု သိပုံကို ဟောကြားတော်မူသောသုတ်။

(ရုပ်စသည်တို့ မမြဲပုံကို ပြသည်။)

ခန္ဓ သံ–ပါ–၁၀။ ဋ္ဌ/ဒု–၂၄၂။ ဋီ/ဒု–၂၁၃။ မြန်/ဒု–၁၇+၁၈။

အနုတ္တသုတ်

(သာဝတ္ထိ) မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ရုပ် စသည်တို့ အလိုမလိုက်, အစိုးမရ, အတ္တမဟုတ်ပုံ ရှုမှတ်ပွားများရပုံ- ဤသို့သိသော (သုတဝါ) အရိယာသာဝကတို့သည် ရုပ်စသည်တို့၌ ငြီးငွေ့ပြီးလျှင် တတ်မက်ခြင်း ကင်းလွတ်၍ ကျင့်သုံးဘွယ်မရှိ မင်္ဂလာစွပြီးပြီဟု သိပုံကို ဟောကြားတော်မူသောသုတ်။

(ရုပ်စသည်တို့ အလိုသို့မလိုက်, အစိုးမရ, အတ္တမဟုတ်ပုံကို ပြသည်။)

ခန္ဓ သံ–ပါ–၁၉။ ဌ/ဒု–၂၄၂။ ဋီ/ဒု–၂၁၃။ မြန်/ဒု–၁၈။

အဘိဇာနသုတ်

(သာဝတ္ထိ) မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ရုပ်စသည်တို့ကို အထူးမသိခြင်း, ပိုင်းခြားမသိခြင်း, တပ်မက်မှုမကင်းခြင်းရှိသော် ဆင်းရဲခြင်းမှ ကင်းလွတ်ခြင်း မဖြစ်ပုံတို့နှင့် ဆင်းရဲခြင်းမှ ကင်းလွတ်ပုံတို့ကို ဟောကြားတော်မူသောသုတ်။

(ဆင်းရဲခြင်းမှ ကင်းလွတ်ပုံကို ပြသည်။)

ခန္ဓ သံ–ပါ–၂၂+၂၃။ ဌ/ဒု–၂၄၄။ ဋီ/ဒု–၂၁၅။ မြန်/ဒု–၂၂။

အဿာဒသုတ်

(သာဝတ္ထိ) မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ဘုရားမဖြစ်မီ ဘုရားအလောင်းဘဝက ရုပ်စသည်တို့၏ သာယာဘွယ်, အပြစ်, ထွက်မြောက်ရာတို့သည် အဘယ်နည်းဟု ကြံဆတော်မူခဲ့ပုံ, သိတော်မူပုံ, ဟုတ်မှန်စွာ သိတော်မူပြီးမှသာ ဘုရားဖြစ်ပြီဟု ဝန်ခံတော်မူပုံ စသည်တို့ကို ဟောကြားတော်မူသောသုတ်။

(ဥပါဒါနက္ခန္ဓာငါးပါး၌ သာယာဘွယ်, အပြစ်, ထွက်မြောက်ကြောင်းကို ပြသည်။)

ခန္ဓ သံ–ပါ–၂၃+၂၄။ ဌ/ဒု–၂၄၄။ ဋီ–၂၁၅။ မြန်/ဒု–၂၃+၂၄။

ဒုတိယ အဿာဒသုတ်

(သာဝတ္ထိ) မြတ်စွာဘုရားသျှင်သည် ရဟန်း တို့အား ရုပ်စသည်တို့၏ သာယာဖွယ်, အပြစ်, လွတ်မြောက်ရာတို့ကို လှည့်လည်ရှာကြံ၍ ပညာဉာဏ်ဖြင့် ကောင်းစွာ သိမြင်တော်မူပုံကို ဟောကြားတော်မူသောသုတ်။

(ဥပါဒါနက္ခန္ဓာ ငါးပါး၌ သာယာဖွယ်, အပြစ်, လွတ်မြောက်ကြောင်းကို သိတော်မူပုံကိုပြသည်။)

ခန္ဓ သံ–ပါ–၂၄+၂၅။ ဌ/ဒု–၂၄၄။ ဋီ–၂၁၅။ မြန်–၂၄။

တတိယ အဿာဒသုတ်

(သာဝတ္ထိ) မြတ်စွာဘုရားသျှင်သည် ရဟန်တို့အား ရုပ်စသည်တို့၌ သာယာဖွယ်, အပြစ်, လွတ်မြောက်ဖွယ်တို့ မရှိလျှင် သာယာဖွယ် စသည်တို့ မဖြစ်နိုင်ပုံ ရှိ၍ သာလျှင် သာယာဖွယ် စသည်တို့ဖြစ်ပုံကို ဝေဘန် ဟောကြားတော်မူသောသုတ်။

(အကြောင်းရှိ၍ အကျိုးဖြစ်ပုံကို ပြသည်။)

ခန္ဓ သံ–ပါ–၂၅+၂၆။ ဌ/ဒု–၂၄၄။ ဋီ/ဒု–၂၁၅။ မြန်–၂၄ ; ၂၅။

အဘိနန္ဒသုတ်

(သာဝတ္ထိ) မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ရုပ်စသည်တို့ကို တပ်နှစ်သက်သော သူသည် ဆင်းရဲခြင်းကို တပ်နှစ်သက်သည်မည်ပုံ ဆင်းရဲခြင်းကို တပ်နှစ်သက်သော သူသည် ဆင်းရဲခြင်းမှ မလွတ်ကင်းနိုင်ပုံတို့ကို ဟောကြားတော်မူသောသုတ်။

(ဥပါဒါနက္ခန္ဓာ ငါးပါးကို နှစ်သက်လျှင် ဆင်းရဲ ခြင်းမှ မလွတ်ကင်း နိုင်ပုံကို ပြသည်။)

ခန္ဓ သံ–ပါ–၂၆။ ဌ/ဒု–၂၄၄။ ဋီ/–၂၁၅။ မြန်–၂၅။

အဿမ္ဗုလသုတ်

(သာဝတ္ထိ) မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ရုပ်စသည်တို့သည် ဆင်းရဲပုံနှင့် ဆင်းရဲရခြင်းတို့၏ အကြောင်းရင်းသည် တဏှာတရားကြောင့်ဖြစ်ပုံကို ဟောကြားတော်မူသောသုတ်။

(ဆင်းရဲခြင်းနှင့် ဆင်းရဲရခြင်း၏ အကြောင်းကိုပြသည်။)

ခန္ဓ သံ–ပါ–၂၇။ ဌ/ဒု–၂၄၄။ ဋီ–၂၁၅။ မြန်–၂၆။

အညတရဘိက္ခုသုတ်

(သာဝတ္ထိ) တရားအားထုတ်လိုလော ရဟန်တပါးသည် ဘုရားသျှင်အား အကျဉ်းအား ဖြင့် တရားဟောကြားတော်မူပါရန် လျှောက်ထားပုံ ဘုရားသျှင်က ရုပ်စသည်ကို အာရုံပြု၍ ရာဂ စသော တရားတို့ ကိန်းဝပ်ပုံနှင့် မကိန်းဝပ်ပုံတို့ကို အကျဉ်းအားဖြင့် ဟောကြားတော်မူပုံ. ရဟန်းသည် အကျယ်ကိုသိ၍ မကြာမီ ရဟန္တာဖြစ်တော်မူပုံကို ဟောကြားတော်မူသောသုတ်။

(ကိန်းဝပ်မှုရှိလျှင် ခေါ်ဝေါ်မှုဖြစ်ပုံကို ပြသည်။)

ခန္ဓ သံ–ပါ–၂၈ ; ၂၉။ ဌ/ဒု–၂၄၅။ ဋီ/ဒု–၂၁၆။ မြန်–၂၈ ; ၂၉။

ဒုတိယ အညတရဘိက္ခုသုတ်

(သာဝတ္ထိ) တရားအား‌ထုတ်လိုသော ရဟန်းတပါးသည် မြတ်စွာဘုရားသျှင်အား‌အကျဉ်း အား‌ဖြင့် တရားဟောကြား‌တော်မူပါရန် လျှောက်ထား‌ပုံ, ရုပ်စသည်ကို အာရုံပြု၍ ရဟန္တာစသည်တို့ ကိန်း‌ဝပ်ပုံ · မကိန်း‌ဝပ်ပုံ, ခေါ်ဝေါ်ခြင်း‌သို့ ရောက်ပုံ, မရောက်ပုံတို့ကို ဟောကြား‌တော်မူပုံနှင့် အကျယ်ကိုသိ၍ ရဟန္တာဖြစ်တော်မူပုံကို ဟောကြား‌တော်မူသော‌သုတ်။

(အာရုံပြုမှု ကိန်း‌ဝပ်မှုကို ပြသည်။)

ခန္ဓ သံ–ပါ–၂၉+၃၀။ ဌ/ဒု–၂၄၅။ ဋ္ဌိ/ဒု–၂၁၆။ မြန်–၂၉+၃၀။

အနုဓမ္မသုတ်

(သာဝတ္ထိ) မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား တရားနှင့်လျော်စွာ ကျင့်သော ရဟန်းအား တရားအစဉ်အတိုင်းဖြစ်ပုံ - ရုပ်စသည်၌ ငြီးငွေ့ခြင်း, ပိုင်းခြား၍ သိခြင်း, လွတ်မြောက်ခြင်း, ပဋိသန္ဓေနေရခြင်း စသော ဆင်းရဲတို့မှ ကင်းလွတ်ခြင်းတို့ ဖြစ်ပုံကို ဟောကြား‌တော်မူသော‌သုတ်။

(တရားအစဉ် ဖြစ်ပုံကိုပြသည်။)

ခန္ဓ သံ–ပါ–၃၃+၃၄။ ဌ/ဒု–၂၄၆+၂၄၇။ ဋ္ဌိ/ဒု–၂၁၀။ မြန်/ဒု–၃၃။

ဒုတိယအနုဓမ္မသုတ်

(သာဝတ္ထိ) မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား တရားနှင့်လျော်စွာ ကျင့်သော ရဟန်းအား ဤတရားအစဉ်အတိုင်းဖြစ်ပုံ (အနုဓမ္မသုတ်)နှင့်တူသည်၊ (ရုပ်စသည်၌ မမြဲဟု အစဉ်ရှုလေ့ရှိပုံ) မျှသာထူး‌သည်။

ခန္ဓ သံ–ပါ–၃၄။ ဌ/ဒု–၂၄၆+၂၄၇။ ဋ္ဌိ/ဒု–၂၁၀။ မြန်/ဒု–၃၃၊

တတိယအနုဓမ္မသုတ်

(သာဝတ္ထိ) မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား တရားနှင့်လျော်စွာ ကျင့်သော ရဟန်းအား ဤတရားအစဉ်အတိုင်းဖြစ်ပုံ (အနုဓမ္မသုတ်)နှင့်တူသည်၊ (ရုပ်စသည်တို့၌ ဆင်းရဲ၏ဟု အစဉ်ရှုလေ့ရှိပုံ) မျှသာထူး‌သည်၊

ခန္ဓ သံ–ပါ–၃၄။ ဌ/ဒု–၂၄၆+၂၄၇၊ ဋ္ဌိ/ဒု–၂၁၀၊ မြန်/ဒု–၃၃၊

စတုတ္ထအနုဓမ္မသုတ်

(သာဝတ္ထိ) မြတ်စွာဘုရားသျှင်သည် ရဟန်းဟူအား တရားနှင့်လျော်စွာ ကျင့်သော ရဟန်းအား ဤတရားအစဉ်အဝိုင်းဖြစ်ပုံ(အနုဓမ္မသုတ်)နှင့်တူသည်၊ (ရုပ် စသည်တို့၌ အတ္တ မဟုတ်ဟု အစဉ်ရှုပုံမျှသာထူး‌သည်။)

ခန္ဓ သံ–ပါ–၃၄၊ ဌ/ဒု–၂၄၆+၂၄၇၊ ဋ္ဌိ/ဒု–၂၁၀၊ မြန်/ဒု–၃၃+၃၄။

အတ္တဒီပသုတ်

(သာဝတ္ထိ) မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား မိမိကိုယ်နှင့် တရားတော်ကိုသာ မှီခိုအားထားသင့်ကြပုံ, ပုထုဇဉ်တို့သည် ရုပ်စသည်တို့၌ အတ္တစသည် ရှုခြင်းကြောင့် ရုပ်စသည်တို့ ဖေါက်ပြန်ပျက်စီးသောအခါ စိုးရိမ်ပူဆွေး ငိုကြွေးရခြင်း စသော ဆင်းရဲခြင်းဖြစ်ကြရပုံ, (သုတဝါ) အရိယာသာဝကတို့သည် အလုံးစုံသော ရုပ်စသည်တို့၌ မမြဲ,ဆင်းရဲ အတ္တမဟုတ် ဧသည် ရှုသောကြောင့် ဆင်းရဲခြင်းမရှိပုံ စသည်တို့ကို ဟောကြားတော်မူသောသုတ်၊

(မိမိကိုယ်ကိုသာ မှီခိုအားထားရန်ကိုပြသည်။)

ခန္ဓ သံ–ပါ–၃၅+၃၆။ ဌ/ဒု–၂၄၇။ ဋ္ဌ/ဒု–၂၁၉။ မြန်/ဒု–၃၄+၃၅။

အနိစ္စသုတ်

(သာဝတ္ထိ) မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား မမြဲ, ဆင်းရဲ, အတ္တ မဟုတ်သော ရုပ်စသည်တို့၌ ငါ, ငါ့ဥစ္စာ, ငါ၏အတ္တဟု တပ်မက်စွဲလမ်းခြင်းကင်းလျှင် အာသဝေါတရားတို့မှ လွတ်မြောက်၍ တည်တံ့ရောင့်ရဲလျက် မျက်မှောက်၌ ချမ်းသာငြိမ်းအေးခြင်း ပဋိသန္ဓေနေမှုမရှိ ကျင့်သုံးဖွယ် မဂ်ကိုစွပြီးပြီ စသည်ဖြင့် ဟောကြားတော်မူသောသုတ်။

(ရုပ်စသည်တို့ မမြဲပုံကိုပြသည်။)

ခန္ဓ သံ–ပါ–၃၇။ ဌ/ဒု–၂၄၀။ ဋ္ဌ/ဒု–၂၁၉+၂၂၀။ မြန်/ဒု–၃၆။

ဒုတိယ အနိစ္စသုတ်

(သာဝတ္ထိ)အဆက်(အနိစ္စသုတ်) နှင့်တူသည်၊ (ပုဗ္ဗန္တာနုဒိဋ္ဌိ, အပရန္တာနုဒိဋ္ဌိမဖြစ်ပုံမျှသာ ထူးသည်။)

ခန္ဓ သံ–ပါ–၃၇+၃၀။ ဌ/ဒု–၂၄၀။ ဋ္ဌ/ဒု–၂၂၀။ မြန်/ဒု–၃၇+၃၀။

အနတ္တလက္ခဏသုတ်

မြတ်စွာ ဘုရား သျှင်သည် ဗာရာဏသီပြည် မိဂဒါဝုန် တောဌ္ဌ ပဉ္စဝဂ္ဂီ ငါးဦး တို့အား ခန္ဓာငါးပါးတို့သည် အတ္တ ဖြစ်ခဲ့ပါလျှင် နာကျင် ကိုက်ခဲခြင်း စသည်တို့ မဖြစ်ပါစေလင့်၊ ဤသို့ ဖြစ်ပါစေ စသည်ဖြင့် တောင့်တ၍ ရနိုင်ရာ၏ စသည်ဖြင့် အတိတ်, အနာဂတ်, ပစ္စုပ္ပန်, အတွင်း, အပြင်, အကြမ်း, အနု, အယုတ်, အမြတ်, အဝေး, အနီးတို့၌ ဖြစ်သော အလုံးစုံသော ရုပ်စသည်တို့သည် မမြဲ, ဆင်းရဲ, ငါ, ငါ့ဥစ္စာ, ငါ၏အတ္တ ဟု မဂ္ဂအပ်ပုံ စသည်တို့ကို အကျယ် မေး, ဖြေ ဟောကြားတော်မူ၍ ပဉ္စဝဂ္ဂီငါးဦး ရဟန္တာ ဖြစ်တော်မူသောသုတ်။

(ပဉ္စဝဂ္ဂီ ငါးဦး ရဟန္တာဖြစ်သော အနတ္တလက္ခဏသုတ်ကိုပြသည်။)

ခန္ဓ သံ – ပါ–၅၅ + ၅၆။ ဌ/ဒု – ၂၅၆။ ဋ္ဌ/ဒု–၂၂၇။ မြန်/ဒု–၅၃ + ၅၄။

အဘိနန္ဒမာနသုတ်

(သာဝတ္ထိ) တရားအားထုတ်လိုသော ရဟန်း တပါးသည် မြတ်စွာ ဘုရားသျှင်အား တရားတော်ကို အကျဉ်းမျှ ဟောကြားတော် မူပါရန် လျှောက်ထားပုံ မြတ်စွာ ဘုရားသျှင်က အလွန်နှစ်သက်သော် မာရ်မင်း၏ ကျော့ကွင်းသည် နှောင်ဖွဲ့ရာ၏- အလွန်မနှစ်သက်လျှင် မာရ်မင်း၏ ကျော့ကွင်းမှ လွတ်မြောက်ရာ၏ ဟု အကျဉ်းမျှဟောတော်မူရာ ရဟန်းသည် အကျယ်ကိုသိ၍ အားထုတ်ရာ မကြာမီ ရဟန္တာ ဖြစ်တော်မူပုံကို ဟောကြားတော်မူသောသုတ်။

(နှစ်သက်ခြင်းသည် မာရ်မင်း၏ ကျော့ကွင်းမည်ပုံကို ပြသည်။)

ခန္ဓ သံ–ပါ–၆၂ ၆၃။ ဌ/ဒု–၂၅၈။ ဋီ/ဒု–၂၃၀။ မြန်/ဒု–၆၀။

အနိစ္စသုတ်

(သာဝတ္ထိ) တရားအားထုတ်လိုသော ရဟန်းတပါးသည် (တူ၏) လျှောက်ထားပုံ ဘုရားသျှင်က မမြဲသော တရားခွဲ လိုချင်ဇောဆင်္ခေတခြင်းကို ပယ်ရမည်ဟု အကျဉ်းအားဖြင့် ဟောတော်မူပုံ အကျယ်ကိုသိ၍ အားထုတ်ရာ ရဟန္တာ ဖြစ်တော်မူပုံကို ဟောတော်မူသောသုတ်။

(မမြဲသော တရားခွဲ မလိုချင် မနှစ်သက်အပ်ပုံကို ပြသည်)

ခန္ဓ သံ–ပါ–၆၃။ ဌ/ဒု–၂၅၈။ ဋီ/ဒု–၂၃၀။ မြန်/ဒု–၆၀ ÷ ၆၁။

အနတ္တသုတ်

(သာဝတ္ထိ) တရား အားထုတ်လိုသော ရဟန်းတပါးသည် (တူ၏) လျှောက်လားပုံ ဘုရားသျှင်က အတ္တမဟုတ်သော တရားခွဲ တဏှာ, ဆန္ဒကိုပယ်ရမည်ဟု အကျဉ်းအားဖြင့် ဟော တော်မူသောသုတ်။

(အတ္တမဟုတ်သော ရုပ်စသည်ခွဲ မလိုချင် မနှစ်သက်အပ်ပုံကိုပြသည်။)

ခန္ဓ သံ–ပါ–၆၄ ၆၅။ ဌ/ဒု–၂၅၈။ ဋီ/ဒု–၂၃၀။ မြန်/ဒု–၆၂။

အနတ္တနိယသုတ်

(သာဝတ္ထိ) တရားအားထုတ်လိုသော ရဟန်း တပါးသည် (တူ၏) လျှောက်ထားပုံ ဘုရားသျှင်က ကိုယ်ပိုင်ပဟုတ်သော တရားခွဲ ဇာတ်ဘဝ, ဆန္ဒကို ပယ်ရမည်ဟု အကျဉ်းအားဖြင့် ဟောကြားတော်မူသောသုတ်။

(ကိုယ်ပိုင်မဟုတ်သော ရုပ်စသည်ခွဲ မလိုချင် မနှစ်သက်အပ်ပုံကို ပြသည်။)

ခန္ဓ သံ–ပါ–၆၅။ ဌ/ဒု–၂၅၈။ ဋီ/ဒု–၂၃၀။ မြန်/ဒု–၆၂ ÷ ၆၃။

အဿာဒသုတ်

(သာဝတ္ထိ) မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ပုထုဇဉ်တို့သည် ရုပ်စသည်တို့၏ သာယာဖွယ်, အပြစ် နှင့် လွတ်မြောက်မှုတို့ကို ဟုတ်မှန်စွာ မသိမြင်ကြပုံနှင့် (သုတ၀၁) အရိယာ သာဝကတို့သည် ဟုတ်မှန်စွာ သိမြင်ကြပုံတို့ကို ဟောကြား တော်မူသောသုတ်။

(အရိယာသာဝကတို့ ဟုတ်မှန်စွာသိပုံကို ပြသည်။)

ခန္ဓ သံ–ပါ–၆၇။ ဌ/ဒု–၂၅၉။ ဋီ/ဒု–၂၃၀+၂၃၁။ မြန်/ဒု–၆၅။

အရဟန္တသုတ်

(သာဝတ္ထိ) မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား မမြဲ, ဆင်းရဲ, အတ္တာ မဟုတ်သော ရုပ်, ဝေဒနာစသည်တို့၌ ငါ, ငါ့ဥစ္စာ, ငါ၏အတ္တမဟုတ်ဟု ဟုတ်မှန်စွာ ပညာဖြင့် ရှုရပုံ ဤသို့ ရှုသော ရဟန်းအား ငြီးငွေ့လျက် တပ်မက်စဲလမ်းမှမှ လွှန်မြောက်၍ ကိလေသာတို့မှ လွတ်မြောက် ပြီးလျှင် မင်္ဂလာပြီးပုံနှင့် ရဟန္တာတို့သည် လောကဌ အမြတ်ဆုံးဟု ချီးကျူးထိုက်ပုံတို့ကို ရှစ်ဂါထာတို့ဖြင့် ချီးကျူးမိန့်ကြားတော်မူသောသုတ်။

(လောကဌ ရဟန္တာသည် အမြတ်ဆုံးဖြစ်ပုံကို ပြသည်။)

ခန္ဓ သံ–ပါ–၆၀+၆၉။ ဌ/ဒု–၂၅၉+၂၆၀။ ဋီ/ဒု–၂၃၁+၂၃၂။ မြန်/ဒု–၆၅+၆၇။

ဒုတိယအရဟန္တသုတ်

(သာဝတ္ထိ) မြတ်စွာ ဘုရားသျှင်သည် ရဟန်းတို့အား (အရဟန္တသုတ်) ကဲ့သို့ ဟောတော်မူသောသုတ်၊ (ဂါထာရှစ်ပုဒ် မပါသည်သာထူးသည်။)

ခန္ဓ သံ–ပါ–၆၉။ ဌ/ဒု–၂၆၁။ ဋီ/ဒု–၂၃၂။ မြန်/ဒု–၆၇။

အနုရာဓသုတ်

မြတ်စွာဘုရားသျှင်သည် ဝေသာလီပြည် မဟာဝုန်တော ပြာသာဒ်ကျောင်း၌ သီတင်းသုံးတော်မူစဉ်အခါ အသျှင် အနုရာဓနှင့် အညတိတ္ထိယတို့ သေခြင်းနှင့်စပ်၍ မေး, ဖြေကြပုံ အသျှင် အနုရာဓသည် မြတ်စွာဘုရားသျှင်အား လျှောက်ထားပုံ ဘုရားသျှင်က စင်စစ် မမြဲ, ဆင်းရဲ, အတ္တမဟုတ်သော ရုပ် စသည်၌ သေပြီးလျှင် သတ္တ၀ါဖြစ် မဖြစ်နှင့် စပ်၍ အကျယ် ဇ၀ဘန် ဟောကြားတော် မူသောသုတ်။

(သေခြင်းနှင့်စပ်၍ သတ္တ၀ါဖြစ် မဖြစ်ကိုပြသည်။)

ခန္ဓ သံ–ပါ–၉၄+၉၇။ ဌ/ဒု–၂၀၆+၂၀၇။ ဋီ/ဒု–၂၄၅+၂၄၆။ မြန်/ဒု–၈၉+၉၂။

No. 5

အာသဇီသုတ်

(ရာဇဂြိုဟ်) မြတ်စွာဘုရားသျှင်သည် ကာသပ သူဌေးကျောင်းဌာန် မကျန်းမာသော အာသျှင်အာသဇီ အထံသို့ ကြွတော်မူပြီးလျှင် ဝန္ဒနာငါးပါးနှင့် စပ်၍ အကျယ် ဟောကြားတော်မူပုံ ဝေဒနာကို တွယ်တာနှစ်သက်ခြင်း မရှိပဲ ခံစားရပုံ ဤဘဝဌာန်၌ပင် ဝေဒနာအားလုံးတို့ ကုန်ဆုံးတပ်မက်မှုမရှိ ငြိမ်းအေးစေပုံတို့ နှင့် ဆိုနှင့် မိုးစာ ဥပမာဖြင့် အကျယ် ဟောကြားတော်မူသောသုတ်။

(ဆီးမိုး ဥပမာဖြင့် ပြသည်။)

ခန္ဓ သံ–ပါ–၁၀၁ ၁၀၃။ ဌ/ဒု–၂၀၉။ ဋ္ဌီ/ဒု–၂၄၇။ မြန်/ဒု–၉၆–၉၈။

အနိစ္စသညာသုတ်

(သာဝတ္ထိ) မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား အနိစ္စာသညာကိုပွားလျှင် ကာမရာဂ, ရူပရာဂ, ဘဝရာဂ အားလုံးတို့နှင့် အဝိဇ္ဇာအားလုံးကို ကုန်စေနိုင်ပုံနှင့် စပ်၍ လယ်သမား ဥပမာ မြက်ခိုတ်သမား ဥပမာ, သရက်သီးခိုင် ဥပမာ စသော ဥပမာများစွာတို့ဖြင့် ဟောကြားတော်မူသောသုတ်။

(အနိစ္စသညာ အရေးကြီးပုံကို ပြသည်။)

ခန္ဓ သံ–ပါ–၁၂၆–၁၂၈။ ဌ/ဒု–၃၀၃–၃၀၄။ ဋ္ဌီ/ဒု–၂၅၅+၂၅၆။ မြန်/ဒု–၁၁၇+၁၁၉။

အန္တံသုတ်

(သာဝတ္ထိ) မြတ်စွာ ဘုရားသျှင်သည် ဂူပဒေးတို့အား သက္ကာယ, သက္ကာယတို့၏ ဖြစ်ကြောင်း, ချုပ်ငြိမ်းရာ ချုပ်ငြိမ်းကြောင်း, အကျင့် ဟူသော အဘိုအစု လေးပါးအမည်ဖြင့် သစ္စာလေးပါး တရားကို ဟောကြားတော်မူသောသုတ်။

(သက္ကာယအဘိုအစု လေးပါး သစ္စာတရားကို ပြသည်။)

ခန္ဓ သံ–ပါ–၁၂၀–၁၂၉။ ဌ/ဒု–၃၀၄။ ဋ္ဌီ/ဒု–၂၅၇။ မြန်/ဒု–၁၁၉။

အရဟန္တသုတ်

(သာဝတ္ထိ) မြတ်စွာ ဘုရားသျှင်သည် ရဟန်းတို့အား ဥပါဒါနက္ခန္ဓာ ငါးပါးရှိပုံ ဥပါဒါနက္ခန္ဓာ ငါးပါးတို့၏ ဖြစ်ပေါ်ခြင်း, ချုပ်ငြိမ်းခြင်း, သာယာဖွယ်, အပြစ်, ထွက်မြောက်ကြောင်း တို့ကို ပညာဖြင့် ဟုတ်မှန်စွာသိမြင်လျှင် စွဲလန်းနှစ်သက် တပ်မက်ခြင်း မရှိပဲ ကိလေသာတို့မှ လွတ်မြောက်သော ရဟန်းအား အာသဝေါကုန်ပြီး၍ အရဟတ္တဖိုလ်သို့ ရောက်သော ရဟန္တာဟု ခေါ်ဆိုထိုက်ပုံကို ဟောကြားတော်မူသောသုတ်။

(ရဟန္တာ ဖြစ်ပုံကိုပြသည်။)

ခန္ဓ သံ–ပါ–၁၃၁။ ဌ/ဒု–၃၀၄။ ဋ္ဌီ/ဒု–၂၅၀။ မြန်/ဒု–၁၂၂။

အဝိဇ္ဇာသုတ်

(သာဝတ္ထိ) ရဟန်းတပါးသည် မြတ်စွာဘုရားသျှင်အား အဘယ်သည် အဝိဇ္ဇာ မည်၍ အဘယ်မျှလောက်သော အကြောင်းဖြင့် အဝိဇ္ဇာသို့ ရောက်သူဖြစ်ပါသနည်းဟု မေးလျှောက်ပုံ ဘုရားရှင်က ရုပ်စသည်ကိုမသိ ရုပ်စသည်တို့၏ ဖြစ်ကြောင်း, ချုပ်ငြိမ်းရာ ချုပ်ငြိမ်းကြောင်း အကျင့်တရားကို မသိခြင်းသည် အဝိဇ္ဇာမည်ပုံ နှင့် အဝိဇ္ဇာသို့ ရောက်ပုံကို ဟောကြားတော်မူသောသုတ်။

(အဝိဇ္ဇာမည်ပုံနှင့် အဝိဇ္ဇာသို့ ရောက်ပုံကို ပြသည်။)

ခန္ဓ သံ–ပါ–၁၃၂။ ဌ/ဒု–၃၀၅။ ဋီ/ဒု–၂၅၈။ မြန်/ဒု–၁၂၃။

အဿာဒသုတ်
ဒုတိယအဿာဒသုတ်

(ငါး ၂ သုတ်) အသျှင်ဓနဉ္ဇာနိကာသည် အသျှင်သာရိပုတ္တရာအား (အဝိဇ္ဇာနှင့် ဝိဇ္ဇာ) သုတ်ကဲ့သို့ မေးဖြေတော်မူကြပုံ သဘောတူဖြစ်၏။

ခန္ဓ သံ–ပါ–၁၄၂။ ဌ/ဒု–၃၀၆။ ဋီ/ဒု–၂၆၀။ မြန်/ဒု–၁၃၃။

အနိစ္စသုတ်

(သာဝတ္ထိ) မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား မမြဲသော ရုပ်, ဝေဒနာ စသည်တို့၌ ဆန္ဒကိုပယ်ရန် ဟောကြားတော်မူသောသုတ်။

ဒုတိယအနိစ္စသုတ်

မမြဲဘော ရုပ်, ဝေဒနာ စသည်တို့၌ ရာဂကိုပယ်ရန် ဟောကြားတော်မူသောသုတ်။

တတိယအနိစ္စသုတ်

မမြဲသော ရုပ်, ဝေဒနာစသည်တို့၌ ဆန္ဒ, ရာဂကို ပယ်ရန် ဟောကြားတော်မူသောသုတ်။

ခန္ဓ သံ–ပါ–၁၄၅+၁၄၆။ ဌ/ဒု–၃၀၆။ ဋီ/ဒု–၂၆၀+၂၆၁။ မြန်/ဒု–၁၃၆+၁၃၇။

အနတ္တသုတ်
ဒုတိယ အနတ္တသုတ်
တတိယ အနတ္တသုတ်

(သာဝတ္ထိ) မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား အတ္တမဟုတ်သော ရုပ်, ဝေဒနာ

စသည်တို့၌ (အနိစ္စသုတ်) ကဲ့သို့ ဆန္ဒကိုပယ်ရန် ရာဂကိုပယ်ရန် ဆန္ဒရာဂကိုပယ်ရန် ဟောကြား တော်မူသော အနတ္တ ၃ · သုတ်။

(ရှပ်, ဝေဒနာ စသည်တို့၌ ဆန္ဒရာဂကို ပယ်ရန် ပြသည်။)

ခန္ဓ သံ–ပါ–၁၄၆+၁၄၇။ ဌ/ဒု–၃၀၆။ ဋီ/ဒု–၂၆၀+၂၆၁။ မြန်/ဒု–၁၃၈။

အနိစ္စာနုပဿီသုတ်

(သဒ္ဓေတ္ထိ) မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ရှပ်, ဝေဒနာ စသည်တို့၌ မမြဲ ဟု အစဉ်ရှုနေလျှင် ပဋိသန္ဓေနေခြင်း အိုခြင်း သေခြင်း စသော ဆင်းရဲအပေါင်းတို့မှ လွတ်မြောက်ပုံ စသည်တို့ကို ဟောကြားတော်မူသော သုတ်။

ခန္ဓ သံ–ပါ–၁၄၇။ ဌ/ဒု–၃၀၆။ ဋီ/ဒု–၂၆၀+၂၆၁။ မြန်/ဒု–၁၃၉။

အနတ္တာနုပဿီသုတ်

(အနိစ္စာနုပဿီသုတ်) နှင့်တူသည်၊ (အတ္တာမဟုတ်ဟု အစဉ်ရှုသည်သာ) ထူးသည်။

ခန္ဓံ သံ–ပါ–၁၄၈။ ဌ/ဒု–၃၀၆။ ဋီ/ဒု–၂၆၀ ၂၆၁။ မြန်/ဒု–၁၃၉။

အဿာဒတ္တသုတ်

(သဝဝတ္ထိ) မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ရှပ်, ဝေဒနာစသည်တို့ကို အစဲပြု၍ မိမိအဋ္ဌတ္တသန္တာန်၌ ဆင်းရဲခြမ်းသာဖြစ်ပုံ ရှပ်, ဝေဒနာစသော တရားတို့ မြဲသလော · ချမ်းသာ သလော · အတ္တာလော စသည်ဖြင့် မေးဖြေတော်မူပုံ မမြဲ, ဆင်းရဲ, အတ္တာ မဟုတ်သော ရှပ်, ဝေဒနာ စသည်တို့ကို မစဲလျှင် ဆင်းရဲ ချမ်းသာ မဖြစ်နိုင်ပုံ စသည်တို့ကို ဟောကြားတော် မူသော သုတ်။

(စဲမြဲ၍ ဖြစ်ပုံကို ပြသည်။)

ခန္ဓ သံ–ပါ–၁၄၈၊ ၁၄၉။ ဌ/ဒု–၃၀၇။ ဋီ/ဒု–၂၆၁။ မြန်/ဒု–၁၄၀။

အတ္တာနုဒိဋ္ဌသုတ်

(သဝဝတ္ထိ)မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ရှပ်, ဝေဒနာစသည်တို့ကို အစဲပြု သော တဏှာ, မာန, ဒိဋ္ဌိ အမှားကို နှလုံးသွင်း၍ အတ္တာသို့ အစဉ်လိုက်သော အယူဖြစ်ပုံ မမြဲ, ဆင်းရဲ, ဖေါက်ပြန်သော ရှပ်, ဝေဒနာ စသည်တို့ကို မစဲလျှင် အဘာဒိဋ္ဌိသို့ အစဉ်လိုက် သောအယူ မဖြစ်ပုံနှင့် ဤသို့ပညာဖြင့် ဟုတ်မှန်စွာသိလျှင် မင်္ဂလာစွပြီးပုံကို ဟောကြားတော်မူ သောသုတ်။

(အတ္တာသို့ အစဉ်လိုက်သော အယူကိုပြသည်။)

ခန္ဓ သံ–ပါ–၁၅၁၊ ၁၅၂။ ဌ/ဒု–၃၀၇။ ဋီ/ဒု–၂၆၁။ မြန်/ဒု–၁၄၃။

အဘိနိဝေသသုတ်

(သာဝတ္ထိ) မြတ်စွာ ဘုရားသျှင်သည် ရဟန်း ၊တို့အား (အတ္တာနုဒိဋ္ဌိသုတ်) ကဲ့သို့ ဟောတော်မူသောသုတ်၊ (အနှောင်အဖွဲ့ဖြစ်ပုံ မဖြစ်ပုံမျှသာ) ထူးသည်။

ဒုတိယ အဘိနိဝေသသုတ်

အထက်သုတ်နှင့်တူသည်၊ (နှောင်ဖွဲ့ခြင်း, စွဲလမ်းခြင်း ဖြစ်ပုံ, မဖြစ်ပုံမျှသာ) ထူးသည်။ (ဌ/ဌ်–ဒိဋ္ဌိဝဂ် အဇ္ဈတ္တသုတ်မှစ၍ သဘောတူ အနက်ကဲ့ ပုဂ္ဂလဇ္ဈာသယအား လျော်စွာ ဟော ကြားတော်မူပုံကိုပြဲသည်။)

ခန္ဓ သံ–ပါ–၁၅၂။ ဌ/ဒု–၃၀၇။ ဋ္ဌီ/ဒု–၂၆၁။ မြန်/ဒု–၁၄၃+၁၄၄။

အရဟန္တသုတ်

(သာဝတ္ထိ) မြတ်စွာဘုရားသျှင်သည် အသျှင်ရာဓအား ဥပါဒါနက္ခန္ဓာ ငါးပါးတို့၏ ဖြစ်ပေါ်ခြင်း, ချုပ်ခြင်း, သာယာဖွယ်, အပြစ်, လွတ်မြောက်ကြောင်းတို့ကို ပညာဖြင့် ဟုတ်မှန် စွာသိ၍ လိုချင်တပ်မက် နှစ်သက်ခြင်းတို့မှ လွန်မြောက်ပြီးလျှင် ကိလေသာတို့မှ လွတ်မြောက် သူကို ရဟန္တာဟု ဆိုအပ်ပုံကို ဟောကြားတော်မူသောသုတ်။

(ရဟန္တာ ဖြစ်ပုံကို ပြသည်)။

ခန္ဓ သံ–ပါ–၁၅၇။ ဌ/ဒု–၃၀၈။ ဋ္ဌီ/ဒု–၂၆၂။ မြန်/ဒု–၁၄၉+၁၅၀။

အနိစ္စသုတ်

(သာဝတ္ထိ) အသျှင်ရာဓသည် မြတ်စွာဘုရားသျှင်အား အဘယ်သည် မမြဲပါသနည်းဟု လျှောက်ထားပုံ ဘုရားသျှင်က ခန္ဓာငါးပါးသည် မမြဲစသည်နှင့် မင်္ဂလာပြီးပုံကို ဟောကြား တော်မူသောသုတ်။

(မမြဲသော တရားကို ပြသည်။)

ခန္ဓ သံ–ပါ–၁၅၉။ ဌ/ဒု–၃၀၈+၃၀၉။ ဋ္ဌီ/ဒု–၂၆၂။ မြန်/ဒု–၁၅၁။

အနိစ္စမေ့သုတ်

(သာဝတ္ထိ) အသျှင်ရာဓသည် မြတ်စွာဘုရားသျှင်အား မမြဲသောသဘောသည် အဘယ် ပါနည်း ဟု မေးလျှောက်ပုံ, ဘုရားသျှင်က ခန္ဓာငါးပါးသည် မမြဲသောသဘောမည်ပုံ စသည် ကို ဟောကြားတော်မူသောသုတ်။

(မမြဲသော သဘောကိုပြသည်။)

ခန္ဓ သံ–ပါ–၁၅၉။ ဌ/ဒု–၃၀၈+၃၀၉။ ဋ္ဌီ/ဒု–၂၆၂။ မြန်/ဒု–၁၅၁။

အနတ္တသုတ်
အနတ္တဓမ္မသုတ်

(သာဝတ္ထိ) အာသျှင်ရာဟုလာသည် ပြတ်စွာဘုရားသျှင်အား လျှောက်ထားပုံနှင့် ဘုရား သျှင်သည် (အနိစ္စသုတ်, အနိစ္စဓမ္မသုတ်) ကဲ့သို့ ဟောကြားခဲ့ပုံသောသုတ်။

(အနတ္တနှင့် အနတ္တဓမ္မ မည်ပုံမျှသာထူးသည်။)

ခန္ဓ သံ - ပါ - ဝန်ဝ။ ဥ/ခု - ၃၀၁ ၃၀၉။ မိ/ခု - ၂၆၂။ မြန်/ခု - ၁၅၂ - ၁၅၃။

အာသဝတဒ်ဋ္ဌသုတ်

(သာဝတ္ထိ) မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ရုပ်, ဝေဒနာစသည်ကို အစွဲပြုကာ အမှားကို နှုတ်ဆုံးသွင်းခြင်း၌ လောကသည် မမြဲ ဟူသော အယူမြဲစေပုံ မမြဲ, ဆင်းရဲ, ဖေါက်ပြန် တတ်သော ရုပ်, ဝေဒနာ စသည်ကို မစွဲလျှင် ထိုအယူမမြဲနိုင်ပုံ (သုတ၁) အရိယာ, ဃာဂက သည် ထိုအယူခွါ ယုံမှားကင်းပျောက်ပုံနှင့် ခန္ဓာငါးပါး သစ္စာလေးပါးခွါ ယုံမှားခြင်း ကင်း ပျောက်၍ သောတာပန် ဖြစ်ပုံကို ဟောကြားတော်မူသောသုတ်။

(သဿတဒိဋ္ဌိ ကင်းပျောက်ပုံနှင့် သောတာပန် ဖြစ်ပုံကိုပြသည်။)

ခန္ဓ သံ - ပါ - ၁၇၅။ ဥ/ခု - ၃၀၃ ၃၀၄။ မိ/ခု - ၂၆၉ ၂၇၁။ မြန်/ခု - ၁၆၆ + ၁၆၇။

အနတ္တဝါသုတ်
အနန္တဝါသုတ်

(သာဝတ္ထိ) မြတ်စွာဘုရားသျှင်သည် ရဟန်းဘိုးအား ငင်းနှစ်သုတ်ကို (အသဿတဒိဋ္ဌိ) သုတ်ကဲ့သို့ ဟောတော်မူသည်။ (လောကသည် အဆုံးရှိ၏ ဟူသောအယူနှင့် အဆုံးမရှိ ယူသော အယူမျှသာထူးသည်။)

ခန္ဓ သံ - ပါ - ၁၇၆။ ဥ/ခု - ၃၀၆။ မိ/ခု - ၂၇၂။ မြန်/ခု - ၁၆၇။

အညံဇီဝံအညံသရီရံသုတ်

(သာဝတ္ထိ) မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား (တံဇီဝံတံ တံသရီရံသုတ်)နှင့် တူသည်၊ အသက်တခြား ကိုယ်တခြား ဟူသော အယူဖြစ်ပုံမျှသာထူးသည်။

ခန္ဓသံ - ပါ - ၁၇၆။ ဥ/ခု - ၃၀၆။ မိ/ခု - ၂၇၂။ မြန်/ခု - ၁၆၈။

အရှပိအတ္တာသုတ်

(သာဝတ္ထိ) မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ရှပ်, ဝေဒနာ စသည်ကို အစဲပြု၍ အမှားကို နှလုံးသွင်းကာ အတ္တသည်ရှပ်မဟုတ်· သေပြီးနောက်၌ ပျက်စီးခြင်းမရှိ မြဲ၏ ဟူသော အယူဖြစ်ပုံ မမြဲ,ဆင်းရဲ ဖေါက်ပြန်ပျက်စီးတတ်သော ရှပ်, ဝေဒနာ စသည်ကို မစဲလျှင် ထိုအယူ မဖြစ်နိုင်ပုံ (သုတဝါ) အရိယာသာဝကတို့ ယုံမှားကင်းပုံတို့ကို ဟောကြားတော်မူသောသုတ်။

(သေသည်မှနောက် မြဲ၏ ဟုယူပုံ အမှားကိုပြသည်။)

ခန္ဓ သံ–ပါ–၁၀၀။ ဌ/ဒု–၃၁၇။ ဋီ/ဒု–၂၇၂။ မြန်/ဒု–၁၇၁။

အဒုက္ခမသုခိသုတ်

(သာဝတ္ထိ) မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ရှပ်သည် ဆင်းရဲ,ချမ်းသာမရှိ· သေပြီးနောက်၌ ပျက်စီးခြင်းမရှိ· မြဲ၏ ဟူသောအယူဖြစ်ပုံ (ရှပိအတ္တာသုတ်)ကဲ့သို့ ဟောကြားတော်မူသောသုတ်။

(ဆင်းရဲချမ်းသာမရှိ မြဲ၏ဟူသော အယူမှားကိုပြသည်။)

ခန္ဓ သံ–ပါ–၁၀၁။ ဌ/ဒု–၃၁၇။ ဋီ/ဒု–၂၇၂။ မြန်/ဒု–၁၇၂–၁၇၃။

အဒုက္ခမသုခိသုတ်

(သာဝတ္ထိ) မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား အထက် (အဒုက္ခမသုခိသုတ်)ကဲ့သို့ ဟောကြားတော်မူသောသုတ်။ (ပဌမဝဂ် ၁၀ သုတ်· ဒုတိယဝဂ်, တတိယဝဂ်, စတုတ္ထဝဂ် တို့၌ ၂၆ သုဘ်စီ ဟောတော်မူသည်။)

ခန္ဓ သံ–ပါ–၁၀၂+၁၀၃။ ၁၀၄ ၁၀၅။ ဌ/ဒု–၃၁၇။ ဋီ/ဒု–၂၇၂။ မြန်/ဒု–၁၇၄–၁၇၅။

အဝိတက္ကသုတ်

(သာဝတ္ထိ) အသျှင်အာနန္ဒာသည် အသျှင်သာရိပုတ္တရာအား ကျွန်ုပ်, ရှပ်အဆင်းတို့၏ သန့်ရှင်းကြည်လင်ပုံကို မေးလျှောက်ပုံ· အသျှင်သာရိပုတ္တရာက ဒုတိယစျာန် ဝင်စားခဲ့ပုံကို (ဝိဇေကသုတ်)ကဲ့သို့ ဟောကြားတော်မူသောသုတ်။

(စိတ်ကြည်လင်က ရှပ်ကြည်လင်သန့်ရှင်းပုံကို ပြသည်။)

ခန္ဓ သံ–ပါ–၁၉၇+၁၉၈။ ဌ/ဒု–၃၁၈။ ဋီ/ဒု–၂၇၄။ မြန်/ဒု–၁၈၇+၁၈၈။

အလ္လဇဒါနူပကာရသုတ် (၁၀)

(သာဝတ္ထိ) ရဟန်းတပါးသည် မြတ်စွာဘုရားသျှင်အား လောကဥ်အချို့သူတို့ သေသော အခါ အလ္လဇနဂါးမျိုးဥ် ဖြစ်ရခြင်း၏ အကြောင်းအထောက်အပံ့ကို မေးလျှောက်ပုံ ဘုရား

သျင်က အချို့သူတို့သည် အကျွင်္ဇနဂါးမျိုး၏ အသက်ရှည်ခြင်း, အဆင်းလှခြင်း, ချမ်းသာကြီးခြင်း စသည်တို့ကို ကြားဘူး၍ တောင့်တလျက် ဆုမ်း, အဖျော်, အဝတ်, ယာဉ်, ပန်း နံ့သာ, နံ့သာပျော်, အိပ်ရာ, နေရာကျောင်း, ဆီမီးတို့ကို ပေးလှူ၏၊ ထိုသူသေလျှင် အကျွင်္ဇနဂါးမျိုး၌ ဖြစ်ရပုံကို ဟောကြားတော်မူသောသုတ်။

(အလှူဆယ်မျိုးဖြင့် ဆယ်သုတ်ဟောကြား၏။)

ခန္ဓ သံ-ပါ-၂၀၅ ၂၀၆။ ဌ/ဒု-၃၂၁။ ဋီ/ဒု-၂၇၅၊ မြန်/ဒု-၁၉၉+၂၀၀။

အကျွင်္ဇဒါနူပကာရသုတ် (၁၀)

အထက်အကျွင်္ဇဒါနူပကာရ သုတ်နှင့် တူသည်။ (နဂါးနှင့် ဂဠုန်မျှသာထူး၏။)

အဘ္ဘာဝလာဟကသုတ်

(သာဝတ္ထိ) ရဟန်းတပါးသည် မြတ်စွာဘုရားသျှင်အား တိမ်ဆပ်တိမ်လှဘုံ ဖြစ်ခြင်း၏ အကြောင်းကိုမေးလျှောက်ပုံ ဘုရားသျှင်က အဘ္ဘာဝလာဟက နတ်တို့၏ ပျော်မွေ့မြူးထူးခြင်း တောင့်တခြင်း အကြောင်းအထောက်အပံ့တို့ကြောင့် တိမ်ဆပ်တိမ်လှဘျား ဖြစ်ရပုံကို ဟောကြား တော်မူသောသုတ်။

(တိမ်ထပ်တိမ်လှဘျား ဖြစ်ရပုံကို ပြသည်။)

ခန္ဓ သံ-ပါ-၂၁၆။ ဌ/ဒု-၃၂၁ ၃၂၂။ ဋီ/ဒု-၂၇၇+၂၇၈။ မြန်/ဒု-၂၀၇။

အာဘိနိဟာရမူလကသက္ကစ္စ သုတ္တာဒိ တိက

(သာဝတ္ထိ) မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား စျာန်ကို ရွှေဆောင်ခြင်း၌သာလိမ္မာ၍ (စျာန်ကို အရိုအသေပြုလေ့မရှိ) သမာပတ်မူလက အစဉ်အတိုင်း (အာဘိနိဟာရမူလက သပ္ပါယကာရီ)တိုင်အောင် (၃ သုတ်) မူလနှင့်မူလီ ပြုလုပ်ရမည်။

(စျာန်တရား၌ လေ့လာပုံတို့ကို ပြသည်။)

ခန္ဓ သံ-ပါ-၂၃၃။ ဌ/ဒု-၃၂၃/၃၂၄။ ဋီ/ဒု-၂၇၉။ မြန်/ဒု-၂၂၄။

အဇ္ဈတ္တာနိစ္စသုတ်

အဇ္ဈတ္တဒုက္ခသုတ်

အနတ္တာနတ္တသုတ်

(သာဝတ္ထိ) မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား စက္ခုစသော အဇ္ဈတ္တိကာယတန

ခြောက်ပါးတို့၏ မမြဲပုံနှင့် (သုတဝ၇) အရိယာသာဝကတို့ မင်္ကိစ္စပြီးပုံတို့ကို ဟောကြားတော်မူသောသုတ်။ (ဒုက္ခ အနတ္တမျှသာထူးသည်။)

(အဇ္ဈတ္တိကာယတန ခြောက်ပါး မမြဲ,ဆင်းရဲ, အတ္တမဟုတ်ပုံကို ပြသည်။)

သဋ္ဌာ သံ/ပ၇–ဒု–၂၃၆+၂၃၇။ ဋ္ဌ/တ–ဘ+၂။ ဋ္ဌီ/ဒု–၂ဂဘ+၂ဂ၃။
မြန်/ဒု--၂၂၇+၂၂ဂ။

အဇ္ဈတ္တာနိစ္စာတီတာနာဂတသုတ်
အဇ္ဈတ္တဒုက္ခာတီတာနာဂတသုတ်
အဇ္ဈတ္တာနတ္တာတီတာနာဂတသုတ်

(သာဝတ္ထိ) မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား အတိတ် အနာဂတ်၌ ဖြစ်သော စက္ခု စသော အဇ္ဈတ္တိကာယတန ခြောက်ပါးတို့၏ မမြဲပုံနှင့် ပစ္စုပ္ပန်၌ ဆိုဘွယ်မရှိပုံ (သုတဝ၇) အရိယာသာဝကတို့ မင်္ကိစ္စပြီးပုံကို ဟောကြားတော်မူသောသုတ်။ (ဒုက္ခ, အနတ္တ မျှသာထူးသည်။)

(အဇ္ဈတ္တိကာယတန ခြောက်ပါး၏ မမြဲ, ဆင်းရဲ, အတ္တမဟုတ်ပုံကို ပြသည်)

သဋ္ဌာ သံ–ပ၇–ဒု–၂၃ဂ+၂၃၉။ ဋ္ဌ/တ–ဂ။ ဋ္ဌီ/ဒု–၂ဂဂ။ မြန်/ဒု–၂၃ဝ+၂၃၁။

ပဌမ အဿာဒ ပရိယေသနသုတ်

(သာဝတ္ထိ) မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား **စက္ခု စသော အဇ္ဈတ္တိကာယတန** ခြောက်ပါးတို့၏ သာယာဖွယ်, အပြစ်, လွတ်မြောက်ရာတို့ကို အလောင်းတော်ဘဝက လှည့်လည် ရှာမှီးတော်မူခဲ့ပုံ ယခုအခါ တရား အလုံးစုံကို တူးသောဉာဏ်ဖြင့် သိမြင်တော်မူ၍ ဘုရားသျှင် အဖြစ်ကို ဝန်ခံတော်မူပုံကို ဟောကြားတော်မူသောသုတ်။

(အလောင်းတော်ဘဝက တရားလှည့်လည် ရှာမှီးတော်မူခဲ့ပုံကို ပြသည်။)

ဒုတိယ အဿာဒ ပရိယေသနသုတ်

(အထက်သုတ်နှင့် တူသည်၊) 'ရူပါယတန စသော ဗာဟိရာယတန စသော ခြောက်ပါး' မျှသာ ထူးသည်။

သဋ္ဌာ သံ–ပ၇/ဒု–၂၅၂+၂၅၅။ ဋ္ဌ/တ–၃။ဋ္ဌီ/ဒု–၂ဂ၃+၂ဂ၅။ မြန်/ဒု–၂၃၅+၂၃၅။

ပဌမဘိနန္ဒသုတ်

(သာဝတ္ထိ) မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား **စက္ခု စသော** အဇ္ဈတ္တိကာယတန ခြောက်ပါး၌ နှစ်သက်လျှင် ဆင်းရဲကို နှစ်သက်သည်မည်ပုံ, ဆင်းရဲကိုနှစ်သက်လျှင် ဆင်းရဲက မလွတ်မြောက်နိုင်ပုံနှင့် ဆင်းရဲက လွတ်မြောက်နိုင်ပုံတို့ကို ဟောကြားတော်မူသောသုတ်။

(ဆင်းရဲမှ လွတ်မြောက်ပုံကို ပြသည်။)

နိကာယ မဇ္ဈိမကျမ်း

ဒုတိယဘိန္နသုတ်

(အသက်သုတ်နှုံ့ တူသည်၊) 'ဗာဟိရာယတန ခြောက်ပါး' မျှသာ ထူးသည်။
သဒ္ဒါ သံ-ပါ/ဒု- ၂၄၆။ ဌ/တ-၄။ ဋီ/ဒု-၂၀၄။ မြန်/ဒု- ၂၃၇+၂၃၀။

အဘိညာ ပဓိညာပဟာနသုတ်

(သာဝတ္ထိ) မြတ်စွာဘုရားသခွါင်သည် ရဟန်းတို့အား စက္ခု စသော ပဿာဒ, အာရုံ, ဥာဏ်, ဖဿ, ဝေဒနာ တရား အလုံးစုံတို့ကို အလူးသိရန်, ပိုင်းခြား၍သိရန် ပယ်ရန် တို့ကို ဟောကြားတော်မူသောသုတ်။

(သိရန် နှင့် ပယ်ရန်တရားတို့ကို ပြသည်။)

သဒ္ဒါ သံ-ပါ/ဒု-၂၄၀ ၂၄၉။ ဌ/တ-၆။ ဋီ/ဒု-၂၀၇။ မြန်/ဒု-၂၄၀။

ပဌမ ဈာပဓိဇာနသုတ်

မြတ်စွာဘုရားသခွါင်သည် ရဟန်းတို့အား စက္ခု စသော ပဿာဒ, အာရုံ, ဝိညာဏ်, ဖဿ, ဝေဒနာ တရားအလုံးစုံကို အလူးမသိလျှင် ပိုင်းခြား၍မသိလျှင် မပယ်လျှင် ဆင်းရဲမှု မလွတ် ကြောက်ပုံနှင့် လွတ်ကြောက်ပုံကို ဟောကြားတော်မူသောသုတ်။

(ဆင်းရဲမှု မလွတ်ကြောက်ပုံ လွတ်ကြောက်ပုံကို ပြသည်။)

ဒုတိယဈာပဓိဇာနသုတ်

(အသက်သုတ်နှုံ့ တူသည်၊) ပဿာဒ စသော တရားတို့ကို 'သိရ, ပယ်ရမည့် တရား' ဟူသည်ပုံမျှသာ ထူးသည်။

သဒ္ဒါ သံ-ပါ/ဒု- ၂၄၉ ၂၅၁။ ဌ/တ-၆။ ဋီ/ဒု-၂၀၇။ မြန်/ဒု-၂၄၀ ၂၄၂။

အာနဉ္ဇာပုတသုတ

(ရာဇဂြိုဟ်) မြတ်စွာဘုရားသခွါင်သည် ရဟန်းတို့အား စက္ခု စသော ပဿာဒ, အာရုံ, ဝိညာဏ်, ဖဿ, ဝေဒနာ တရားတို့သည် ပဋိသန္ဓေနေရခြင်း, အိုခြင်း စသည်တို့၏ ဖိစီး နှိပ်စက်ခြင်းကို ပြန်ကြားပုံနှင့် (သုတဝါ) အဝိယာ သာဝကတို့ ဖင်ကိစ္စပြီးပုံကို ဟောကြားတော်မူခဲ့သောသုတ်။

(ဖိစီးနှိပ်စက်ပုံနှင့် ဖိစီးအနှိပ်စက်ခံ တရားတို့ကို ပြသည်။)

သဒ္ဒါ သံ-ပါ/ဒု- ၂၅၂ ၂၅၃။ ဌ/တ-၁၀။ ဋီ/ဒု-၂၀၉။ မြန်/ဒု-၂၄၃+၂၄၄။

အနိစ္စာဒိသုတ္တနဝက

(သာဝတ္ထိ) မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား စက္ခု စသော ပဿာဒ, အာရုံ, ဝိညာဏ်, ဖဿ, ဝေဒနာတရားတို့သည်-- ၁-မမြဲပုံ, ၂-ဆင်းရဲပုံ, ၃-အတ္တမဟုတ်ပုံ, ၄-သိအပ်သော တရားမည်ပုံ, ၅-ပိုင်းခြားရှု သိအပ်ပုံ, ၆-ပယ်အပ်ပုံ, ၇-မျက်မှောက် ပြုအပ်ပုံ, ၈-ထူးသောဉာဏ်ဖြင့် ပိုင်းခြားရှုသိအပ်ပုံ, ၉-အလုံးစုံ အနှိပ်စက်ဝံ့ရပုံ ၉-သုတ်တို့ကိုဝေဘန် ဟောကြားတော်မူပုံနှင့် (သုတဝ၁) အရိယာသာဝကတို့ မင်္ဂလာစွမ်းပုံတို့ကို ဟောကြားတော်မူသောသုတ်။

(ပဿာဒ စသော တရားငါးပါးတို့၌ မမြဲခြင်း စသော ၉ ပါးကို ပြသည်။)

သဋ္ဌာ သံ-ပါ/ဒု-၂၅၇+၂၅၈။ ဋ္ဌ/တ-၁၂။ ဋီ/ဒု-၂၉၁။ မြန်/ဒု-၂၄၈+၂၅၀။

အဝိဇ္ဇာပဟာနသုတ်

(သာဝတ္ထိ) ရဟန်းတပါးသည် မြတ်စွာဘုရားသျှင်အား အဘယ်သို့ သိမြင်သူသည် အဝိဇ္ဇာမှောင် ကင်းပျောက်၍ ဝိဇ္ဇာဉာဏ် အလင်းသို့ ရောက်ပါသနည်း ဟု မေးလျှောက်ပုံ ဘုရားသျှင်က စက္ခု စသော ပဿာဒ, အာရုံ, ဝိညာဏ်, ဖဿ, ဝေဒနာ တရား အလုံးစုံတို့၌ မမြဲ ဟု ပညာဖြင့်သိမြင်သောသူသည် အဝိဇ္ဇာမှောင် ပယ်ပျောက်၍ ဝိဇ္ဇာဉာဏ် အလင်းသို့ ရောက်ပုံကို ဟောကြားတော်မူသောသုတ်။

(အဝိဇ္ဇာကင်းပျောက်၍ ဝိဇ္ဇာအလင်းရောက်ပုံကို ပြသည်။)

သဋ္ဌာ သံ-ပါ/ဒု-၂၅၉+၂၆၀။ ဋ္ဌ/တ-၁၂။ ဋီ/ဒု-၂၉၃+၂၉၄။
မြန်/ဒု-၂၅၀+၂၅၁။

အနုသယပဟာနသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား (အဝိဇ္ဇာပဟာနသုတ်) နှင့်တူသည်။ 'အနုသယ တရားတို့မှလွတ်မြောက်ခြင်းနှင့် အတ္တမဟုတ်ဟု သိမြင်ခြင်း' သာ ထူး၏။

(အနုတ္တာအလင်းပေါက်လျှင် အနုသယကင်းပျောက်ပုံကို ပြသည်။)

သဋ္ဌာ သံ-ပါ/ဒု-၂၆၁။ ဋ္ဌ/တ-၁၂။ ဋီ/ဒု-၂၉၂။ မြန်/ဒု-၂၅၂။

အနုသယသမုဂ္ဃါတသုတ်

(အနုသယပဟာနသုတ်) နှင့်တူသည်၊ အနုတ္တာအလင်းပေါက်လျှင် အနုသယ တရားဟို၏။ ပယ်ခွာခြင်းသို့ ရောက်ပုံကိုပြသည်။

, ပဌမ အဝိဇ္ဇာပဟာနသုတ်

(အဝိဇ္ဇာဝဂ် အဝိဇ္ဇာ ပဟာနသုတ်) နှင့် တူသည်၊ အနိစ္စရှု၍ အဝိဇ္ဇာ ပျောက်ပုံကို ပြသည်။

ဒုတိယ အဝိဇ္ဇာပဟာနသုတ်

(ပဌမ အဝိဇ္ဇာပဟာနသုတ်နှင့်တူသည်၊) အနတ္တရှုပုံမျှသာ ထူးသည်။
သဋ္ဌာ သံ–ပါ/ဒု–၂၇၆+၂၇၇။ ဋ္ဌ/တ–၁၆။ ဋီ/ဒု–၁၉၄။ မြန်/ဒု–၂၆၈+၂၇၀။

အဒန္ဓအဂုတ္တသုတ်

(သာဝတ္ထိ) မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား တွေ့ထိမှု၏ တည်ရာ (ဖဿာယတန) ခြောက်ပါးကို လုံခြုံအောင် စောင့်ရှောက် ပိတ်ဆို့ခြင်းမရှိလျှင် လွန်ကဲသောဆင်းရဲဖြစ်တတ်ပုံ လုံခြုံအောင်စောင့်ရှောက် ပိတ်ဆို့လျှင် လွန်ကဲသော ချမ်းသာ ဖြစ်နိုင်ပုံတို့ကို ရှစ်ဂါထာတို့ဖြင့် ထပ်မံ ဟောကြားတော်မူသော သုတ်။

(ဖဿာယတန ခြောက်ပါးကို လုံခြုံအောင် စောင့်ရှောက် ပိတ်ဆို့အပ်ပုံကို ပြသည်။)

သဋ္ဌာ သံ– ပါ/ဒု–၂၉၃+၂၉၄။ ဋ္ဌ/တ–၂၇+၂၈။ ဋီ/ဒု– ၃၀၀+၃၀၁။
မြန်/ဒု–၂၈၅+၂၈၆

အဋ္ဌတ္တိကာယတနပရိဇာနနသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား စက္ခုစသည်တို့ကို ပိုင်းခြား၍ မသိလျှင် မစွန့်ခွာနိုင်သျှင် ဆင်းရဲမှ မလွတ်ကင်းပုံနှင့် လွတ်ကင်းပုံတို့ကို ဟောကြားတော် မူသော သုတ်။

(ဆင်းရဲခြင်းမှ မလွတ်ကင်းပုံနှင့် လွတ်ကင်းပုံကို ပြသည်။)

သဋ္ဌာ သံ–ပါ/ဒု–၃၀၉။ ဋ္ဌ/တ–၃၂။ ဋီ/ဒု–၃၀၅။ မြန်/ဒု–၃၀၃။

အဋ္ဌတ္တာနိစ္စဟေတုသုတ်

အဋ္ဌတ္တဒုက္ခဟေတုသုတ်

အဋ္ဌတ္တာနတ္တဟေတုသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား အကြောင်းအထောက်အပံ့ကြောင့် ဖြစ်ပေါ်လာသော စက္ခု စသည်တို့သည် မမြဲပုံနှင့် (သုတဝါ) အရိယာသာဝကသည် မဂ်ကိစ္စပြီးပုံကို ဟောကြားတော် မူသောသုတ်။ 'ဒုက္ခ အနတ္တ' မျှသာ ထူးသည်။

(အကြောင်းအထောက်အပံ့ မကင်းပုံနှင့် ငြီးငွေ့သင့်ပုံကို ပြသည်။)

သဋ္ဌာ သံ–ပါ/ဒု–၃၄၄+၃၄၅။ ဋ္ဌ/တ–၄၆။ ဋီ/ဒု–၃၁၅။ မြန်/ဒု–၃၃၀+၃၃၉။

အနိစ္စနိဗ္ဗာနသပ္ပါယသုတ်
အနုတ္တနိဗ္ဗာနသပ္ပါယသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား စက္ခု စသော ပသာဒအာရုံ, ဝိညာဏ်, ဖဿ, ဝေဒနာ, တရားတို့၌ မမြဲဟု ရှုခြင်းသည် နိဗ္ဗာန်ရောက်ကြောင်း လျောက်ပတ်သော အကျင့် မည်ပုံကို ဟောကြားတော် မူသောသုတ်၊ 'အနတ္တာဟု ရှုခြင်း' မျှသာထူးသည်။

(နိဗ္ဗာန်ရောက်ကြောင်း လျောက်ပတ်သော အကျင့်ကိုပြသည်။)

သဋ္ဌာ သံ–ပါ/ဒု–၃၄၇+၃၄၈။ ဋ္ဌ/တ–၄၆။ ဋီ/ဒု–၃၁၆။ မြန်/ဒု–၃၄၁+၃၄၂။

အန္ဓေဝါသိကသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား စက္ခု စသည်တို့မှ ဖြစ်သော အကုသိုလ်တို့သည် ရဟန်း၏ အတွင်းနေတပည့် မည်ပုံ, ရဟန်းကို လွှမ်းမိုးသောကြောင့် ဆရာမည်ပုံ, ဆရာနှင့် အတွင်းနေ တပည့် ရှိသော ရဟန်းသည် ဆင်းရဲပုံတို့ကို ဟောကြားတော်မူသောသုတ်။

(ဆရာနှင့်တူသော တရား, တပည့်နှင့်တူသောတရားကိုပြသည်။)

သဋ္ဌာ သံ–ပါ/ဒု–၃၄၉, ၃၅၀။ ဋ္ဌ/တ–၄၆+၄၇။ ဋီ/ဒု–၃၁၆+၃၁၇။
မြန်/ဒု–၃၄၃+၃၄၄

အဇ္ဈတ္တနန္ဒိက္ခယသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား မမြဲသော စက္ခု စသည်ကို မမြဲ ဟု ရှုခြင်းသည် သမ္မာဒိဋ္ဌိဖြစ်၍ ငြိုးငွေ့ပုံ စသည်နှင့် နှစ်သက်စွဲမက်မှု ကုန်ခမ်း၍ စိတ်သည် ကောင်းစွာ လွတ်မြောက်ပုံတို့ကို ဟောကြားတော်မူသောသုတ်။

(နန္ဒိရာဂ ကုန်ပုံကို ပြသည်။)

သဋ္ဌာ သံ–ပါ–ဒု–၃၅၄။ ဋ္ဌ/က–၄၈။ ဋီ/ဒု–၃၁၈။ မြန်/ဒု–၃၄၈+၃၄၉။

အဋ္ဌတ္တအနိစ္စ နန္ဒိကွယသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား စကျွတ်လသည်၌ အသင့်အားဖြင့် မမြဲဟု ဟုတ်မှန်စွာ အဖန်ပေါင်း များစွာ ဟောကြားတော်မူခဲ့ပြီးသော [illegible] ဤသို့ ကိုယ်တိုင်သိမြင်သော ကောင်းစွာလုပ်ပြောကို ဟောကြားတော်မူသည်သတဲ့။

(အနိစ္စရှုခြင်း နည်းကို ဖြသည်။)

သဋ္ဌာ သံ-ပါ-ဒု-၃၅၅။ ဋ္ဌ/တ-၄၈။ ဋီ/-၁၀၁၈။ မြန်/-၃၄၉+၃၅၀။

အတ္တာနုဒိဋ္ဌိပဟာနသုတ်

ရဟန်းတပါးသည် မြတ်စွာဘုရားသျှင်အား အဘယ်သို့သိမြင်သူသည် အတ္တာနုဒိဋ္ဌိမှ ကင်းပျောက်ပါသနည်းဟု မေးလျှောက်ပုံ ဘုရား[illegible] ဤသည်တို့၌ အတ္တမဟုတ်ဟု ပညာဖြင့် ဟုတ်မှန်စွာ သိမြင်သောသူသည် အတ္တာနုဒိဋ္ဌိမှ ကင်းပျောက်ပုံကို ဟောကြားတော်မူသောသုတ်။

(အတ္တာနုဒိဋ္ဌိ ကင်းပျောက်ပုံအကျဉ်းသမ်းစည်းကို ပြသည်။)

သဋ္ဌာ သံ-ပါ-ဒု-၃၅၉။ ဋ္ဌ/တ-၄၈။ ဋီ/ဒု-၁၁၉။ မြန်/ဒု-၃၅၄+၃၅၅။

အဋ္ဌတ္တအနိစ္စဆန္ဒသုတ်
အဋ္ဌတ္တဒုက္ခဆန္ဒသုတ်
အဋ္ဌတ္တအနိစ္စဆန္ဒရာဂသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား မမြဲသော အဋ္ဌတ္တိကာယတန ခြောက်ပါး၌ ဆန္ဒကိုပယ်ရန် ရာဂကိုပယ်ရန် ဆန္ဒရာဂကိုပယ်ရန် ဟောကြားတော်မူသောသုတ်။

(မမြဲသော စက္ခုစသည်၌ ဆန္ဒရာဂကို ပယ်ရန်ပြသည်။)

သဋ္ဌာ သံ-ပါ-ဒု-၃၆၀။ ဋ္ဌ/တ-၄၈+၄၉။ ဋီ/ဒု-၃၁၉+၃၂၀။ မြန်/ဒု-၃၅၅။

အနတ္တဆန္ဒာဒိသုတ်

(အထက်သုတ်မျှားနှင့်တူသည်၊) အတ္တမဟုတ်သော စက္ခုစသည်၌ ဆန္ဒ, ရာဂ, ဆန္ဒရာဂကို ပယ်ရန် ဟောကြားတော်မူသောသုတ်။

(အတ္တမဟုတ်သော စက္ခု [illegible]သည်၌ ဆန္ဒ,ရာဂပယ်ရန်ကို ပြသည်။)

သဋ္ဌာ သံ-ပါ-ဒု-၃၆၁။ ဋ္ဌ/တ-၄၈+၄၉။ ဋီ/ဒု-၃၁၉+၃၂၀။ မြန်/ဒု-၃၅၆။

အဇ္ဈတ္တာဝတီတာနိစ္စသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား အတိတ်ကာလ၌ ဖြစ်သော အဇ္ဈတ္တကာယတန ခြောက်ပါးတို့သည် မမြဲပုံ, (သုတဝါ) အရိယာ သာဝကသည် ငြီးငွေ့ခြင်း စသည်ဖြင့် မင်္ကစ္ဆဖြီးပုံကို ဟောကြားတော်မူသောသုတ်။

သဋ္ဌာ သံ–ပါ/ဒု–၃၆၂။ ဋ္ဌ/တ–၄၈+၄၉။ ဋီ/ဒု ၃၁၉ ၃၂၀။ မြန်/ဒု–၃၅၇ ၃၅၈။

အဇ္ဈတ္တာနဂတာနိစ္စသုတ်

(အထက်သုတ်နှင့်တူသည်၊) အနာဂတ် ကာလမျှသာ ထူးသည်။)

အဇ္ဈတ္တာပစ္စုပ္ပန္နာနိစ္စသုတ်

(အထက်သုတ်နှင့်တူသည်၊) ပစ္စုပ္ပန် ကာလမျှသာထူးသည်။

အဇ္ဈတ္တာတီတာဒိဒုက္ခသုတ်

မြတ်စွာ ဘုရားသျှင်သည် ရဟန်းကို့အား အတိတ်, အနာဂတ်, ပစ္စုပ္ပန်၌ဖြစ်သော အဇ္ဈတ္တိကာယတန ခြောက်ပါးတို့သည် ဆင်းရဲပုံ (သုတဝါ) အရိယာသာဝကသည် ငြီးငွေ့ခြင်း စသည်ဖြင့် မင်္ကစ္ဆဖြီးပုံကို ဟောကြားတော်မူသောသုတ်။

သဋ္ဌာ သံ–ပါ/ဒု–၃၆၂။ ဋ္ဌ/တ–၄၈ ၄၉။ ဋီ/ဒု ၃၁၉ ၃၂၀။ မြန်/ဒု–၃၅၈

အဇ္ဈတ္တာတီတာဒိအနတ္တသုတ်

(အထက်သုတ်နှင့်တူသည်) အနတ္တမျှသာ ထူးသည်။

သဋ္ဌာ သံ–ပါ/ဒု–၃၆၃။ ဋ္ဌ/တ–၄၈+၄၉။ ဋီ/ဒု ၃၁၉ ၃၂၀။ မြန်/ဒု–၃၅၈။

အဇ္ဈတ္တာတီတာယဒနိစ္စသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းကို့အား အတိတ်ကာလ၌ ဖြစ်သော အဇ္ဈတ္တိကာယတန ခြောက်ပါးတို့သည် မမြဲ, ဆင်းရဲ, ငါ, ငါ့ဥစ္စာ, ငါ၏ အတ္တ မဟုတ်ပုံနှင့် (သုတဝါ) အရိယာသာဝကသည် ငြီးငွေ့ခြင်းစသည်ဖြင့် မင်္ကစ္ဆဖြီးပုံကို ဟောကြားတော်မူသောသုတ်။

သဋ္ဌာ သံ–ပါ/ဒု–၃၆၃။ ဋ္ဌ/တ–၄၈။ ဋီ/ဒု–၃၁၉ ၃၂၀။ မြန်–၃၅၉။

အဇ္ဈတ္တာနာဂတာယဒနိစ္စသုတ်
အဇ္ဈတ္တာပစ္စုပ္ပန္နာယဒနိစ္စသုတ်

(အထက်သုတ်နှင့်တူသည်၊) အနာဂတ်ကာလနှင့် ပစ္စုပ္ပန်ကာလမျှသာ ထူးသည်။
သဋ္ဌာ သံ–ပါ/ဒု–၃၆၃+၃၆၄။ ဋ္ဌ/တ–၄၈ ၄၉။ ဋီ/ဒု–၃၁၉ ၃၂၀။
မြန်/ဒု–၃၅၉+၃၆၀။

အဇ္ဈတ္တာတီတာဒိယံဒုက္ခသုတ်

(အထက်သုတ်များနှင့်တူသည်၊) ကာလသုံးပါးနှင့် ဒုက္ခမျသာ ထူးသည်။

အဇ္ဈတ္တာတီတာဒိယဒနတ္တသုတ်

(အနတ္တမျသာထူးသည်။)

သဒ္ဒါ သံ--ပါ/ဒု- ၃၆၄ ၄၆၅။ ဒ္ဒ/တ—၄၈+၄၉။ ဋ္ဌီ/ဒု—၃၁၉+၃၂၀။
မြန်/ဒု—၃၆၀+၃၆၁။

အဇ္ဈတ္တာယတနအနိစ္စသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား စက္ခုစသော အဇ္ဈတ္တိကာယတန ခြောက်ပါးတို့သည် မဲ့ခဲ့ပုံ (သုတ၁၂) အရိယာသာဝကသည် ငြီးငွေ့ခြင်း စသည်ဖြင့် မဂ်ကိစ္စ ပြီးပုံကို ဟောကြားတော်မူသောသုတ်၊

အဇ္ဈတ္တာယတနဒုက္ခသုတ်
အဇ္ဈတ္တာယတနအနတ္တသုတ်

(အဋ္ဌကထာယတနအနိစ္စသုတ်)နှင့်တူသည်၊ 'ဒုက္ခ အနတ္တ' မျသာထူးသည်။

သဒ္ဒါ သံ--ပါ/ဒု--၃၆၆။ဋ္ဌ/တ---၄၈ ၄၉။ ဋ္ဌီ/ဒု—၃၁၉ ၃၂၀။ မြန်/ဒု—၃၆၂။

အာသဃသုတပရိယာယသုတ်

ကပ္ပိလဝတ်ပြည် သာကီဝင် မင်းတို့၏ မင်းကွန်းအသစ်၌ အသျင် မောဂ္ဂလာန်အား ရဟန်းဘိုကို တရားဟောရန် ဘုရားသျှင်က တိုက်တွန်းတော်မူပုံ အသျင် မဟာမောဂ္ဂလာန်သည် ရဟန်းတို့အား ကိလေသာ စိုစွတ်ကြောင်းတရား မစိုစွတ်ကြောင်း တရားတို့ကို ဥပမာတို့ဖြင့် အကျယ် ဟောကြားတော်မူပုံ ဘုရားသျှင်က ချီးကျူး ထောက်ခံ၍ အတည် ပြုတော် မသောသတ်။

(ကိလေသာ စိုစွတ်ပုံနှင့် မစိုစွတ်ပုံကို ပြသည်။)

သဒ္ဒါ သံ-ပါ/ဒု-၃၀၉ ၃၁၃။ ဋ္ဌ/တ—၀၆+၉၅။ ဋ္ဌီ/ဒု—၃၃၄+၃၄၀။
မြန် /ဒု—၃၀၄+၃၀၀။

အာနိစ္စသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ဝေဒနာသုံးပါးသည် မမြဲခြင်းသဘော ပြုပြင်

ခြင်း အကြောင်းကြောင့်ဖြစ်ခြင်း ကုန်ခမ်း ပျက်စီးတတ်ခြင်း တပ်မက်မှု ကင်းကွာခြင်း နှင့် ချုပ်ငြိမ်းခြင်း သဘောရှိပုံကို ဟောကြားတော်မူသောသုတ်။

(ဝေဒနာ၏ သဘောတရားတို့ကို ပြသည်။)

သဋ္ဌာ သံ--ပါ/ဒု--၄၁၆။ ဋ္ဌ/တ--၁၁၈။ ဋ္ဌီ/ဒု--၃၅၇။ မြန်/ဒု--၄၁၀။

အဂါရသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား တည်းခိုရာစရပ်၌ အရပ်လေးမျက်နှာမှလာသော လူအပေါင်းတို့ ဝင်ရောက် တည်းခိုကြ၍ နှင့် ခန္ဓာကိုယ်၌ ဝေဒနာပေါင်းစုံတို့ဝင်ရောက်ဖြစ်ပေါ် လာပုံကို ဟောကြားတော်မူသောသုတ်။

(ခန္ဓာကိုယ်သည် ဝေဒနာတို့၏ တည်ရာဖြစ်ပုံကို ပြသည်။)

သဋ္ဌာ သံ--ပါ/ဒု--၄၁၉+၄၂၀။ ဋ္ဌ/တ--၁၁၉။ ဋ္ဌီ/ဒု--၃၅၀+၃၅၉။ မြန်/ဒု--၃၁၃+၃၁၄။

အဋ္ဌသတပရိယာယသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား အကြောင်း ပရိယာယ်အားလျော်စွာ ဝေဒနာ ၂-ပါး, ၃-ပါး, ၆-ပါး, ၁၈-ပါး, ၃၆-ပါး, ၁၀၈-ပါး အားဖြင့် ဟောကြား တော်မူပုံနှင့် ဟောကြားတော်မူသည့် အကြောင်း ပရိယာယ်တို့ကို စုံလင်စွာ ညွှန်ပြဟောကြား တော်မူသောသုတ်။

(ဝေဒနာ အမျိုးမျိုးတို့နှင့် အကြောင်း ပရိယာယ်တို့ကို ပြသည်။)

သဋ္ဌာ သံ--ပါ/ဒု--၄၂၀။ ဋ္ဌ/တ--၁၂၂+၁၂၄။ ဋ္ဌီ/ဒု--၃၆၁+၃၆၂။ မြန်/ဒု--၄၂,+၄၂၅။

အညတရဘိက္ခုသုတ်

ရဟန်းတပါးသည် မြတ်စွာဘုရားသျှင်အား (ပဌမ အာနန္တိသုတ်) ကဲ့သို့ မေးမြေ ဟောကြားတော်မူသောသုတ်။

(ဝေဒနာ ချုပ်ငြိမ်းပုံ စသည်ကို ပြသည်။)

သဋ္ဌာ သံ--ပါ/ဒု--၄၃၀။ ဋ္ဌ/တ--၁၂၂+၁၂၄။ ဋ္ဌီ/ဒု--၃၆၁+၃၆၂။ မြန်/ဒု--၄၂၅။

အတိစာရီသုတ်

မြတ်စွာဘုရားသျှင်သည် အသျှင် အနုရုဒ္ဓါအား မာတုဂါမတို့ အပါယ်ကို ကျရောက် စေနိုင်သော တရားငါးပါးကို ဟောကြားတော်မူသောသုတ်။

(ကောဓနသုတ်နှင့် တူ၏၊ လင်ကိုကျူးလွန်၍ ကျင့်ခြင်းမျှသာ ထူးသည်။)

သဋ္ဌာ သံ--ပါ/ဒု--၄၃၉။ ဋ္ဌ/တ--မ။ ဋ္ဌီ/ဒု--မ။ မြန်/ဒု--၄၃၅။

နိကာယ မဉ္ဇရိကျမ်း

အပ္ပသုတသုတ်

(အတ်ိဟာရ်သုတ်နှင့် ပူးသည်၊) မာတုဂါမတို့ အပါယ်ကျရောက်နိုင်သော တရား၎င်းပါး၊ ကို ဟောကြားတော်မူသောသုတ်။

(အကြားအမြင် နည်းခြင်းမျှသာ ထူးသည်။)

သဋ္ဌာသံ-ပါ/ဒု-၄၄၉။ ဌ-တ-မ။ ဦ/ဒု-မ။ မြန်/ဒု-၄၄၅။

အက္ကောဓနသုတ်

အားလုံးအနုဂ္ဂဟိသည် ဒိဗ္ဗဧကျွန်းအတိုင်းဘုရင်ဖြင့် နတ်ပြည်သို့ ရောက်ကြသော မာတုဂါမတို့ကို ဂုဏ်မြင့်ခြင်း၌ နည်းပြည်သို့ရောက်ကြောင်း ကောင်းမှုကို ဘုရားသျှင်အား မေးလျှောက်ပုံ ဘုရားသခင်၊ ထိုင်း၊ သြတ္တပ္ပ၊ အင်ကြားခန, ပညာဟူသော မာတုဂါမတို့ နတ်ရွာသို့ ရောက်ကြောင်း စသည်းပါးပါးကို ဟောကြားတော်မူသောသုတ်။

(မာတုဂါမတို့ နတ်ပြည်ရောက်ကြောင်း သဘောပါးပါးကို ပြသည်။)

သဋ္ဌာသံ-ပါ/ဒု-၄၄၀။ ဌ/တ-မ။ ဦ/ဒု-မ။မြန်/ဒု-၄၄၆။

အနုပနာဟိသုတ်

ခြုတ်ယုတ်ခြင်းမရှိသည် အသျှင်အနုရုဒ္ဓါအား မာတုဂါမတို့ နတ်ရွာရောက်ကြောင်း စသည်းပါးကို ဟောကြားတော်မူသောသုတ်။

(အင်ကြားခန နှင့်တူသည်၊ အက္ကောခနနှင့် အခုပနာဟိမျှသာ ထူးသည်။)

သဋ္ဌာသံ-ပါ/ဒု-၄၄၁။ ဌ/တ-မ။ ဦ/ဒု-မ။ မြန်/ဒု-၄၄၆+၄၄၇။

အနိသုကီသုတ်

(အက္ကောဓနသုတ်) နှင့်တူသည်။ အက္ကောဓနနှင့် အနိသုကီမျှသာ ထူးသည်။

အမစ္ဆရီသုတ်

(အက္ကောဓနသုတ်၊) နှင့်တူသည်။ အက္ကောဓနနှင့် အမစ္ဆရီမျှသာ ထူးသည်။

အနတိစာရီသုတ်

(အက္ကောဓနသုတ်) နှင့်တူသည်၊ အက္ကောဓနနှင့် အနတိစာရီမျှသာ ထူးသည်။

သဋ္ဌာသံ-ပါ/ဒု-၄၄၁။ ဌ/တ-မ။ ဦ/ဒု-မ။ မြန်/ဒု-၄၄၇။

အဘိဘုယျသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား မဟာဂဝါမုတ္တိသည် အဆင်း, စည်းစိမ်ဥစ္စာ ဆွေမျိုး, သားသမီး, သိလ ဟူသော အားငါးပါးနှင့်ပြည့်စုံပျော်လင်ကိုလွှမ်းမိုး၍ အိမ်ဦးနေရပုံကို ဟောကြားတော်မူသောသုတ်။

(လင်ကိုနိုင်စေသော အားငါးပါးကို ပြသည်။)

သဋ္ဌာ သံ–ပါ/ဒု–၄၄၃။ ဋ္ဌ/တ–၁၂၆။ ဋီ/ဒု–၃၆၅။ မြန်/ဒု–၄၃၉။

အင်္ဂသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား အထက် (အဘိဘုယျ) သုတ်၌ ဟောတော်မူအပ်သော အားငါးပါး အင်္ဂါငါးရပ်တို့တွင် တပါးနှင့်သာပြည့်စုံ၍ ကောင်းပါး မပြည့်စုံစသည်ဖြင့် အင်္ဂါမစုံညီ မပြည့်စုံပုံနှင့် ပြည့်စုံညီညွတ်ပုံတို့ကို ဟောကြားတော်မူသောသုတ်။

(အင်္ဂါငါးပါး ပြည့်စုံပုံနှင့် မပြည့်ဝပုံကို ပြသည်။)

သဋ္ဌာသံ–ပါ/ဒု–၄၄၃+၄၄၄။ ဋ္ဌ/တ–၁၂၆။ ဋီ/ဒု–၃၆၅။ မြန်/ဒု–၄၃၉+၄၄၀။

အဟရတ္တပဉ္ဉာသုတ်

ဇမ္ဗုခါဒက ပရိဗိုဇ်သည် အာယျင်သာရိပုတ္တရာအား အရဟတ္တဖိုလ်ကို မျက်မှောက်ပြုမှုနှင့် အကျင့်လမ်းမှန်ကို မေးလျှောက်ပုံ အသျှင်သာရိပုတ္တရာက အရဟတ္တဖိုလ်သို့ မျက်မှောက်ပြုရန် မဂ္ဂင်ရှစ်တန် အကျင့်လမ်းမှန်ကို ဟောကြားတော်မူသောသုတ်။

(မဂ္ဂင်ရှစ်တန် အကျင့်လမ်းမှန်ကို ပြသည်)

သဋ္ဌာ သံ–ပါ/ဒု–၄၄၇+၄၄၈။ ဋ္ဌ/တ–၁၂၇။ ဋီ/ဒု–၃။ မြန်/ဒု–၄၄၉+၄၅၀။

အသာသပ္ပတ္တသုတ်

ဇမ္ဗုခါဒတ ပရိဗိုဇ်သည် အသျှင်သာရိပုတ္တရာအား အကယ်မျှဖြင့် သက်သာရာရသည် မည်ပါသနည်း - သက်သာရာရရန် အကျင့်လမ်းမှန်ကား အကယ်ပါနည်းဟု မေးလျှောက်ပုံ အသျှင်သာရိပုတ္တရာက ဖဿာယတနနှင့် စပ်၍ သက်သာရာရသည် မည်ပုံနှင့် သက်သာရာရရန် မဂ္ဂင်ရှစ်တန် အကျင့်လမ်းမှန်ကို ဟောကြားတော်မူသောသုတ်။

(သောတာပန်ဖြစ်ရန် မဂ္ဂင်ရှစ်တန်ကိုပြသည်။)

သဋ္ဌာသံ– ပါ / ဒု– ၄၄၉။ ဋ္ဌ / တ – ၁။ ဋီ / ဒု - ၁။ မြန် / ဒု ၄၅၂။

အဝိဇ္ဇာပဥ္ဉာသုတ်

(အထက်သုတ်နှင့် နိဒါန်း တူသည်၊) အဝိဇ္ဇာနှင့် ပယ်ရန် လမ်းစဉ်ကို မေးလျှောက်ပုံ အသျှင်သာရိပုတ္တရာက သစ္စာသေးပါး၌ မသိခြင်းသည် အဝိဇ္ဇာ ဟူပုံနှင့် ထိုအဝိဇ္ဇာကို ပယ်ရန် လမ်းစဉ်မှာ ရှစ်ပါးကျင့်စဉ် မြတ်မဂ္ဂင် ဖြစ်ပုံကို ဟောကြားတော်မူသောသုတ်။

(အဝိဇ္ဇာနှင့် ပယ်ရန်လမ်းစဉ် မြတ်မဂ္ဂင်ကို ပြသည်။)

သဋ္ဌာသံ– ပါ / ဒု – ၅၅၁။ ဌီ / ဒု – မ။ မြန် / ဒု -၄၄၇။

အနိမိတ္တပဥ္ဉာသုတ်

(သာဝတ္ထိ) အသျှင် မဟာမောဂ္ဂလာန်သည် ရဟန်းတို့အား (ပ / ဈာနပဉ္ဇာ) သုတ်နှင့်တူသည်၊ (နိစ္စနိမိတ် စသည် ကင်းဆိတ်ခြင်း) မျှသာ ထူးသည်။

(ဘုရားသျှင် ချီးကျူးတော်မူပုံကို ပြသည်။)

သဋ္ဌာသံ– ပါ/ဒု–၄၆၂။ ဌီ/ဒု–၃၆၉။ မြန်/ဒု–၄၅၇။

အစေလကဿပသုတ်

စိတ္တသူကြွယ်သည် ငယ်သူငယ်ချင်း ဖြစ်ခဲ့သော နှစ်ပေါင်း သုံးဆယ်ကြာမျှ ရဟန်းပြုခဲ့သည့် အစေလကဿပအား တရားထူးရပြီလော၊ မရပုံ အစေလကဿပသည် အဝတ်မဂတ်ရခြင်း, ခေါင်းတုံး ဦးပြည်းရခြင်း, တင်ပါးကို ဖုံဝါရန် ဥဒေါင်းမြည်းကို ဆောင်ရသည်မှတပါး တရားထူး မရပုံ စိတ္တသူကြွယ်သည် မိမိရရှိသော တရားထူးကို ရပြောကြားပုံနှင့် အစေလကဿပ ရဟန်း အဖြစ်ကိုရ၍ မကြာမီ ရဟန္တာဖြစ်ပုံကို ဟောကြားတော်မူသောသုတ်။

(စိတ္တသူကြွယ် အနာဂါမ် ဖြစ်သည်ကို ပြသည်။)

သဋ္ဌာ သံ– ပါ / ဒု – ၄၈၉ ၄၉၀။ ဌ / တ - ၁၃၉။ ဌီ / ဒု –၃၇၈။
မြန် / ဒု –၄၈၃ ၄၈၄။

အဿာရောဟသုတ်

မြင်းစီးသူရဲကြီးသည် မြတ်စွာဘုရားသျှင်အား စစ်မြေပြင်၌ သေလျှင် ပရာဇိတနှတ် ဖြစ်သည်ကို မေးလျှောက်ပုံ- ဘုရားသျှင်သည် သုံးကြိမ်တိုင် တားမြစ်သော်လည်း မရ၍ စစ်မြေပြင်၌ သေလျှင် အပါယ်ငရဲသို့ ကျရောက်ရပုံ- နတ်ပြည်သို့ ရောက်သည်ဟူသော အယူသည် မိစ္ဆာအယူ ဖြစ်၍ ငရဲ, တိရစ္ဆာန် ဂတိသို့သာ လားရာရှိပုံတို့ကို ဟောကြားတော်မူသောသုတ်။

(စစ်မြေပြင်၌ သေလျှင် ငရဲသို့ ကျရောက်ပုံကို ပြသည်။)

သဋ္ဌာသံ – ပါ / ဒု – ၄၉၇ ၄၉၈။ ဌ / တ – ၁၄၁။ ဌီ / ဒု – ၃၈၀။
မြန် / ဒု – ၄၉၁ ၄၉၂။

အသိဗန္ဓကပုဂ္ဂလသုတ်

နာဠန္ဒမြို့ ပါဝါရိက ဥယျာဉ်၌ အသိဗန္ဓက၏သား ရွာသူကြီးသည် မိုးကိုလုပ်ကျွေးခြင်း စသည်တို့ဖြင့် ပစ္စာဘူမိ၌ နေကြကုန်သော ပုဏ္ဏားတို့သည် သေသောသူတို့အား နတ်ပြည်သို့ ရောက်ရန် စွမ်းဆောင်နိုင်ပုံ စသည်တို့ကို ဘုရားသျှင်အား လျှောက်ထားပုံ · ဘုရားသျှင်က ပါဏာတိပါတ စသော အကုသိုလ်တရားတို့ကို ပြုကျင့်သူနှင့် ရှောင်ကြဉ်သူတို့အတွက် အခြားသူများက ဆောင်ရွက်၍မရပုံကို ကျောက်တုံးရေချဥပမာ ထောပတ်ဆီအိုးကို ရေ၌ရိုက်ခဲ့သည့် ဥပမာ စသည်တို့ဖြင့် မေးဖြေ ဟောကြားတော်မူသောသုတ်။

(ဘယ်သူမပြု မိမိမှု ဖြစ်ပုံကို ပြသည်။)

သဋ္ဌာသံ - ပါ / ဒု - ၄၉၀ ၅၀၀။ ဋ္ဌ / တ - ၁၄၁။ ဋီ / ဒု - ၃၀၁။
မြန် / ဒု - ၄၉၂ ၊ ၄၉၄။

အသန်ံတသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ရာဂ, ဒေါသ, မောဟ ကုန်ရာ နိဗ္ဗာန်ကို အသန်ံတမည်ပုံနှင့် အသန်ံတနိဗ္ဗာန်သို့ရောက်ကြောင်းတရားတို့ကို ၄၅ · သုတ် ဝေဘန်၍ အကျယ် ဟောကြားတော်မူသောသုတ်။

(အသန်ံတသံယုတ် ပဌမဝဂ်သုတ်များကို စုပေါင်းပြသည်။)

သဋ္ဌာ သံ-ပါ/ဒု-၅၃၇ ၅၄၁။ ဋ္ဌ/တ-၁၄၉။ ဋီ/ဒု-၃၀၇ · ၃၀၈။
မြန်/ဒု-၅၃၀ ၊ ၅၃၄။

အနတသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ညွှတ်ကတ်သော တဏှာ မရှိရာ နှင့် တဏှာ မရှိရာသို့ ရောက်ကြောင်းတရားတို့ကို အသန်ံတသုတ် ပဌမဝဂ်ကဲ့သို့ ဟောကြားတော်မူသောသုတ်။

(ယထာ အသန်ံတံ တထာ ဝိဟ္ဍာရေတဗ္ဗံ။)

သဋ္ဌာ သံ-ပါ/ဒု-၅၄၁။ ဋ္ဌ/တ-၁၄၉။ ဋီ/ဒု-၃၀၇ ၊ ၃၀၈။ မြန်/ဒု-၅၃၄။

အနာသဝါဒိသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား အာသဝေါကင်းရာ နှင့် အာသဝေါကင်းရာသို့ ရောက်ကြောင်းတရား, အမှန်တရားနှင့် ဒေသနာတော်သို့ ရောက်ကြောင်းဟူသော, တဖက်တမ်း နှင့်

ဘဖက်ကမ်းသို့ရောက်ကြောင်းတရား စသည်ဒေသနာဖြင့် (၄၂) မျိုး ၃၂ သုတ်တို့ကို အကျဉ်းအားဖြင့် ဟောကြားတော်မူသောသတ်။

(တသုတ်လျှင် ဒေသနာသံယုတ် ပဋ္ဌမတန်ကဲ့သို့ ခွဲရမည်။)

သဒ္ဒ သံ-ပါ/ဒု- [illegible] ။ ဒြိ/တ-၁၄၉။ ဒြိ/ဒု-၃၀၄ ၃၀၈။ မြန်/ဒု-၅၃၄ ၅၃၆။

အနုရာဓသုတ်

အညတိတ္ထိယ ပရိဗ္ဗိုဇ်တယောက်သည် ဝေသာလီပြည် မဟာဝုန်တောကျောင်း၌ သီတင်းသုံးတော်မူသော အသျှင်အနုရာဓအား မြတ်စွာဘုရားသျှင်သည် သတ္တဝါတို့အား ဒေသသည်မှန်သော် ဖြစ်, မဖြစ် စသော လေးဖြာနက်ကို ပညတ်ပါသလော ဟု မေးလျှောက်ပုံ အသျှင်အနုရာဓသည် ထိုလေးဖြာနက်ကိုပယ်၍ ပညတ် ဟောကြားတော်မူပုံနှင့် ဘုရားသျှင်အား လျှောက်ဆားပုံ ဘုရားသျှင်က ခန္ဓာငါးပါးနှင့်စပ်၍ အမျိုးမျိုး ဒေသနာ ချက် ပေးခဖြင့် ဟောကြားတော်မူသောသုတ်။

(ခန္ဓာငါးပါး၌ ရှုပုံကို ပြသည်။)

သဒ္ဒ သံ ပါ/ဒု- [illegible] ။ [illegible] ဒြိ/ဒု- ၃၀၉။ မြန်/ဒု-၅၄၁ ၅၄၄။

အဝိဇ္ဇာသုတ်

(သာဝတ္ထိ) မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား အဝိဇ္ဇာတရားသည် အကုသိုလ်တရားတို့၏ရှေ့ဆောင်ဖြစ်၍ အဟိရိက, အနောတ္တပ္ပီသည် နောက်လိုက်သာလျှင်ဖြစ်ပုံ အဝိဇ္ဇာရှိလျှင် မိစ္ဆာဒိဋ္ဌိစသော မိစ္ဆာမဂ္ဂင်ဖြစ်ပုံ ဝိဇ္ဇာတရားရှိလျှင် အရိယာမဂ္ဂင်ဖြစ်ပုံတို့ကို ဟောကြားတော်မူသောသုတ်။

(အဝိဇ္ဇာသည် အကုသိုလ်တရားတို့၏ ရှေ့ဆောင်ဖြစ်ပုံကို ပြသည်။)

မဟာသံ-ပါ-၁ ၂။ ဒြ/တ- ၁၅၃ ၁၅၅။ ဒြိ/ဒု-၃၄၃ ၃၄၅။ မြန်/တ-၁ ၂။

ပဌမ အညတရ ဘိက္ခုသုတ်

(သာဝတ္ထိ) ရဟန်းတပါးသည် မြတ်စွာဘုရားသျှင်အား အကျင့်မြတ်ဟူသည် အဘယ်ပါနည်း ဟု မေးလျှောက်ပုံ ဘုရားရှင်က မဂ္ဂင်ရှစ်ပါး မြတ်တရားသည် အကျင့်မြတ် ဖြစ်ပုံကို ဟောကြားတော်မူသောသုတ်။

(မဂ္ဂင်ရှစ်ရပ် အကျင့်မြတ်ကို ပြသည်။)

မဟာ သံ-ပါ-၇။ ဌ--မ။ ဒြိ/ဒု-- မ။ မြန်/တ-၇။

ဒုတိယအညတရဘိက္ခုသုတ်

(သာဝတ္ထိ) ရဟန်းတပါးသည် မြတ်စွာဘုရားသျှင်အား ရာဂ, ဒေါသ, မောဟ တို့ကို ပယ်ဖျောက်ရာ ဟူသော အမည်နှင့် မယေရာသို့ ရောက်သော အကျင့်လမ်းစဉ်ကို မေးလျှောက်ပုံ ဘုရားသျှင်က နိဗ္ဗာန်သည် ရာဂ, ဒေါသ, မောဟ တို့ ပယ်ဖျောက်ရာနှင့် မဂ္ဂင်ရှစ်ဖြာသည် မယေရာသို့ ရောက်ကြောင်း ကောင်းမြတ်သော လမ်းစဉ်ဖြစ်ပုံကို ဟောကြားတော်မူသောသုတ်။

(မဂ္ဂင်ရှစ်တန်နှင့် မြတ်နိဗ္ဗာန်ကို ပြသည်။)

မဟာ သံ–ပါ–၇။ ဌ/တ–၁၆၀။ ဋီ/ဒု–၃၉၉။ မြန်/တ–၈။

အကုသလလဝမသုတ်

(သာဝတ္ထိ) မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား မိစ္ဆာမဂ္ဂင်ရှစ်ပါးကို အကုသိုလ်တရား မည်ပုံနှင့် အရိယာမဂ္ဂင်ရှစ်ပါးကို ကုသိုလ်တရား မည်ပုံကို ဟောကြားတော်မူသောသုတ်။

(အကုသိုလ်နှင့် ကုသိုလ်တရား မဂ္ဂင်ရှစ်ပါးကို ပြသည်။)

မဟာ သံ–ပါ–၁၅။ ဌ/တ–၁၆၈။ ဋီ/ဒု–၄၀၇။ မြန်/တ–၁၆+၁၇။

ပဌမ အသပ္ပုရိသသုတ်
ဒုတိယ အသပ္ပုရိသသုတ်

(သာဝတ္ထိ) မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား မိစ္ဆာမဂ္ဂင် ရှစ်ပါးကို ကျင့်ကြံသော သူယုတ်မာဖြစ်ပုံနှင့် အရိယာမဂ္ဂင် ရှစ်ပါးကို ကျင့်ကြံ ပွားများသော သူသည် သူတော်ကောင်း ဖြစ်ပုံကို ဟောကြားတော်မူသောသုတ်။

(သူယုတ်မာနှင့် သူတော်ကောင်းဖြစ်ပုံကို ပြသည်။)

မဟာ သံ–ပါ–၁၆။ ဌ/တ–မ။ ဋီ/ဒု–မ။ မြန်/တ–၁၀+၁၉။

အနုပါဒါပရိနိဗ္ဗာနသုတ်

(သာဝတ္ထိ) မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား အဘယ်အကျိုးငှာ သာသနာတော်၌ ရဟန်းပြုပါသနည်း ဟု ပရိပုစ္ဆာတို့ကမေးလျှင် နိဗ္ဗာန်အကျိုးငှာ သာသနာတော်၌ ရဟန်းပြုပုံနှင့် နိဗ္ဗာန်ရောက်ရန် မဂ္ဂင်ရှစ်တန် အကျင့်မှန်ကို ဖြေကြားရန် သင်ပြ ဟောကြားတော်သောသုတ်။

(ရဟန်းပြုခြင်း၏ ရည်ရွယ်ချက်နှင့် အလုပ်တရားကို ပြသည်။)

မဟာ သံ–ပါ–၂၂+၂၃။ ဌ/တ–၁၆၉။ ဋီ/ဒု–၄၀၈, ၄၀၉။ မြန်/တ–၂၅+၂၆။

အနုသယသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား အနုသယ ခုနစ်ပါးရှိပုံ နှင့် ထိုအနုသယ ခုနစ်ပါးကို ထူးသောဉာဏ်ဖြင့် ပိုင်းခြားချဲလိုရန်, ပယ်ရန်, မဂ္ဂင်ရှစ်တန် တရားမှန်ကို ကျင့်ကြံ ဖွဲ့ရွေးရန် ဟောကြားတော်မူသောသုတ်။

(ခုနစ်ပါး အနုသယငယ်ခွဲဘဝ့ ရှစ်ဘဝမဂ္ဂင်ကျင့်လမ်းစဉ်ကို ပြသည်။)

မဟာ သံ–ပါ ၇၂။ ဒု/တ–၁၇၂။ ဒို/ဒု–၄၁၄။ မြန်/တ–၅၉၃။

အရိယသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ဒေဝဒတ်ခုနစ်ပါးကို အကြိမ်ကြိမ် ပွားများ အားထုတ်ခြင်းသည် ဆင်းရဲကုန်ခြင်း၏ အကျိုးဖြစ်ပုံကို ဟောကြားတော်မူသောသုတ်။

(ဒေဝဒတ်တရား ပွားများခြင်း၏ အကျိုးကို ပြသည်။)

မဟာ သံ–ပါ ၇၀။ ဒု/တ–၁၈။ ဒို/ဒု–၁၈။ မြန်/တ ၇၀–၇၉။

အယောနိသောမနသိကာရသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား မသင့်သော နှလုံး သွင်း ရှိသူသည် မဖြစ်ဖူးသော နီဝရဏ တရား ငါးပါးတို့ အလွန်များပြား၍ ဖြစ်ပုံ, ဖြစ်ပြီးသော ဗောဇ္ဈင် တရားတို့ ကင်းပျောက်ပုံနှင့် သင့်သောနှလုံးသွင်း. ရှိသောသူအား ကာမစ္ဆန္ဒ စသည်တို့ မဖြစ်ပဲ မဖြစ်ဖူးသော ဗောဇ္ဈင်တရားတို့ဖြစ်၍ ဖြစ်ပြီးသော ဗောဇ္ဈင်တရားတို့ ပွားများပြည့်စုံပုံတို့ကို ဟောကြားတော်မူသောသုတ်။

(နှလုံးသွင်း ခြားနားပုံ နှင့် အကျိုးအပြစ်ကို ပြသည်။)

မဟာ သံ–ပါ ၇၆၊ ၇၇။ ဒု/တ–၁၈၆။ ဒို/ဒု–၄၂၅ ၄၂၆။ မြန်/တ–၈၁။

အပရိဟာနိယသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ဗောဇ္ဈင် ခုနစ်ပါးတို့သည် မဆုတ်ယုတ်သော အခြေအနေတရားမည်ပုံကို ဟောကြားတော်မူသောသုတ်။

(မဆုတ်ယုတ်ကြောင်း တရား ခုနစ်ပါးကို ပြသည်။)

မဟာ သံ–ပါ–၇၇။ ဒု/တ–၁၈၆။ ဒို/ဒု–၄၂၅+၄၂၆။ မြန်/တ–၈၁။

အနုပက္ကိလေသသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ဗောဇ္ဈင် ခုနစ်ပါးကို အကြိမ်ကြိမ် ပွားများ

အားထုတ်လျှင် ကုသိုလ်တရားတို့ကို မပိတ်ပင် မဆီးဟား မည်စ်ည်း စေပုံကို ဟော ကြား တော်မူသောသုတ်။

(အညစ်ကင်းစေသော တရား ဝုနစ်ပါးကို ပြသည်။)

မဟာ သံ—ပါ—ဂ၂+ဂဝ။ ဌ/တ—၁၀၈။ ဋ္ဌိ/ဗု—၇၂၇+၄၂၀။ မြန်/တ—၈၇။

အယောနိုသောမနသိကာရသုတ်

(ဥဒါယိဝဂ် အယောနိသော မနသိကာရသုတ်) နှင့် တူသည်။

မဟာ ပါ—ဂဝ။ ဌ/တ—မ။ ဋ/ပ။ မြန်/တ ၈၇၊ ၈၈။

အဒလိဒ္ဓသုတ်

ရဟန်းတပါးသည် မြတ်စွာဘုရားသျှင်ဟော အဘယ်ကြောင့် ဓနရှင်လူချမ်းသာ ဟု ခေါ်ဆိုရပါသနည်းဟု မေးလျှောက်ပုံ ဘုရားသျှင်က ဟောတော်မူသော ဝုနစ်ပါးကို အကြိမ်ကြိမ်ပွားများခြင်းကြောင့် ဓနရှင် လူချမ်းသာဟု ခေါ်ဆိုရပုံကို ဟောကြားတော်မူသောသုတ်။

(လောကုတ္တရာ ဓနရှင် လူချမ်းသာကို ပြသည်။)

မဟာ သံ—ပါ/တ—ဂ၉။ ဌ/တ—မ။ ဋ္ဌိ/ဗု မ။ မြန်/တ—၉၄။

အဗျာပဇ္ဈိကသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ဗောဇ္ဈင် ဝုနစ်ပါးကို အကြိမ်ကြိမ် ပွားများရန် အတွင်းအင်္ဂါ၌ သင့်လျော်သော နှလုံးသွင်းခြင်းမူတပါး ဒုစ္ခရိုးမူတပါး ခြုံတော်မမူပုံ သင့်လျော်သော နှလုံးသွင်းနှင့် ပြည့်စုံသူအား ဗောဇ္ဈင် ဝုနစ်ပါးကို ပွားများလိမ့်မည်ဟု မြွေလင့်ချက် ရှိပုံကို ဟောကြားတော်မူသောသုတ်။

(အတွင်းအင်္ဂါ၌ နှလုံးသွင်းရှိပုံနှင့် ဗောဇ္ဈင်တရား ပွားများရန်ကို ပြသည်။)

မဟာ သံ—ပါ—ဂ၉။ ဌ/တ—မ။ ဋ္ဌိ/ဗု—မ၊ မြန်/တ—၉၄၊ ၉၅။

ဝုဋ္ဌသုတ်

(ပရိယာယသုတ်နှင့် နိဒါန်းတူသည်၊) မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ဗောဇ္ဈင် ဝုနစ်ပါးတို့တွင် ပွားများသင့်သောအခါ ပွားများဘင့်သော ဗောဇ္ဈင်နှင့် ပပ္ပာ များသင့်သော ဗောဇ္ဈင်တို့ကို ခွဲခြားဝေဘန်၍ ဗောဇ္ဈင်ဝေးရား ပွားများနည်းကို မိးကြိုးကိုတောက်စေ ငြိမ်းသတ်စေသော ဥပမာဖြင့် အကျယ် ဟောကြားတော်မူသောသုတ်။

(ယောဂီတို့ အထူးမှတ်သား သတိပြုရန်ကို ပြသည်။)

မဟာ သံ—ပါ—၉ဂ+၁၀၀။ ဌ/တ—၂၀၇။ ဋ္ဌိ/ဒု—၄၄၅။ မြန်/တ—၁၀၂+၁၀၄။

အဘယသုတ်

ရာဇပြုပ်ပြည် ဂိဇ္ဈကူဋ်ရွှေတောင်၌ အဘယမင်းသားသည် မြတ်စွာဘုရားသျှင်အား သိမြင်ခြင်း မသိမြင်ခြင်းတို့သည် အကြောင်း အထောက်အပံ့ မရှိဟု ပုရာဏတသားပတို့ ဟောသည်ကို လျှောက်ထားပုံ ဘုရားသျှင်က သိခြင်း မသိခြင်း တို့သည် နိဝရဏ ငါးပါး အကြောင်း ဘဏ်ခွဲပုံ ဖေဖော်ချင်တ်ရား ပွဘားများပုံနှင့် အဘယမင်းသား ပြန်ကြား လျှောက်ထားပုံ တို့ကို ဟောကြားတော်မူသောသုတ်။

(သိမြင်ခြင်း မသိမြင်ခြင်း၏ အကြောင်း တရားကို ပြသည်။)

မဟာ သံ–ပါ–၁၁၁ ၁၁၃။ ဋ္ဌ/တ–၂၁၀ ၂၁၁။ ဋီ/ဒု–၄၄၈။
မြန်/တ–၁၁၅ ၁၁၆။

အဋ္ဌကမဟာပဠလသုတ်

(သာဝတ္ထိ) မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား အရိုးစုဟု ရှုမှတ်ပွားများသည့် အဋ္ဌကသညာသည် အကျိုးကြီးပုံကို ဟောကြားတော်မူသောသုတ်။

(အဋ္ဌိကသညာ ကမ္မဋ္ဌာန်း အကျိုးကြီးမားပုံကို ပြသည်။)

မဟာ သံ ပါ–၁၁၄။ ဋ္ဌ/တ– ၂၁၁။ ဋီ/ဒု– ၄၄၈။ မြန်/တ–၁၁၇။

အညတြဖလသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား အဋ္ဌိကသညာနှင့် ဗောဇ္ဈင် ခုနစ်ပါးကို ပွားများ ဖြားစုံလျှင် မျက်မှောက်ဘဝ၌ပင် အနာဂါမ်နှင့် အရဟတ္တဖိုလ် တပါးပါးကို ကောန် ရရှိနိုင်ပုံကို ဟောကြားတော်မူသောသုတ်။

(အဋ္ဌိကသညာ နှင့် ဗောဇ္ဈင်ခုနစ်ပါးတို့ကျိုးကို ပြသည်။)

မဟာ သံ ပါ–၁၁၃ ၁၁၄။ ဋ္ဌ/တ မ။ ဋီ/ဒု–မ။ မြန်/တ–၁၁၇။

အသုဘသုတ်

(အညတြဖလသုတ်)နှင့်တူသည်၊ အသုဘနှင့် ဗောဇ္ဈင် ခုနစ်ပါးကို ပြသည်။

မဟာ သံ ပါ–၁၁၆။ ဋ္ဌ/တ–၂၁၁ ၂၁၂။ ဋီ/ဒု–၄၄၀×၄၄၉။ မြန်–၁၂၀။

အနိစ္စသုတ်

(အညတြဖလသုတ်) နှင့်တူသည်၊ သဗ္ဗလောက အနိစ္စတာ သညာနှင့် ဗောဇ္ဈင် ခုနစ်ပါးကို ပြသည်။

အနိစ္စသုတ်

(အညတြဖလသုတ်) နှင့် တူသည်၊ အနိစ္စသညာနှင့် ဗောဇ္ဈင် ခုနစ်ပါးကို ပြသည်။)
မဟာ သံ–ပါ–၁၁၆။ ဥ/တ–၂၁၁ ၂၁၂။ ဋီ/ဒု–၄၄၈+၄၄၉။ မြန်/တ–၁၂၁။

အနတ္တသုတ်

(အညတြ ဖလသုတ်နှင့်တူသည်၊ ဒုက္ခေ အနတ္တသညာနှင့် ဗောဇ္ဈင်ကို ပြသည်။)
မဟာ သံ–ပါ–၁၁၇။ ဥ/က–၂၁၁ ၂၁၂။ ဋီ/ဒု–၄၄၈+၄၄၉။ မြန်/တ/၁၂၁။

အမ္မပါလိသုတ်

ဝေသာလီပြည် အမ္မပါလိ သရက်ဥယျာဉ်၌ မြတ်စွာဘုရားသည် ရဟန်းတို့အား သတိပဋ္ဌာန်ဘရားကို ပွားများခြင်း၏ အကျိုးပြဝါးပါးနှင့် သတိပဋ္ဌာန် လေးပါးကို ဟောကြားတော်မူသောသုတ်။

(သတိပဋ္ဌာန်တရား လေးပါးကို ပွားများအားထုတ်ရခြင်း၏ အကျိုးကို ပြသည်။)

မဟာ သံ–ပါ–၁၂၃။ ဥ/တ–၂၁၃ ၂၁၇။ ဋီ/ဒု–၄၅၀ ၄၅၇။ မြန်/က–၁၂၇။

အကုသလရာသိသုတ်

(သာဝတ္ထိ) မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား အကုသိုလ်တရားအစုသည် နိဝရဏဘရား ငါးပါးဖြစ်ပုံနှင့် ကုသိုလ်တရား အစုသည် သတိပဋ္ဌာန်တရား လေးပါးဖြစ်ပုံကို ဟောကြားတော်မူသောသုတ်။

(အကုသိုလ် ကုသိုလ် တရားအစုတို့တို့ ပြသည်။)

မဟာ သံ–ပါ–၁၂၇။ ဥ–မ။ ဋီ/ဒု– ၄၆၉။ မြန်/တ– ၁၃၁ ၁၃၂။

အရိယသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား သတိပဋ္ဌာန်တရား လေးပါးကို ပွားများလျှင် အရိယာမဂ်တို့သည် ဆင်းရဲလွတ်ကင်းရာ နိဗ္ဗာန်သို့ ပို့ဆောင်ပုံတို့ကို ဟောကြားတော်မူသောသုတ်။

(သတိပဋ္ဌာန်ကို ပွားများလျှင် အရိယာမဂ်တရားကို ရနိုင်ပုံကို ပြသည်။)

မဟာ သံ–ပါ–၁၄၄။ ဥ– မ။ ဋီ– မ။ မြန်/တ–၁၅၀။

အညတရဗြာဟ္မဏသုတ်

(သာဝတ္ထိ) ပုဏ္ဏားတယောက်သည် မြတ်စွာဘုရားသျှင်အား ယူဟောင်ကောင်းတရား

ကြာရှည်စွာတည်ခြင်း မတည်ခြင်းနှင့် စပ်၍ မေးခွန်းမျှောက်ပုံ ဘုရားသျှင်က သတိပဋ္ဌာန်တရား လေးပါးကို ပွင့်များအားထုတ်လျှင် သုတေသီကောင်းကျိုးကို ကြာရှည်စွာ တည်လိမ့်မည်ကို ဟောကြားတော်မူသောသုတ်။

(ဗီရဇ္ဇီတီသုတ်နှင့် တူသည်။)

မဟာသိ-ပါ- ၁၅၁။ ဌ/တ--ပ။။ ဦ/ဒု-ပ။။ မြန်/တ—၁၅၅-၁၅၇။

အာနဉ္ဇသုတသုတ်

(သာဝတ္ထို) မြို့တွင်ရှိသော ဘုရားသခင်သည် ရဟန်းတို့အား ဘုရားမဖြစ်မီ ရှေးအခါက မကြားဘူးသော သတိပဋ္ဌာန်လေးပါးတို့ကို ပွင့်များအောင်၏- ပွင့်များပြီးပြီ ဟူသော သိမှုဉာဏ်ဖြင့် ဒေသနာရသည့် အကြောင်းတရားတို့ ပေါ်ရှားဖြစ်ပေါ်လာပုံကို ဟောကြားတော်မူသောသုတ်။

(သတိပဋ္ဌာန်လေးပါးခွဲ အကြောင်းအားဖြင့် သိတောင်မူပုံကို ပြသည်။)

မဟာသိ-ပါ- ၁၅၅။ ဌ/တ--ပ။။ ဦ/ဒု—၄၈၄။ မြန်/တ—၁၆၃-၁၆၅။

အာနေဉ္ဇသုတ်

ရွှေတိဉ္စာဘုရားသခင်သည် ရဟန်းတို့အား ဆင်ခြင်ဖွယ်ရာလေးပါးကို ပွင့်များအောင် ဟောကြားခြင်း ဖြစ်သောကြောင့် အနာဂါမ်ဖြစ်နိုင်ပုံကို ဟောကြားတော်မူသောသုတ်။

(သတိပဋ္ဌာန်လေးပါးခွဲ အကြောင်းအားလုံးတို့၏ အကျိုးကိုပြသည်။)

မဟာသိ-ပါ- ၁၅၇။ ဌ/တ- ပ။။ ဦ/ဒု-ပ။။ မြန်/တ—၁၆၃ ၁၆၄။

အာမတသုတ်

(သာဝတ္ထို) မြို့တွင်ရှိသော ဘုရားသခင်သည် ရဟန်းတို့အား သတိပဋ္ဌာန်လေးပါးခွဲ ဘည်ကြည်သော သမာဓိတရားကို ပြည့်စုံကြွရာ ဒေါသကို ပယ်ခွာနိုင်ကြောင်း မဆုံးရှုံး မပျက်စီးစေရန်ကို သတိပေး ဟောကြားတော်မူသောသုတ်။

(သတိပဋ္ဌာန် ပွင့်များရန်အလို့ငှာ အကျိုးမပျက်စီးရန်ကို ပြသည်။)

မဟာသိ-ပါ- ၁၆၇။ ဌ/မ။။ /မ။။ မြန်/တ—၁၆၇။

ပဌမ ဘရဟန္တသုတ်

ရွှေတိဉ္စာဘုရားသခင်သည် ရဟန်းတို့အား ဂူဇွန်ငါးပါးနှင့် ဂူဇွန်ငါးပါးတို့၏ သာယာဖွယ်

အပြစ် ထင်ရှားကြောင်း တို့ကို ဟုတ်မှန်စွာသိ၍ ဥပဓိနိမ့ လွတ်ရာဖြစ်ပုံကို ဟောကြားတော်မူသောသုတ်။

(ကုန်ခြောင်းပါး နှင့် ရဟန္တာဖြစ်ပုံကို ပြသည်၊)

ဒုတိယ အရဟန္တသုတ်

မြတ်စွာဘုရား သည်သည် ရဟန်းတို့အား ကုန်ခြောင်းပါးခြင်း နှင့် ကုန်ခြောင်းပါးခြင်း၏ ဖြစ်ခြင်း, ချုပ်ခြင်း, သာယာဖွယ်, အပြစ်, လွတ်မြောက်ရာတို့ကို ဟုတ်မှန်စွာသိလျက် ဥပဓိနိမ့ လွတ်မြောက်လျှင် မင်္ကျိုးစွပြီး၍ ရဟန္တာဖြစ်ပုံကို ဟောကြားတော်မူသောသုတ်။

(ကုန်ခြောင်းပါးတို့၏ ဖြစ်ခြင်း, ချုပ်ခြင်းကို အထူးပြသည်၊ အထက်သုတ်နှင့်တူသည်။)

မဟာသံ—ပါ—၁၇၀+၁၇၁။ ဠ/မ။ ဋီ/မ။ မြန်/တ—၁၇၅၊ ၁၇၆။

အညိုဖြစ်ဖွယ်သုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား တနည်းအားဖြင့် အနည်ငယ်တည်သော ဓိတိမြေ အညိုမြေ အညတော်ဝင်မြေ အားဖြင့် ကုန်လွန်သုံးပါးရှိပုံကို ဟောကြားတော်မူသောသုတ်။

(တနည်းအားဖြင့် ကုန်လွန်သုံးပါးကို ပြသည်။)

မဟာ သံ—ပါ—၁၈၀။ ဠ/တ—၂၆၉။ ဋီ/ဒု—၄၉၃။ မြန်/တ—၁၈၆။

အရဟန္တသုတ်

အထက် သုဒ္ဓိကဝဂ် (ဒုတိယ အရဟန္တသုတ်) နှင့်တူသည်၊ ကုန်လွန် ခြောက်ပါးမျှသာ ထူးသည်။ (ကုန်လွန်ခြောက်ပါး နှင့် ရဟန္တာဖြစ်ပုံကိုပြသည်။)

မဟာ သံ—ပါ—၁၈၁။ ဠ/တ—၂၇၂။ ဋီ/ဒု—၄၉၆။ မြန်—၁၈၇။

အရဟန္တသုတ်

အထက် သုဒ္ဓိကဝဂ် (ဒုတိယ အရဟန္တသုတ်) နှင့် တူသည်၊ သုခဓြေ စသော ကုန်လွန် ခြောက်ပါးမျှသာ ထူးသည်။

မဟာသံ — ပါ—၁၈၃။ ဠ/တ—၂၇၃။ ဋီ/ဒု—၄၉၆။ မြန်—၁၈၉။

အနုသယသုတ်

မြတ်ဗုဒ္ဓဘုရားသျှင်သည် ရဟန်းတို့အား ကုန်ခြင်းပါးကို အကြိမ်ကြိမ် ပွားများလျှင် အနုသယကို ပယ်ခွာခြင်း အကျိုးရှိပုံကို ဟောကြားတော်မူသောသုတ်။

(ကုန်ခြင်းပါးခြင်း အနုသယ ပယ်ပုံကို ပြသည်။)

မဟာ သံ–ပါ–၂၀၇။ ဥ/တ–မ။ ဦ/ဒု–မ။ မြန်–၂၁၂။

အပါဂသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ကုဋ္ဌပါဒ် လေးပါးရှိပုံနှင့် ကုဋ္ဌိပါဒ် လေးပါးကို အကြိမ်ကြိမ် ပွားများအားထုတ်လျှင် ကျိုက်ကမ်း သံသရာမှ ထိုက်ကမ်း နိဗ္ဗာန်သို့ ကူးမြောက်နိုင်ပုံကို ဟောကြားတော်မူသောသုတ်။

(ကုဋ္ဌိပါဒ် လေးပါးနှင့် သံသရာ ကူးမြောက်ပုံကို ပြသည်။)

မဟာ သံ–ပါ–၂၂၂။ ဥ/တ–၂၀၂။ ဦ/ဒု–၅၀၃။ မြန်–၂၂၄။

အရိယသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ကုဋ္ဌိပါဒ် လေးပါးကို အကြိမ်ကြိမ် ပွားများလျှင် ဆင်းရဲကုန်ရာ နိဗ္ဗာန်သို့ တုတ်ဆောင်နိုင်ပုံကို ဟောကြားတော်မူသောသုတ်။

(ကုဋ္ဌိပါဒ် လေးပါး ပွားများခြင်း၏ အကျိုးကို ပြသည်။)

မဟာ သံ–ပါ–၂၂၂ ၂၂၃။ ဥ/မ။ ဦ/မ–။ မြန်–၂၂၄ ၂၂၅။

အယောဂုဇ္ဈသုတ်

(သာဝတ္ထိ) အသျှင် အာနန္ဒာသည် မြတ်စွာ ဘုရားသျှင်အား နာမကာယဖြင့်ဝင်း ရုပကာယဖြင့်ဝင်း ပြဟ္မာပြည်သို့ ကြွသွားတော်မူခြင်း စသော တန်ခိုးတော်နှင့်စပ်၍ မေးလျှောက်ပုံ ဘုရားသျှင်က ဘုရားသျှင်တို့သည် အံ့ဘွယ်အထူးထူးတို့နှင့် ပြည့်စုံတော်မူပုံ- စိတ်ကို ကိုယ်တော်၌ဝင်း ကိုယ်တော်ကို စိတ်၌ဝင်း တင်ထား၍ ချမ်းသာပေါ့ပါးသော အမှတ်သညာကို ပွါးသော် လဲဝါဂွမ်းကဲ့သို့ အလိုတော်ရှိသလို ပေါ့ပါး လျင်မြန် နူးညံ့ပုံ- အလိုတော် ရှိသမျှသော တန်ခိုးတို့နှင့် ပြည့်စုံပုံ စသည်တို့ကို ပူသောသံတွေခဲနှင့် ဥပမာပြု၍ အကျယ် ဟောကြားတော် မူသောသုတ်။

(ဘုရားသျှင်၏ တန်ခိုးတော် ဖြစ်စေတော်မူနိုင်ပုံကို ပြသည်။)

မတာ သံ–ပါ–၂၄၆+၂၄၇။ ဥ/တ–၂၉၁+၂၉၂။ ဦ/ဒု–၅၁၄+၅၁၅။
မြန်–၂+၂၅၀။၄၉

အမွပါလိဝနသုတ်

ဇေသာလီပြည် အမွပါလိ ဥယျာဉ်၌ အသျှင် သာရိပုတ္တရာသည် အသျှင် အနုရုဒ္ဓါအား ဣန္ဒြေတို့သည် ကြည်လင်သန့်စင်သည် ဖြစ်၍ ပါနေ့ အဘယ်နေခြင်းမျိုးဖြင့် အနေများပါသနည်း ဟု မေးလျှောက်ပုံ အသျှင်အနုရုဒ္ဓါက သတိပဋ္ဌာန် လေးပါးတို့၌ ကောင်းစွာ တည်သော စိတ်ဖြင့် အနေများပုံသဏ္ဌာန်ကို ပယ်ပြီးသော ရဟန္တာသည်လည်း သတိပဋ္ဌာန်လေးပါး၌ ကောင်းစွာတည်သောစိတ်ဖြင့် နေ ရကို မိန့်ကြားတော်မူသောသုတ်။

(ရဟန္တာဖြစ်သော်လည်း သတိပဋ္ဌာန် လေးပါး ပွားများခြင်းမူပုံကို ပြသည်။)

မဟာ သံ–ပါ–၂၆၃+၂၆၄။ ဋ္ဌ/တ–၂၉၄။ ဋီ ၅၁၆။ မြန်–၂၆၅ ၂၆၆။

အရိဋ္ဌသုတ်

(သာဝတ္ထိ) မြတ်စွာဘုရားသျှင်သည် အာနာပါနဿတိပွားများပုံ အချို့မကျသော အသျှင်အရိဋ္ဌအား ပွားများပုံ အစုံအလင်ကို အဆက် (ကေခမ္မသုတ်)ကဲ့သို့ အကျယ်ဟောကြား ဥပ္ပန်ပြကောင်းမူသောသုတ်။

(အာနာပါနဿတိ ပွားများပုံကို အစုံအလင်ပြသည်။)

မဟာသံ–ပါ–၂၇၄။ ဋ္ဌ/တ–၂၉၅။ ဋီ/ဒု–၅၁၈။ မြန်/တ ၂၇၆+၂၇၇။

အနုသယသမုဂ္ဃါတသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား အာနာပါနဿတိ သမာဓိကို အကြိမ်ကြိမ် ကောင်းစွာ ပွားများ အားထုတ်လျှင် အနုသယကို ကောင်းစွာခွာနိုင်ပုံကို ဟောကြားတော်မူသောသုတ်။

(အာနာပါနသမာဓိဖြင့် အနုသယခွာနိုင်ပုံကို ပြသည်။)

မဟာ သံ–ပါ–၂၉၆။ ဋ္ဌ/တ–မ။ ဋီ/ဒု–မ။ မြန်/တ–၂၉၈။

အဒ္ဓါနပရိညာသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား အာနာပါနဿတိ သမာဓိကို အကြိမ်ကြိမ် ကောင်းစွာ ပွားများ အားထုတ်လျှင် သံသရာအဝန်ကို ပိုင်းခြား၍ သိနိုင်ပုံကို ဟောကြားတော်မူသောသုတ်။

(သံသရာအဝန်ခရီးကို ပိုင်းခြား၍ သိနိုင်ပုံကို ပြသည်။)

မဟာ သံ–ပါ–၂၉၆။ ဋ္ဌ/တ–မ။ ဋီ/ဒု–မ။ မြန်/တ–၂၉၈။

နိဒ်ကာယ မဇ္ဈိမကျမ်း

ပဌမ အနာထပိဏ္ဍိကသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား အဝိဇ္ဇာ စသော ဆယ်ပါးသော တရားတို့၏ ဖြစ်ကြောင်းတရား အဆင့်ဆင့်နှင့် ဝိဇ္ဇာဝိမုတ္တိကရား ဆယ်ပါးတို့၏ ဖြစ်ကြောင်း တရားအဆင့်ဆင့် တို့ကို ဟောကြားတော်မူသောသုတ်။

(အကြောင်းတရားကင်း၍ မဖြစ်ပုံကိုပြသည်။)

အံ/ဒသ--ပါ/တ ၃၄၆+၃၄၈။ ဋ္ဌ/တ--၃၁၇။ ဋီ/တ--၃၃၃+၃၃၈။ မြန်/တ--၃၄၄+၃၄၆

အဝေစ္စပ္ပသန္နသုတ်

မြတ်စွာ ဘုရားသျှင်သည် ရဟန်းတို့အား ဘုရားဌ် မတုန်မလှုပ် သက်ဝင် ယုံကြည်သူတို့သည် မဂ်ဉာဏ် အဆင့်ဆင့်ရှိသော အရိယသာဝကတို့သာဖြစ်ပုံ - အရိယသာဝက ငါးမျိုးသည် ကာမဘုံ၌ ပရိနိဗ္ဗာန်ပြုတော်မူကြပုံ. အရိယသာဝက ငါးမျိုးသည် ကာမဘုံကို စွန့်၍ ပရိနိဗ္ဗာန် ပြုတော်မူကြပုံကို ဟောကြားတော်မူသောသုတ်။

(ဘုရားသျှင်၌ မတုန်မလှုပ် ကြည်ညိုသူဆယ်ဦးကို ပြသည်။)

အံ/ဒသ--ပါ/တ--၃၅၁+၃၅၂။ ဋ္ဌ/တ--၃၁၇။ ဋီ/မ။ မြန်/တ--၃၄၉+၃၅၀။

အဝိမာနသုတ်

အသျှင်မဟာကဿပသည် ရဟန်းတို့အား အထင်ကြီး၍ မဂ်ကိစ္စပြီးပြီဟု ပြောကြားသော ရဟန်းအား စိစစ်လျှင် အကျိုးမဲ့ဖြစ်ရပုံနှင့် ဆယ်ပါးသော တရားကို မပယ်ရသေးမူ၍ မဂ်ကိစ္စပြီး လိမ့်မည်ဟူသော အကြောင်းမရှိပုံနှင့် ဆယ်ပါးသော တရားကို ဟောကြားတော်မူသောသုတ်။

(မဂ်ကိစ္စပြီးပြီဟု အထင်ကြီးမားပုံကို ပြသည်။)

အံ/ဒသ--ပါ/တ--၃၀၆+၃၀၉။ ဋ္ဌ/တ--၃၂၅။ ဋီ/မ။ မြန်/တ--၃၀၁+၃၀၃။

အကျောသကသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား သီတင်းသုံးဖော်တို့အား ဆဲရေးသော ရဟန်း အရိယာတို့အား စွပ်စွဲသော ရဟန်းသည် ပျက်စီးခြင်း ဆယ်မျိုးတို့တွင် တမျိုးမျိုးဖြင့် ပျက်စီးရပုံ နှင့် ပျက်စီးခြင်း ဆယ်မျိုးကို ဟောကြားတော်မူသောသုတ်။

(ပျက်စီးခြင်း ဆယ်မျိုးကိုပြသည်။)

အံ/ဒသ--ပါ/တ/၃၉၃။ ဋ္ဌ/တ--၃၂၆။ ဋီ/မ။ မြန်/တ--၃၀၇။

အဘဗ္ဘသုတ်

ကြင်းခွာဘုရားသျှင်သည် ရဟန်းတို့အား မပယ်လျှင် အရဟတ္တဖိုလ်သို့ မျက်မှောက်မပြုနိုင်ဘဲ ပယ်မှသာ မျက်မှောက် ပြုနိုင်သော တရား ဆယ်ပါးကို ဟောကြားတော်မူသောသုတ်။

(ပယ်ရန်တရား ဆယ်ပါးကို ပြသည်။)

အံ/ဒသ-ပါ/တ-၄၂၆။ ဌ/တ-မ။ ဋ္ဌီ/တ-မ။ မြန်/တ-၄၁၇+၄၁၈။

ပဌမ အသေခသုတ်

မြင်းခွာဘုရားသျှင်သည် ရဟန်းတပါးအား အသေကွပုဂ္ဂိုလ်သည် သမ္မာဒိဋ္ဌိ စသော ဆယ်ပါးသော အသေကွပုဂ္ဂိုလ်၏ ဥစ္စာဖြစ်သော တရားနှင့် ပြည့်စုံပုံကို ဟောကြားတော်မူသောသုတ်။

(အသေကွမည်ပုံကို ပြသည်။)

အံ/ဒသ-ပါ/တ-၄၃၆။ ဌ/တ-၃၃၅။ ဋ္ဌီ/တ-မ။ မြန်/တ-၄၂၉။

ဒုတိယ အသေခသုတ်

မြတ်ခွာဘုရားသျှင်သည် ရဟန်းတို့အား အသေကွပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော တရား ဆယ်ပါးကို ဟောကြားတော်မူသောသုတ်။

(အသေခ တရား ဆယ်ပါးကို ပြသည်။)

အံ/ဒသ-ပါ/တ-၄၃၆။ ဌ/ထ-၃၃၅။ ဋ္ဌီ/တ-မ။ မြန်/က-၄၂၉။

ပဌမ အဓမ္မသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား မိစ္ဆာဒိဋ္ဌိ စသော တရားမဟုတ် အကျိုးမဲ့သော တရားဆယ်ပါးနှင့် သမ္မာဒိဋ္ဌိ စသော တရား ဟုတ်မှန်၍ အကျိုးရှိသော တရားတို့တွင် တရားဟုတ်မှန်၍ အကျိုးရှိသော လမ်းစဉ်ကို ပွင့်များအား ထုတ်အပ်ကြောင်းကို ဟောကြားတော်မူသောသုတ်။

(အမှန် နှင့် အမှား တရား ဆယ်ပါးကို ပြသည်။)

ဒုတိယ အဓမ္မသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား မိစ္ဆာဒိဋ္ဌိ စသော တရား ဆယ်ပါးသည် တရား

မဟုတ် အကျိုးမရှိပုံ - သမ္မာဒိဋ္ဌိ စသော တရားဆယ်ပါးသည် တရားဟုတ်မှန်၍ အကျိုးရှိပုံကို အကျယ်ဟောကြားတော်မူသောသုတ်။

(အမှန် နှင့် အမှား အကျိုးရှိ, မရှိကို ပြသည်။)

အံ/ဒသ–ပါ/တ–၅၉၇+၄၃၉။ ဥ/တ–၃၃၆။ ဦ/တ–မ။ မြန်/တ–၄၃၀+၄၃၂။

တတိယ အဓမ္မသုတ်

အသျှင်အာနန္ဒာသည် ရဟန်းတို့အား တရားမဟုတ် အကျိုးမရှိသော တရားဆယ်ပါး နှင့် တရားဟုတ်မှန်၍ အကျိုးရှိသော တရားဆယ်ပါးကို အကျယ် ဟောကြားတော်မူပုံနှင့် ဘုရား သျှင်က ချီးကျူးထောက်ခံလျက် ဤအတိုင်း ဆောင်ကြမှတ်ကြဟု အတည်ပြုတော်မူသောသုတ်။

(အသျှင်အာနန္ဒာ၏ ပညာကြီးမားပုံကို ပြသည်။)

အံ/ဒသ– ပါ/တ–၄၃၉+၄၄၃။ ဥ/တံ–၃၃၆။ ဦ/တ–၃၅၃+၃၅၄။
မြန်/တ–၄၃၂+၄၃၅။

အဇိတသုတ်

အဇိတပရိဗိုဇ်သည် ပဏ္ဍိတမည်သော သီတင်းသုံးဖော်နှင့် စပ်၍ မြတ်စွာဘုရားသျှင်အား မေးလျှောက်ပုံ - ဘုရားသျှင်က ရဟန်းတို့အား ပဏ္ဍိတဝတ္ထု ဆယ်ပါးကို ဝေဘန်ဟောကြားတော်မူသောသုတ်။

(ပဏ္ဍိတဝတ္ထုဆယ်ပါးကို ပြသည်။)

အံ/ဒသ–ပါ/တ–၄၄၃+၄၄၅။ ဥ/တ–၃၃၆။ ဦ/မ။ မြန်/တ–၄၃၅+၄၃၇။

အငမသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား သမ္မာဒိဋ္ဌိစသော ရာဂ, ဒေါသ, မောဟ ပျောက်ကင်းခြင်းလျှင် အဆုံးရှိသော ဆယ်ပါးသော တရားတို့သည် ဘုရားသျှင်၏ အဆုံးအပ သာသနာတော်မှတပါး မဖြစ်နိုင်ပုံကို ဟောကြားတော်မူသောသုတ်။

(သာသနာတော်ပျံ့ခင်း တရားကို ပြသည်။)

အံ/ဒသ–ပါ/တ–၄၅၂။ ဥ/မ။ ဦ/မ။ မြန်/တ–၄၄၄။

အရိယဓမ္မသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား မိစ္ဆာဒိဋ္ဌိ စသော မမြတ်သောတရား ဆယ်ပါးနှင့် သမ္မာဒိဋ္ဌိ စသော မြတ်သောတရား ဆယ်ပါးကို ဟောကြားတော်မူသောသုတ်။

(မြတ်သောတရားဆယ်ပါးကို ပြသည်။)

အံ/ဒသ–ပါ/တ–၄၅၃။ ဋ္ဌ/မ။ ဋီ/မ။ မြန်/တ–၄၄၆။

အကုသလသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား မိစ္ဆာဒိဋ္ဌိ စသော အကုသိုလ်တရား ဆယ်ပါး နှင့် သမ္မာဒိဋ္ဌိစသော ကုသိုလ်တရား ဆယ်ပါးကို ဟောကြားတော်မူသောသုတ်။

(ကုသိုလ်တရား ဆယ်ပါးကို ပြသည်။)

အံ/ဒသ–ပါ/တ–၄၅၃။ ဋ္ဌ/မ။ ဋီ/မ။ မြန်/တ–၄၄၆။

အတ္တသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား မိစ္ဆာဒိဋ္ဌိစသော အကျိုးမဲ့တရား ဆယ်ပါး နှင့် သမ္မာဒိဋ္ဌိ စသော အကျိုးရှိသောတရား ဆယ်ပါးကို ဟောကြားတော်မူသောသုတ်။

(အကျိုးရှိသောတရား ဆယ်ပါးကို ပြသည်။)

အံ/ဒသ–ပါ/တ–၄၅၃။ ဋ္ဌ/မ။ ဋီ/မ။ မြန်/တ။ ၄၄၆။

အရိယမဂ္ဂသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား မိစ္ဆာဒိဋ္ဌိ စသော မမြတ်သော လမ်းစဉ်ဆယ်ပါး နှင့် သမ္မာဒိဋ္ဌိ စသော မြတ်သော လမ်းစဉ်တရား ဆယ်ပါးကို ဟောကြားတော်မူသောသုတ်။

(မြတ်သော လမ်းစဉ်တရား ဆယ်ပါးကို ပြသည်။)

အံ/ဒသ- ပါ/တ–၄၅၅။ ဋ္ဌ/မ။ ဋီ/မ။ မြန်/တ–၄၄၈–၄၄၉။

အနုဿရိတဗ္ဗသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား မအောက်မေ့ရမည့် တရား နှင့် အောက်မေ့ ရမည့်တရားကို ဟောကြားတော်မူသောသုတ်။

(အောက်မေ့ရမည့် တရားကို ပြသည်။)

အံ/ဒသ–ပါ/တ–၄၅၇။ ဋ္ဌ/မ။ ဋီ/မ။ မြန်/တ–၄၅၁။

အရိယပစ္စောရောဟဏိသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား သုစရိုက်တရား ဆယ်ပါးဖြင့် မြတ်သော နှင်ထုတ်ခြင်းကို ဟောကြားတော်မူသောသုတ်။

(မြတ်သောနှင်တုတ်ခြင်းကို ပြသည်။)

အံ/ဒသ–ပါ/တ–၄၆၁+၄၆၂။ ဋ္ဌ–မ။ ဋီ/မ။ မြန်/တ–၄၅၅။

ပဌမ အဓမ္မသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား တရားပဟုတ် အကျိုးမဲ့ဖြစ်သော ဒုစရိုက်တရား ဆယ်ပါး နှင့် တရားဟုတ်၍ အကျိုးရှိသော သုစရိုက်ဘက္ခုး ဆယ်ပါးကို ဟောကြားတော်မူသောသုတ်။

(တရားဟုတ်၍ အကျိုးရှိသော ကရားဆယ်ပါးကို ပြသည်။)

အံ/ဒသ–ပါ/တ–၄၆၄။ ဋ္ဌ/မ။ ဋီ/မ။ မြန်/တ–၄၅၇+၄၅၈။

ဒုတိယ အဓမ္မသုတ်

အသျှင်မဟာကစ္စည်းမထေရ်သည် ဂုဟန်းတို့အား တရားမဟုတ် အကျိုးမရှိသော ဒုစရိုက်တရားဆယ်ပါး နှင့် တရားဟုတ်၍ အကျိုးရှိသော သုစရိုက်တရား ဆယ်ပါးကို ဟောကြားတော်မူပုံ နှင့် ဘုရားသျှင်က ချီးကျူးထောက်ခံလျက် ဤအတိုင်း ဆောင်ကြ မှတ်ကြဟု အတည်ပြုတော်မူသောသုတ်။

(အသျှင်မဟာကစ္စည်း၏ ပညာဉာဏ်ကြီးပုံကို ပြသည်။)

အံ/ဒသ–ပါ/တ–၄၆၄ ၄၆၉။ ဋ္ဌ/မ။ ဋီ/မ၊ မြန်/တ–၄၅၈+၄၆၂။

တတိယ အဓမ္မသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ဒုစရိုက်တရား ဆယ်ပါးသည် တရား မဟုတ်ပုံ-အကျိုးမဲ့ပုံ နှင့် သုစရိုက်ဘရား ဆယ်ပါးသည် တရားဟုတ်ပုံ အကျိုးရှိပုံတို့ကို ဟောကြားတော်မူသောသုတ်။

(တရားဟုတ်၍ အကျိုးရှိပုံကို အကျယ်ပြသည်။)

အံ/ဒသ–ပါ/တ–၄၇၀။ ဋ္ဌ/မ။ ဋီ/မ။ မြန်/တ–၄၆၃။

အရိယဓမ္မသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား မမြတ်သော ဒုစရိုက်တရား ဆယ်ပါးနှင့် မြတ်သော သုစရိုက်ဘရား ဆယ်ပါးကို ဟောကြားတော်မူသောသုတ်။

(သုစရိုက်တရား ဆယ်ပါးမြတ်ပုံကို ပြသည်။)

အံ/ဒသ–ပါ/တ–၄၀၂။ ဋ္ဌ/မ။ ဋီ/မ။ မြန်/တ–၄၇၂+၄၇၃။

အတ္တသုတ်

အကျိုးမဲ့သောတရား ဒုစရိုက်ဆယ်ပါးနှင့် အကျိုးရှိသောတရား သုစရိုက် ဆယ်ပါးကို ဟောကြားတော်မူသောသုတ်။

(အကျိုးရှိသော တရားကို ပြသည်။)

အံ/ဒသ—ပါ/တ—၄၀၃။ ဋ္ဌ/မ။ ဋီ/မ။ မြန်/တ—၄၇၃။

အရိယမဂ္ဂသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား မမြတ်သောလမ်းစဉ်တရား ဒုစရိုက် ဆယ်ပါးနှင့် မြတ်သောလမ်းစဉ်တရား သုစရိုက် ဆယ်ပါးကို ဟောကြားတော်မူသောသုတ်။

(မြတ်သောလမ်းစဉ်တရားကို ပြသည်။)

အံ/ဒသ—ပါ/တ—၄၀၅။ ဋ္ဌ/မ။ ဋီ/မ။ မြန်/တ—၄၇၅။

အနုဿရိတပ္ပသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား မအောက်မေ့ရမည့်တရားနှင့် အောက်မေ့ရမည့် တရားကို ဟောကြားတော်မူသောသုတ်။

(အောက်မေ့အပ်သော တရားကို ပြသည်။)

အံ/ဒသ—ပါ/တ—၄၈၇။ ဋ္ဌ/မ။ ဋီ/မ။မြန်/၄၇၀။

အဓမ္မစရိယာသုတ်

ပုဏ္ဏားတယောက်သည် မြတ်စွာဘုရားသျှင်အား အပါယ်ဝရဲသို့ကျရောက်ခြင်း, နတ်ပြည် သို့လားရောက်ခြင်း၏ အကြောင်း အထောက် အပံ့ကို လျှောက်ထားပုံ - ဘုရားသျှင်က ကရား မဟုတ် မညီညွတ်သော ဒုစရိုက်က ံကို ကျင့်သုံးခြင်းကြောင့် ဝရဲသို့ ကျရောက်ရခြင်း နှင့် တရား ဟုတ်၍ ညီညွတ်ဖြောင့်မှန်သော သုစရိုက်တရားကို ကျင့်သုံး ခြင်းကြောင့် နတ်ပြည်သို့ လားရောက် ရခြင်း စသည်ကို အကျယ်ဟောကြားတော်မူသောသုတ်။

(ကံတရား အကျိုးပေးပုံကို ပြသည်။)

အံ/ဒသ—ပါ/တ—၅၀၅+၅၀၆။ ဋ္ဌ/မ။ ဋီ/မ။ မြန်/တ—၄၉၅+၄၉၆။

အဌကနာဂရသုတ်

အဌကမြို့သား ဒသမသူကြွယ်သည် အသျှင်အာနန္ဒာအား တခုသောတရား ဟောကြား ပါရန် လျှောက်ထားပုံ - အရှင် အာနန္ဒာသည်တပါးမက နိဗ္ဗာန်ရောက်ကြောင်းတရား (၁၁) ပါးကို ဟောကြားတော်မူသောသုတ်။

(မင်္ဂလိမပဏ္ဏာသ အဌကနာဂရသုတ်နှင့် တူသည်။)

အံ/ဆက္ကဒသ—ပါ/တ—၅၄၂+၅၄၆။ ဋ္ဌ/တ—၃၄၆+၃၄၈။ ဋီ/တ—၃၆၁+၃၆၃
မြန်/တ—၅၂၉+၅၃၃။

[ဒီဃနိကာယ]

[အာ]

အာဠာနာဠိယသုတ်

မြတ်စွာ ဘုရားသျှင်သည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကူဋ် တောင်၌ သီတင်းသုံးတော်မူစဉ် နတ်မင်းကြီးလေးပါးတို့၏ လျှောက်ထားချက် အရ တောရနေ ပုဂ္ဂိုလ်များ အတွက် အရုံအတား အစောင့်အရှောက်ဖြစ်စိမ့်သောငှာ ဟောကြားတော်မူသောသုတ်။

(ပရိတ်တော်၏ တန်ခိုးကြီးပုံကို ပြသည်။)

ပါထိက/ပါ–၁၅၈+၁၇၄။ ဋ္ဌ/–၁၄၂+၁၅၂။ ဋီ/၁၄၇+၁၆၂။
မြန်/၁၇၇+၁၉၄။

[မ္ဈိမနိကာယ]

အာဂန္တုကခေါ်ယျသုတ်

(သာဝတ္ထိ) မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ပါတိမောက္ခသီလ အာစာရသီလ ဂေါစရသီလတို့နှင့် ကောင်းစွာပြည့်စုံကြစေရန် နှင့် အနည်းငယ်မျှသော အပြစ်ကို ဘေးဟုရှုရန် စသည်ဖြင့် တဆယ့်ခုနစ်ပါးသော အခြင်းအရာတို့ဖြင့် ဟောကြားတော်မူသောသုတ်။

(သီလတရားနှင့် ပြည့်စုံရန်ကို ပြသည်။)

မူလပဏ္ဏ–ပါ–၃၉+၄၃။ ဋ္ဌ/ပ–၁၅၀+၁၇၀။ ဋီ/ပ–၂၅၅+၂၆၀။ မြန်–၄၃+၄၇။

အာနဉ္ဇသပ္ပာယသုတ်

ကုရုတိုင်း ကမ္မာသဓမ္မနိဂုံး၌ မြတ်စွာဘုရားရှင်သည် ရဟန်းတို့အား ကာမဂုဏ်တို့သည် မျက်လှည့်ဥပမာ စသည်တို့နှင့် တူပုံ - မျက်မှောက်မျက်ကွယ် မာရ်မင်း၏ နယ်ပယ်ဖြစ်၍ ရဟန်းတို့၏ အန္တရာယ်ကိုပြုတတ်ပုံ - အဘိဇ္ဈာ ဗျာပါဒ သာရမ္ဘ သုံးပါးကို ဖြစ်စေပုံ စသည်ဖြင့် ကာမဂုဏ်တို့၏ အပြစ်နှင့် စျာန် သမာပတ် နှင့် လျော်သော အကျင့် သြဃလေးပါးမှ ထွက်မြောက်ကြောင်းအကျင့် အရဟာတတ္တဖိုလ်တရားတော်နှင့် မမေ့မလျော့ သတိဖြင့် ဆင်ခြင်ပွားများကြရန် သတိပေးဆုံးမ ဟောကြားတော်မူသောသုတ်။

(ကာမဂုဏ်တို့၏အပြစ် နှင့် စျာန်,မဂ်,ဖိုလ် တရားကို ပြသည်။)

ဥပရိပဏ္ဏ–ပါ–၄၀+၅၂။ ဋ္ဌ–၃၀+၄၅။ ဋီ–၂၅၁+၂၅၉။ မြန်–၅၁+၅၆။

အာနာပါနဿတိသုတ်

(သာဝတ္ထိပြည်) ပုဏ္ဏားရုံကျောင်းဝယ် ဗြာဟ္မဏအရှင်သည် ရဟန်းတို့အား အာနာပါနဿတိ ကမ္မဋ္ဌာန်းသည် လွန်စွာအကျိုးများပုံ၊ အာနာပါနဿတိ တရားကို ပွားများအားထုတ်သည်ရှိသော် သတိပဋ္ဌာန်တရား လေးပါးတို့ကို သတိပဋ္ဌာန်တရား ခုနစ်ပါးကို ပွားများအားထုတ်သည်ရှိသော် ဝိဇ္ဇာဝိမုတ္တိတရားကို ပြည့်စုံစေတတ်ပုံ၊ ဗောဇ္ဈင်ခုနစ်ပါးကို ပွားများအားထုတ်သည် ရှိသော် အဒုတ္ထံဉာဏ်ကို ပြည့်စုံစေတတ်ပုံ အစရှိသည်တို့ကို အကျယ် ဝေဘန်ဟောကြားတော်မူသောသုတ်။

(အာနာပါနဿတိ အကျဉ်းတရားပေးကျိုးများပုံကို ပြသည်။)

ဥပဓိ(ဏော်)/ပါ-၁၂ ... ဝ/ဖ+၁၀၂။ ဒီ/တ-၃၁၁-၃၁၅။ မြန်/၁၂၆+၁၃၄။

အာနန္ဒဘဒ္ဒေကရတ္တသုတ်

(သာဝတ္ထိ) အသျှင်အာနန္ဒာသည် ရဟန်းတို့ကို စည်းဝေးရာဌာနဌာန၌ ဘဒ္ဒေကရတ္တသုတ်ကို ဟောကြားတော်မူပုံ၊ ဘုရားသျှင်ကြီးလေးတော်မူ၏ ဖြစ်ကြောင်းအကြောင်းတရားကို ချီးကျူးတော်မူပြီးလျှင် ထပ်မံဟောကြားတော်မူသောသုတ်။

(ဝန္ဒဝဂါ-ပါးနှီး ဒီဃာနုပဿနာဖြင့်ပုံကို ပြသည်။)

ဥပရိပဏ်/ပါ-၂၀၁ ... ဒ-၁၂၇။ ဒီ-၃၆၈ ... ၃၆၉။ မြန်/၂၃၁+၂၃၅။

[သံယုတ္တနိကာယ]

အာဝဒိတ္တသုတ်

(သာဝတ္ထိ) နတ်သားသည် ဗြဟ္မစိုရ်ဘုရားသျှင်အား အိမ်ကို မီးလောင်သည်ရှိသော် အိုး၊ ခွက်စသောရတနာပစ္စည်းတို့ကို ယူဆောင်သကဲ့သို့ ယိုပစ္စည်းကိုတဖန်သုံးစွဲရသကဲ့သို့ အို၊ နာ၊ သေစသောမီးတို့ ဘောက်လောင်ကျွမ်းလောင်ခြင်းကား ဝဋ္ဋဒုက္ခအိမ်မှ ဒါန စသော ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်ဆောင်ယူသင့်ကြောင်း ဂျာဂရိယသည်ကို ဘုရားသျှင် ထောက်ခံအတည်ပြုတော်မူသောသုတ်။

(ကုသိုလ်တရားတို့ကို အာဝဇ္ဇနဝီထိလုပ်သင့်ပုံကို ပြသည်။)

သဂါထာဝဿ/ပါ-၂၀+၂၉။ ဗွ/ပ-၇၇+၇၀။ ဒီ/ပ-၁၁၀။ မြန်/ပ-၂၀။

ပဌမ အာယုသုတ်
ဒုတိယ အာယုသုတ်

(ရာဇဂြိုဟ်) မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား လူတို့၏အသက်တိုပုံ - သေခြင်းလျှင် အဆုံးရှိပုံ - ကုသိုလ်ကောင်းမှုတို့ကို မမေ့မလျော့ ပြုလုပ်သင့်ပုံတို့ကို ဟောကြားကော်မူပုံနှင့် မာရ်နတ်ယုတ်က ဆန့်ကျင်ဘက်စကားတို့ကို လျှောက်ကြား၍ ဘုရားသျှင်မိန့်ကြားတော်မူပုံကို ဟောကြားတော်မူသောသုတ်။

(ဒုတိယအာယုသုတ်၌ မာရ်နတ်ပါဆန့်ကျင်ဘက်စကား အနည်းငယ်မျှသာ ထူးသည်။)

သဂါထာ သံ/ပါ—၁၀၉+၁၁၁။ ပဋ္ဌ—၁၆၁။ ဋီ/ပ—၂၀၈။ မြန်/ပ—၁၀၆+၁၀၇။

အာဇဉ္ဇဝကာသုတ်

(သာဝတ္ထိ) အာဇဉ္ဇဝမြို့သူ ဘိက္ခုနီမတယောက်သည် အန္တဝန်တောအတွင်း သစ်ပင်ရင်း၌ မြတ်သောအကျင့်ကို ပွားများနေစဉ် မာရ်နတ်ယုတ်သည် ဘိက္ခုနီမအား နှိပ်စက်ဆိုဘာမရှိ - ငယ်စဉ်က ကာမဂုဏ်ကိုခံစားလော့ စသည်ဖြင့် ပြောကြားဖျက်ဆီးပုံ - ဘိက္ခုနီမက ဟယ်မာရ်ယုတ် နှိပ်စက်အမှန်ရှိသည်ကို ငါ၏ပညာဉာဏ်ဖြင့် သိမြင်၏ - သင်မာရ်ယုတ် မသိမြင်နိုင် - ကာမဂုတ်သည် လုံသွား, စဉ့်တိတုံးနှင့်တူ၏ - ငါ့အား ကာမဂုဏ်၌မွေ့လျော်ခြင်း မရှိတော့ပြီ' စသည်ဖြင့် မိန့်ကြားတော်မူသောသုတ်။

(နှိပ်စက်ကို ပညာဉာဏ်ဖြင့်သာ သိမြင်နိုင်ပုံကို ပြသည်။)

သဂါထာ သံ/ပါ—၁၂၉+။ ဋ္ဌ/ပ—၁၇၄။ ဋီ/ပ—၂၂၃။ မြန်/ပ—၁၂၅။

အာနန္ဒသုတ်

အသျှင်အာနန္ဒာသည် အသျှင်ဝင်္ဂီသအား နောက်ပါခေါ်၍ သာဝတ္ထိပြည်ဘွဲ့ခန့်မှန်းခံကြွတော်မူပုံ - အသျှင်ဝင်္ဂီသသည် ရာဂစိတ်ဖြစ်ပေါ်လာ၍ အသျှင်အာနန္ဒာအား အကူအညီတောင်းပုံနှင့် အသျှင်အာနန္ဒာက အသုဘသညာကိုပွားများရန် စသည်ဖြင့် ရာဂစိတ်ပျောက်ကင်းစေရန် နည်းလမ်းညွှန်ပြတော်မူပုံကို ဟောကြားတော်မူသောသုတ်။

(ရာဂစိတ်ကို အသုဘသညာဖြင့် နှိမ်နင်းပုံကို ပြသည်။)

သဂါထာ သံ/ပါ—၁၀၉+၁၉၀။ ဋ္ဌ/ပ—၂၄၀+၂၄၉။ ဋီ/ပ—၂၀၄+၂၀၅။
မြန်/ပ—၁၇၇+၁၇၀။

အာနန္ဒသုတ်

အသျှင်အာနန္ဒာသည် ကောသလဘိုင်း တောအုပ်တခု၌ လူအပေါင်းတို့၏ အကျိုးစီးပွားများစေခြင်းငှာ ဟောပြောဆုံးမခြင်းဖြင့် အချိန် ကုန်လွန်ဘော်မူပုံ - တောစိုးနတ်သည်

အသင်္ဃာရိတ်အာနန္ဒာ တောဘောင်အတွင်း၌ မမေ့မလျော့ စျာန်ဝင်စားတော်မူပါ၊ လူအပေါင်း တို့အား (ဤစွဲ ဗဒ္ဓစ်) ပြောဆိုနေခြင်းဖြင့် အကျိုးမရှိပါ၊ စသည်ဖြင့် သတိပေး လျှောက်ထား ကို ဟောကြား‌တော်မူသော‌သုတ်။

(အကျိုးမဲ့အချိန်မဖြုန်းသင့်ပုံကို ပြသည်။)

သဂါထာ သံ/ပါ—၂၀၁။ ဌ/ပ—၂၆၆+၂၆၇။ ဋ္ဌီ/ပ—၂၉၉+၃၀၀။ မြန်/ပ—၁၀၀။

အာဠဝကသုတ်

မြတ်ဗုဒ္ဓဘုရားသျှင်သည် အာဠဝီပြည် အာဠဝက ဘီလူး၏ ဗိမာန်၌ ဘီလူးအား တရားဟောကြား၍ ဆုံးမဩတော်မူပြီးလျှင် အာဠဝကဘီလူး၏ မေးလျှောက်တိုင်းသောပြဿနာတို့ကို ပြောကြား‌တော်မူ၍ ခွတ်တော်မူပုံကို ဟောကြား‌တော်မူသော‌သုတ်။

(ဌ/ဋ္ဌ—အာဠဝကဘီလူးခွတ်ပုံ ဝတ္ထုအကျယ်ကို ပုဒ်ပြသည်။)

သဂါထာ သံ/ပါ—၂၆၁ ၂၁၇။ ဌ/ပ—၂၀၉ ၃၀၀။ ဋ္ဌီ/ပ—၃၁၀+၃၂၉။ မြန်/ပ—၁၉၉+၂၀၂။

အာဋာနာသုတ်

(ဘဒ္ဒဝဂ္ဂီ) မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား သတ္တဝါတို့၏တည်ရာ အားထားရာ အဟာရဘုံသည် ကဗဠိကာရအာဟာရ, ဖဿအာဟာရ, မနောသဉ္စေတနာအာဟာရ, ဝိညာဏ အာဟာရဆေးပြား‌တော်မူ၍ အာဟာရလေးပါးရှိပုံ နှင့် အာဟာရ ဖြစ်ပေါ်ကြောင်းတရားကို အကျယ် ဟောကြား‌တော်မူသော‌သုတ်။

(အာဟာရလေးပါးရှိပုံကို ပြသည်။)

နိဒါန် သံ/ပါ—၂၅၃+၂၅၄။ ဌ/ဒု—၂၁၀ ၂၁၈။ ဋ္ဌီ/ဒု—၂၅+၃၂။ မြန်/ပ—၂၃၇+၂၃၈။

အာဇီသုတ်

(ဘဒ္ဒဝဂ္ဂီ) မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ဒဿဟာရုမင်းတို့၏ အာဇာကပသဒ်ဟော ပဋိစ္စသမုပ္ပါဒ်စီးရီ မယ်နှ(သံ) မျှသာ ကြွင်းကျန်သော‌အခါကဲ့သို့ နောင်အခါ ငါဘုရား၏ကော်ခဲနက်နဲသော သုတ္တန်တရားတော်ကို ကောင်းစွာနာယူသင်ကြား လေ့ကျက် ဆောင်ထားခြင်းမူရှိတော့ပဲ ကဗျာဆရာတို့၏ ဆန်းကြယ်သော ကဗျာလင်္ကာတို့ဖြင့် သီကုံး ရေးသားသော သုတ္တန် တရားကိုသာ နာယူမှတ်သား လေ့ကျက် ဆောင်ထားကြကုန်လတ္တံ့ ဟုဆိုဖြင့် ဟောကြား‌တော်မူသော‌သုတ်။

(ပရိယတ္တိနှင့် စပ်၍ ညွှန်ပြသည်၊ ဌ/ဋ္ဌ—အာဇာကစည်းဝေးကြောင်းကို ဖွင့်ပြသည်။)

နိဒါန် သံ/ပါ—၄၅၇။ ဌ/ဒု—၂၉၂။ ဋ္ဌီ/ဒု—၁၉၀+၁၉၁။ မြန်/ပ—၄၄၅+၄၄၆။

အာနန္ဒသုတ်

အသျှင်အာနန္ဒာသည် မြတ်စွာဘုရားသျှင်အား အဘယ်တရားတို့ ချုပ်သည်ကို နိရောဓ ခေါ်ပါသနည်းဟု မေးလျှောက်ပုံ· ရုပ်စသည်တို့သည် မမြဲ· ပြုပြင်အပ်သော အကြောင်းကြောင့် ဖြစ်ခြင်း ကုန်ခမ်းခြင်း, ပျက်စီးခြင်း, ပျောက်ဆုံးခြင်း, ချုပ်ခြင်းတို့ကို နိရောဓဟု ခေါ်ပုံကို ဟောကြားတော်မူသောသုတ်။

(နိရောဓမည်ပုံကို ပြသည်။)

ခန္ဓ သံ/ပါ--၂၁။ ဥ/ဒု--၂၄၂။ ဋီ/ဒု--၂၁၃။ မြန်/ဒု--၂၀+၂၁။

အာနန္ဒသုတ်

(သာဝတ္ထို) မြတ်စွာ ဘုရားသျှင်သည် အသျှင် အာနန္ဒာအား အဘယ်တရားတို့၏ ဖြစ်ပေါ်မှု, ပျက်မှု ဖေါက်ပြန်မှုတို့သည် ထင်ကုန်သနည်း ဟု တပါးသူက မေးသော် အဘယ်သို့ ဖြေဆိုအံ့နည်းဟု မေးတော်မူပုံ· အသျှင်အာနန္ဒာက ရုပ်စသည်တို့၏ ဖြစ်ပေါ်မှု, ပျက်မှု, ဖေါက်ပြန်မှုတို့သည် ထင်ကုန်၏ဟု ဖြေဆိုပါအံ့ဟု လျှောက်ထားရာ ချီးကျူးတော်မူပုံကို ဟောကြားတော်မူသောသုတ်။

(ခန္ဓာငါးပါး ဖြစ်ပေါ်, ပျက်စီး, ဖေါက်ပြန်မှုတရားကို ပြသည်။)

ခန္ဓ သံ--ပါ/ဒု--၃၀+၃၁။ ဥ/ဒု--၂၄၅+၂၄၆။ ဋီ/ဒု--၂၁၇+၂၁၈။ မြန်/ဒု--၃၀+၃၁။

ဒုတိယ အာနန္ဒသုတ်

မြတ်စွာ ဘုရားသျှင်သည် အသျှင် အာနန္ဒာအား ကာလသုံးပါးနှင့် စပ်၍ အဘယ်က (အာနန္ဒသုတ်)ကဲ့သို့ မေးတော်မူပုံ· အသျှင်အာနန္ဒာက ယခင်, ယခု, နောင် အာဒိတ္တိ၌ ရုပ်စသည်တို့၏ ဖြစ်ပေါ်မှု, ပျက်မှု, ဖေါက်ပြန်မှုတို့သည် ထင်ပြီး, ထင်ဆဲ, ထင်လတ္တံ့ဖြစ်ပုံကို လျှောက်ထားရာ· ဘုရားသျှင်က ချီးကျူးတော်မူပုံကို ဟောကြားတော်မူသောသုတ်။

(ကာလသုံးပါးလုံး၌ ထင်ပြီး တင်ဆဲ ထင်လတ္တံ့ဖြစ်ပုံကို ပြသည်။)

ခန္ဓ သံ/ပါ/ဒု--၃၁+၃၂။ ဥ/ဒု--၂၄၅+၂၄၆။ ဋီ/ဒု--၂၁၇+၂၁၈။ မြန်/ဒု--၃၁+၃၂။

အာဒိတ္တသုတ်

(သာဝတ္ထို) မြတ်စွာ ဘုရားသျှင်သည် ရဟန်းတို့အား ခန္ဓာ ငါးပါးတို့သည် အဘယ်ပြောင်ပြောင် တောက်လောင်နေပုံ· (သုတ၀ါ) အရိယာသာဝကသည် ရုပ်စသည်တို့ ကြိုးစ

လျက် တပ်နှစ်သက်ခြင်းတို့မှ ကင်းလွတ်၍ ကိုယ်လေားတို့မှ လွန်မြောက်ပြီးလျှင် မင်္ကိစ္စပြီးပုံစသည်ကို ဟောကြားတော်မူသောသတ်။

(ခန္ဓာငါးပါး၌ အလျှံပြောင်ခြောင် တောက်လောင်ပုံကို ပြသည်။)

ခန္ဓ သံ–ပါ/ဒု–၅၀။ ၌/ဒု–၂၅၇။ ဋ္ဌိ/ဒု–၂၂၇။ မြန်/ဒု–၅၆+၅၇။

အာနန္ဒသုတ်

(သဝတ္ထိ) အသျှင် အာနန္ဒာသည် ရဟန်းတို့အား မန္တာဏီပုတ္တြားမ၏သား အသျှင်ပုဏ္ဏ၏ ကျင့်ဒုက္ကရတို့ကို ချီးကျူးမိန့်ကြားတော်မူလျက် အသျှင်ပုဏ္ဏ၏တရားတော်ကို ကြားနာ၍ သစ္စာလေးပါးဘုရားကို သိခဲ့ရပုံကို ဟောကြားတော်မူသောသုတ်။

(အသျှင်ပုဏ္ဏ၏ ကျေးဇူးဂုဏ်တို့ကို ပြသည်။)

ခန္ဓ သံ–ပါ/ဒု–၁၆၂။ ၌/ဒု–၂၀၇။ ဋ္ဌိ/ဒု–၂၄၃+၂၄၄။ မြန်/ဒု–၁၀+၁၂။

အာနန္ဒသုတ်

(သဝတ္ထိ) တရားအားထုတ်လိုသော အသျှင်အာနန္ဒာသည် မြတ်စွာဘုရားသျှင်အား တရားတော်ကို အကျဉ်းအားဖြင့် ညွှန်ပြဟောကြားတော်မူပါရန် လျှောက်ထားပုံ · ဘုရားသျှင်က ရှုပ်ဝေဒနာစသည်တို့ မြဲသလော, ခံမ်းသာသလော, အတ္တလော စသည်ဖြင့် မေးဖြေပုံ · မမြဲ, ဆင်ခဲ့, ပေါက်ပြန်သော ရုပ်ဝေဒနာ စသည်တို့၌ ငါ, ငါဉ်စွာ, ငါ၏အတ္တ မဟုတ်ဟု ရှုရပုံ သဘောတို့ကို (အနုပ္ပဒေါလွန်ကာသုတ်) ကဲ့သို့ မင်္ကိစ္စပြီးပုံကို ဟောကြားတော်မူသောသုတ်။

(၌/ဋ္ဌိ- အသျှင်အာနန္ဒာ စိတ်ကိုထိန်းထားရုံမျှ ဟောကြားတော်မူပုံကို ပြသည်။)

ခန္ဓ သံ–ပါ/ဒု–၁၅၃။ ၌/ဒု–၃၀၇။ ဋ္ဌိ/ဒု–၂၆၁။ မြန်/ဒု–၁၄၄+၁၄၅။

အာကာသာနဉ္စာယတနသုတ်

အသျှင်အာနန္ဒာ မေးလျှောက်ပုံနှင့် အသျှင်သာရိပုတ္တရာက အာကာသာနဉ္စာယတနစျာန်ကို ဝင်စားခဲ့ခြင်းနှင့်စပ်၍ (ဝိဓေတဿုတ်) ကဲ့သို့ ဟောကြားတော်မူသောသုတ်။

(ထက္ခာပဓာနကို ပယ်သတ်ပြီးဖြစ် ငါမရှိပုံကို ပြသည်။)

ခန္ဓ သံ–ပါ/ဒု–၁၉၉။ ၌/ဒု–၃၁၀။ ဋ္ဌိ/ဒု–၂၇၄။ မြန်/ဒု–၁၀၉။

အာကိဉ္စညာယတနသုတ်

အသျှင်အာနန္ဒာ မေးလျှောက်ပုံ နှင့် အသျှင်သာရိပုတ္တရာ ဖြေကြားတော်မူပုံ တူသည်၊ အာကိဉ္စညာယတနစျာန် ဝင်စားခြင်းမျှသာ ထူးသည်။

ခန္ဓ သံ–ပါ/ဒု–၁၉၉။ ၌/ဒု–၃၁၀။ ဋ္ဌိ/ဒု–၂၇၄။ မြန်/ဒု–၁၀၉။

အာရမ္မဏမူလက ဂေါစရသုတ္တာဒိပဥ္စ

စျာန်ကသိုဏ်း အာရုံ၌သာလိမ္မာ၍ စျာန်၏ကျက်စားရာအာရုံ၌ မလိမ်မာ 'သမာပတ္တိ မူလက အစဉ်အတိုင်း' အာရမ္မဏမူလကသပ္ပါယကားရိကိုင်အောင် ၅ - သုတ်။ မူလ မူလီ သွင်းပါ။

ခန္ဓ သံ–ပါ/ဒု–၂၃၂။ ဌ/ဒု–၃၂၃+၃၂၄။ ဋီ/ဒု–၂၇၉။ မြန်/ဒု–၂၂၃။

အာဒိတသတ်

မြတ်စွာဘုရားသျှင်သည် ဂယာသီသ၌ ဥရုဝေလရဟန်းတထောင်တို့အား စက္ခုပသာဒ, အာရုံ, ဝိညာဏ်, ဖဿ, ဝေဒနာတို့မှ ရဂ စသော ကာမဂုဏ်ပါးသောမီးတို့ အလျှံပြောင်ပြောင် တောက်လောင်ပုံတို့နှင့် ဥရုဝေလရဟန်းတထောင် ရဟန္တာဖြစ်တော်မူကြပုံကို ဟောကြားတော် မူသောသုတ်။

(ဌ/၌–ကဿပညီနောင်၏ အာဘိတ်ဇာတ်ကြောင်းကို ဖွင့်ပြသည်။)

သဋ္ဌာ သံ–ပါ/ဒု–၂၅၁+၂၅၂။ ဌ/တ–၆+၁၀။ ဋီ/ဒု–၂၀၀။ မြန်/ဒု–၂၄၂+၂၄၃။

အာသဝပဟာနသုတ်

ရဟန်းတပါးသည် မြတ်စွာဘုရားသျှင်အား အဘယ်မျှသိမြင်သူသည် အာသဝေါတရား တို့မှ လွတ်မြောက်ပါသနည်းဟု မေးလျှောက်ပု - မြတ်စွာဘုရားသျှင်က စက္ခု စသော တရားတို့၌ အတ္တမဟုတ်ဟု ပညာဖြင့်သိမြင်သောသူသည် အာသဝေါတရားတို့မှလွတ်မြောက်ပုံကို ဟောကြား တော်မူသောသုတ်။

(အာသဝေါတရားတို့မှလွတ်မြောက်ပုံကို ပြသည်။)

သဋ္ဌာ သံ–ပါ/ဒု–၂၆၀။ ဌ/တ–၁၂။ ဋီ/ဒု–၂၉၁+၂၉၂။ မြန်/ဒု–၂၅၂။

အာသဝသမုဂ္ဃါတသုတ်

(အာသဝပဟာနသုတ်) နှင့် တူ၏၊ အာသဝတရားတို့၏ပယ်ခွာခြင်းသို့ ရောက်ပါသနည်း အမေးမျှသာထူးသည်၊ အဖြေတူသည်။

သဋ္ဌာ သံ–ပါ/ဒု–၂၆၁။ ဌ/တ–၁၂။ ဋီ/ဒု–၂၉၁+၂၉၂။ မြန်/ဒု–၂၅၂။

အာဒိတ္တပရိယာယသုတ်

မြတ်စွာဘုရားသျှင်သည် အလျှံတပြောင်ပြောင် ရဲရဲညီ တောက်လောင်သော [illegible] မာန်းသွားဖြင့် မျက်စိ စသည်တို့ကို ထိုးဖောက်, ဖြတ်တောက်, မွှေနှောက်ခြင်းသည် မြတ်သေး၏၊ သာယာနှစ်သက်စွာဖြင့် မြင်, ကြား, နံ, လျက်, ဟိုတွေ့ခြင်းတို့သည် မမြတ်ပုံ - အိပ်ပျော်နေသူသည်

မြဲခြင်း, တွေဝေခြင်း, အကျိုးမရှိခြင်းသာ ဖြစ်ပုံ. (သုတ၀ါ) အရိယ သာ၀ကသည် ငြီးငွေ့ခြင်း စသည်ဖြင့် မင်္ဂလာကိစ္စပြီးပုံကို ဟောကြားတော်မူသောသုတ်။

(အာရုံ၌ သာယာနှစ်သက်ခြင်း၏အပြစ်ကို ပြသည်။)

သဋ္ဌာ သံ–ပါ/ဒု–၃၇၇ ၃၇၉။ ဋ္ဌ/က–၅၀ ၅၂။ ဋီ/ဒု–၃၂၃။ မြန်/ဒု–၃၇၃+၃၇၅။

အာသီဝိသောပမသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား လူတယောက်သည် မြေဆိုးလေးကောင်, သူသတ်ယောကျ်ားငါးယောက်, သူလျှိခြောက်ယောက်တို့ကို ကြောက်ခုံ.၍ ပြေးသွားရာ လူးရှိသောရွာ ဒုံမ်ပျက်သို့ရောက်ပုံ. ရွာကိုဖျက်ဆီးသော ခိုးသူခြောက်ယောက်ကို ကြောက်ခုံ.၍ လှတ်မြောက်ရာ ပင်လယ်တဖက်ကမ်းသို့ ဖေါင်ဖြင့်ကူးခတ်၍ တဖက်ကမ်းသို့ရောက်ပုံ. ဥပမာ အစုံအလင်တို့ဖြင့် ခတ်ကြီးလေးပါး စသော ဥပမေယျတို့ကို ညွှန်ပြဟောကြားတော်မူသောသုတ်။

(ခတ်ကြီးလေးပါး စသော ရန်သူတို့မှလွတ်ခြောက်၍ နိဗ္ဗာန်သို့ရောက်ပုံကို ပြသည်။)

သဋ္ဌာ သံ–ပါ/ဒု–၃၀၁+၃၀၃။ ဋ္ဌ/တ–၅၂+၆၇။ ဋီ/ဒု–၃၂၄÷၃၂၉။
မြန်/ဒု–၃၇၇+၃၇၉။

ပဌမ အာကာသသုတ်
ဒုတိယ အာကာသသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ကောင်းကင်၌ အရပ်လေးမျက်နှာမှ လေအမျိုးမျိုး တိုက်ခတ်ပုံနှင့် ခန္ဓာကိုယ်၌ ဝေဒနာအမျိုးမျိုးတို့ ဖြစ်ပေါ်ပုံတို့ကို ငါးဂါထာတို့ဖြင့် ဟောကြားတော်မူသောသုတ်၊ ဒုတိယသုတ်၌ ဂါထာမပါသည်သာ ထူးသည်။

(လေအမျိုးမျိုးကဲ့သို့ ဝေဒနာအမျိုးမျိုးကို ပြသည်။)

သဋ္ဌာ သံ–ပါ/ဒု–၄၁၀ ၄၁၉။ ဋ္ဌ/တ–၁၁၉။ ဋီ/ဒု–မ။ မြန်/ဒု–၃၁၂ ၃၁၃။

ပဌမ အာနန္ဒသုတ်

မြတ်စွာဘုရားသျှင်သည် အသျှင်အာနန္ဒာအား ဝေဒနာ ဝေဒနာဖြစ်ကြောင်း ချုပ်ငြိမ်းရာ ချုပ်ငြိမ်းခကြောင်းအကျင့်တရား, သာယာဖွယ်, အပြစ်, လွတ်မြောက်ကြောင်းတို့နှင့် စျာန်သမာပတ် အဆင့်ဆင့် ၀င်စားရ အဆင့်ဆင့် ချုပ်ငြိမ်းပုံ စသည်တို့ကို ဟောကြားတော်မူသောသုတ်။

(ဝေဒနာ ချုပ်ငြိမ်းပုံ စသည်တို့ကို ပြသည်။)

ဒုတိယ အာနန္ဒသုတ်

(ပဌမ အာနန္ဒသုတ်) နှင့်တူသည်၊ ဘုရားသျှင်က အသျှင် အာနန္ဒာအား ဟဖန် ပြန်၍ ဟေးမြန်းတော်မူသည်သာ တူသည်။

သဋ္ဌာ သံ–ပါ/ဒု–၄၂၀+၄၂၁။ ဋ္ဌ/တ–၁၂၀။ ဋ္ဌီ/ဒု–၃၅၉။
မြန်/ဒု–၄၁၄+၄၁၅။

အာဇဝဂိုကဒုက္ခသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ယောကျ်ားတို့နှင့် မသက်ဆိုင် မိန်းမတို့အားသာ သီးသန့်ခံစားရသော ဒုက္ခငါးမျိုးကို ဟောကြားတော်မူသောသုတ်။

(မိန်းမတို့၏ သီးသန့်ဒုက္ခ ငါးမျိုးကို ပြသည်။)

သဋ္ဌာ သံ–ပါ/ဒု–၄၃၆+၄၃၇။ ဋ္ဌ/တ–၁၂၅။ ဋ္ဌီ/ဒု–၃၆၄။
မြန်/ဒု–၄၃၂+၄၃၃။

အာရဒ္ဓဝီရိယသုတ်

(အက္ကောဓနသုတ်) နှင့်တူသည်၊ အမျက်မထွက်တတ်ခြင်းနှင့် ထက်သန်သော လုံ့လ ရှိခြင်းမျှသာထူးသည်။

(မာတုဂါမတို့ နတ်ပြည်ရောက်ကြောင်းတရား ငါးပါး။)

သဋ္ဌာ သံ–ပါ/ဒု–၄၄၂။ ဋ္ဌ/တ–မ။ ဋ္ဌီ/ဒု–မ။ မြန်/ဒု–၄၃၀။

အာသဝပဉ္စာသုတ်

ဧမ္မုခါဒကပရိဗိုဇ်သည် အသျှင် သာရိပုတ္တရာအား အာသဝတရားနှင့် အာသဝတရားကို ပယ်ရန် အကျင့်လမ်းစဉ်ကို မေးသျှာက်ပုံ - အသျှင် သာရိပုတ္တရာသည် ကာမ, ဘဝ, အဝိဇ္ဇာဟု အာသဝတရား သုံးပါးရှိပုံနှင့် ထိုအာသဝတရားကို ပယ်ရန် အကျင့်လမ်းစဉ်ကား ရှစ်ပါးမဂ္ဂင် မြတ်လမ်းစဉ်ဖြစ်ပုံကို ဟောကြားတော်မူသောသုတ်။

(အာသဝသုံးပါးနှင့် ပယ်ရန်လမ်းစဉ် မြတ်မဂ္ဂင်ကို ပြသည်။)

သဋ္ဌာ သံ–ပါ/ဒု– ၄၅၀+၄၅၁။ ဋ္ဌ/တ–မ။ ဋ္ဌီ/ဒု–မ။ မြန်/ဒု–၄၄၆+၄၄၇။

အာကာသာနဉ္စာယတနပဉ္စာသုတ်

(ပဌမစျာနပဉ္စာသုတ်) နှင့် တူသည်၊ အာကာသာနဉ္စာယတနစျာန်မျှသာ ထူး၏။

သဋ္ဌာသံ– ပါ/ဒု–၄၅၉+၄၆၀။ ဋ္ဌ/တ–၁၂၉။ ဋ္ဌီ/ဒု–၃၆၉။
မြန်/ဒု–၄၅၄+၄၅၅။

အာကိဉ္စညာယတနပဉ္ဉာသုတ်

(အကိဉ္စညာယတနပဉ္ဉာသုတ်) နှင့် တူသည်၊ အာကိဉ္စညာယတနစျာန်မျှသာ ထူး၏။
[illegible] ။ ဒု/တ-၁၂၉။ ဒီ/ဒု-၃၆၉။ မြန်/ဒု-၄၅၆။

အာနန္ဒသုတ်

ဝန်ဆောင်ရသူ ရဟန်းတို့သည် မြတ်စွာဘုရားသခင်အား အာနန္ဒာ ဟူ၍ ရှိပါသေးလော - မရှိပါသေးဟု မေးလျှောက်သည်ကို ဘုရားသခင်က [illegible] ပြန်ကြားတော်မူ၍ ပြန်သွားပုံ - အသျှင်အာနန္ဒာသည် မြတ်စွာဘုရားသခင်အား ဘာတယ်ဂြ[illegible] ခပြုကြားတော်မမူသည်ကို မေးလျှောက်ရာ မပြောသင့်ပုံကို မိန့်ကြားတော်မူသောသုတ်။

သဋ္ဌာ သံ-ပါ/[illegible] ။ ဒု/တ-၁၅၁။ ဒီ/ဒု-၃၉၀။
မြန်/ဒု-၅၅၄+၅၅၅။

အာကာသသုတ်

မြတ်စွာဘုရားသခင်သည် ရဟန်းတို့အား ကောက်ကဲခြင်း အရပ်လေးမျက်နှာမှ လေပူ, လေအေး, လေပြင်း, လေညှင်းစသော လေအမျိုးမျိုးတို့ တိုက်ခတ်ကုန်သကဲ့သို့ မဂ္ဂင်ရှစ်ပါး အကျင့်မြတ်တရားတို့ပွားများ အားထုတ်သော ရဟန်းအား ၃၇-ပါးသော ဗောဓိပက္ခိယ တရားတို့ အမြဲမပြတ်ပွားများ အားထုတ်သော ရဟန်းအား [illegible] စသည်ကို ဟောကြားတော်မူသောသုတ်။

(လေအမျိုးမျိုးနှင့် ဗောဓိပက္ခိယ တရားကို နှိုင်းယှဉ်ပြသည်။)

ဟော သံ-ပါ/တ-၄၆။ ဒု/တ-၁၇၃။ ဒို/ဒု-၄၁၁။ မြန်/တ-၄၉။

အာဃာတသုတ်

မြတ်စွာဘုရားသခင်သည် ရဟန်းတို့အား ဇလွန်လာဉ်တို့ တည်းခိုရာအိမ်၌ အရပ်လေးမျက်နှာမှ မင်း, ရဟန်း, ပုဏ္ဏား စသော လူမျိုးပေါင်းစုံသို့ လာဝင်ရောက် တည်းခိုကြသကဲ့သို့ မဂ္ဂင်ရှစ်ပါး အကျင့်မြတ်တရားကို ပွားများအား ထုတ်သော ရဟန်းအား သစ္စာလေးပါးကို ထူးသော ဉာဏ်ဖြင့် သိမြင်ပုံ စသည်တို့ကို ဟောကြားတော်မူသောသုတ်။

(မဂ္ဂင်အကျင့် နှင့် လေးဆင့် သစ္စာကို ပြသည်။)

မဟာ သံ-ပါ/တ-၄၈၊၄၉။ ဒု/တ-၁၇၃။ ဒို/ဒု-၄၁၂။ မြန်/တ-၅၁+၅၂။

အာသဝသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ကပ, ဘဝဒိဋ္ဌိ, အဝိဇ္ဇာဟူသော အာသဝေါတရား လေးပါးရှိပုံ ထိုအာသဝေါ တရားကို ကူးသော ဉာဏ်ဖြင့် သိရန်-ပိုင်းခြား၍ သိရန်-ကုန်ရန်,

ပယ်ရန်အလို့ငှာ မဂ္ဂင်ရှစ်တန်အကျင့်မှန်ကရားကို ပွားများအားထုတ်ရန်ကို ဟောကြားတော်မူ
သောသုတ်။

(အာသဝတရား နှင့် ရှစ်ပါးမဂ္ဂင်ကျင့်လမ်းစဉ်ကို ပြသည်။)

မဟာ သံ–ပါ/တ–၄၂။ ဌ/တ–မ။ ဋီ/ဒု–မ။ မြန်/တ–၅၅။

အာဝဏ်နီဝရဏသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား နီဝရဏ တရား ငါးပါးတို့သည် ကုသိုလ်တရား တို့ကို ပိတ်ဆီးတားမြစ် ညစ်ညူးစေပုံ နှင့် ဗောဇ္ဈင်းခုနစ်ပါးကို အကြိမ်ကြိမ် ပွားများအားထုတ် ခြင်းသည် ဝိဇ္ဇာဝိမုတ္တိ အကျိုးကို မျက်မှောက် ပြုနိုင်ပုံ - ဗောဇ္ဈင်ခုနစ်ပါး ပွားများပုံ တို့ကို ဟောကြားတော်မူသောသုတ်။

(ဗောဇ္ဈင်တန်ခိုး နှင့် ဝိဇ္ဇာဝိမုတ္တိ အကျိုးကို ပြသည်။)

မဟာ သံ–ပါ/တ–၀၃+၀၅။ ဌ/တ–၁၀၀+၁၀၉။ ဋီ/ဒု–၄၂၀။ မြန်/တ–၈၀+၉၀။

အာဒိစ္စသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား အရုဏ် ပေါ်တက် ခြင်းသည် နေထွက်ခြင်း၏ ရှေ့ပြေးနိမိတ်ဖြစ်သကဲ့သို့ အဆွေခင်ပွန်းကောင်းရှိသူသည် ဗောဇ္ဈင်တရားကို ပွားများရန် မျှော်လင့် ချက်ရှိပုံ နှင့် ဗောဇ္ဈင်တရားပွားများပုံကို ဟောကြားတော်မူသောသုတ်။

(တရားလမ်းမှန်ကို ညွှန်ပြနိုင်သော မိတ်ဆွေစစ်ကို ပြသည်။)

မဟာ သံ–ပါ/တ–၁၉။ ဌ/တ–မ။ ဋီ/ဒု–မ။ မြန်/တ–၉၄။

အာဟာရသုတ်

(သာဝတ္ထိ) မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ဤကိုယ်ကာယသည် အာဟာရလျှင် တည်ရာရှိ၍ အာဟာရမရှိလျှင် ဤကိုယ်ကာယ မတည်နိုင်ပုံကိုဥပမာပြု၍ နီဝရဏတရားငါးပါးတို့၏ ကြီးပွားကြောင်း တည်ရာ တရားအမျိုးမျိုးတို့ကို ဝေဘန်ဟောကြားတော်မူပုံနှင့် ဗောဇ္ဈင်ခုနစ်ပါး မြတ်ဘရားကို ပွားများအားထုတ်ရန် ဟောကြားတော်မူသောသုတ်။

(အစာအာဟာရ နှင့် တရားအာဟာရကို ယှဉ်ပြသည်။)

မဟာသံ–ပါ/တ–၉၀+၉၅။ ဌ/တ–၁၉၃+၂၀၄။ ဋီ/ဒု–၄၃၁+၄၄၃။
မြန်/တ–၉၅+၉၆။

No. 16

အာနာပါနသုတ်

ကြည်ညိုသဒ္ဓါတရားသျှင်သည် ရဟန်းတို့အား အာနာပါနဿတိနှင့် ပေါင်စပ်ခုနစ်ပါး မြတ်တရားကို ပွားများအားထုတ်လျှင် ချမ်းသာစွာနေရပုံကို ဟောကြားတော်မူသောသုတ်။

(အနာပါနနှင့် ပေါင်စပ်တရား ပွားများရန်ကို ပြသည်။)

ဟောသံ–ပါ/တ–၁၁၆။ ဌ/တ–မ။ ဋီ/ဒု–မ။ မြန်–၁၂၀။

အာဟာရေပဋိကူလသုတ်

(အာဟာရ ပဋိကူလသညာနှင့် ပေါင်စပ်ခုနစ်ပါး ပွားများရန်ကို ပြသည်သုတ်။)

ဟောသံ– ပါ/တ– ၁၁၆။ ဌ/တ–၂၁၁–၂၁၂။ ဋီ/ဒု–၄၄၈+၄၄၉။
မြန်/တ--၁၂၁။

အာသဝသုတ်

ကြည်ညိုသဒ္ဓါတရားသျှင်သည် ရဟန်းတို့အား ကာမ, ဘဝ, အဝိဇ္ဇာဟူသော အာသဝတရား သုံးပါးကို ပယ်ရှင်းပုံ သတိပဋ္ဌာန် တရားလေးပါးကို ပွားများအားထုတ်ရပုံကို ဟောကြားတော်မူသောသုတ်။

(သတိပဋ္ဌာန်လေးပါး ပွားများရန်ကို ပြသည်။)

ပဟောသံ– ပါ/တ–၁၆၆။ ဌ/တ–မ။ ဋီ/မ။ မြန်/တ--၁၇၂။

အာသဝက္ခယသုတ်

ကြည်ညိုသဒ္ဓါတရားသျှင်သည် ရဟန်းတို့အား ဣန္ဒြေငါးပါးကို အကြိမ်ကြိမ် ပွားများခြင်းဖြင့် ရဟန္တာအာသဝေါတရားတို့ ကုန်ခမ်းခြင်း, အရဟတ္တဖိုလ်ဆည်းနှင့် ပြည့်စုံပုံကို ဟောကြားတော်မူသောသုတ်။

(ဣန္ဒြေငါးပါးသည် အာသဝေါကုန်နိုင်ပုံကို ပြသည်။)

မဟာသံ–ပါ/တ–၁၇၀+၁၇၉။ ဌ/တ–၂၆၉။ ဋီ/ဒု–၄၉၃။ မြန်တ–၁၀၅။

အာပဏသုတ်

ကြည်တိုင်း အာပဏ နိဂုံးရွာ မြက်စွဲသဒ္ဓါတရားသျှင်သည် အသျှင်သာရိပုတ္တရာအား ငါဘုရား၌ စင်စစ်သက်ဝင်ယုံကြည်ကြကုန်သော အရိယသာဝကတို့သည် ငါဘုရား နှင့် အဆုံးအမ သာသနာတော်၌ ပဟုမှားခြင်းမဖြစ်ရာသည်ကို မိန့်ကြားတော်မူပုံနှင့် အသျှင်သာရိပုတ္တရာက အရိယသာဝက

တို့၏ သဒ္ဓါ, ဝိရိယ, သတိ, သမာဓိ, ပညာတို့သည် ဣန္ဒြေတို့ဖြစ်ကြပါ၍ ယုံမှားခြင်း မရှိကြပုံကို အာကျယ်လျောက်ထားပုံနှင့် ဘုရားသျှင်က ချီးကျူးတော်မူသောသုတ်။

(အရိယသာဝကဘို့ ယုံမှားကင်းပုံကို ပြသည်။)

မဟာ သံ–ပါ/တ–၁၉၇+၁၉၉။ ဌ/တ–၂၇၉။ ဋီ/ဒု–၅၀၀+၅၀၁။ မြန်/တ–၂၀၃+၂၀၅။

အာသဝက္ခယသုတ

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား အာသဝေါတရား ကုန်ခြင်း - အနုသယကို ပယ်ခွာခြင်း၊ သံသရာ အဓွန့်ကို ပိုင်းခြားပြီး သိခြင်းငှာ ဣန္ဒြေငါးပါးကို အကြိမ်ကြိမ်ပွားများ အားထုတ်ရပုံကို ဟောကြားတော်မူသောသုတ်။

(ဣန္ဒြေငါးပါး ပွားများအားထုတ်ရခြင်း၏ အကျိုးကို ပြသည်။)

မဟာ သံ–ပါ/တ–၂၀၇။ ဌ/တ–မ။ ဋီ/တ–မ။ မြန်/တ–၂၁၃။

ပဌမ အာနန္ဒသုတ်

(သာဝတ္ထိ) အသျှင်အာနန္ဒာသည် မြတ်စွာဘုရားသျှင်အား ဣဒ္ဓိ, ဣဒ္ဓိပါဒ်, ဣဒ္ဓိပါဒ် ပွားများခြင်း, ဣဒ္ဓိပါဒ်ပွားများခြင်းသို့ ရောက်ကြောင်း တရားတို့ကို မေးလျောက်ပုံ နှင့် ဘုရားသျှင်က ဖြေကြားတော်မူသောသုတ်။

(ပါသာဒကမွန်ဝက် (ဣဒ္ဓါဒိဒေသနာသုတ်) နှင့် တူသည်။)

မဟာ သံ–ပါ/တ–၂၄၉+၂၅၀။ ဌ/တ–၂၉၂။ ဋီ/ဒု–မ။ မြန်/တ–၂၅၂ ၂၅၄။

ဒုတိယ အာနန္ဒသုတ်

(ပဌမအာနန္ဒသုတ်) နှင့် တူသည်၊ ဘုရားသျှင်က တဖန် မေး၍ အသျှင်အာနန္ဒာက ဖြေကြားတော်မူသောသုတ်။

မဟာ သံ–ပါ/တ–၂၅၀။ ဌ/တ–၂၉၂။ ဋီ/ဒု–မ။ မြန်/တ–၂၅၄+၂၅၆။

အာသဝက္ခယသုတ်

အသျှင်အနုရုဒ္ဓါသည် ရဟန်းတို့အား ငါသည် သတိပဋ္ဌာန်လေးပါးကို အကြိမ်ကြိမ် ပွားများခြင်းကြောင့် အာသဝေါကင်း၍ အရဟတ္တဖိုလ်ကို ကိုယ်တိုင် ထူးသောဉာဏ် မျက် မှောက်ပြုတော်မူပုံကို ဟောကြားတော်မူသောသုတ်။

(သတိပဋ္ဌာန်လေးပါး နှင့် အာသဝက္ခယညာဏ်ကို ပြသည်။)

မဟာ သံ–ပါ/တ–၂၆၇။ ဌ/တ–မ။ ဋီ/ဒု–မ။ မြန်/က–၂၂၀။

နိကာယ မဥ္ဇရိကျမ်း

ပဌမ အာနန္ဒသုတ်

(သာဝတ္ထိ) အသျင်အာနန္ဒာသည် မြတ်စွာဘုရားသျှင်အား တရားတမျိုးတည်းကို ပွား၍မျှင် လေးမျိုးဖြင့်၍, လေးမျိုးကိုပွားများလျှင် ခုနစ်မျိုးဖြစ်၍, ခုနစ်မျိုးကို ပွားများလျှင် နှစ်မျိုးတို့နှင့်ပြည့်စုံသော တရား ၄ပါသလား ဟု မေးလျှောက်ပံ့ နှင့် ဘုရားသျှင်က အာနာပါန တပါး, သတိပဋ္ဌာန်လေးပါး, ဗောဇ္ဈင်ခုနစ်ပါး, ဝိဇ္ဇာဝိမုတ္တိနှစ်ပါးတို့ကို အဆင့်ဆင့်ဖြစ်ပုံတို့ကို အကျယ်ဝင်ဒေသနာ ဟောကြားတော်မူသောသုတ်။

(တပါးကျော်သော်လည်း တရားအဆင့်ဆင့် ဖြစ်ပုံကို ပြသည်။)

မဟာ သံ–ပါ/တ–၂၀၆+၂၉၁။ ဋ္ဌ/တ–၃၀၅+၃၀၆။ ဋီ/ဒု–၅၂၅+၅၂၆။
မြန်/တ–၂၀၀+၂၉၂။

ဒုတိယ အာနန္ဒသုတ်

(ပဌမ အာနန္ဒသုတ်) နှင့် တူသည်၊ ဘုရားသျှင်က တဖန် မေးတော်မူ၍ အသျှင်အာနန္ဒာက ပြောတော်မူသောသုတ်။

(လေးနက်ခိုင်မာစေရန် ထပ်မံမေးပြောတော်မူသောသုတ်။)

မဟာ သံ–ပါ/တ–၂၉၁။ ဋ္ဌ/တ–၃၀၅+၃၀၆။ ဋီ/ဒု–၅၂၅+၅၂၆။
မြန်/တ–၂၉၂+၂၉၃။

အာသဝက္ခယသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား အာနာပါနဿတိ သမာဓိကို အကြိမ်ကြိမ် ပွားများလျှင် [illegible] ကိုပယ်ခြင်းငှာ, အနုသယကို ခွာခြင်းငှာ, သံသရာအဓိန္ဓကို ပိုင်းခြားချိုး ဖျက်ခြင်းငှာ, အာသဝေါတရားတို့ ကုန်ခြင်းငှာ ဖြစ်ပုံတို့ကို ဟောကြားတော်မူသောသုတ်။

(အာနာပါနဿတိ နှင့် အာသဝေါကုန်ခမ်းခြင်း စသည်တို့ကို ပြသည်။)

မဟာ သံ–ပါ/တ–၂၉၇။ ဋ္ဌ/တ–၃။ ဋီ/ဒု–၃။ မြန်/တ–၂၉၈။

အာနန္ဒဇ္ဈာနသုတ်

(သာဝတ္ထိ) အသျှင်သာရိပုတ္တရာသည် အသျှင်အာနန္ဒာအား အာဘယ်တရားကို ပယ်၍ အာဘယ်တရားနှင့် ကြည့်ရှုခြင်းကြောင့် သောတာပန်ဖြစ်သည်ဟု ဘုရားသျှင် ဟောကြားတော်မူပါသနည်းဟု ငေးတော်မူပြုံနှင့် အသျှင်အာနန္ဒာက သောတာပတ္တိယင်္ဂ် တရားလေးပါး၏ ဘန်ကျင်ဘက်ကိုပယ်၍ သောတာပတ္တိယင်္ဂ်တရားလေးပါးနှင့် ပြည့်စုံခြင်းကြောင့် သောတာပန် ပည်၏ဟု ဟောကြားတော်မူပုံကို လျှောက်ထား ဖြေကြားတော်မူသောသုတ်။

မဟာ သံ–ပါ/တ–၃၁၅+၃၁၇။ ဋ္ဌ/တ–မ။ ဋီ/ဒု–မ။ မြန်/တ–၃၁၆၊၃၁၈။

အာသဝက္ခယသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား သိဒသာသူ့မြင်သောသူသည် အာသဝေါကင်းရှင်းမသိမမြင်သောသူသည် အာသဝေါမကင်းနိုင်ပုံကို ဟော ကြားတော်မူသောသုတ်။

(သစ္စာလေးပါးကို သိမြင်လျှင် အာသဝေါကင်းပုံကို ပြသည်။)

မဟာ သံ–ပါ/တ–၃၀၀။ ဋ္ဌ/ပ။ ဋီ/မ။ မြန်/တ–၃၀၆+၃၀၇။

အာဃကခညသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား (နှခသိခသုတ်) ဥပမာဖြင့် ကောက်စိမ်းကို ခံယူခြင်းမှ ရှောင်ကြဉ်သောသူထက် မရှောင်ကြဉ်သောသူကမျှားပုံကို ဟောကြားတော်မူသောသုတ်။

မဟာ သံ–ပါ–၄၀၉။ ဋ္ဌ/တ–၃၃၆။ ဋီ/ဒု–၅၄၉။ မြန်/တ–၄၁၅။

အာဃကမံသသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား (နှခသိခသုတ်) ဥပမာဖြင့် သားစိမ်း ငါးစိမ်းကိုခံယူခြင်းမှ ရှောင်ကြဉ်သောသူထက် မရှောင်ကြဉ်သောသူက မျှားပုံတို့ကို ဟောကြားတော်မူသောသုတ်။

မဟာ သံ–ပါ/တ–၄၀၉။ ဋ္ဌ/တ–၃၃၆။ ဋီ/ဒု–၅၄၉။ မြန်/တ–၄၁၅။

[အင်္ဂုတ္တရနိကာယ]

အာသာဒုပ္ပဇဟဝဂ်(၁၂)

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား တပ်မက်ခြင်း (၂) မျိုး, ရနိုင်ခဲသော ပုဂ္ဂိုလ် (၂) မျိုးစု (၂) စုံ, ရောင့်ရဲစေနိုင် ခဲသော ပုဂ္ဂိုလ် (၂) မျိုးစု (၂) စုံ, ရာဂ ဒေါသ မိစ္ဆာဒိဋ္ဌိ သမ္မာဒိဋ္ဌိတို့ ဖြစ်ပေါ်ရန် အကြောင်း တရား(၂) ပါးစီ, အာပတ် (၂) မျိုးစု (၃) စုံ တို့ကို ဟောကြားတော်မူသောသုတ်။

(၁၂ ပါးသော အခြင်းအရာတို့ဖြင့် ပြသည်။)

အံ/ဒု ပါ/ပ–၈၆+၈၇။ ဋ္ဌ/ဒု–၅၇+၅၈။ ဋီ/ဒု–၅၅+၅၇။ မြန်/ပ–၁၀၁ ၁၀၂။

အာယာစနဝဂ်(၁၁)

မြတ်စွာ ဘုရားသျှင်သည် ရဟန်းတို့အား သဒ္ဓါ တရားနှင့် ပြည့်စုံသော ရဟန်းသည် အာသျှင်သာရိပုတ္တရာ နှင့် အာသျှင်မောဂ္ဂလာန်ကဲ့သို့ ၎င်း . ရဟန်း မိန်းမသည် ခေမာနှင့် ဥပ္ပလဝဏ်

ကဲ့သို့ဝင်း - ဥပါသကာသည် စိတ္တသူကြွယ် နှင့် ဟတ္ထာဠဝကမင်းသားကဲ့သို့ဝင်း - ဥပါသိကာမသည် ခုဇ္ဇုတ္တရာနှင့် နန္ဒမာတာကဲ့သို့ဝင်း စံပြပုဂ္ဂိုလ်များအဖြင် နှိုင်းဆို တောင့်တအပ်ပုံ မိုက်သော သူယုတ် နှင့် ပညာရှိ သူတော်ကောင်း တို့၏ တရား (၂)ပါးအစု(၂) စုံ နှင့် ပုဂ္ဂိုလ်(၂)မျိုး အစု (၂)စုံ, တရား (၂) မျိုးအစု (၄) စုံ တို့ကို ဟောကြားတော်မူသဝဝဂ်။

(၁၁ - ပါးသော အခြင်းအရာတို့ဖြင့် ပြသည်။)

အံ ဒုက-ပါ/ပ-ဂဂ+၉၀။ ဌ/ဒု-ဂဂ+၆၀။ ဋီ/ဒု-၅၇-ဂဂ။ မြန်/ပ-၁၀၂+၁၀၅။

အာသံသသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား တောင့်တခြင်းရှိသော ပုဂ္ဂိုလ်, တောင့်တခြင်းမရှိသော ပုဂ္ဂိုလ်, တောင့်တခြင်း ကင်းသော ပုဂ္ဂိုလ်သုံးမျိုး(၂)စုံကို ဥပမာ တို့ဖြင့် အကျယ်ကို ဟောကြားတော်မူသောသုတ်။

(ပုဂ္ဂိုလ် သုံးမျိုး ထူးခြားပုံကို ပြသည်။)

အံ တိက-ပါ/ပ-၁၀၆+၁၀၇။ ဌ/ဒု-ဂ၅+ဂ၇။ ဋီ/ဒု-ဂဂ+ဂဝ။
မြန်/ပ-၁၂၄+၁၂၅။

အာနန္ဒသုတ်

အသျှင်အာနန္ဒာသည် မြတ်စွာဘုရားသျှင်အား အရတ္တဖိုလ်, ပညာ, သမာဓိ နှင့် စပ်၍ ပေးလျှောက်ပုံ နှင့် ဘုရားရှင်၏ အကျယ်ဟောကြားတော်မူပုံကို ဟောကြားတော်မူသောသုတ်။

(မာနာနုသယ နှင့် အရဟတ္တဖိုလ်ကို ပြသည်။)

အံ တိက-ပါ/ပ-၁၃၁+၁၃၂။ ဌ/ဒု-၁၀၀+၁၀၁။ ဋီ/ဒု-၉ဂ+၉၉။
မြန်/ပ-၁၄ဂ+၁၅၀။

အာဓိပတေယျသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား အတ္တ, လောက, ဓမ္မ ဟူသော အာဓိပတေယျသုံးပါးဓိပုံကို အဓိပ္ပါယ်အကျယ် တောကြားတော်မူသောသုတ်။

(အာဓိပတေယျသုံးပါးကို ပြသည်။)

အံ/တိက-ပါ/ပ-၁၄၆+၁၄၇။ ဌ/ဒု-၁၃၀+၁၃၁။ ဋီ/ဒု-၁၂၀+၁၂၁။
မြန်/ပ-၁၆၄+၁၆၇။

အာဂမပကရဏီယသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ရင့်ကျက်သော သတိ ပညာနှင့် ပြည့်စုံသည်ဟု ဆိုဆိုက်သော ရဟန်း၏ အားထုတ်ခြင်းအကြောင်းသုံးမျိုးကို ဟောကြားတော်မူသောသုတ်။

(အားထုတ်ခြင်းသုံးမျိုးကို ပြသည်။)

အံ/တိက–ပါ/ပ–၁၅၁+၁၅၂။ဌ/ဒု–၁၃၈+၁၃၉။ဋီ/ဒု–၁၂၅။မြန်/ပ–၁၂၁+၁၃၂။

အာဇီဝကသုတ်

ကောသမ္မိပြည် ဃောသိတာရုံကျောင်း၌ အာဇီဝက၏ တပည့်ဖြစ်သော သူကြွယ် တယောက်၏ အမေးသုံးမျိုးကို အသျှင်အာနန္ဒာသည် သူကြွယ်အား တဖန် မေး၍ ထို သူကြွယ်၏ အဖြေဖြင့် ဖြေကြားပြီးဖြစ်ပုံကို ဟောကြားတော်မူသောသုတ်။

(သူကြွယ်၏အမေးသုံးထွေနှင့် အသျှင်အာနန္ဒာ၏ ပဋိပုစ္ဆာဗျာကရဏအဖြေကို ပြသည်။)

အံ/တိက–ပါ/ပ–၂၁၀+၂၂၀။ဌ/ဒု–၂၀၁+၂၀၂။ဋီ/ဒု–၁၀၁။မြန်/ပ–၂၃၅+၂၃၇။

ဝ ၄

ပဌမ အာဇာနီယသုတ်
ဒုတိယ အာဇာနီယသုတ်
တတိယ အာဇာနီယသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား အဆင်း, ခွန်အား, လျင်မြန်ခြင်း အင်္ဂါ သုံးမျိုးနှင့် ပြည့်စုံသော အာဇာနည် မြင်းကောင်းသည် မင်း၏အသုံးအဆောင်ဖြစ်ပုံနှင့် အင်္ဂါသုံးပါးနှင့် ပြည့်စုံသော ရဟန်းသည် အာဟုနေယျ စသော သံဃဂုဏ်နှင့် ပြည့်စုံပုံကို ဟောကြားတော်မူသော သုံးသုတ်။ (အရိယာအဆင့်မျှသာ ထူးခြားသည်။)

(အာဇာနီယ အင်္ဂါသုံးပါးတို့ကို ပြသည်။)

အံ/တိက–ပါ/ပ–၂၄၆+၂၄၀။ ဌ/ဒု–၂၂၄။ ဋီ/ဒု–၁၉၅+၁၉၆။
မြန်/ပ–၂၆၄+၂၆၇။

အာပါယိကသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား မပယ်စွန့်လျှင် အပါယ်ငရဲသို့ ကျရောက်ကြောင်း တရားသုံးမျိုးကို ဟောကြားတော်မူသောသုတ်။

(အပါယ်သို့ကျရောက်ကြောင်း တရားသုံးမျိုးကို ပြသည်။)

အံ/တိက–ပါ/ပ–၂၆၉။ ဌ/ဒု–၂၃၃။ ဋီ/ဒု–၂၀၃+၂၁၄။ မြန်/ပ–၂၀၆။

အာနဉ္ဇသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား အာကာသာနဉ္စာယတနဘုံ, ဝိညာနဉ္စာယတနဘုံ, အာကိဉ္စညာယတနဘုံ ဖြစ်သော ပုထုဇဉ်နှင့် အရိယပုဂ္ဂိုလ်တို့၏ ဂတိလားရာ ထူးခြားပုံတို့ကို ဟောကြားတော်မူသောသုတ်။

(ဘုံသုံးမျိုးနှင့် လားရာပုဂ္ဂိုလ်ကို ပြသည်။)

အံ စတု-ပါ/ပ-၂၇၀+၂၇၁။ ဒု/ဒု-၂၃၃+၂၃၄။ ဒို/ဒု-၂၀၅+၂၀၆။ မြန်/ပ-၂၀၇-၂၀၉။

အာနဏ္ဉသုတ်

မြတ်စွာဘုရားသျှင်သည် အနာသပိဏ်သူငယ်အား ကာမဘောဂီလူတို့ အခါအခွင့်သင့်၍ ရအပ်သော ချမ်းသာလေးပါးကို ဟောကြားတော်မူသောသုတ်။

(ကာမဘောဂီလူ့ချမ်းသာ လေးပါးကို ပြသည်။)

အံ စတု-ပါ/ပ-၃၀၀+၃၀၁။ ဒု/ဒု-၃၀၄။ ဒို/ဒု-မ။ မြန်/ပ-၃၉၃+၃၉၆။

အာသီဝိသသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ငြွေလေးမျိုးအဆိပ်တက်ပုံနှင့် ပုဂ္ဂိုလ်လေးမျိုး ရှိပုံကို ဟောကြားတော်မူသောသုတ်။

(ငြွေလေးမျိုးကို ပြသည်။)

အံ စတု-ပါ/ပ-၄၂၅+၄၂၆။ ဒု/ဒု-၃၂၀။ ဒို/ဒု-၃၂၅။ မြန်/ပ-၄၃၀+၄၃၃။

အာရက္ခသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား မိမိအကျိုးကို လိုလားသောသူသည် မမေ့မလျော့ စိတ်ကို စောင့်ရှောက်အပ်သော အရာလေးမျိုးကို ဟောကြားတော်မူသောသုတ်။

(စောင့်ရှောက်အပ်သော အရာလေးပါးကို ပြသည်။)

အံ စတု-ပါ/၄၃၅။ ဒု/ဒု-၃၃၀။ ဒို/ဒု-မ။ မြန်/ပ-၄၄၇+၄၄၀။

အာနန္ဒဘဒ္ဒရိယသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား အသျှင်အာနန္ဒာ၌ အံ့ဖွယ် လေးပါး ရှိပုံကို ဟောကြားတော်မူသော သုတ်။

(အသျှင်အာနန္ဒာ၏ အံ့ဖွယ်ကို ပြသည်။)

အံ စတု-ပါ/ပ-၄၄၀+၄၄၉။ ဒု/ဒု-၃၃၅။ ဒို/ဒု-၃၃၃။ မြန်/ပ-၄၆၁+၄၆၂။

အာဘာသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား လ,နေ,မီး, ပညာဟူသော အလင်းရောင် လေးမျိုး တို့တွင် ပညာအလင်းရောင်သည် အမြတ်ဆုံး ဖြစ်ပုံကို ဟောကြားတော်မူသောသုတ်။

(အလင်းရောင် လေးပါးကို ပြသည်။)

အံ စတု–ပါ/ပ–၄၅၆။ ဌ/ဒု–၃၃၉။ ဋီ/ဒု–၃၃၆။ မြန်/ပ–၄၆၀။

အာလောကသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား (အာဘာသုတ်) ကဲ့သို့ ဟောကြားတော်မူသောသုတ်။

(အလင်းရောင် လေးပါးကို ပြသည်။)

အံ စတု–ပါ/ပ–၄၅၆။ ဌ/ဒု–၃၃၉။ ဋီ/ဒု–မ။ မြန်/ပ–၄၆၉။

အာနဉ္ဇသုတ်

အသျှင်အာနန္ဒာသည် အသျှင်မဟာကောဋ္ဌိကအား ဖဿာယတနချုပ်ငြိမ်းခြင်း ကိုလေသာ ချုပ်ငြိမ်းခြင်းနှင့် စပ်၍ မေးလျှောက်သည်ကို အသျှင် မဟာကောဋ္ဌိကသည် ပြုပြင်၍ ဖဿာယတနနှင့် ပပဉ္စတရား ချုပ်ငြိမ်းပုံကို အကျယ်ဖြေကြားတော်မူသောသုတ်။

(ဖဿာယတန နှင့် ပပဉ္စတရား ချုပ်ငြိမ်းပုံကို ပြသည်။)

အံ စတု–ပါ/ပ–၄၈၀+၄၈၁။ ဌ/ဒု–မ။ ဋီ/ဒု–မ။ မြန်/ပ–၄၉၅+၄၉၆။

အာယစနသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား (ဒုကနိပါတ် အာယစနသုတ်)ကဲ့သို့ ဟောကြားတော်မူသောသုတ်။

(တောင့်တအပ်သော လေးပါးကို ပြသည်။)

အံ စတု–ပါ/ပ–၄၈၂+၄၈၃။ ဌ/ဒု–မ။ ဋီ/ဒု–မ။ မြန်/ပ–၄၉၇+၄၉၈။

အာဃာတပ္ပဋိဘာယသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား အာဃာတ်သင့်ခြင်းကို ဘေးလေးပါး ဥပမာဖြင့် ဟောကြားတော်မူသောသုတ်။

(အာဃာတ် နှင့် ဘေးလေးမျိုးကို ပြသည်။)

အံ စတု/ပါ–ပ–၅၆၃+၅၆၅။ ဌ/ဒု–၃၉၄။ ဋီ/ဒု–၃၉၃။ မြန်/ပ–၅၂၀–၅၂၉။

ပဌမ အာဇာနိယသုတ်

[illegible] စွာဘုရားသျှင်သည် ရဟန်းတို့အား အင်္ဂါလေးပါးနှင့် ပြည့်စုံသော အာဇာနည်မြင်းသည် [illegible]း၏အသုံးအဆောင်ဖြစ်ရသကဲ့သို့ အင်္ဂါလေးပါးနှင့် ပြည့်စုံသော ရဟန်းသည် အာဟုနေယျ [illegible]သော ဂုဏ်နှင့် ပြည့်စုံပုံကို ဟောကြားတော်မူသောသုတ်။

(ရဟန်း အာဇာနည်ကို ပြသည်။)

[illegible]စတု–ပါ/ပ–၅၇၂ ၅၇၃။ ဌ/ဒု–မ။ ဋ္ဌိ/ဒု–မ။ မြန်/ပ–၅၀၆+၅၀၇။

ဒုတိယ အာဇာနိယသုတ်

[illegible]တော်စွာဘုရားသျှင်သည် ရဟန်းတို့အား (ပဌမ အာဇာနိယသုတ်) ကဲ့သို့ သဘောတူ ဟောကြားတော်မူသောသုတ်။

(အသုံးအနည်းငယ်မျှသာ ထူးခြားု၍ အဓိပ္ပါယ်အဟူကို ပြသည်။)

[illegible]စတု–ပါ/ပ–၅၇၃ ၅၇၄။ ဌ/ဒု–မ။ ဋ္ဌိ/ဒု–မ။ မြန်/ပ–၅၀၇+၅၀၈။

အာဒိယသုတ်

[illegible]တော်စွာဘုရားသျှင်သည် အနာထပိဏ်သူဌေးအား စည်းစိမ်ဥစ္စာ ရကြောင်း ငါးပါးကို ဟောကြားတော်မူသောသုတ်။

(စည်းစိမ်ဥစ္စာရကြောင်းတရားကို ပြသည်။)

[illegible]ပဉ္စ–ပါ/ဒု–၃၀၊ ၄၀။ ဌ/ဘ– ၂၂ ၂၃။ ဋ္ဌိ/တ–၁၉။ မြန်/ဒု–၄၉+၅၀။

အာဝရဏသုတ်

(သာဝတ္ထိ) မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား စိတ်ကို ပိတ်ပင်လွှမ်းမိုး၍ ပညာဉာဏ်အားနည်းအောင် ပြုတတ်သောတရား ငါးပါးကို အကျယ် ဟောကြားတော်မူသောသုတ်။

(ပညာဉာဏ်ကို အားနည်းစေသော တရားကို ပြသည်။)

[illegible]ပဉ္စ–ပါ/ဒု–၅၆၊ ၅၇။ ဌ/တ–၂၆။ ဋ္ဌိ/တ–၂၂၊ ၂၃။ မြန်/ဒု–၆၉+၇၀။

အာသဝက္ခယသုတ်

[illegible]တော်စွာဘုရားသျှင်သည် ရဟန်းတို့အား အာသဝေါတရား ကုန်ခမ်းခြင်းငှာ အကြိမ်ကြိမ် ပွားများအားထုတ်အပ်သော တရားငါးပါးကို ဟောကြားတော်မူသောသုတ်။

(ပွားများ ဆင်ခြင်အပ်သော တရားငါးပါးကို ပြသည်။)

[illegible]ပဉ္စ–ပါ/ဒု–၇၃။ ဌ/တ–၃၁။ ဋ္ဌိ/တ–မ။ မြန်/ဒု–၈၉+၉၀။

အာရညကသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား အာနာပါနဿတိကို ပွားများအားထုတ်သော ရဟန်းအား အရဟတ္တဖိုလ်သို့ ရောက်စေသောတရား ငါးပါးကို ဟောကြားတော်မူသောသုတ်။

(တရားငါးပါးကို ပြသည်။)

အံ့ ပဥ္စ–ပါ/ဒု–၁၀၆။ ဌ/တ–မ။ ဋ္ဌီ/တ–မ။ မြန်/ဒု–၁၃၀။

အာနန္ဒသုတ်

အသျှင်အာနန္ဒာသည် မြတ်စွာဘုရားသျှင်အား သံဃာ၌ ချမ်းသာစွာနေခြင်းနှင့် စပ်၍ မေးလျှောက်အပ်သော ငါးရပ်သောအမေးကို ဘုရားသျှင် ဖြေကြားတော်မူသောသုတ်။

(အမေးငါးထွေ အဖြေငါးပါးကို ပြသည်။)

အံ့ ပဥ္စ–ပါ/ဒု–၁၁၇+၁၁၈။ ဌ/တ–၄၄။ ဋ္ဌီ/တ–၄၁။ မြန်/ဒု–၁၄၃+၁၄၅။

အာဃာတိသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား အာဃာတ်သင့်ခြင်း မသင့်ခြင်း, အရဟတ္တဖိုလ်ကို ရခြင်း မရခြင်းနှင့် စပ်၍ ပုဂ္ဂိုလ်ငါးမျိုး ရှိပုံနှင့် ပြုပြင်ပုံကို ဟောကြားတော်မူသောသုတ်။

(ပုဂ္ဂိုလ်ငါးမျိုး နှင့် ပြုပြင်ပုံကို ပြသည်။)

အံ့ ပဥ္စ–ပါ/ဒု–၁၄၆+၁၄၈။ ဌ/တ–၅၁။ ဋ္ဌီ/တ–၄၈+၄၉။ မြန်/ဒု–၁၈၄+၁၈၆။

ပဌမ အာဃာတပဋိဝိနယသုတ်

မြတ်စွာ ဘုရားသျှင်သည် ရဟန်းတို့အား ရန်ငြိုးဖွဲ့ခြင်းကို ပယ်ဖျောက်ကြောင်း တရားငါးပါးကို ဟောကြားတော်မူသောသုတ်။

(အာဃာတပယ်ဖျောက်ကြောင်း တရားငါးပါးကို ပြသည်။)

အံ့ ပဥ္စ–ပါ/၁၆၃။ ဌ/တ–၅၆။ ဋ္ဌီ/တ–၅၁။ မြန်/ဒု–၂၀၈+၂၀၉။

ဒုတိယ အာဃာတပဋိဝိနယသုတ်

အသျှင်သာရိပုတ္တရာသည် ရဟန်းတို့အား ရန်ငြိုးဖွဲ့ခြင်းကို ပယ်ဖျောက်ကြောင်း တရားငါးပါးကို ဥပမာတို့ဖြင့် အကျယ် ဟောကြားတော်မူသောသုတ်။

အံ့ ပဥ္စ–ပါ/ဒု–၁၆၄+၁၆၇။ ဌ/တ–၅၆+၅၈။ ဋ္ဌီ/တ–မ။ မြန်/ဒု–၂၀၉ ၂၁၂။

အာရညိကသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ဧတာနေမုတင်ဆောင် ရဟန်း ငါးမျိုးတို့တွင် အမြတ်ဆုံးရဟန်းကို (နှားနို့မှ နို့ဓမ်း - ဆီဉ - ဆောပတ် - ထောပတ်ကြည်) ငါးမျိုးတို့တွင် ဆောပတ်ကြည် မွန်မြတ်ပုံကို ဥပမာဖြင့် ဟောကြားတော်မူသောသုတ်။

(တောနေရဟန်း ငါးမျိုးတို့ဝင် အမြတ်ဆုံး ရဟန်းကို ပြသည်။)

အံ ပဋ္ဌ–ပါ/ဒု–၁၉၃။ ဌ/တ–၆၄+၆၅။ ဋ္ဌီ/တ–၅၆။ မြန်/ဒု–၂၄၅+၂၄၆။

အာဝါသိကသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား နှလုံးကို မပူဘားတိုးစေသော ကျောင်းထိုင်ရဟန်း၏အင်္ဂါငါးပါး နှင့် ပူဘားတိုးစေသော ကျောင်းထိုင်ရဟန်း၏ အင်္ဂါငါးပါးကို ဟောကြားတော်မူသောသုတ်။

(ကျောင်းထိုင်ရဟန်း ငါးမျိုးအစုံကို ပြသည်။)

အံ့ ပဋ္ဌ–ပါ/ဒု–၂၂၀+၂၂၉။ ဌ/တ–၇၃။ ဋ္ဌီ/တ–မ။ မြန်/ဒု–၂၉၀+၂၉၁။

အာဇီဝကသုတ်

မြတ်စွာဘုရားသျှင်သည် အာဇီဝက တက္ကတ္ထန်းအား ငရဲသို့ ကျရောက်ကြောင်းတရား ငါးပါး နှင့် နတ်ပြည်သို့ရောက်ကြောင်းတရား ငါးပါးကို ဟောကြားတော်မူသောသုတ်။

အံ ပဋ္ဌ/ပါ–ဒု–၂၄၄။ ဌ/တ–၅၇။ ဋ္ဌီ/တ–မ။ မြန်/ဒု–၃၁၄။

ပဌမ အာဟုနေယျသုတ်
ဒုတိယ အာဟုနေယျသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ခြောက်ပါးသော တရားနှင့် ပြည့်စုံသော ရဟန်းသည် အာဟုနေယျစသော ဂုဏ်နှင့် ပြည့်စုံပုံကို ဟောကြားတော်မူသောသုတ်။

(အာရုံခြောက်ပါး နှင့် ဣန္ဒြိယစသော ခြောက်ပါးကို ပြသည်။)

အံ့ ဆက္က–ပါ/ဒု–၂၄၇+၂၄၉။ ဌ/တ–၈၇။ ဋ္ဌီ/တ–၈၁+၈၇။ မြန်/ဒု–၃၁၉+၃၂၂။

ပဌမ အာဇာနိယသုတ်
ဒုတိယ အာဇာနိယသုတ်
တတိယ အာဇာနိယသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား အင်္ဂါခြောက်ပါးနှင့် ပြည့်စုံသော အာဇာနည်မြင်းသည် မင်း၏ အသုံးအဆောင် ဖြစ်ပုံနှင့် အင်္ဂါခြောက်ပါးနှင့် ပြည့်စုံသော ရဟန်းသည် အာဟုနေယျစသော ဂုဏ်နှင့် ပြည့်စုံပုံကို ဟောကြားတော်မူသောသုတ်။

(ဒု–နှင့် တ–မှာ ခွန်အားနှင့် လျင်မြန်ခြင်းအင်္ဂါမျှသာ ထူးခြားသည်။)

အံ့ ဆက္က–ပါ/ဒု–၂၅၀+၂၅၁။ ဌ/တ–၈၇။ ဋ္ဌီ/တ–မ။ မြန်/ဒု–၃၂၃+၃၂၆။

အာနန္ဒသုတ်

အသျှင် အာနန္ဒာသည် အသျှင် သာရိပုတ္တရာအား အကျိုး လေးပါးကို ရစေသော အကြောင်းတရားခြောက်ပါးကို မေးလျှောက်ပုံ နှင့် အသျှင် သာရိပုတ္တရာ၏ တိုက်တွန်းချက်အရ အသျှင် အာနန္ဒာသည် အကျိုးလေးပါး နှင့် အကြောင်းတရား ခြောက်ပါးကို ဟောကြားတော်မူသောသုတ်။

(ခြောက်ပါးသောအကြောင်း နှင့် အကျိုးလေးပါးကို ပြသည်။)

အံ ဆက္က–ပါ/ဒု–၃၁၇+၃၁၀။ ဌ/တ–၁၁၀+၁၁၉။ ဋ္ဌိ/တ–၁၁၆+၁၁၇။ မြန်/ဒု–၄၀၆+၄၀၇။

အာသဝသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား အာသဝေါတရားတို့ကို ပယ်အပ်ပုံခြောက်မျိုး နှင့် ထိုခြောက်မျိုးနှင့် ပြည့်စုံသော ရဟန်းအား အာဟုနေယျ စသော ဂုဏ်နှင့် ပြည့်စုံပုံကို ဟောကြား တော်မူသောသုတ်။

(အာသဝေါတရား ပယ်ပုံကို ပြသည်။)

အံ ဆက္က–ပါ/ဒု–၃၄၀+၃၄၃။ ဌ/တ–၁၂၇+၁၃၁။ ဋ္ဌိ/တ–၁၂၄+၁၃၂။ မြန်/ဒု–၄၃၁+၄၃၄။

အာဝရဏသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား မင်္ဂဗိုလ်နှင့် လုံးဝ မထိုက်တန်သော ပုဂ္ဂိုလ်၏ တရားခြောက်ပါး နှင့် ထိုက်တန်သော တရားခြောက်ပါးကို ဟောကြားတော်မူသောသုတ်။

(မင်္ဂဗိုလ် နှင့် မထိုက်တန်သော တရားကို ပြသည်။)

အံ့ ဆက္က–ပါ/ဒု–၃၇၉+၃၈၀။ ဌ/တ–၁၄၀။ ဋ္ဌိ/တ–၁၄၆+၁၄၇။ မြန်/ဒု–၄၇၉။

အာနိသံသသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား သောတာပန်ဖြစ်ရခြင်း၏ အကျိုးခြောက်ပါးကို ဟောကြားတော်မူသောသုတ်။

(သူတော်ကောင်းတရား မဲ့ခြင်း စသည်ကို ပြသည်။)

အံ့ ဆက္က–ပါ/ဒု–၃၈၄။ ဌ/တ–၁၄၁။ ဋ္ဌိ/တ–မ။ မြန်/ဒု–၄၈၄+၄၈၅။

အာဟုနေယျဝဂ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား အာဟုနေယျ စသော ဂုဏ်နှင့် ပြည့်စုံကြကုန်သော ပုဂ္ဂိုလ် ခုနစ်မျိုးတို့ကို စုပေါင်း၍ ဟောကြားတော်မူသောသုတ်။

(ပုဂ္ဂိုလ် ခုနစ်မျိုးကို စုပေါင်းပြသည်။)

ဒဲ့ သတ္တ–ပါ/ဒု–၅၁၀ ၅၁၂။ ဌ/တ–မ။ ဋီ/တ–မ။ မြန်/ဒု–၆၃၈+၆၄၉။

ပဌမ အာဟုနေယျသုတ်
ဒုတိယ အာဟုနေယျသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်း တို့အား အာဟုနေယျ စသောဂုဏ် နှင့် ပြည့်စုံသော ပုဂ္ဂိုလ်၌ တည်ရှိသော တရား၌စ်ပါးကို ဟောကြားတော်မူသောသုတ်။

(တရား၌စ်ပါးကို ၂ · မျိုး ပြသည်။)

ဒဲ့ အဋ္ဌ–ပါ/တ–၁၁၄+၁၁၅။ ဌ/တ–မ။ ဋီ/တ–မ။ မြန်/တ–၁၁၄+၁၁၅။

အာဟုနေယျသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား အာဟုနေယျ ဂုဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကိုးပါးကို ဟောကြားတော်မူသောသုတ်။

(အရိယာ၌စ်ပါး နှင့် ဂေါတြဘူ ပုဂ္ဂိုလ်ကို ပြသည်။)

ဒဲ့ နဝ–ပါ/တ–၁၀၀။ ဌ/တ–မ။ ဋီ/တ–မ။ မြန်/တ–၁၀၁။

အာဃေယျတဝတ္ထုသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား မိမိ, ချစ်သူ, ရန်သူ သုံးဦးတို့၌ သုံးမျိုးစီသော အကြောင်းကို အစွဲပြု၍ ရန်ငြိုးဖွဲ့သော အာဃာတဝတ္ထု ကိုးပါးကို ဟောကြားတော်မူသောသုတ်။

(ရန်ငြိုးဖွဲ့ခြင်း ကိုးပါးကို ပြသည်။)

ဒဲ့/နဝ–ပါ/တ–၂၀၈။ ဌ/တ–၂၇၆။ ဋီ/တ–၂၉၆။ မြန်/တ–၂၀၈။

အာဃေယျတပဋိဝိနယသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ရန်ငြိုးဖွဲ့ခြင်း အာဃာတဝတ္ထု ကိုးပါး၌ ဖြေဖျောက်ပုံကို ဟောကြားတော်မူသောသုတ်။

(ရန်ငြိုးဖြေဖျောက်ပုံကို ပြသည်။)

ဒဲ့/နဝ–ပါ/တ–၂၀၈။ ဌ/တ–၂၇၆။ ဋီ/တ–၂၉၆။ မြန်/တ–၂၀၈+၂၀၉။

အာနန္ဒသုတ်

အသျှင် အာနန္ဒာသည် ကာဠုဒါယီ မထေရ်အား သံညာရှလျက် အာရုံကို မသိပုံ နှင့် ဇင်္ဂလမြို့နေ ဘိက္ခုနီမတယောက်၏ သမာဓိကို ညှဉ်ပြ ဟောကြားတော်မူသောသုတ်။

(သညာရှိလျက် အာရုံကိုမသိပုံ ပြသည်။)

အံ/နဝ–ပါ/တ–၂၂၄+၂၂၅။ ဌ/တ–၂၇၉+၂၈၀။ ဋ္ဌီ/တ–၂၉၉+၃၀၀။ မြန်/တ–၂၂၄+၂၂၆။

အာဟုနေယျသုတ်

မြတ်စွာ ဘုရားသျှင်သည် ရဟန်းတို့အား အာဟုနေယျ ဂုဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ် ဆယ်ပါးကို ဟောကြားတော်မူသောသုတ်။

(ဘုရား စသော ပုဂ္ဂိုလ်ဆယ်ပါးကို ပြသည်။)

အံ/ဒသ–ပါ/တ–၂၇၄။ ဌ/တ–၂၉၀။ ဋ္ဌီ/တ–မ။ မြန်/တ–၂၇၅။

ပဌမ အာနန္ဒသုတ်

မြတ်စွာဘုရားသျှင်သည် အာနန္ဒာအား သံဃာကွဲပြားကြောင်း ဆယ်ပါး နှင့် သံဃာ ကွဲပြားခြင်း၏ အပြစ်ကို ဟောကြားတော်မူသောသုတ်။

(သံဃာကွဲပြားခြင်း နှင့် အပြစ်ကို ပြသည်။)

အံ/ဒသ–ပါ/တ–၃၁၅။ ဌ/တ–၃၁၀+၃၁၁။ ဋ္ဌီ/တ–မ။ မြန်/တ–၃၁၄+၃၁၅။

ဒုတိယ အာနန္ဒသုတ်

မြတ်စွာဘုရားသျှင်သည် အသျှင်အာနန္ဒာအား သံဃာညီညွတ်ကြောင်း ဆယ်ပါး နှင့် သံဃာညီညွတ်ခြင်း၏ အကျိုးကို ဟောကြားတော်မူသောသုတ်။

(သံဃာညီညွတ်ခြင်း နှင့် အကျိုးကို ပြသည်။)

အံ/ဒသ–ပါ/တ–၃၁၆။ ဌ/တ–၃၁၀+၃၁၁။ ဋ္ဌီ/တ–မ။ မြန်/တ–၃၁၅။

အာကင်္ခသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား တောင့်တခြင်းဆယ်ပါးတို့၌ ပြည့်စုံစေလိုသော ရဟန်းသည် ငါးပါးသောတရားတို့နှင့် ပြည့်စုံစေရပုံကို ဟောကြားတော်မူသောသုတ်။

(တောင့်တခြင်းဆယ်ပါး နှင့် ပြည့်စုံကြောင်းဘုရားငါးပါးကို ပြသည်။)

အံ/ဒသ–ပါ/တ–၃၆၀+၃၆၂။ ဌ/တ–၃၂၀+၃၂၂။ ဋ္ဌီ/တ–၃၃၉+၃၄၅။ မြန်/တ–၃၅၀+၃၆၀။

အာဃာတဝတ္ထုသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား မိမို, ချစ်သူ, ရန်သူ သုံးဦးတို့၌ သုံးမျိုးစီသော အကြောင်းကို အစဲပြု၍ ရန်ငြိုးမဲ့ခြင်း (အဋ္ဌာနဂကာပ) အရာမဟုတ်သည်၌ အမျက်ထွက်ခြင်း ဟူသော ရန်ငြိုးနွဲခြင်း ဆယ်ပါးကို ဟောကြားတော်မူသောသုတ်။

(အာဃာတဝတ္ထုဆယ်ပါးကို ပြသည်။)

အံ/ဒသ-ပါ/တ-၄၇၅+၄၇၆။ ဥ/တ-၃၂၄။ ဦ/တ-မ။ မြန်/တ-၃၇၂။

အာဃာတပဋိဝိနယသုတ်

(ရန်ငြိုးမဲ့ခြင်းဆယ်ပါး၌ ဖြေဖျောက်ပုံကို ပြသည်။)

အံ/ဒသ-ပါ/တ-၃၇၆။ ဥ/တ မ။ ဦ/တ-မ။ မြန်/တ-၃၇၂။

အာနန္ဒသုတ်

မြတ်စွာဘုရားသျှင်သည် အသျှင်အာနန္ဒာအား ရဟန်းသည် သာသနာတော်၌ ကုသိုလ်တရား မတိုးပွားစေနိုင်သော တရားဆယ်ပါး နှင့် တိုးပွားစေနိုင်သောတရား ဆယ်ပါးကို ဟောကြားတော်မူသောသုတ်။

(တိုးပွားကြောင်းတရား ဆယ်ပါးကို ပြသည်။)

အံ/ဒသ-ပါ/ပ-၃၇၇×၃၇၉။ ဥ/မ။ ဦ/တ-မ။ မြန်/တ-၃၇၃+၃၇၅။

အာဟုနေယျသုတ်

မြတ်စွာ ဘုရားသျှင်သည် ရဟန်းတို့အား ဆယ်ပါးသော တရားနှင့် ပြည့်စုံသော ရဟန်း သည် အာဟုနေယျ စသော ဂုဏ်နှင့် ပြည့်စုံပုံ နှင့် ပြည့်စုံရာသောတရား ဆယ်ပါးတို့ကိုဟော ကြားတော်မူသောသုတ်။

(သိလ စသော တရားဆယ်ပါးကို ပြသည်။)

အံ/ဒသ-ပါ/ပ-၃၁၇+၃၁၉။ ဥ/တ-၃၃၂။ ဦ/တ-မ။ မြန်/တ-၃၀၉+၃၁၁။

အာသဝက္ခယသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား အကြိမ်ကြိမ် ပွားများအားထုတ်သည် ရှိသော် အာသဝေါတရားတို့ကုန်ရာ တရားဆယ်ပါးကို ဟောကြားတော်မူသောဘုတ်။

(အာသဝေါကုန်ရာ တရားဆယ်ပါးကို ပြသည်။)

အံ/ဒသ-ပါ/တ-၃၅၀။ ဥ/တ-မ။ ဦ/တ-မ။ မြန်/တ-၃၃၂။

အာစယဂါမိသုတ်

မြတ်စွာ ဘုရားသျှင်သည် ရဟန်းတို့အား မိစ္ဆာဒိဋ္ဌိ စသော ဝဋ်ဆင်းရဲ ရောက်ကြောင်း တရားဆယ်ပါး နှင့် သမ္မာဒိဋ္ဌိစသော နိဗ္ဗာန်ရောက်ကြောင်းတရား ဆယ်ပါးကို ဟောကြားတော်မူသောသုတ်။

(နိဗ္ဗာန်ရောက်ကြောင်းတရား ဆယ်ပါးကို ပြသည်။)

အံ/ဒသ–ပါ/တ–၄၅၄+၄၅၅။ ဋ္ဌ/တ–မ။ ဋီ/တ–မ။ မြန်/တ–၄၄၇+၄၄၈။

အာသေဝိတဗ္ဗသုတ်

မြတ်စွာ ဘုရားသျှင်သည် ရဟန်းတို့အား မမှီဝဲအပ်သောတရား ဆယ်ပါး နှင့် မှီဝဲအပ်သော တရားဆယ်ပါးကို ဟောကြားတော်မူသောသုတ်။

(အာသေဝိတဗ္ဗတရား ဆယ်ပါးကို ပြသည်။)

အံ/ဒသ–ပါ/တ–၄၅၆။ ဋ္ဌ/တ–မ။ ဋီ/တ–မ။ မြန်–၄၅၀။

အာသဝသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား အာသဝေါတရားတို့၏ အာရုံဖြစ်သော ဒုစရိုက် တရား ဆယ်ပါး နှင့် အာသဝေါတရားတို့၏ အာရုံမဖြစ်သော သုစရိုက်တရား ဆယ်ပါးတို့ကို ဟောကြားတော်မူသောသုတ်။

(အာသဝေါတရားတို့၏ အာရုံ ဖြစ်, မဖြစ်သော တရားဆယ်ပါးအစုံကို ပြသည်။)

အံ/ဒသ–ပါ/တ–၄၈၃။ ဋ္ဌ/တ–မ။ ဋီ/တ–မ။ မြန်–၄၇၃+၄၇၄။

အာစယဂါမိသုတ်

မြတ်စွာ ဘုရားသျှင်သည် ရဟန်းတို့အား ဝဋ်ဆင်းရဲ ရောက်ကြောင်းတရား ဒုစရိုက် ဆယ်ပါးနှင့် နိဗ္ဗာန်ရောက်ကြောင်းတရား သုစရိုက်ဆယ်ပါးတို့ကို ဟောကြားတော်မူသော သုတ်။

(နိဗ္ဗာန်ရောက်ကြောင်းတရား ဆယ်ပါးကို ပြသည်။)

အံ/ဒသ–ပါ/တ–၄၈၄။ ဋ္ဌ/တ–မ။ ဋီ/တ–မ။ မြန်–၄၇၄+၄၇၅။

အာသေဝိတဗ္ဗဓမ္မသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား မမှီဝဲအပ်သောတရားဆယ်ပါး နှင့် မှီဝဲအပ်သော တရားဆယ်ပါးကို ဟောကြားတော်မူသောသုတ်။

(မှီဝဲအပ်, မမှီဝဲအပ်သော တရားကို ပြသည်။)

အံ/ဒသ–ပါ/တ–၄၈၆+၄၈၇။ ဋ္ဌ/တ–မ။ ဋီ/တ–မ။ မြန်–၄၇၇။

No. 18

[မဇ္ဈိမနိကာယ]

[၃]

ဣသိဂိလိသုတ်

ဤသို့ကြားနာရသော ကျွန်ုပ်သည် ရာဇဂြိုဟ်ပြည် ဣသိဂိလိတောင်၌ ရဟန်းတို့အား ဂေဘာရတောင်, ဝေပုလ္လတောင်, ဂိဇ္ဈကူဋ်တောင်, ဣသိဂိလိတောင်တို့ကို ညွှန်ပြတော်မူခဲ့ကြောင်းမည်တို့သည် များစွာသောဖြစ်၍ ဤမှ တပါးသော အမည်ပညတ်တို့လည်းဖြစ်ခဲ့ပုံ. ဤသို့ဖြစ်တော်မူခြင်း၏အကြောင်း နှင့် ဤတောင်၌ ရှေးအခါက သိတင်းသုံးတော်မူကြသော ပရိနိဗ္ဗာန်ဝင်စံကြသွားခဲ့ကြပြီးသော ထိုပစ္စေကဗုဒ္ဓါတို့အား ရှိခိုးကြကုန်လော့ဟု မိန့်ကြားတော်မူသော အကြောင်းတို့ကို ဤသုတ်၌ ဟောကြားတော်မူသည်။

(များစွာသော ပစ္စေကဗုဒ္ဓါတို့၏အမည်ကို ပြသည်။)

ဥပရိပဏ္ဏာသ/ပါ-၁၁၂ ; ၁၁၆။ ဒု/ဂဒ+၉၂။ ဒီ/တ-၃၀၃+၃၀၅။
မြန်/၁၁၆+၁၁၈။

၇ နြိုယဘာဝနာသုတ်

ဤသို့ကြားနာရသော ကျွန်ုပ်သည် တစ်ခါလျှင်၌ သာဝတ္ထိတောအုပ်၌ သိတင်းသုံးတော်မူစဉ် ပါယာသိပြည် ကပ္ပဋိကဉ္စာရသူလျာဝင်အား ကျွန်ုပ်တို့ပွားစေခြင်းငှာ အဆင်းကိုမမြင်ရသော သင်ကြားခြင်းကိုအကြောင်းပြု၍ မျက်စိကန်းသူ, နားပင်းသူ ဥပမာဖြင့် ဟောကြားစေသော ကျွန်ုပ်တို့ ဝိုးပွားစေရန် ကျင့်ကြံအားထုတ်ပုံတို့ကို အဆင့်ဆင့် အကျယ်ဝင်လာန်၏ အသျှင်အာနန္ဒာအား ဟောကြားတော်မူသောသုတ်။

(ကျွန်ုပ်တို့ပွားကြောင်း ကျင့်သုံးရန်နည်းတို့ကို ပြသည်။)

ဥပရိပဏ္ဏာသ/ပါ-၁၇၂ ; ၁၇၅။ ဒု/၂၅၀-၂၅၂။ ဒီ-၄၃၉+၄၄၂။ မြန်-၂၅၂+၂၅၆။

[သံယုတ္တနိကာယ]

၄ ဆဿုတ်

နှစ်သားဟယောက်သည် မြတ်စွာဘုရားသျှင်အား လောကကိုပဲ့စပ်သောတရား, လောကမှ ဥစ်ခြောက်ကင်းကြောင်းတရား နှင့် အလုံးစုံအဖဲ့ဒေးစပ်ပြတ်သော တရားဝံ့ကို မေးလျှောက်ပုံ- ဘုရားသခင်က (ဆဿုတ်)ဟူသောအလိုရမ်းသည် လောကကို ဖဲ့စပ်၍ ထိုဆဿုတ်ကို ဆုံးမလျှင် လောကမှ

လွတ်မြောက်ပုံ - ဣန္ဒာကိုပယ်ဖျက်လျှင် အလုံးစုံအဖွဲ့အစပ်တို့ပြတ်ပုံ စသည်တို့ကို ဟောကြားတော်မူခဲ့သောသုတ်။

(ဣန္ဒာအလိုရမ္မက်ကို ပယ်ဖျက်ရန် ပြသည်။)

သဂါထာသုံ/ပါ-၃၈။ ဥ/ပ-၉၀။ ဋ္ဌိ/ပ-၁၃၄။ မြန်-၃၇။

ဣသိရိယသုတ်

နတ်သားတယောက်သည် မြတ်စွာဘုရားသျှင်အား လောကဌ် အစိုးရသည်၏အဖြစ်-မြတ်သောဘဏ္ဍာ- ပညာလက်နက်၏အညစ်အကြေး- ဘေးရန်- တားမြစ်အပ်သောယူခြင်း- ချစ်အပ်သော ယူဆောင်ခြင်း- ပညာရှိတို့ နှစ်သက်သောယူဆောင်ခြင်းတို့ကို မေးလျှောက်ပြန့် နတ်သား၏ အဖေး ခုနစ်ပါးကို ဘုရားသျှင် ဖြေဆိုဟောကြားတော်မူသောသုတ်။

(အဖြေတော် ခုနစ်ပါးကို အကျယ်ပြသည်။)

သဂါထာသုံ/ပါ-၄၀+၄၁။ ဌ/ပ-၉၄။ ဋ္ဌိ/ပ-၁၃၉။ မြန်/ပ-၄၀

ဣသိတ္တသုတ်

ကောသလမင်းကြီးသည် မြတ်စွာဘုရားသျှင်အား ပေးလှူအပ်သောပုဂ္ဂိုလ်- အကျိုးကြီးမြတ်သော အလှူခံပုဂ္ဂိုလ်နှင့် စပ်၍ မေးလျှောက်ပုံ- ဘုရားသျှင်က မင်းကြီးအား ဥပမာအမျိုးမျိုးတို့ဖြင့် မေးစီစစ်၍ အကျိုးကြီးမြတ်သော အလှူခံပုဂ္ဂိုလ်၏ အင်္ဂါငါးပါး အစုံဘို့ကို အကျယ်ညွှန်ပြတော်မူ၍ လှူဒါန်းပုံ နှင့် အကျိုးပေးပုံတို့ကို ဥပမာတို့ဖြင့် ဟောကြားတော်မူသောသုတ်။

(အလှူခံပုဂ္ဂိုလ်၏ ပယ်အပ်ပြည့်စုံအပ်သော အင်္ဂါတို့ကို ပြသည်။)

သဂါထာသုံ/ပါ-၉၉+၁၀၀။ ဌ/ပ-၁၅၀+၁၅၃။ ဋ္ဌိ/ပ-၁၉၆+၁၉၉။
မြန်/ပ-၉၆+၉၈။

ဣန္ဒကသုတ်

မြတ်စွာဘုရားသျှင်သည် ရာဇဂြိုဟ်ပြည် ဣန္ဒကဘီလူး၏ ဗိမာန်၌ သီတင်းသုံးတော်မူစဉ် အခါ ဣန္ဒကဘီလူးသည် ဘုရားသျှင်အား အဘယ်ကြောင့် ရုပ်ကို ဇီဝဟု မဟောပါသနည်း- အဘယ်ကြောင့် ရုပ်တရားကိုရ၍ အရိုးစု အသားဆိုင်တို့သည် ဘယ်ကရောက်လာပါသနည်း- အဘယ်အကြောင်းကြောင့် အမိဝမ်း၌ ငြိကပ်တည်နေရပါသနည်းဟု မေးလျှောက်ပုံ နှင့် ဘုရားသျှင်က ကလလရေကြည်, အမြှုပ်, သားတစ်, အခဲ, ခက်မငါးဖြာ နှင့် ဆံ, အမွေး, စသည်း လက်သည်း စသည်တို့ ဖြစ်ပေါ်ပုံ- အမိဝမ်း၌တည်သော သတ္တဝါသည် အပိစားတော် အစာဖြင့် မျှတပုံ စသည်တို့ကို ဟောကြားတော်မူသောသုတ်။

(အမိဝမ်း၌ အဆင့်ဆင့် ဖြစ်ရပုံကို ပြသည်။)

သဂါထာသုံ-ပါ-၂၀၈။ ဌ/ပ-၂၇၄+၂၇၆။ ဋ္ဌိ/ပ-၃၀၆+၃၀၈။ မြန်/ပ-၁၂၄။

ဣန္ဒြိယသမ္ပန္နသုတ်

ရဟန်းတပါးသည် မြတ်စွာဘုရားသျှင်အား အဘယ်မျှသော အကြောင်းဖြင့် ဤနေ့နှင့် ပြည့်စုံသူ ဖြစ်ပါသနည်းဟု မေးလျှောက်ပုံ· ဘုရားသျှင်က စက္ခုဣန္ဒြေ စသည်တို့၏ အဖြစ်အပျက်ကို အဖန်ဖန်အကြိမ်ကြိမ် ရှုနေလျှင် စက္ခုဣန္ဒြေ စသည်တို့၌ ငြီးငွေ့ခြင်း စသည်ဖြင့် မင်္ကာစွပြီးပုံ မင်္ကာစွ ပြီးပြီဟု သိသောသူသည် ဤနေ့နှင့်ပြည့်စုံသောသူ ဖြစ်ပုံကို ဟောကြားတော်မူသောသုတ်။

(ဤနေ့နှင့် ပြည့်စုံသောအဖြစ်ကို ပြသည်။)

သဋ္ဌာသံ–ပါ/ဒု–၃၅၃။ ဌ/တ–၄၇။ ဋီ/ဒု–၃၁၀။ မြန်/ဒု–၃၄၇+၃၄၀။

ဤသုကိသုတ်

မြတ်စွာဘုရားသျှင်သည် အသျှင်အနုရုဒ္ဓါဒါဘား မာတုဂါမတို့ အပါယ်သို့ကျရောက်စေနိုင်သော တရားငါးပါးကို ဟောကြားတော်မူသောသုတ်။

(ကောခနသုတ် နှင့် တူ၏၊ အမျက်ထွက်ခြင်းနှင့် ငြူစူခြင်းမျှသာ ထူးသည်။)

သဋ္ဌာသံ–ပါ/ဒု–၄၃၀။ ဌ/တ–မ။ ဋီ/ဒု–မ။ မြန်/ဒု–၄၃၄။

ပဌမ ဤသိဒတ္တသုတ်

စိတ္တသူကြွယ်သည် မစ္ဆိကာသဏ္ဍအရပ်၌ သိတင်းသုံးတော်မူကြသော ရဟန်းတော်တို့အား ပင့်၍ ဆွမ်းကျွေးလှဒါန်းပြီးလျှင် ဓာတ်တို့၏ ထူးခြားမှုကို လျှောက်ထားပုံ· မထေရ်ကြီးတို့ မဖြေဆိုနိုင်ကြ၍ အငယ်ဆုံး အသျှင်ဤသိဒတ္တာသည် မထေရ်ကြီးဘို့အား ခွင့်တောင်း၍ ဖြေကြားတော်မူပုံ စိတ္တသူကြွယ် ဝမ်းမြောက်ပုံနှင့် မထေရ်ကြီးတို့ ဒနာဝင်ရေးကို လှဲအပ်တော်မူကြပုံကို ဟောကြားတော်မူသောသုတ်။

(ဓာတ်တို့၏ ထူးခြားပုံတို့ကို ပြသည်။)

သဋ္ဌာသံ–ပါ–၄၇၅+၄၇၇။ ဌ/တ–၁၃၀။ ဋီ/ဒု–၃၇၁။ မြန်/ဒု–၄၇၀+၄၇၁။

ဒုတိယ ဤသိဒတ္တသုတ်

(ပဌမဤသိဒတ္တသုတ်) နှင့် နိဒါန်း ကွာသည်၊ စိတ္တ သူကြွယ်သည် ငြဟ္မစျာလ သုတ်၌ ဟောတော်မူသော ၆၂ · ပါးသော မိစ္ဆာဒိဋ္ဌိတို့သည် အဘယ်ဘုရားဖျိုလျှင် ဖြစ်ပါသနည်းဟု မေးလျှောက်ပုံ· အသျှင်ဤသိဒတ္တာသည် မထေရ်ကြီးတို့ကို ခွင့်တောင်း၍ ဖြေကြားတော်မူပုံ· စိတ္တသူကြွယ်သည် အလွန်ကြည်ညို၍ ပစ္စည်းလေးပါးဖြင့် ဘိတ်ကြား၍ ဤအရပ်၌ အမြဲသီတင်းသုံးတော်မူပါရန် လျှောက်ထားပုံ နှင့် အသျှင်ဤသိဒတ္တာ အရပ်တပါးသို့ ကြွသွားတော်မူသည်ကို ဟောကြားတော်မူသောသုတ်။

(သက္ကာယဒိဋ္ဌိရှိလျှင် ၆၂ · ပါးသော မိစ္ဆာဒိဋ္ဌိတို့ ဖြစ်နိုင်ပုံကို ပြသည်။)

သဋ္ဌာ သံ–ပါ/ဒု–၄၇၇+၄၇၉။ ဌ/တ–၁၃၀။ ဋီ/ဒု–၃၇၁။ မြန်/ဒု–၄၇၁+၄၇၄။

ကုဒ္ဓိပါဒသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ကုဒ္ဓိပါဒ် လေးပါးသည် အသခ််တနိဗ္ဗာန်သို့ ရောက်ကြောင်း တရားဖြစ်ပုံကို ဟောကြားတော်မူသောသုတ်။

(ကုဒ္ဓိပါဒ်လေးပါး၏အကျိုးကို ပြသည်။)

သဋ္ဌာ သံ–ပါ–၅၃၆။ ဋ္ဌ/ဒု–တ–မ။ ဋီ/ဒု–မ။ မြန်/ဒု–၅၂၀။

ကုန္ဒြိယသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ကုန္ဒြေငါးပါးတို့သည် အသခ််တ နိဗ္ဗာန်သို့ ရောက်ကြောင်း တရားဖြစ်ပုံကို ဟောကြားတော်မူသောသုတ်။

(ကုန္ဒြေပါးပါး ပွားများခြင်း၏ အကျိုးကို ပြသည်။)

သဋ္ဌာ သံ–ပါ–ဒု–၅၃၆။ ဋ္ဌ/တ–မ။ ဋီ/ဒု–မ။ မြန်/ဒု–၅၂၃။

ကုဒ္ဓိပဒေသသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ယခင်, ယခု, နောင်အခါတို့၌ ကုဒ္ဓိပါဒ်လေးပါးကို အကြိမ်ကြိမ်ပွားများသော သမဏ, ဗြာဟ္မဏတို့သည် ကုဒ္ဓိ တစိတ်ဘဒေသကို ပြီးစီးခဲ့ခြင်း · ပြီးစီးခြင်း · ပြီးစီးလတ္တံ့ဖြစ်ခြင်းတို့ကို ဟောကြားတော်မူသောသုတ်။

(ကာလသုံးပါးလုံး၌ ကုဒ္ဓိ တစိတ်ဘဒေသပြီးစီးပုံကို ပြသည်။)

မဟာ သံ–ပါ–တ–၂၂၃။ ဋ္ဌ/တ–၂၀၂။ ဋီ/ဒု–၅၀၃။ မြန်/တ–၂၂၅+၂၂၆။

ကုဒ္ဓါဒိဒေသနာသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ကုဒ္ဓိ, ကုဒ္ဓိပါဒ်, ကုဒ္ဓိပါဒ် လေးပါးကို ပွားများခြင်း · ကုဒ္ဓိပါဒ် လေးပါးကို ပွားများခြင်းသို့ရောက်ကြောင်းတရားတို့ကို ဟောကြားတော်မူသောသုတ်။

(တန်ခိုးနှင့်စပ်သောဒေသနာကြောင်းတရားတို့ကို ပြသည်။)

မဟာ သံ–ပါ–တ–၂၄၁+၂၄၂။ ဋ္ဌ/တ–၂၀၉။ ဋီ/ဒု–၅၁၃။ မြန်/တ–၂၄၄+၂၄၅။

ကုဒ္ဓိဝိဓသုတ်

အသျှင်အနုရုဒ္ဓါသည် ရဟန်းတို့အား ငါသည် သတိပဋ္ဌာန်လေးပါးကို အကြိမ်ကြိမ် ပွားများခြင်းကြောင့် တန်ခိုးအမျိုးမျိုး ဖန်ဆင်းနိုင်ပုံတို့ကို ဟောကြားတော်မူသောသုတ်။

(သတိပဋ္ဌာန်အကျိုး တန်ခိုးအမျိုးမျိုးကို ပြသည်။)

မဟာ သံ –ပါ– ၂၆၅။ ဋ္ဌ/တ–မ။ ဋီ/ဒု–မ။ မြန်/တ– ၂၆၇။

၇၂ နိုယပဇရပရိယတ္တသုတ်

အသျင်အနုရူဒ္ဓါသည် ရဟန်းကိုအား သင်္ဃဝါတို့၏ ကုန်ဆုံးအနုအရင့်တို့ကို ဟုတ်မှန်စွာ သိခြင်းငှါ ဟောကြားတော်မူသောသုတ်။

(သတိပဋ္ဌာန်အကျဉ်းချုပ် ကုန်ဆုံးအနုအရင့်သိပုံကို ပြသည်။)

မဟာသံ–ပါ–တ–၂၆၃။ ဋ္ဌ/တ–၆။ ဋီ/ဒ–၆။ မြန်/တ–၂၆၃။

၇၃ ဆာနက်လသုတ်

မြတ်စွာဘုရားသျှင်သည် ဇာဆာနက်လ ခေတ္တာအုပ်၌ သုံးလပတ်လုံး တပါးတည်း သီတင်းသုံးတော်မူပြီး၍ ရဟန်းတို့အား အညတိတ္ထိယဝိဇ္ဇာတို့က ဘုရားသျှင်သည် မိုးလတို့ပတ်လုံး အဘယ်နေနည်းမျိုးဖြင့် နေပါသနည်းဟု မေးလျှင် အာနာပါနသမာဓိဖြင့် နေတော်မူသည်ဟု ဖြေကြားကြရန် နှင့် အာနာပါနသမာဓိ ပွားများပုံနှင့် အကျိုးတရားတို့ကို စုံလင်စွာ ဟောကြားတော်မူသောသုတ်။

(ဘုရားသျှင်နှင့် အင်္ဂိယာတို့၏ မြတ်သောနေခြင်းကို ပြသည်။)

တပနိယသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ပူပန်စေတတ်သော ဒုစရိုက်တရား ဆယ်ပါးနှင့် မပူပန်စေတတ်သော သုစရိုက်တရား ဆယ်ပါးကို ဟောကြားတော်မူသောသတ်။

(မပူပန်စေတတ်သောတရား ဆယ်ပါးကို ပြသည်။)

အံ ဒသ–ပါ/တ–၃၀၄။ ဋ္ဌ/တ–မ။ ဋီ/တ–မ။ မြန်–၃၇၄။

[သံယုတ္တနိကာယ]

[ထ]

ထေရနာမကသုတ်

(ရာဇဂြိုဟ်) ထေရမည်သော ရဟန်းသည် တပါးတည်းနေထိုင်သွားလာစားသောက်လျက် တပါးတည်း နေထိုင်ခြင်း၏ ဂုဏ်ကျေးဇူးကို ချီးကျူးလေ့ရှိပုံ - ရဟန်းတို့သည် ဘုရားသျှင်အား လျှောက်ထား၍ ခေါ်ယူမေးမြန်းတော်မူပြီးလျှင် တပါးတည်းနေခြင်း၏ အဓိပ္ပါယ် ကျယ်ဝန်းပုံနှင့် တကွ အတိတ်ခန္ဓာကို ပယ်စွန့်ပြီးလျှင် အနာဂတ်ခန္ဓာကို စွန့်လွှတ်လျက် ပစ္စုပ္ပန် ခန္ဓာ၌ တပ်မက်ခြင်းကို ဆုံးမအပ်ပြီ စသည်ဖြင့် ဟောကြားတော်မူသောသုတ်။

(တပါးတည်း နေထိုင်ပုံကို ပြသည်။)

နိဒါန် သံ-ပါ-၄၆၉+၄၇၀။ ဋ္ဌ/ဒု--၂၂၂+၂၂၃။ ဋီ/ဒု--၁၉၀၊ ၁၉၉။
မြန်/ပ--၄၅၈+၄၅၉။

ဆဗတိသုတ်

(သာဝတ္ထိ)လူသိဒတ္တန့်ဂ် ပုရာဏလက်သမားကြီး နှစ်ယောက်တို့သည် မြတ်စွာဘုရားသျှင်အား ဝမ်းနည်း ဝမ်းသာ ဖြစ်ရခြင်းတို့ကို လျှောက်တားပုံနှင့် ဘုရားသျှင်က လူ့ဘောင်၌ ကျဉ်းမြောင်းလှပုံတို့ကို ဟောကြားတော်မူပုံ - လက်သမားတို့သည် ထို့ထက် အလွန်ကျဉ်းမြောင်းခြင်းနှင့် တွေ့ကြုံရသည်ကို လျှောက်တား၍ ဘုရားသျှင်က သောတာပတ္တိယင်္ဂတရား လေးပါးကို ဟောကြားတော်မူသောသုတ်။

(လူ့ဘောင်၌ ကျဉ်းမြောင်းပုံကို ပြသည်။)

မဟာ သံ-ပါ-၃၀၃+၃၀၆။ ဋ္ဌ/တ--၃၀၉၊ ၃၁၁။ ဋီ/ဒု--၅၂၀+၅၂၉။
မြန်/တ--၃၀၄+၃၀၈။

[အဂိုတ္တရနိကာယ]

ထူပါရဟသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ဓမ္မဟိတိုက်သော (ဘုရား, ပစ္စေကဗုဒ္ဓါ, အရဟတ်, စကြဝတေး) ပုဂ္ဂိုလ်လေးပါးရှိပုံကို ဟောကြားတော်မူသောသုတ်။

(ဓမ္မဟိတိုက်သော ပုဂ္ဂိုလ်လေးမျိုးကို ပြသည်။)

အံ စတု-ပါ/ပ--၅၆၇။ ဋ္ဌ/ဒု--၃၉၅။ ဋီ/မ။ မြန်/ပ--၅၀၂။

ထေရသုဝ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား မဟောကျိုးသည် လူအများ၏ အကျိုးစီးပွားမဲ့ကို ဖြစ်စေသော အကျင့်တရား၊ငါးပါးနှင့် အကျိုးစီးပွားကို ဖြစ်စေသော အကျင့်တရား၊ငါးပါးကို ဟောကြာားတော်မူသောသုတ်။

(တရား၊ငါးပါးကို ပြသည်။)

အံ့ ဒသ-ပါ/တ-၄၁၉+၄၂၀။ ဋ္ဌ/တ-၃၃၂၂။ ဋီ/တ-မ။ မြန်-၄၁၁။

ထေရသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား သင်ပါးဒသာ တရားနှင့် ပြည့်စုံသော မထေရ်ကြီးရဟန်းသည် သီဘင်းသုံးရာအရပ်တိုင်း၌ အမြဲသင့်စွာ နေရုံနှင့် ပြည့်စုံရာသော တရားဆယ်ပါးကို ဟောကြာားတော်မူသောသုတ်။

(ထေရမဟ္မ ဆရာ်ပါးကို ပြသည်။)

အံ့ ဒသ-ပါ/တ-၄၁၉+၄၂၀။ ဋ္ဌ/တ-၃၃၂။ ဋီ/တ-မ။ မြန်-၄၁၁။

[ဒိဃနိကာယ]

[၃]

ဒသုတ္တရသုတ်

မြတ်စွာဘုရားသျှင်သည် စမ်းသပ်မြို့ ဝဂ္ဂရာမည်သော ရေကန်ကြီးအနီး၌ ရဟန်းငါးရာခြံရံလျက် သီတင်းသုံးတော်မူစဉ်အခါ ဘုရားသျှင်၏ ညွှန်ကြာားချက်အရ အသျှင် သာရိပုတ္တရာသည် ရဟန်းတော်တို့အား တရားတပါးစုဆယ်စုံမှ တပါးစု ဆယ်စုံတိုင်အောင် ဆန်းကြယ်နက်နဲလှစွာသော ဒသုတ္တရ တရားကို ဟောကြာားတော်မူသောသုတ်။

(ဓမ္မကထိကမဟာမှ ဒသစမ္မာအထိ နက်နဲတန်းကြယ်သော တရားဆယ်ပါးစုံတို့ကို ပြသည်။)

ပါထိက-ပါ-၂၂၇ ၂၆၀။ ဋ္ဌ/၂၃၇ ၂၄၉။ ဋီ/၂၃၅+၂၄၀။ မြန်-၂၄၉+၂၀၃။

[မဇ္ဈိမနိကာယ]

ဒွေဒါဝိတက္ကသုတ်

(သာဝတ္ထိ) မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ဝိတက်တရားတို့၏ ဖြစ်ခြင်း ပယ်ခြင်းတို့၏ အကြောင်းဟူကို ဥပမာတို့ဖြင့် အကျယ်ဟောကြားတော်မူပုံနှင့် ဝိတက်တရားတို့ကိုပယ်လျက် ဝိဇ္ဇာဉာဏ်အဆင့်ဆင့်ပေါက်လျက် ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ပုံတို့ကို အကျယ်ဟောကြားတော်မူသောသုတ်။

(ဘုရားအလောင်းတော် ဘဝက အကြံတော်ဖြစ်ပုံနှင့် ယှဉ်တွဲ ပြသည်။)

မူလ ပဏ်–ပါ–၁၆၁+၁၆၇။ ဋ္ဌ/ပ–၃၀၃+၃၉၀။ ဋီ/ဒု–၆၇+၇၂။
မြန်–၁၆၅+၁၇၁။

ဒီဃနခသုတ်

မြတ်စွာဘုရားသျှင်သည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကူဋ်ဘောင် သူကရခတလိုဏ်ဂူ၌ သီတင်းသုံးတော်မူစဉ် အခါ အညတိဘ္ဆိယ နိဂဏ္ဌတို့သည် သုခ ဒုက္ခ ဥပေက္ခာ ဝေဒနာတို့သည် အတိတ် ကံကြောင့် ဖြစ်ကုန်၏ စသည်ဖြင့် ယူဆခြင်းဆိုးနေကြပုံ ဘုရားသျှင်သည် ၎င်းတို့ထံ ချဉ်းကပ် မေးမြန်း၍ ဥပမာအမျိုးမျိုးတို့ဖြင့် အကျယ်ဝဘန် ဟောကြားတော်မူပြီးလျှင် အကျင့်လမ်းမှန်ဖြင့် စွာနဲ့ မဂ်ဖိုလ်တရားနှင့် ချီးမွမ်းပွယ်ဆယ်ပါးကို ဟောကြားတော်မူသောသုတ်။

(ဋ္ဌ/၌–ဒိဋ္ဌဓမ္မ ဝေဒနိယ စသော ကံတို့နှင့်စပ်သည့် ဝတ္ထုများ ပါသည်။)

ဥပရိ ပဏ်–ပါ–၁+၁၇။ ဋ္ဌ–၁+၁၀။ ဋီ/၂၁၁+၂၁၈။ မြန်/၁+၁၉။

ဒေဝဒဟသုတ်

မြတ်စွာဘုရားသျှင်သည် သက္ကတိုင်း ဒေဝဒဟနိုင်း လုမ်မိမိနိတော၌ သီတင်းသုံးတော်မူစဉ် အခါ အညတိဘ္ဆိယ နိဂဏ္ဌတို့သည် သုခ ဒုက္ခ ဥပေက္ခာ ဝေဒနာတို့သည် အတိတ် ကံကြောင့် ဖြစ်ကုန်၏ စသည်ဖြင့် ယူဆခြင်းဆိုးနေကြပုံ ဘုရားသျှင်သည် ၎င်းတို့ထံ ချဉ်းကပ် မေးမြန်း၍ ဥပမာအမျိုးမျိုးတို့ဖြင့် အကျယ်ဝဘန် ဟောကြားတော်မူပြီးလျှင် အကျင့်လမ်းမှန်ဖြင့် စွာန် မဂ်ဖိုလ်တရားနှင့် ချီးမွမ်းပွယ်ဆယ်ပါးကို ဟောကြားတော်မူသောသုတ်။

(ဋ္ဌ/၌–ဒိဋ္ဌဓမ္မ ဝေဒနိယ စသော ကံတို့နှင့်စပ်သည့် ဝတ္ထုများ ပါသည်။)

ဥပရိ ပဏ်–ပါ–၁+၁၇။ ဋ္ဌ–၁+၁၀။ ဋီ/၂၁၁+၂၁၈။ မြန်/၁+၁၉။

ဒန္တဘူမိသုတ်

(ရာဇဂြိုဟ်) အစိရဝတ သာမဂေါသည် ဗိမ္ဗိသာရမင်း၏သား ဇယဒေသန မင်းသား၏ တရားတော်မြတ်ကို ပုတ်ခတ်ခြေခြောက်ကြားသော စကားနှင့် စပ်၍ ဘုရားသျှင်အား လျှောက်ထားပုံ ဘုရားသျှင်သည် တောင်ပေါ် ဘောဇ်အောက် အမြင့်မတူပုံ ဥပမာ, ဆင်ယဉ် ဆင်ရိုင်းဥပမာ,

ဆင်ဆရာသည် ဇေတဝနဆင်ခိုင်းကို ပင်းဦးဆင်ဒုတ်ဖြစ် ယဉ်ကျေးအောင်သင်ကြားရပုံ ဥပမာတို့ဖြင့် ကာမဂုဏ်ကို ပယ်ရှားရန် ပြည့်စုံတိုင်ဖေဖေ့ဝင်အကျယ်ဟောကြားတော်မူသည်။

(ကိုယ်တိုင် ကြုံခဲ့ရသော မယုံကြည်ပုံကို ပြသည်။)

ဥပရိ ပဏ္ဏာ–ပါ–၁၆၉+၁၇၇။ ဋ္ဌ/၁၄၀+၁၄၂။ ဦ/တ–၃၄၅+၃၄၆။
မြန်/၁၇၄+၁၈၂။

ဒေဝဒုတသုတ်

(သင်္ခါရ) မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ကသေး, သူအို, သူနာ, သူသေ, ဤဒေဝတ်သုံးပါး ကိုးသောနတ်တို့၏ဘမန်ပါးတနံ့သောနိမိတ်ဘို့နှင့်တကွ မကောင်းမှုတို့၏အကျိုးရှိရဲ့ အမျိုးမျိုးတို့ဆို ဝံဒနာရပုံ ဒုက္ခဟိုက်ပုံ ဒေကျယ်ဒေသနာ ဟောကြားတော်မူသောသုတ်။

(သံဝဂဇနီယရုပ်ရှုခင်းများ ရစေရန်နှင့် မကောင်းမှုတို့၏ အကျိုး ကြောက်လန့်ဖွယ် အပြစ်တို့ကို ပြသည်။)

ဥပရိ ပဏ္ဏာ–ပါ–၂၁၆+၂၂၂။ ဋ္ဌ/၁၆၃+၁၆၉။ ဦ/တ–၃၅၉+၃၆၅။
မြန်/၂၂၀+၂၂၈။

ဒကဝိဘင်္ဂသုတ်

မြတ်စွာဘုရားသျှင်သည် တပါးဘဝ်ပြည် ဒိဗ္ဗဘောဂရုံ ကျောင်း၌ သီတင်းသုံးတော်မူစဉ် အခါ ဖိုရေးတော် မဟာပဇာပတိ ဂေါတမီသည် ကိုယ်တိုင်ငင် ကိုယ်တိုင်ဒုက်သော သင်္ခန်း လျှောပုဆိုးအင်္ကျီကို ဘုရားသျှင်အား ပူဇော်ပုံနှင့် သင်ကြားဩဝါဒ လှူဒါန်းရန် သုံးကြိမ်တိုင် မိန့်ကြားတော်မူပုံ ဖြစ်ဘဲ အာနန္ဒာသည် ဖိုရေးတော်ဂေါတမီ၏ ဂုဏ်ကျေးဇူးကို လျှောက်ထားပုံ နှင့် ဘုရားသျှင်သည် ပဂ္ဂလိက ဒါန တော်လေးပါး သံဃာ့ကဒါန ခုနစ်ပါးတို့ကိုအကျယ် ဟောကြားတော် မူပြီးလျှင် ပဂ္ဂလိက ဒါန်းက သံဃာ့ကဒါနမြတ်ပုံ နှင့် အလှူ၏စင်ကြယ်ခြင်း လေးပါးကို အကျယ် ဝေဘန် ဟောကြားတော်မူသောသုတ်။

(ပဂ္ဂလိက ဒါနနှင့် သံဃာ့က ဒါနအပြား, ပဂ္ဂလိက ဒါနထက် သံဃာ့ကဒါန အကျိုးကြီးပုံကို ပြသည်။)

ဥပရိ ပဏ္ဏာ–ပါ–၂၉၅+၃၀၀။ ဋ္ဌ/၂၁၉+၂၂၀။ ဦ/တ–၄၀၆+၄၁၆။
မြန်/၃၀၀+၃၀၅။

[သံယုတ္တနိကာယ]

ဒုက္ကရသုတ်

နတ်သားတယောက်သည် မြတ်စွာဘုရားသျှင်အား ပညာမရှိသော ရဟန်းသည် မြတ်မသော ရဟန်းဘာကိုကျင့်နိုင်ခဲ့၏ - သည်းခံနိုင်ခဲ့၏ · ထိုရဟန်းသည်မင်္ဂလာရရန် ခဲယဉ်း၏ စသည်

ဖြင့်လျှောက်ထားပုံ - ဘုရားသျှင်က အာရုံဥ စိတ်ကိုမတားမြစ်နိုင်လျှင် မြတ်သောရဟန်းတရားကို ကျင့်နိုင်ခဲပုံ စသည်တို့ကို လိပ်၏ ဥပမာဖြင့် အကျယ် ဟောကြားတော်မူသောသုတ်။

(အာရုံငါးပါး သိမ်းဆည်းပုံကို လိပ်ဥပမာဖြင့် ပြသည်။)

သဂါထာ သံ–ပါ–၇။ ဌ/ပ–၃၅။ ဋီ/ပ–၈၀+၈၁။ မြန်/ပ–၇။

ဒုတိယသုတ်

နတ်သား တယောက်သည် မြတ်စွာ ဘုရားသျှင်အား ပုဂ္ဂိုလ် သတ္တဝါတို့၏ အပေါင်းအဖေါ်, ပုဂ္ဂိုလ် သတ္တပါတို့ကို ဆုံးမရာ, ပုဂ္ဂိုလ်သတ္တဝါတို့၏ ဆင်းရဲမှလွတ်မြောက်ရာ ဖြစ်သော မေ့လျော့ဖွယ်တို့ကို မေးလျှောက်ပုံ နှင့် ဘုရားသျှင်က သဒ္ဓါပညာ နီဗ္ဗာန်၌ မေ့လျော့ရသော် ဆင်းရဲမှ လွတ်မြောက်ကြောင်း စသည်တို့ကို အစဉ်အတိုင်းဟောကြားတော်မူသောသုတ်။

(သတ္တဝါတို့၏ အဖေါ် ဆုံးမရာ နှင့် ဆင်းရဲမှ လွတ်မြောက်ပုံကို ပြသည်။)

သဂါထာ သံ–ပါ–၃၅။ ဌ/၈၈။ ဋီ/၁၃၁။ မြန်/ပ–၃၅။

ဒါမလိသုတ်

(သဝဏ္ဍီ) ဒါမလိ နတ်သားသည် မြတ်စွာဘုရားသျှင်အား ရဟန္တာသည် ပင်ပန်းခြင်းမရှိ, မပျင်းရိ, လုံ့လ ဝီရိယကို ပြုခြင်းကြောင့် သာဝအသစ်ကို မတောင့်တဟု လျှောက်ထားပုံ နှင့် ဘုရားသျှင်က ရေကူးသောသူသည် ထောက်မှီရာကို မရမီ အားစိုက်ရ၍ ထောက်မှီရာကို ရသောအခါ အားစိုက်၍ ကူးရန်မလိုတော့ပဲ ကမ်းသို့ရောက်သည်မည်ပုံ ဥပမာဖြင့် ဘဝ၏အဆုံးသို့ရောက်ပုံကို ဟောကြားတော်မူသောသုတ်။

(ရဟန္တာတို့၏ ဝိရိယကို ရေကူးသူ ဥပမာဖြင့် ပြသည်။)

သဂါထာ သံ–ပါ–၄၄+၄၅။ ဌ–၉၇+၉၈။ ဋီ–၁၄၄။ မြန်/ပ–၄၄။

ဒီဃလဋ္ဌိသုတ်

(ရာဇဂြိုဟ်) ဒီဃလဋ္ဌိနတ်သားသည် ဘုရားရှင်အား အရဟတ္တဖိုလ်ကို အလိုရှိသောရဟန်းသည် စျာန်ဝင်စားလေ့ရှိ၍ ကိလေသာမှ လွတ်မြောက်လိုသောစိတ်ဖြင့် သခါရတို့၏ အဖြစ်အပျက်ကို ရှုမြင်လျက် တဏှာဒိဋ္ဌိတို့ကို ပယ်စွန့်လျှင် အရဟတ္တဖိုလ်အကျိုးရရှိနိုင်ပုံကို လျှောက်ထားပုံ နှင့် ဘုရားသျှင်က ကျေနပ်လက်ခံတော်မူလျက် အတည်ပြုတော်မူသောသုတ်။

(အရဟတ္တဖိုလ်၏ အကျင့်လမ်းစဉ်ကို ပြသည်။)

သဂါထာ သံ–ပါ–၅၀။ ဌ–၁၀၂။ ဋီ–၁၅၁။ မြန်/ပ–၄၉+၅၀။

ဒဟရသုတ်

(သင်္ဃ၌) ဂေါသလမင်းကြီးသည် မြတ်စွာဘုရားသျှင်အား ပုရာဏကဿပ စသော ဝါဒီဆရာကြီးတို့သော်မှ သင့်သည့်တရားကို ဘိုးသွင်၍၌ သိသော ဘုရားဟု ဝန်မခံကြပါပဲ အဋ္ဌယ် ပြောသော အသျှင်ဂေါတမသည် သင့်သည့်တရားကို ထိုးထွင်း၍သိသော ဘုရားဟု ဝန်ခံရာ သဒ္ဓါလာဘ ဘယ်လောက်သနည်း ဘုရားသျှင်ကငယ်သည်ဟု မထေမဲ့မြင်မပြုရာသော အရာလေးပါး ကို ဟောကြားတော်မူသောသုတ်။

(ငယ်သည်ဟု မထေမဲ့မြင် မပြုအပ်သော အရာလေးပါးကို ပြသည်။)

သင်္ခါထာ သံ– ပါ– ၆၀ ။ ဌ–၁၁၉–၁၂၅။ ဋ္ဌီ–၁၆၉+၁၇၄။
မြန်/ပ–၆၇+၆၉။

ဒေါဏပါကသုတ်

ကောသလမင်းကြီးသည် ဆန်းတစ်ဝန်းက် ဘဝင်းကိုစား၍ မအိမသာဖြင့် ဘုရားသျှင် အထံ၌ ပင်ပန်းပုံ ဆင်းကပ်နေစဉ် ဘုရားသျှင်သည် အဝါဝင်သိမ်း သတိထားလျက် အစာ ဖယ်ရားရန်ကို အာဠာဝကဥဿဒါဝါးလျှင် အရောကျည်က်၍ ဝေဒနာကင်းစွာ အသက်ရှည်ပုံကို ဂါထာဖြင့် သီကောဝါးခဲတော်မူ၏။ ထိုဂါထာကို သင်တို့သားတို့လည်း သင်ယူဆောင်ထားကြ လော့ဟု ဟောကြားတော်မူသောသုတ်။

(ပယ်သည်ဟု မထေမဲ့မြင် မပြုအပ်သော အရာလေးပါးကို ပြသည်။)

သင်္ခါထာ သံ– ပါ– ၆၀ ။ ဌ–၁၁၉–၁၂၅။ ဋ္ဌီ–၁၆၉+၁၇၄။
မြန်/ပ–၆၇+၆၉။

ဒေဝဒတ္တသုတ်

ကြက်ဥခွာ ဘုရားသျှင်သည် ဂိဇ္ဈကူဋ်တောင်၌ သီတင်းသုံးတော်မူသောအခါ သဟမွတိ ကြွလာတော်မူ၍ ဘုရားသျှင်အား ဒေဝဒတ်ကို အာဃာတကြောင်းပြု၍ ငုတ်ခပျုံသီးသည် ငှက်ပျောပင်ကို ဝါးခြင်း ဝါးခြင်းကို ကျူးသီးသည် ကျူးပင်ကို ဖျက်ဆီးသကဲ့သို့ရှင်း အဿမိုရ်မြင်းမ၏ ကိုယ်ဝန်သည်ကို ဖိုဝမ်းတွင်းတော်သကဲ့သို့ရှင်း ပူဇော်သက္ကာရသည် ယုတ်မာသောသူအား သတ်သည်ကို လျော်သော်လည်း ဘုရားသျှင်က ထိုးကန်ခံအတည် ပြုတော်မူသောသုတ်။

(ပူဇော်သက္ကာရသည် ယုတ်မာသောသူကို သတ်ပုံ ပြသည်။)

သင်္ခါထာ သံ–ပါ–၁၅၅ ၁၅၆။ ဌ– ၂၀၁။ ဋ္ဌီ–၂၄၀+၂၄၉။ မြန်/ပ–၁၄၇။

ဒေဝဟိတသုတ်

(သဘဂ္ဂ) မြတ်စွာဘုရားသျှင် လေနာရောဂါ ဖြစ်ပေါ်ခိုက် အသျှင် ဥပဝါန သည် ဒေဝဟိတပုဏ္ဏားအိမ်သို့ သပိတ်ဖြင့် ကြွတော်မူ၍ ရေနွေးအလှူခံတော်မူရာ ပုဏ္ဏားသည် ရေနွေး

တထမ်းနှင့် တင်လဲတထုပ် လှူဒါန်းလိုက်ပုံ - ဘုရားသျှင်သည် ရေနွေးကို ချိုးတော်မူ၍ တင်လဲဂရ ဖြင့် လေနာရောဂါပျောက်ကင်းချမ်းသာကြောင်းကို ဒေဝဟိတပုဏ္ဏား ကြားသိရ၍ ဝမ်းမြောက် စွာဖြင့် ဘုရာသျှင်အထံတော်သို့ ဆည်းကပ်၍ အဘယ်ပုဂ္ဂိုလ်၌ လှူဒါန်းခြင်းသည် အကျိုးကြီးမြတ် ပါသနည်း စသည်ဖြင့် မေးလျှောက်ပုံ - ဘုရားသျှင်က ရဟန္တာကို လှူဒါန်းခြင်းသည် အကျိုးကြီး မြတ်ပုံကို ဟောကြားတော်မူသောသုတ်။

(ကိုလေသာ ကင်းစင်သော ပုဂ္ဂိုလ်အား လှူဒါန်းရခြင်းသည် အကျိုးကြီးမြတ်ပုံကို ပြသည်။)

သဂါထာသံ--ပါ-၁၇၆+၁၇၇။ ဌ-၂၃၇+၂၃၈။ ဋီ-၂၇၅+၂၇၆။
မြန်/ပ-၁၆၆+၁၆၇။

ဒလိဒ္ဓသုတ်

(ရာဇဂြိုဟ်) မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ရှေးအခါက ရာဇဂြိုဟ်ပြည်၌ သူဆင်းရဲတယောက်သည် သာသနာတော်၌ သဒ္ဓါ, သီလ, သုတ, စာဂ, ပညာတို့ကို ဆောက်တည် ကျင့်သုံး၍ သေသောအခါ နတ်အများတို့ယက် အရောင်အဆင်း စသည်တို့ သာလွန်သောနတ် သားဖြစ်၍ နတ်တို့မနာလို ကဲ့ရဲ့ကြပုံ - သိကြားမင်းသည် နတ်တို့ကိုခေါ်၍ ဤနတ်သားသည် သာသနာတော်၌ သဒ္ဓါ သီလ သုတ စာဂ ပညာတို့ကို ဆည်းပူးအားထုတ်ခဲ့သောကြောင့် နတ်တို့ ထက် အာယု ဝဏ္ဏ သုခ ဗလ စသောအကျိုးတရားတို့ သာလွန်ပုံနှင့် ထိုနတ်သားကဲ့သို့ အားထုတ် သင့်ကြပုံကို ဟောကြားတော်မူသောသုတ်။

(သာသနာတော်အကျိုးကို ပြလည်၊ ဌ/ဌ--သုပ္ပဗုဒ္ဓ အတိတ်ဝတ္ထု ပါသည်။)

သဂါထာသံ--ပါ-၂၃၃+၂၃၄။ ဋ္ဌ-၃၁၉+၃၂၀။ ဋီ--၃၃၀+၃၃၉။
မြန်/ပ--၂၁၇+၂၁၈။

ဒုဗ္ဗဏ္ဏိယသုတ်

(သာဝတ္ထိ) မြတ်စွာသူရားသျှင်သည် ရဟန်းတို့အား ရှေးအခါ၌ ပုက္ကုသမဲနက်၍ အလွန် အဆင်းမလှသော နတ်သားတယောက်သည် သိကြားမင်း၏နေရာ ပဏ္ဍုကမ္မလာပေါ်၌ ထိုင်နေ သည်ကို နတ်တို့ ရှုတ်ချကဲ့ရဲ့ ကြဲမြောက်ကြပုံ - ကဲ့ရဲ့ရှုတ်ချကြဲမြောက်တိုင်း ထိုနတ်သားသည် ပို၍ ပို၍ လှုပတင့်တယ် ကြည်ညိုဖွယ်ဖြစ်လာပုံ - အခကြောင်းစုံကို သိကြားမင်းအား လျှောက်တင် ကြသောအခါ နတ်တို့အား ကောခဘက္ခနတ် ဖြစ်ပေလိမ့်မည်ဟု မိန့်ကြား၍ ထိုနတ်သားအသံသို့ ချဉ်းကပ်၍ သိကြားမင်းသည် ပုခုံးထက်၌ အပေါ်ရုံကိုတင်လျက် အကျွန်ုပ်သည် သိကြားမင်း ပါတည်းဟု သုံးကြိမ်တိုင် မိမိအမည်ကို ပြောကြားသောအခါ ပြောတိုင်းပြောတိုင်း ထိုကောခဘက္ခ နတ်သား၏ အဆင်းသည် ပုက္ခ မဲနက်ခြင်းသို့ ပို၍ ပို၍ ရောက်ပြီးလျှင် ကွယ်ပျောက်သွားပုံကို ဟောကြားတော်မူသောသုတ်။

(သိကြားမင်း၏ ခန္ဓီဗလကို ရှုပဗြဟ္မာ စမ်းသပ်ပုံကို ပြသည်။)

သဂါထာသံ--ပါ-၂၃၉+၂၄၀။ ဋ္ဌ-၃၂၃+၃၂၄။ ဋီ-၃၄၃။ မြန်/ပ-၂၂၃။

ဒသဗလသုတ်

(သဒ္ဓဝတ္ထို) ရဟန်းတို့အား မြတ်စွာဘုရားသျှင်သည် အာဒေဝ်ဆယ်ပါး ရဲရင့်ခြင်း လေးပါးတို့ဖြည့်စုံတော်မူခြင်းကြောင့် (အိတာဒုသုတ) ခြသေ့မင်းအသံကဲ့သို့ ကြုံဝါးလျက် ဟောကြားတော်မူပုံ · ရုပ်ဝေဒနာ လည်ပစေတော်မူပုံ · ရုပ်ဝေဒနာ လည်ပ သင်္ခါရ ဝိညာဏ်စသော တရားတို့၏ ဖြစ်ပုံ ချုပ်ပုံ စသည်တို့ကို ဟောကြားတော်မူပုံ · အင်္ဂုတ္တရစသော အကြောင်းတရားတို့ကြောင့် သင်္ခါရ ဝဒေသာ အကျိုးတရား တို့ ဖြစ်ပေါ်ပုံ စသည်တို့ကို အကျယ် ဟောကြားတော်မူသောသုတ်။

(အာဒေဝ်ဆယ်ပါးစသည်ကို ပြသည်။)

နိဒါနသံ–ပါ–၂၆၅+၂၆၆။ ဌ/ဒု ၄၁။ ဋီ/ဒု–၅၃။ မြန်/ပ–၂၅၀–၂၅၁။

ဒုတိယ ဒသဗလသုတ်

(သဒ္ဓဝတ္ထို) ရဟန်းတို့အား မြတ်စွာဘုရားသျှင်သည် အာဒေဝ်ဆယ်ပါး ရဲရင့်ခြင်း လေးပါးနှင့် ပြည့်စုံတော်မူခြင်းကြောင့် (အထက် ဒသဗသုတ်) နှင့်တူသည်၊ ရဟန်းတို့အား ဝဋ်နွယ်မပွါခဲတရားတော်ကို ကောင်းစွာ ဟောကြားပြအပ်သည်ရှိသော် ရဟန်းတို့သည် ငရဲယဉ်လေးပါး ဖြင့် မရဏသးသောတရားကို ရအောင်အားထုတ်သင့်ပုံ · စား, ဝတ်, နေရေး ကျန်းမာရေး ဟူသော ပဉ္စသုံးလေးပါးကို ထောက်ပံ့လှူဒါန်းသည့် သူတပါးတို့၏အကျိုး မိမိအကျိုးတို့ကို ပြည့်စုံစေရန် သဘိတရားငြိုး ကျင့်ကြံအားထုတ်ကြရန် စသည်ငြိုး အကျယ် ဟောကြားတော်မူသောသုတ်။

(ဌ/ခဲ့–ဆင်ဆယ်မျိုးနှင့်တကွ ကာယအား ဉာဏအား ရဲရင့်ခြင်းလေးပါး စသည်ဘို့ကို အကျယ် ပုဒ့်ပြသည်။)

နိဒါနသံ ပါ– ၂၆၆+၂၆၇။ ဌ/ခဲ့–၄၁+၄၈။ ဋီ/ဒု–၅၃+၆၃။ မြန်/ပ–၂၅၁+၂၅၂။

ဒုကသုတ်

(သဒ္ဓဝတ္ထို) မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား စက္ခုနှင့် အဆင်းကိုစွဲ၍ စက္ခု ဝိညာဏ်ဖြစ်ပုံ ဒုဋ္ဌုလ်းပါး ပေါင်းဆုံမိခြင်းသည် ဖဿ, ဖဿကြောင့် ဝေဒနာ, ဝေဒနာ ကြောင့် တဏှာ, တဏှာကြောင့် ဝဋ်ဆင်းရဲဖြစ်ပေါ်ရပုံ (သောတစသည်နည်းတူ) အရဟတ္တ မဂ်ဖြင့် ပယ်သတ်၍ ထိုတဏှာ၏ အကြွင်းမဲ့ချုပ်ငြိမ်းခြင်းကြောင့် ဥပါဒါန် စသော ဝဋ်ဆင်းရဲ တို့ ချုပ်ငြိမ်းပုံကို ဟောကြားတော်မူသောသုတ်။

(ဝဋ်ဆင်းရဲ ဖြစ်ပုံ, ချုပ်ပုံကို ပြသည်။)

(နိဒါနသံ ပါ– ၃၀၀+၃၀၁။ ဌ/ဒု–၆၉။ ဋီ/ဒု–၈၆+၈၇။ မြန်/ပ–၂၈၀+၂၈၉.

ဒုဿီလသုတ်

(သဒ္ဓဝတ္ထို) မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား သတ္တဝါတို့သည် ကာလ သုံးပါး၌ ဒုစရိုက် အပြစ်ရှိက အနှောတ္တပ္ပ (ဒုဿီလ) ဒုပ္ပညာတို့ အချင်းချင်း ဓာတ်အားဖြင့် တပေါင်း

တံသားတည်းဖြစ်ကြပုံ - သဒ္ဓါဟိရိ သြတ္တပ္ပ (သုဘ်ဂ) ပညာဝန္တတို့ အချင်းချင်း ဝေတ်အားဖြင့် တပေါင်းတသားတည်း ဖြစ်ကြပုံကို ဟောကြားတော်မူသောသုတ်။

(ဒုဿီလ, သီလမရှိသူမျှသာ ထူးသည်။)

နိဒါန သံ-ပါ-၃၇၆+၃၇၇။ ဌ/ဒု-၁၃၂။ ဋီ/ဒု-၁၄၀။ မြန်/ပ-၃၆၃၊ ၃၆၄။

ဒသ ကမ္မပထသုတ်

(သာဝတ္ထိ) မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား သတ္တဝါတို့သည် ကာလသုံးပါးတို့၌ ဒုစရိုက်တရားဆယ်ပါးကို လွန်ကျူးသူတို့အချင်းချင်း, မလွန်ကျူးသူတို့ အချင်းချင်း ဓာတ်အားဖြင့် တပေါင်းတသားတည်းဖြစ်ပုံကို ဟောကြားတော်မူသောသုတ်။

(ဒုစရိုက်တရား ဆယ်ပါး၌ ကျူးလွန်ခြင်း မကျူးလွန်ခြင်းကို ပြသည်။)

နိဒါန သံ-ပါ-၃၇၈။ ဌ/ဒု-၁၃၃+၁၄၀။ ဋီ/ဒု-၁၄၁+၁၄၅။ မြန်/ပ-၃၆၅+၃၆၆။

ဒသဂ်သုတ်

(သာဝတ္ထိ) မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ကာလသုံးပါးတို့၌ မိစ္ဆာမဂ္ဂင်ရှစ်ပါး မိစ္ဆာဉာဏ်နှင့် မိစ္ဆာဝိမုတ္တိ ဆယ်ပါးရှိသောသူတို့ အချင်းချင်းသည်၎င်း - သမ္မာမဂ္ဂင်ရှစ်ပါး သမ္မာဉာဏ်နှင့် သမ္မာဝိမုတ္တိ ဆယ်ပါးရှိသော သူတို့အချင်းချင်းသည်၎င်း တပေါင်းတသားတည်း ဖြစ်ကြပုံကို ဟောကြားတော်မူသောသုတ်။

(မိစ္ဆာမဂ္ဂင် မိစ္ဆာဉာဏ မိစ္ဆာ ဝိမုတ္တိ ဆယ်ပါးကို ပြသည်။)

နိဒါန သံ-ပါ-၃၇၈ ၃၇၉။ ဌ/ဒု-၁၄၀။ ဋီ/ဒု-၁၄၅ ၁၄၆။
မြန်/ပ-၃၆၆+၃၆၇။

ဒဏ္ဍသုဘ်

(သာဝတ္ထိ) မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား သံသရာ အစမထင်နိုင်ပုံ - အဝိဇ္ဇာ ပိတ်ဖုံးလျက် တဏှာကြိုးဖြင့် ဖွဲ့ချည်ထားပုံ - ထိုယိုဘဝသို့ ပြေးသွားကျင်လည်ခဲ့ရပုံ - ကောင်းကင်သို့ ပစ်တင်သောတောင်ဝှေးသည် အရင်း အဖျား အလယ်တို့မှအဘည်မကျ မြေသို့ကျရောက်ရသကဲ့သို့ သတ္တဝါတို့သည် အတည်မကျ ထိုထိုဘဝသို့ လားရောက်ကြရပုံ - သဒ်ါရတနားတို့၌ ငြီးငွေ့သင့်ပုံ စသည်ဖြင့် ဟောကြားတော်မူခဲ့သောသုတ်။

(သံသရာ ဘဝအတည်မကျ ဖြစ်ရပုံကို ပြသည်။)

နိဒါန သံ-ပါ-၃၉၂။ ဌ/ဒု-၁၄၇။ ဋီ/ဒု-၁၅၂။ မြန်/ပ-၃၇၉+၃၈၀။

ဒုဂ္ဂတသုတ်

(သာဝတ္ထိ) မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား သံသရာ အစမထင်နိုင်ပုံ - အဝိဇ္ဇာ ပိတ်ဖုံးလျက် တဏှာကြိုးဖြင့် ဖွဲ့ချည်ထားပုံ - ထိုယိုဘဝသို့ ပြေးသွား ကျင်လည် ခဲ့ရပုံ - ကောင်

အခါ အားနည်းသင်းရဲကဲ့သို့ ရုပ်အဆင်းမလှသူကိုတွေ့ပြီး ငါသည်လည်း ဤကဲ့သို့ ဖြစ်ခဲ့ရဘူး၏ဟု မှတ်သင့်သည်အလို အားအင်ကို - သခံါရ တရားတို့၌ ငြီးငွေ့သင့်ပုံ စသည်တို့ကို ဟောကြားတော်မူသော သုတ်။

(သံသရာ၌ အမျိုးမျိုးဖြစ်ခဲ့ရဘူးပုံကို ပြသည်။)

နိဒါန် သံ-၊ ၂-၃၉၃။ ဋ္ဌ/ဒု-၁၄၀။ ဋီ/ဒု-၁၅၃။ မြန်/ပ-၃၀၀+၃၀၁။

ဒါရုကဿုတ်

(သာဝတ္ထု) မြို့ခွေးသူရဲသည် ရဟန်းတို့အား လာဘသက္ကာရ ဂုဏ် အကျော်အစော ဟူသည် စက်ဆုပ်ဖွယ်ကြီးကြောင်း၍ မင်္ဂိုလ်၏ အန္တရာယ်ဖြစ်ပုံ လာဘသက္ကရေ ဂုဏ် အကျော်အစော တို့သည် ငါတို့၏ ကုသိုလ်စိတ်အစဉ်ကို ယခုဖျက် တတ်ကုန်၏ - စွန့်ပယ်ကုန်အံ့ဟု ကျင့်သုံးရပုံကို ဟောကြားတော်မူသောသုတ်။

(လာဘသက္ကာရ ဂုဏ် အကျော်အစောသည် မင်္ဂိုလ်၏ အန္တရာယ်ဖြစ်ပုံကို ပြသည်။)

နိဒါန် သံ-ပါ-၃၂၄။ ဋ္ဌ/ဒု-၁၉၀။ ဋီ/ဒု-၁၇၃။ မြန်/ပ-၄၁၃။

ဒီဃလောမိကသုတ်

(သာဝတ္ထု) မြို့ခွေးသူရဲသည် ရဟန်းတို့အား လာဘသက္ကာရ ဂုဏ် အကျော်အစော ဟူသည် စက်ဆုပ်ဖွယ်ကြီးကြောင်း၍ မင်္ဂိုလ်၏ အန္တရာယ်ဖြစ်ပုံ အဓမ္မဂရုသော သိုးသည် ဆူးချုံသို့ ကပ်ခြင်းသဖွယ်၊ အပြစ်ကိုးပါးတို့တွယ်လျက် ထင်းရဲပျက်စီးရသကဲ့သို့ အချို့သော ရဟန်းတို့သည် ပဉ္စုပါဒါန်းခန္ဓာ လောကသက္ကာရ ဂုဏ် အကျော်အစောတို့၌ တပ်မက်၍ လှည့်လည်ဝင်ထွက်ရာမှ ထင်းရဲပျက်စီးရပုံတို့ကို ဖွင့်ပြသော် ရဟန်းအပ်ပုံတို့ကို ဟောကြားတော်မူသောသုတ်။

(ပဉ္စုပါဒါန်းခန္ဓာ တပ်မက်၍ မင်္ဂိုလ်အန္တရာယ်ဖြစ်ပုံကို ပြသည်။)

နိဒါန် သံ-ပါ-၃၂၀+၃၂၁။ ဋီ/ဒု-၁၇၃+၁၇၄။ မြန်/ပ-၁၁၄+၁၁၅။

ဗိဒ္ဓသုတ်

(သာဝတ္ထု) မြို့စွာဘုရားသျှင်သည် ရဟန်းတို့အား လာဘသက္ကာရ ဂုဏ် အကျော်အစော ဟူသည် ဆင်မြက်ကြမ်းကြုံ၍ မင်္ဂိုလ်၏ အန္တရာယ်ဖြစ်ပုံ အဆိပ်လူးသော မြား သည် သေကွေပုံကိုတို့အား ဟောဝင်ပုံ အဆိပ်လူးသောမြားဟူသော အမည်သည် လာဘသက္ကာရ ဂုဏ် အကျော်အစော၏ အပညာဖြစ်ပုံ ပယ်အပ်ပုံ စသည်တို့ကို ဟောကြားတော်မူသောသုတ်။

(လာဘသက္ကာရ ဂုဏ် အကျော်အစောတို့သည် ဆိပ်လူးမြားနှင့်တူပုံကို ပြသည်။)

နိဒါန် သံ-ပါ-၄၂၇။ ဋ္ဌ/ဒု-၉၁။ ဋီ/ဒု-၁၇၄။ မြန်/ပ-၄၁၆။

ဒေဝဒဟသုတ်

မြတ်စွာဘုရားသျှင်သည် သက္ကတိုင်း ဒေဝဒဟ နိဂုံးဌ် သီတင်းသုံးတော်မူစဉ်အခါ ပစ္ဆာဘူမ ဇနပုဒ်သို့ သွားလိုကြသော ရဟန်းတော်တို့သည် ဘုရားသျှင်၏ အမိန့်တော်အရ အသျှင်သာရိပုတ္တရာအထံသို့ ဆည်းကပ်ကြပုံ အသျှင်သာရိပုတ္တရာက ရဟန်းတို့အား ခန္ဓာငါးပါးနှင့် စပ်၍ မေးပုံ ဖြေကြားပုံတို့ကို သင်ကြားပေးတော်မူသောသုတ်။

(ခန္ဓာငါးပါးဌ် ဆန္ဒရာဂပယ်ဖျောက်ပုံကို ပြသည်။)

ခန္ဓသံ–ပါ–၅+၈။ ဌ/ဒု–၂၃၆+၂၃၈။ ဋီ/ဒု–၂၀၈+၂၀၉။ မြန်/ဒု–၅+၈။

ဒုက္ခသုတ်

(သာဝတ္ထိ) မြတ်စွာဘုရားသျှင်သည် ရဟန်းဝို့အား ရုပ် စသည်တို့ ဆင်းရဲပုံ. ဆင်းရဲ၏ဟု ရှုရပုံ ဆင်းရဲသည်ကို သိသော (သုတဝါ) အရိယသာဝကသည် ရုပ်စသည်တို့ဌ် ငြီးငွေ့ခြင်း စသည်ဖြင့် မဂ်ကိစ္စပြီးပုံကို ဟောကြားတော်မူသောသုတ်။

(ရုပ်စသည်တို့ဌ် ဆင်းရဲပုံကို ပြသည်။)

ခန္ဓသံ–ပါ–၁၈။ ဌ/ဒု–၂၄၂။ ဋီ/ဒု–၂၁၃။ မြန်/ဒု–၁၈။

ဒုက္ခသုတ

တရား အားထုတ်လိုသော ရဟန်းတပါးသည် မြတ်စွာဘုရားသျှင်အား တရားတော်ကို အကျဉ်းမျှ ဟောကြားတော်မူပါရန် လျှောက်ထားပုံနှင့် ဘုရားသျှင်က ဆင်းရဲသော တရားဌ် ဆန္ဒရာဂကို ပယ်ရမည်ဟု အကျဉ်းမျှ ဟောကြားတော်မူသောသုတ်။

(ခန္ဓာငါးပါးဌ် ဆန္ဒရာဂ ပယ်ရန်ကို ပြသည်။)

ခန္ဓ သံ–ပါ–၆၄။ ဌ/ဒု–၂၅၈။ ဋီ/ဒု–၂၃၀။ မြန်//ဒု–၆၁။

ဒုက္ခသုတ်

(သာဝတ္ထိ) မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ဒုက္ခ, ဒုက္ခ၏ ဖြစ်ကြောင်း, ဒုက္ခ၏ ချုပ်ငြိမ်းရာ, ဒုက္ခ၏ ချုပ်ငြိမ်းကြောင်း အကျင့်တရား သစ္စာလေးပါးကို ဟောကြားတော်မူသောသုတ်။

(သစ္စာလေးပါးကို ပြသည်။)

ခန္ဓ သံ–ပါ–၁၂၉။ ဌ/ဒု–၃၀၄။ ဋီ/ဒု–၂၅၇။ မြန်/ဒု–၁၂၀။

ဒုက္ခသုတ်
ဒုတိယ ဒုက္ခသုတ်
တတိယ ဒုက္ခသုတ်

(သာဝတ္ထိ) မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ဆင်းရဲသော ရုပ် ဝေဒနာ စသည်

တို့နှင့် ဆန္ဒ ပယ်ရန် ဂုဏ်ကိုပယ်ရန် သဘောကို ပယ်ရန် သုံးဌာန ခွဲခြား၍ ဟောကြားတော်မူသောသုံးသုတ်။

(သုံးပုဒ်စလုံးသော သုတ်တို့၌ ဆန္ဒ, ရာဂ, ဆန္ဒရာဂ ပယ်ရန်ကို ပြသည်။)

ခန္ဓ သံ–၂၊–၁၄၆။ ဌ/ဒု–၃၀၆။ ဋီ/ဒု–၂၆၀ ၂၆၁။ မြန်/ဒု–၁၃၇။

ဒုကွာနုပဿီသုတ်

(သဝဏ္ဏိ) မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ရုပ်ဝေဒနာစသည်တို့၌ ဆင်းရဲ၏ဟူ အစဉ်ရှုနေလျှင် ပဋိသင်္ခဲနေခြင်း အိုခြင်း သေခြင်း စသော ဆင်းရဲအပေါင်းတို့မှ လွတ်မြောက်ပုံကို ဟောကြားတော်မူသောသုတ်။

(ဒုက္ခဟု အစဉ်ရှုမှတ်ရန် ပြသည်။)

ခန္ဓ သံ–၂၊–၁၄၈။ ဌ/ဒု–၃၀၆။ ဋီ/ဒု–၂၆၀+၂၆၀။ မြန်/ဒု–၁၃၉။

ဒုက္ခသုတ်

(သဝဏ္ဏိ) အသျှင်ရာဓသည် မြတ်စွာဘုရားသျှင်အား အဘယ်သည် ဆင်းရဲပါသနည်း ဟု မေးလျှောက်ပုံ - ဘုရားသျှင်က ခန္ဓာငါးပါးသည် ဆင်းရဲပုံ စသည်ဖြင့် မဂ်ကိစ္စပြီးပုံကို ဟောကြားတော်မူသောသုတ်။

(ဆင်းရဲကြောင်း လားရားကို ပြသည်။).

ခန္ဓ သံ–၂၊–၁၆၀။ ဌ/ဒု–၃၀၈ ၃၀၉။ ဋီ/ဒု–၂၆၂။ မြန်/ဒု–၂၅၂။

ဒုက္ခဝမ္မသုတ်

(သဝဏ္ဏိ) အသျှင် ရာဓသည် မြတ်စွာ ဘုရားသျှင်အား ဆင်းရဲခြင်း ဘဝဘောသည် အဘယ်ပါနည်းဟု မေးလျှောက်ပုံ - သုရားသျှင်က ခန္ဓာငါးပါးသည် ဆင်းရဲခြင်းသဘော ဖြစ်ပုံ စသည်ဖြင့် မဂ်ကိစ္စပြီးပုံကို ဟောကြားတော်မူသောသုတ်။

(ဆင်းရဲခြင်း သဘောတရားကို ပြသည်။)

ခန္ဓ သံ–၂၊–၁၆၀။ ဌ/ဒု–၃၀၈ ၃၀၉။ ဋီ/ဒု–၂၆၂။ မြန်/ဒု–၂၅၂။

ဒုယကာရိသုတ်
ဒုတိယာဒိဒုယကာရိသုံးသုတ်

ဂုဏ်းလေးသုတ်သည် (နာဂ သံ, သုတသုတ် လေးသုတ်) နှင့် တူသည်၊ အဏ္ဏ ဇလာဗုဇ သံသေဒဇ ဩပပါတိက နဂါးနှင့် ဂဠုန် ဖြေဖျောင်းလဲရန်မျှသာ ထူးခြားသည်။

(ကုသိုလ်ပြု၍ တောတဝေသာအတိုင်း ဖြစ်ရပုံကို ပြသည်။)

ခန္ဓ သံ–၂၊–၂၀၇+၂၀၈။ ဌ/ဒု–၃၂၀+၃၂၁။ ဋီ/ဒု–၂၇၆။ မြန်/ဒု–၁၉၈+၁၉၉။

ပဌမ ဒုက္ခုပ္ပါဒသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား စက္ခုစသော အင်္ဂါတို့ကာယတနခြောက်ပါး ဖြစ်ပေါ်မှုသည် ဆင်းရဲခြင်းရောဂါ၏ တည်ရာအိုခြင်း, သေခြင်းတို့ ဖြစ်ပေါ်ခြင်းမည်သုံ့ နှင့် ချုပ်ငြိမ်းကွယ်ပျောက်မှုသည် ဆင်းရဲခြင်း စသည်တို့ ချုပ်ငြိမ်း ကွယ်ပျောက်ခြင်း မည်ပုံကို ဟော ကြားတော်မူသောသုတ်။

(ဆင်းရဲဖြစ်ပုံ နှင့် ချုပ်ငြိမ်းပုံကို ပြသည်။)

သဋ္ဌာ သံ–ပါ/ဒု–၂၄၇။ ဌ/တ–၄။ ဋ္ဌီ/ဒု–၂၀၄။ မြန်/ဒု–၂၃၀ ၂၃၉။

ဒုတိယ ဒုက္ခုပ္ပါဒသုတ်

(ပဌမ ဒုက္ခုပ္ပါဒသုတ်) နှင့်တူသည်၊ ဗာဟိရယတနခြောက်ပါးမျှသာ ထူးခြားသည်။

သဋ္ဌာ သံ–ပါ–၂၄၇။ ဌ/တ–၄။ ဋ္ဌီ/ဒု–၂၀၄။ မြန်/ဒု–၂၃၉။

ပဌမ ဒုယသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား စက္ခုနှင့် ရူပါဂုံ, သောတနှင့် သဒ္ဒါဂုံ, ဃာနနှင့် ဂန္ဓာဂုံ, ဇိဝှာနှင့် ရသာဂုံ, ကာယနှင့် ဖောဋ္ဌဗ္ဗာဂုံ, မနနှင့် ဓမ္မာဂုံဟု နှစ်ပါးအစုံတို့ကို ဟောကြား တော်မူပုံနှင့် ထိုနှစ်ပါးအစုံတို့မှ တပါး အခြားနှစ်ပါးအစုံ မဟောကြားပုံကို ဟောကြားတော်မူ သောသုတ်။

(တရားနှစ်ပါး အစုံတို့ကို ပြသည်။)

သဋ္ဌာ သံ–ပါ/ဒု–၂၉၁။ ဌ/တ–၂၆ + ၂၇။ ဋ္ဌီ/ဒု–၂၉၉ ၃၀၀။ မြန်/ဒု–၂၀၃။

ဒုတိယ ဒုယသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား နှစ်ပါးစုံသော တရားတို့တို့စွဲ၍ ဝိညာဏ် သမ္ဗဿ စသည်တို့ဖြစ်ပေါ်ပုံ - ထိုတရားတို့သည် တုန်လှုပ် ပျက်စီး မမြဲ ဖောက်ပြန် တမျိုးတဖုံ ပြောင်းလဲဖြစ် တတ်ပုံတို့ကို ဟောကြားတော်မူသောသုတ်။

(နှစ်ပါးစုံမှ တရားအစဉ် ဖြစ်ပေါ်၍ ဖောက်ပြန်ပုံကို ပြသည်။)

သဋ္ဌာသံ –ပါ/ဒု–၂၉၁ + ၂၉၂။ ဌ/တ – ၂၆ + ၂၇။ ဋ္ဌီ/ဒု–၂၉၉ + ၃၀၀။
မြန်/ဒု–၂၀၃ + ၂၀၄။

ဒုက္ခသမုဒယသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းကိုအား စက္ခုနှင့်ရူပါဂုံ နှစ်ပါးစုံစွဲ၍ ဝိညာဏ်ဖြစ် သုံးပါးပေါင်းဆုံခြင်းကို ဖဿမည်ပုံ- ဖဿကြောင့် ဝေဒနာ, ဝေဒနာကြောင့် တဏှာဖြစ်ပုံ-

(သောတစဘည် နည်းတူ) တဏှာသည် ဆင်းရဲခြင်း၏ အကြောင်းဖြစ်ပုံ နှင့် ချုပ်ငြိမ်းပုံ စသည် တို့ကို ဟောကြားတော်မူသောသုတ်။

(ဆင်းရဲခြင်း၏ ဖြစ်ခြင်း ချုပ်ခြင်းကို ပြသည်။)

သဋ္ဌာ သံ–ပါ/ဒု–၃၀၆+၃၀၇။ ဋ္ဌ/တ– ၃၂။ ဋ္ဌီ/ဒု–၃၀၅။ မြန်/ဒု–၂၉၉+၃၀၀။

ဒေဝဒဟသုတ်

မြတ်စွာဘုရားသျှင်သည် သက္ကတိုင်း ဒေဝဒဟနိဂုံးဌ်၌ သီတင်းသုံးတော်မူစဉ်အခါ ရဟန်းတို့အား ဗဟုသုတနည်းခြောက်ပါး၌ အသေက္ခပုဂ္ဂိုလ်တို့အား မမေ့မလျော့ပြုကျင့်ရမည်ဟု အထူးဟောကြားရန် လိုပုံနှင့် သေက္ခပုဂ္ဂိုလ်တို့အား မမေ့မလျော့ ပြုကျင့်ရမည်ဟု ဟောကြားရပုံ သည်တို့ကို အကျယ်ဟောကြားတော်မူသောသုတ်။

(ဖဿဝယတန ခြောက်ပါး၌ မမေ့မလျော့ ကျင့်ရပုံကို ပြသည်။)

သဋ္ဌာ သံ–ပါ/ဒု–၃၄၀ ၃၄၁။ ဋ္ဌ/တ–၄၄။ ဋ္ဌီ/ဒု–၃၁၃။ မြန်/ဒု–၃၃၃ ၃၃၄။

ဒုက္ခနိဗ္ဗာန သပ္ပါယသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား စက္ခုစသော ပဿဒ အာရုံ ဝိညာဏ် သမ္မာသမ္ဗောဓနာတရားတို့၌ ဆင်းရဲဟု ရှုမှတ်နေခြင်းသည် နိဗ္ဗာန်ရောက်ကြောင်း လျောက်ပတ်ကောင်းမှန် သောဒုက္ခနိဗ္ဗာန်ရောက်ကြောင်းကို ဟောကြားတော်မူသောသုတ်။

(နိဗ္ဗာန်ရောက်ကြောင်း လျောက်ပတ်ခြင်း အကျင့်ကို ပြသည်။)

သဋ္ဌာ သံ–ပါ/ဒု–၃၄၇+၃၄၈။ ဋ္ဌ/တ–၄၆။ ဋ္ဌီ/ဒု–၃၁၆။ မြန်/ဒု–၃၄၁+၃၄၂။

ဒုက္ခသန္ဒာဒိသုတ်

မြတ်စွာ ဘုရားသျှင်သည် ရဟန်းတို့အား ဆင်းရဲသော စက္ခု စသည်တို့၌ ဆန္ဒ, ရာဂ, ဆန္ဒရာဂကိုပယ်ရန် ဟောကြားတော်မူသောသုတ်။

(စက္ခုစသည်၌ ဆန္ဒ, ရာဂ, ဆန္ဒရာဂပယ်ရန်ကို ပြသည်။)

သဋ္ဌာသံ–ပါ/ဒု–၃၆၀။ ဋ္ဌ/တ–၄၈ ၄၉။ ဋ္ဌီ/ဒု–၃၁၉+၃၂၀။ မြန်/ဒု–၃၅၆။

ပဌမ ဒါဂုက္ခန္ဓာပမသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ကောသမ္ဗီပြည် ဂဂ်ါမြစ်၌ မျောလာသော သစ်တုံးကြီးကိုညွှန်ပြတော်မူလျက် ဤသစ်တုံးကြီးသည် ဤဘက်ကမ်း ထိုဘက်ကမ်း၌မတင် - ရေလယ်တွင်မနှစ်မြုပ်- လှိုင်းပုတ်၍ ကုန်းမတင် - လူ ရှင် နတ် မဆယ်ယူ - ဝဲလယ်၍မစုပ် - အတွင်း၌မပုပ်ဆွေး

လျှင် သမုဒ္ဒရာသို့ ရွှေရွှသည့် ဥပမာဖြင့် ထို့အတူ ရဟန်းသည် အစ္ဆတ္တိကာယတန ဤဘက်ကမ်း - ဗာဟိရာယတန ထိုဘက်ကမ်း - နန္ဒိရာဂ ရေလယ်နစ်မြုပ် - မာနကုန်းတင် - လူရှင်ရောနှောလူဆယ်ယူ - နတ်ပြည်တောင့်တ နတ်ဆယ်ယူကားမဂုဏ်ငါးပါးဝဲစုပ်- သီလမရှိ အတွင်းပုပ်ဆွေးခြင်းတို့ မရှိခဲ့လျှင် နိဗ္ဗာန်သို့ ရွှေရွှပုံတို့နှင့် နွားကျောင်းသားနန္ဒ ရဟန်းပြု၍ ရဟန္တာဖြစ်ပုံကို ဟောကြားတော်မူသောသုတ်။

(သစ်တုံးဥပမာဖြင့် ပြသည်၊ ဌ/၌- ဝတ္ထုတို့ဖြင့် အကျယ်ဖွင့်ပြသည်။)

သဋ္ဌာသံ–ပါ/ဒု–၃၈၆ - ၃၈၈။ ဌ/တ–၇၄+၈၅။ ဋ္ဌီ/ဒု–၃၃၂ ၃၃၄။
မြန်/ဒု–၃၈၂ - ၃၈၄။

ဒုတိယ ဒါရကွန္ဓောပမသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ကိမိလမြို့ ဂင်္ဂါမြစ်၌ မျောလာသော သစ်တုံးကြီးကို ညွှန်ပြတော်မူ၍ (ပဌမ ဒါရကွန္ဓောပမသုတ်)ကဲ့သို့ ဟောကြားတော်မူသောသုတ်။

သဋ္ဌာသံ–ပါ/ဒု–၃၈၈။ ဌ/တ–၈၆။ ဋ္ဌီ/ဒု–၃၃၄။ မြန်/ဒု–၃၈၄။

ဒုက္ခဝမ္မသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား အလုံးစုံသော ဒုက္ခတို့၏ ဖြစ်ခြင်း ချုပ်ခြင်းကို သိမြင်လျှင် ကာမကိုသိမြင်ပုံ ကာမကို သိမြင်လျှင် လိုချင်ငြိကပ်မှု မိန်းမောပူပန်မှုတို့ မဖြစ်ပုံ - သွားခြင်း ရပ်ခြင်း စသည်၌ သတိဖြင့်လျော်စွာသိ၍ အဘိဇ္ဈာ ဒေါမနဿတို့ မဟာန်းအောင်းနှိုင်ပုံတို့ကို ဥပမာ အမျိုးမျိုးတို့ဖြင့် ဆန်းကြယ်စွာ ဝေဘန်ဟောကြားတော်မူသောသုတ်။

(ဒုက္ခ၏ဖြစ်ခြင်း ချုပ်ခြင်း စသည်ကို ပြသည်။)

သဋ္ဌာသံ–ပါ–၃၉၃+၃၉၆။ ဌ/တ–၉၆ - ၉၇။ ဋ္ဌီ/ဒု–၃၄၀ - ၃၄၁။
မြန်/ဒု–၃၀၀ - ၃၉၁။

ဒဋ္ဌဗ္ဗသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား သုခဝေဒနာကို ဒုက္ခ - ဒုက္ခဝေဒနာကို ဆူးငြောင့် - ဥပေက္ခာဝေဒနာကို မမြဲဟု ကောင်းစွာသိမြင်လျှင် တဏှာ သံယောဇဉ် ပဓာနကို ပယ်ရှားတတ်၍ ရဟန္တာဖြစ်နိုင်ပုံကို ဟောကြားတော်မူသောသုတ်။

(ဝေဒနာ၌ ရှုဆင်ခြင်ပုံကို ပြသည်။)

သဋ္ဌာသံ–ပါ/ဒု–၃၀၉။ ဌ/က–၁၁၇။ ဋ္ဌီ/ဒု–၃၅၆။ မြန်/ဒု–၃၀၇။

ဒုဿီလသုတ်

[illegible]သည် အသျှင်အာနန္ဒာရှင်ခြင်းဘား ပဘတုဂါမတို့ အပါယ်သို့ ကျရောက်စေနိုင်သော တရားပါးကို ဟောကြားတော်မူသောသုတ်။

(ဤကား ဒုစရိုက်နှင့် ကူသည်၊ အမျက်ထွက်ခြင်းနှင့် ကိုယ်ကျင့်သီလမရှိခြင်းမျှသာ ထူးခြားသည်။)

သဋ္ဌာသ-ပါ/ဒု-၄၃၃။ ဋ္ဌ/တ-မ။ ဋီ/ဒု-မ။ မြန်/ဒု-၃၃၅။

ဒုက္ခပဉ္စာသုတ်

[illegible]သည် အသျှင်သာရိပုတ္တရာအား ဒုက္ခဘရားနှင့် ဒုက္ခကို ပိုင်းခြား၍ သိစေ[illegible]ကိုလေးလျောက်ပုံနှင့် အသျှင်သာရိပုတ္တရာက ဒုက္ခဆိုးပါးရှိပုံနှင့် တိုဒုက္ခကို ပိုင်းခြားရှင်းသိစေ အကျင့်လမ်းစဉ်မှာ ရှစ်ပါးကျင့်စဉ် မြတ်မဂ္ဂင်ဖြစ်ပုံကို ဟောကြားတော်မူသောသုတ်။

(ဒုက္ခဆိုးပါးနှင့် ရှစ်ပါးမဂ္ဂင် ကျင့်လမ်းစဉ်ကို ပြသည်။)

သဋ္ဌာ[illegible]-ပါ/ဒု-၄၅၃။ ဋ္ဌ/တ-မ။ ဋီ/ဒု-မ။ မြန်/ဒု-၄၄၉။

ဒုက္ကရပဉ္စာသုတ်

[illegible]သည် အသျှင်သာရိပုတ္တရာအား သာသနာတော်၌ ပြုနိုင်ခဲသောအရာကို ဟောကြားတော်မူ - အသျှင်သာရိပုတ္တရာက (ဒုက္ကရပဉ္စာသုတ်) ကဲ့သို့ ဟောကြားတော်မူသောသုတ်။

(သာသနာတော်၌ ပြုကျင့်နိုင်ခဲသော အရာကို ပြသည်။)

သဋ္ဌာ သဆ-ပါ/ဒု-၄၅၆။ ဋ္ဌ/တ-မ။ ဋီ/မ။ မြန်/ဒု-၄၅၁။

ဒုက္ခတာသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ဒုက္ခသုံးမျိုးရှိပုံ နှင့် ထိုဒုက္ခသုံးမျိုးကို ထူးသော ဉာဏ်ဖြင့် ပိုင်းခြားဝိသိရန် ကုန်ရန် ပယ်ရန်, မဂ္ဂင်ရှစ်ပါး အကျင့်မြတ်တရားကို ပွားများအား ထုတ်ရန် ဟောကြားတော်မူသောသုတ်။

(ဒုက္ခသုံးပါး နှင့် ရှစ်ပါးကျင့်စဉ် မြတ်မဂ္ဂင်ကို ပြသည်။)

မဟာ သံ–ပါ–၅၂။ ဌ/က–မ။ ဋ္ဌီ/ဒု–မ။ မြန်/တ–၅၆။

ဒုပ္ပညာသုတ်

ရဟန်းတပါးသည် မြတ်စွာဘုရားသျှင်အား အဘယ်ကြောင့် ပညာမဲ့၍ နားပင်း ဆုံ,အသူမည်ပါသနည်းဟုမေးလျှောက်ပုံ- ဘုရားသျှင်သည် ပေါဇဉ်ခုနစ်ပါးကို မပွားများခြင်းကြောင့် ပညာမဲ့၍ နားပင်းဆုံ,အသူ မည်ပုံကို ဟောကြားတော်မူသောသုတ်။

(ပေါဇဉ် ခုနစ်ပါးကို မပွားများလျှင်ပညာမဲ့သူစသည် မည်ပုံကို ပြသည်။)

မဟာ သံ–ပါ–၈၈။ ဌ/တ–၁၉၂။ ဋ္ဌီ/ဒု–၄၃၀။ မြန်/တ–၉၃။

ဒလိဒ္ဒသုတ်

ရဟန်းတပါးသည် မြတ်စွာဘုရားသျှင်အား သူဆင်းရဲ, သူဆင်းရဲဟု အဘယ်အကြောင်းကြောင့် ခေါ်ဆိုအပ်ပါသနည်းဟု မေးလျှောက်ပုံ - ပေါဇဉ်ခုနစ်ပါး ပွားများအားထုတ်ခြင်း မရှိခြင်းကြောင့် သူဆင်းရဲဟု ခေါ်ဆိုအပ်ပုံကို ဟောကြားတော်မူသောသုတ်။

(ပေါဇဉ်ရတနာ မရှိပါလျှင် သူဆင်းရဲပည်ပုံကို ပြသည်။)

မဟာ သံ–ပါ–၈၈။ ဌ/တ–မ။ ဋ္ဌီ/ဒု–မ။ မြန်/တ–၉၃။

ဒုက္ခသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား အနိစ္စဒုက္ခ သညာနှင့် ပေါဇဉ် ခုနစ်ပါးကို ပွားများလျှင် ချမ်းသာစွာနေရပုံကို ဟောကြားတော်မူသောသုတ်။

(ချမ်းသာစွာနေရသော တရားကို ပြသည်။)

မဟာ သံ–ပါ–၁၁၆။ ဌ/တ–၂၁၁+၂၁၂။ ဋ္ဌီ/ဒု–၄၄၀+၄၄၃။ မြန်/၁၂၁။

ဒုစ္စရိတသုတ်

တရားအားထုတ်လိုသော ရဟန်းတပါးသည် လိုရင်းအကျဉ်းမျှ တရားဟောကြားတော်မူပါရန် လျှောက်ထားပုံ - ဘုရားသျှင်က ဒုစရိုက်တရားကို ပယ်ပြီးပျောင်း သုစရိုက်တရားကို ပွါးများ၍ သတိပဋ္ဌာန်လေးပါးကို ပွားများရန် ဟောကြားတော်မူသောသုတ်။

(ရှေးဦးစွာ ဒုစရိုက်တရားကို ပယ်ရန်ပြသည်။)

မဟာ သံ–ပါ–၁၆၄+၁၆၅။ ဌ/တ–၂၆၃။ ဋ္ဌီ/ဒု–၄၈၆။ မြန်/တ–၁၇၀÷၁၇၁။

ဒဠ္ဍဖသုတ်

ဤသို့ ကြားနာရသည်ဖြစ်၍ ရဟန်းတို့အား ကျွန်ုပ်၏ သောတာပတ္တိယင်္ဂ လေးပါးကို သင်္ခေပ အားဖြင့် သမ္မာသမာဓိ ရရှိစေသော တရားလေး ပါးကို ဝိစိုဠိယဖြင့် သဝိတက္ကသဝိစာရတရားလေးပါးကို သတိဖြင့် စတုတ္ထဈာန်ကို သမာဓိဖြင့် အာရုံယသဒ္ဓါလေးပါးကို ပညာဖြင့်ဟု ရှုမှတ်ရပုံနှင့် ကျွန်ုပ် ခေါ်ဆိုရပုံတို့ကို ဟောကြားတော်မူခဲ့သည်သာသတည်း။

(ကျွန်ုပ်မည်သော တရားတို့ကို ပြသည်။)

မဟာသံ-ပါ-၁၇၂။ ဌ/တ-၂၆၄ ၂၆၅။ ဋီ/ဒု-၄၈၈။ မြန်/တ-၁၇၇။

ဒိဗ္ဗသောတသုတ်

အသျှင်အာနန္ဒာသည် ရဟန်းတို့အား ငါသည် သတိပဋ္ဌာန်လေးပါးကို အကြိမ်ကြိမ် ပွားများခြင်းဖြင့် ဒိဗ္ဗသောတ အဘိညာဏ်ရှင့် အဝေးအနီး အသံတို့ကို ကြားနိုင်ပုံကို ဟော ကြားတော်မူခဲ့သည်သာသတည်း။

(သတိပဋ္ဌာန်လေးပါးနှင့် ဒိဗ္ဗသောတကို ပြသည်။)

မဟာသံ-ပါ-၂၆၅။ ဌ/တ-မ။ ဋီ/ဒု-မ။ မြန်/တ-၂၆၇။

ဒိဗ္ဗစက္ခုသုတ်

အသျှင်အာနန္ဒာသည် ရဟန်းတို့အား ငါသည် သတိပဋ္ဌာန် လေးပါးကို အကြိမ်ကြိမ် ပွားများခြင်းဖြင့် ဒိဗ္ဗစက္ခု အဘိညာဏ်ရှင့် သေဆဲဖြစ်ဆဲစသော အနီး အဝေးဌာန ဖြစ်သော သတ္တဝါတို့ကို မြင်တော်မူနိုင်ပုံကို မိန့်ကြားတော်မူသောသုတ်။

(သတိပဋ္ဌာန်လေးပါးနှင့် ဒိဗ္ဗစက္ခုကို ပြသည်။)

မဟာသံ-ပါ-၂၆၇။ ဌ/တ-မ။ ဋီ/ဒု-မ။ မြန်/တ-၂၆၉+၂၇၀။

ဒီဃာဝုဉ္ဇပါသကာသုတ်

ရာဇဂြိုဟ်ပြည်၌ ပဝင်ဖြစ်သော ဒီဃာဝု ဥပါသကာကြီး မကျန်းမာသဖြင့် ဇော်တိက သူကြွယ်သည် ခြင်္သေ့စွာဘုရားသျှင်အား ပင့်လျှောက်ပုံ ဘုရားသျှင်သည် ဒီဃာဝုဥပါသကာအား သောတာပတ္တိယင်္ဂတရား လေးပါးနှင့် ဝိဇ္ဇာဘာဂိယတရား ခြောက်ပါးကို ဟောကြားတော်မူပုံ ဒီဃာဝုဥပါသကာ သေဆုံး၍ အနာဂါမ်ဗြဟ္မာ ဖြစ်ပုံကို ဟောကြားတော်မူသောသုတ်။

(ဝိဇ္ဇာဘာဂိယတရား ခြောက်ပါးကို ပြသည်။)

မဟာသံ-ပါ-၂၉၉+၃၀၁။ ဌ/တ-၃၀၈။ ဋီ/ဒု-၅၂၀။ မြန်/တ-၃၀၁+၃၀၃။

ဒုဂ္ဂတိဘယသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား သောတာပတ္တိယင်္ဂတရားလေးပါးနှင့် ပြည့်စုံသော အရိယာသာဝကသည် အလိုးစုံသော ဒုဂ္ဂတိဘေးတို့မှ ကောင်းစွာလွန်မြောက်ပုံတို့ကို ဟောကြား တော်မူသောသုတ်။

(ဒုဂ္ဂတိဘေးတို့မှ လွန်မြောက်ပုံကို ပြသည်။)

မဟာ သံ–ပါ–၂၁၇။ ဋ္ဌ/တ–၃၁၆။ ဋီ/ဒု–၅၃၂။ မြန်/တ–၃၁၈။

ဒုဂ္ဂတိဝိနိပါတဘယသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား သောတာပတ္တိယင်္ဂတရားလေးပါးနှင့် ပြည့်စုံသော အရိယ သာဝကသည် အလိုးစုံသော ပျက်စီးကျရောက်ရာ ဒုဂ္ဂတိ ဘေးတို့မှ လွန်မြောက် ပုံကို ဟောကြားတော်မူသောသုတ်။

(ဒုဂ္ဂတိ ဝိနိပါတဘေးမှ လွန်မြောက်ပုံကို ပြသည်။)

မဟာ သံ–ပါ–၃၁၇။ ဋ္ဌ/တ–၃၁၆။ ဋီ/ဒု–မ။ မြန်/တ–၃၁၈+၃၁၉။

ပဌမ ဒေဝစာရိတသုတ်

(သာဝတ္ထိ) အသျှင်မဟာ မောဂ္ဂလာန်သည် တာဝတိံသာ နတ်ပြည်၌ နတ်တို့အား သောတာပတ္တိယင်္ဂတရားလေးပါးနှင့် ပြည့်စုံသူသည် နတ်ပြည်၌ ဖြစ်ရသည်ကို ဟောကြားတော် မူပုံနှင့် နတ်တို့က ဟုတ်မှန်ကြောင်းကို ဝန်ခံလျှောက်ထားသောသုတ်။

(သောတာပတ္တိယင်္ဂဘရား နှင့် နတ်ပြည်ရောက်ပုံကို ပြသည်။)

မဟာ သံ–ပါ–၃၁၈+၃၁၉။ ဋ္ဌ/တ–မ။ ဋီ/ဒု–မ။ မြန်/တ–၃၂၀+၃၂၁။

ဒုတိယ ဒေဝစာရိတသုတ်

(သာဝတ္ထိ) အသျှင် မဟာမောဂ္ဂလာန်သည် တာဝတိံသာ နတ်ပြည်၌ နတ်တို့အား သောတာပတ္တိယင်္ဂတရားလေးပါးနှင့် ပြည့်စုံသောသူသည် နတ်ပြည်၌ ဖြစ်ခဲ့ရဘူးကုန်ပြီဟု မိန့်ကြား တော်မူပုံ နှင့် နတ်တို့က ဟုတ်မှန်ကြောင်းကို ဆောက်ခံလျှောက်ထားသောသုတ်။

(နတ်ပြည်၌ ဖြစ်ခဲ့ကြရဘူးပုံကို ပြသည်။)

မဟာ သံ–ပါ–၃၁၉+၃၂၀။ ဋ္ဌ/တ–မ။ ဋီ/ဒု–မ။ မြန်/တ–၃၂၁+၃၂၂။

တတိယ ဒေဝစာရိတသုတ်

မြတ်စွာဘုရားသျှင်သည် တာဝတိံသာ နတ်ပြည်၌ နတ်တို့အား သောတာပတ္တိယင်္ဂတရား လေးပါးနှင့် ပြည့်စုံသောသူသည် ပျက်စီးကျရောက်ရာမရှိ ကိန်းသေမြဲသော အဆက်မပြတ် သုံးပါး

လျှင် လည်းလျှောင်းရာရှိသော သေဘာပန်းဖြစ်သည်ကို ဟောကြားတော်မူပုံနှင့် နတ်တို့က ဟုတ်မှန်ကြောင်းကို ဒလျှောက်ဆားသောသုတ်။

(သေဘာပန်းသည် အထက်မက်သုံးပါးလျှင်လားရာရှိပုံကို ပြသည်။)

မဟာ သံ–ပါ–၃၂၀+၃၂၁။ ဌ/တ–မ။ ဋီ/ဒု–မ။ မြန်/တ–၃၂၃+၃၂၄။

ပဌမ ဒေဝပဒသုတ်

(သဘင်ဆောင်) မြတ်ဗုဒ္ဓဘုရားသျှင်သည် ရဟန်းတို့အား သေဘာပတ္တိယင်္ဂ် တရားလေးပါးနှင့် ပြည့်စုံခြင်းသည် မသန့်ရှင်း မဖြူစင်သော သတ္တဝါတို့ကို သန့်ရှင်း ဖြူစင်စေရန် နတ်တို့၏ ဉာဏ်ဖြင့် ရောက်အပ်သောဘရားမည်ပုံကို ဟောကြားတော်မူသောသုတ်။

(ဖြူစင် သန့်ရှင်းစေကြောင်းကို ပြသည်။)

မဟာ သံ–ပါ–၃၄၃။ ဌ/တ–၃၁၉။ ဋီ/ဒု–၅၃၅။ မြန်/တ–၃၄၆+၃၄၇။

ဒုတိယ ဒေဝပဒသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား သောတာပတ္တိယင်္ဂ် တရား လေးပါးနှင့် ပြည့်စုံသော အရိယသာဝကသည် ညှဉ်းဆဲနှိပ်စက်ခြင်းမရှိ စသည်ဖြင့် နတ်တို့၏အကြောင်းကို ငါကြား ရ၏။ ငါသည် နတ်ဘို့၏ဉာဏ်ဖြင့် ရောက်အပ်သော တရားနှင့် ပြည့်စုံ၏ဟု သိခြင်းသည် မသန့်ရှင်း မဖြူစင်သော သတ္တဝါတို့ကို သန့်ရှင်းဖြူစင်စေရန် နတ်တို့၏ဉာဏ်ဖြင့် ရောက်အပ်သော တရားမည်ပုံကို ဟောကြားတော်မူသောသုတ်။

(ဌ/–စတ္တာရောပို့ ဖလ ပဂ္ဂလာ ဝိသုဒ္ဓဌေန ဒေဝါနာမဇာတာ။)

မဟာ သံ–ပါ–၃၄၃+၃၄၄။ ဌ/တ–မ။ ဋီ/ဒု–မ။ မြန်/တ–၃၄၇။

ဒေဝသဘာဂသုတ်

မြတ်ဗုဒ္ဓဘုရားသျှင်သည် ရဟန်းတို့အား သောတာပတ္တိယင်္ဂ် တရား လေးပါးနှင့် ပြည့်စုံသော အရိယ သာဝကတို့ စုတေလျှင် ငါတို့နတ်ပြည်သို့ ရောက်ရှိကြ၍ သဘောတူဖြစ်ရလတံ့ဟု နတ်တို့ ဝမ်းမြောက်ကြပုံကို ဟောကြားတော်မူသောသုတ်။

(နတ်တို့ သဘောတူ ဝမ်းမြောက်ကြပုံကို ပြသည်။)

မဟာ သံ–ပါ–၃၄၄။ ဌ/တ–မ။ ဋီ/ဒု–မ။ မြန်/တ–၃၄၈။

ဒဏ္ဍသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား သစ္စာလေးပါးကို မသိခြင်းကြောင့် သတ္တဝါ

တို့သည် ကောင်းကင်သို့ ပစ်လွှတ်သော တုတ်တောင်ဝှေးကဲ့သို့ ဘခါတရံ အရင်းမှကျ၍ တခါတရံ အဖျားမှ ကျသကဲ့သို့ ဘဝမတည်မြဲပုံကို ဟောကြားတော်မူသောသုတ်။

(သစ္စာလေးပါးကို မသိလျှင် ဘဝမတည်မြဲပုံကို ပြသည်။)

မဟာ သံ–ပါ–၃၈၄။ ဋ္ဌ/တ–၃၃၁။ ဋီ/ဒု–၅၄၃။ မြန်/တ–၃၉၁။

ဒါသီဒါသသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား (နခသိခသုတ်) ဥပမာဖြင့် ကျွန်ယောကျ်ား ကျွန်မိန်းမကို အလှူခံခြင်းမှ ရှောင်ကြဉ်သောသူကဲ့သို့ မရှောင်ကြဉ်သောသူတို့ကမျှားပုံကို ဟောကြားတော်မူသောသုတ်။

(အဆိုးနှင့်အကောင်း အနည်းနှင့်အများကို ပြသည်။)

မဟာ သံ–ပါ–၄၀၉။ ဋ္ဌ/တ–၃၃၆။ ဋီ/ဒု–မ။ မြန်/တ–၃၁၆။

ဒူတေယျသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား (နခသိခသုတ်) ဥပမာဖြင့် တမန်အစေအပါးအမှုကို ဆောင်ရွက်ခြင်းမှ ရှောင်ကြဉ်သူထက် မရှောင်ကြဉ်သောသူတို့က မျှားပုံကို ဟောကြားတော်မူသောသုတ်။

မဟာ သံ–ပါ–၄၁၁။ ဋ္ဌ/တ–၃၃၇။ ဋီ/ဒု–၅၄၉။ မြန်/တ–၃၁၇။

ဒေဝဓုတိနိရိယာဒိသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား (နခသိခသုတ်) ဥပမာဖြင့် နတ်ပြည်မှ စုတေ၍ နတ်ဘဝသို့ ပြန်၍ဖြစ်သူထက် ငရဲ တိရစ္ဆာန် ပြိတ္တာဘဝတို့၌ ဖြစ်သောသူတို့က မျှားပုံကို ဟောကြားတော်မူသောသုတ်။

(သုဂတိဘဝထက် ဒုဂ္ဂတိဘဝသို့ လားသူတို့က မျှားပုံကို ပြသည်။)

မဟာ သံ–ပါ–၃၁၃။ ဋ္ဌ/တ–မ။ ဋီ/ဒု–မ။ မြန်/တ–၃၁၉။

ဒေဝမနုဿနိရိယသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား (နခသိခသုတ်) ဥပမာဖြင့် နတ်ဘဝမှစုတေ၍ လူ့ဘဝ၌ ဖြစ်သောသူထက် ငရဲ တိရစ္ဆာန် ပြိတ္တာဘဝတို့၌ ဖြစ်သောသူတို့က မျှားပုံကို ဟောကြားတော်မူသောသုတ်။

မဟာ သံ–ပါ–၃၁၃။ ဋ္ဌ/တ–မ။ ဋီ/ဒု–မ။ မြန်/တ–၃၁၉။

[အင်္ဂုတ္တရနိကာယ]

ဒါနဝဂ် (၁၀)

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား အားမိသဒါန, ဓမ္မဒါန စသည်ဖြင့် ဒါနနှစ်ပါးအစု · ပုဇော်ခြင်း စွန့်ကြဲခြင်း သုံးဆောင်ခြင်း ဝေဖန်ခြင်း ထောက်ပံ့ခြင်း ချီးမြှောက်ခြင်း သနားခြင်းတို့၏ နှစ်ပါးအစုတို့နှင့် အမြတ်ဆုံးဒါနကို ဟောကြားတော်မူသောသုတ်။

(ဆယ်ပါးသော အခြင်းအရာတို့ဖြင့် ပြသည်။)

အံ ဒုက-ါ/ပ-၉၀+၉၁။ ဌ/ဒု-၆၀+၆၁။ ဋီ/ဒု-၅၈။ မြန်/ပ-၁၀၅+၁၀၇။

ဒေဝလောကသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား နှုတ်ကြည်သို့ရောက်ခုန် အကျိုးငှာ မြတ်သော အာဏာကို ကုဋ်သုံးဆယ်ဘဝလောင် ဓာတ်နိုးစက်ဆုပ်ဖွယ်အင်ပို့ နှင့် နက်တို့၏ ချမ်းသာကို စက်ဆုပ်ခြင်းငှာ ကံသုံးပါးခြင် ကင်ဆုပ်ခြင်းငှာ ရန်ကို ဟောကြားတော်မူသောသုတ်။

(ကံသုံးပါးခြင် စက်ဆုပ်ခြင်းငှာ ရန်ကို ပြသည်။)

အံ တိက-ပါ/ပ-၁၁၃။ ဌ/ဒု-၁၅၀။ ဋီ/ဒု-၁၀၀။ မြန်/ပ-၁၃၃။

ဒေဝဒူတသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ဒေဝကိုယ်လ် ဒူစရိုက် ယုန်ကျူးသောသူတို့ သေပြီးနောက်၌ ထိုယုကို ငရဲ ထိန်းတို့သည် ယမမင်းအထံသို့ အပ်၍ စစ်ဆေးပုံတို့ နှင့် သေမင်းတမန်သုံးမျိုးပုံ - ငရဲ ဒဏ်ရုတို့ကို အကျယ် ဟောကြားတော်မူသောသုတ်။

(ငရဲတမန် သုံးမျိုး ရှိပုံကို ပြသည်။)

အံ ဝါက-ပါ/ပ--၁၃၇+၁၄၀။ ဌ/ဒု-၁၁၇+၁၂၁။ ဋီ/ဒု-၁၁၁+၁၁၇။
မြန်/ပ-၁၅၅+၁၅၈။

ပဌမ ဒုဋ္ဌဖြာဟွဏသုတ်

အသက်တရာ့နှစ်ဆယ်ရှိသော ပုဏ္ဏားကြီးနှစ်ယောက်၏ လျှောက်ထားတောင်းပန်ခြင်းကို အကြောင်းပြု၍ ကံသုံးပါးကို ထိန်းသိမ်းစောင့်စည်းရန် ဟောကြားတော်မူသောသုတ်။

(အို နာ သေခြင်းတို့ အဆင့်ဆင့်ပို့ဆောင်ပုံကို ပြသည်။)

အံ တိက-ပါ/ပ-၁၅၄။ ဌ/ဒု-၁၄၀။ ဋီ/ဒု-၁၂၇။ မြန်/ပ-၁၇၃။

ဒုတိယ ဒေဖြာဟွဏသုတ်

(အဓိက (ပဌမ ဒေဖြာဟွဏသုတ်) နှင့် တူသည်၊ ဇရာမီး, ဗျာဓိမီး, မရဏမီးကို လောင်ပုံမျှသာ ထူးသည်။)

(အို နာ သေမီးတို့လောင်ရာမှ ဒါနစသော ကုသိုလ်အထုပ်ကို ရအောင်ယူရန်ကို ပြသည်။)

အံ တိက–ပါ/ပ–၁၅၅။ ဋ္ဌ/ဒု–၁၄၁။ ဋီ/ဒု–၁၂၇။ မြန်/ပ–၁၇၄။

ဒုလ္လဘသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား လောက၌ ဖြစ်ပေါ်ခဲ ရခဲသော ပုဂ္ဂိုလ်သုံးမျိုး ရှိပုံကို ဟောကြားတော်မူသောသုတ်။

(ပုဂ္ဂိုလ်သုံးမျိုးရခဲပုံကို ပြသည်။)

အံ တိက–ပါ/ပ–၂၆၉။ ဋ္ဌ/ဒု–၂၃၁။ ဋီ/ဒု–၂၀၄။ မြန်/ပ–၂၀၅ ၊ ၂၀၆။

ဒေဝဒတ္တသုတ်

ဥက္ကဋ္ဌမြို့နှင့် သေတဗျမြို့အကြား၌ ဘုရားသျှင်၏ ခြေတော်ရာ စက်လက္ခဏာတို့ကို တွေ့မြင်ရသော ဒေါဏပုဏ္ဏားကြီးသည် ဘုရားသျှင်အထံတော်သို့ချဉ်းကပ်၍ လူလော, နတ်လော, ဘိလူးလောဟု မေးလျှောက်ပုံ နှင့် ဘုရားသျှင်၏ ဖြေကြားတော်မူပုံကို ဟောကြားတော်မူသောသုတ်။

(ဗုဒ္ဓမည်ပုံကို ပြသည်။)

အံ စတု–ပါ/ပ–၃၄၆+၃၄၀။ ဋ္ဌ/ဒု–၂၉၇+၃၀၀။ ဋီ/ဒု–၂၉၁ ၂၉၃။
မြန်/ပ–၃၆၁+၃၆၃။

ဒေဝဒတ္တသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား သံဃာသင်းခွဲသွားသော ဒေဝဒတ်ကို အကြောင်းပြု၍ ငှက်ပျော, ဝါး, ကျွဲ၏ အသီးတို့သည် အပင်ကို ဖျက်ဆီးသကဲ့သို့ပင်း အာဃာတရှိ မြင်းမ၏ ကိုယ်ဝန်သည် မိခင်၏အသက်ကို ဖျက်ဆီးသကဲ့သို့ပင်း ဒေဝဒတ်၏ လာဘ်လာဘ အကျော်အစောတို့သည် ဒေဝဒတ်အား ပျက်စီးခြင်းသို့ ရောက်လတ္တံ့ဟု မိန့်ကြားတော်မူသောသုတ်။

(အတွင်းရန်သူလေးမျိုးကို ပြသည်။)

အံ စတု–ပါ/ပ–၃၈၅။ ဋ္ဌ/ဒု–၃၁၆။ ဋီ/ဒု–၃၁၂။ မြန်/ပ–၃၆၆ ၊ ၄၀၀။

ဒက္ခိဏာသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား အလှူ၏စင်ကြယ်ကြောင်းလေးပါးကို ဟောကြားတော်မူသောသုတ်။

(အလှူပေးအလှူခံ စင်ကြယ်ခြင်းကို ပြသည်။)

အံစတု ပါ/ပ–၃၆၂+၃၆၃။ ဋ္ဌ/ဒု–၃၂၀ ၊ ဋီ/ဒု–၃၁၅။ မြန်/ပ–၄၀၆ ၊ ၄၀၇။

ဒုစ္စရိတသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ဝစီကံလေးပါးကို ကျူးလွန်သော ဝစီဒုစရိုက်လေးပါးကို ဟောကြားတော်မူသောသုတ်။

(ဝစီဒုစရိုက်လေးပါးကို ပြသည်။)

အံ စတု–ပါ/ပ–၄၅၀။ ဌ/ဒု–မ။ ဋီ/ဒု–မ။ မြန်/ပ–၄၇၀။

ဒသကမ္မသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား သူယုတ်မာနှစ်မျိုး သူတော်ကောင်းနှစ်မျိုးတို့ကို ဟောကြားတော်မူသောသုတ်။

(ဒုစရိုက်ဆယ်ပါးဖြင့် ပြသည်။)

အံ ဝသု–ပါ/ပ–၅၄၂+၅၄၃။ ဌ/ဒု–မ။ ဋီ/ဒု–မ။ မြန်/ပ–၅၅၀။

ဒသမဂ္ဂသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား မိစ္ဆာမဂ္ဂင်ရှစ်ပါး မိစ္ဆာဉာဏ် မိစ္ဆာဝိမုတ္တိအား ဖြင့် သူယုတ်မာနှစ်မျိုး သူတော်ကောင်းနှစ်မျိုးတို့ကို ဟောကြားတော်မူသောသုတ်။

(သူယုတ်မာနှင့် သူတော်ကောင်းကို ပြသည်။)

အံ စတု–ပါ/ပ–၅၄၄။ ဌ/ဒု–မ။ ဋီ/ဒု–မ။ မြန်/ပ–၅၆၀

ဒိဋ္ဌသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ငရဲသို့ ကျရောက်စေတတ်သော တရားလေးပါးနှင့် နတ်ပြည်သို့ ရောက်စေတတ်သော တရားလေးပါးကိုဟောကြားတော်မူသောသုတ်။

(ကံသုံးပါး နှင့် မိစ္ဆာဒိဋ္ဌိကို ပြသည်၊ မနော ဒုစ္စရိတေ ပရိယာပန္နာပိ မိစ္ဆာဒိဋ္ဌိ မဟာသာဝဇ္ဇတာယ ဝ်သုံ ဝုတ္တံ။)

အံ စတု–ပါ/ပ–၅၄၈။ ဌ/ဒု–၃၈၉။ ဋီ/ဒု–မ။ မြန်/ပ–၅၆၃+၅၆၄။

ဒုဿီလသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ငရဲသို့ ကျရောက်စေတတ်သောတရားလေးပါးနှင့် နတ်ပြည်သို့ရောက်စေတတ်သော တရားလေးပါးကို ဟောကြားတော်မူသောသုတ်။

(အသဒ္ဓ ဒုဿီလ ဘုသိတ ဒုပ္ပညာ လေးပါးကို ပြသည်။)

အံ စတု–ပါ/ပ–၅၅၀။ ဌ/ဒု–၃၉၀။ ဋီ/ဒု–မ။ မြန်/ပ–၅၆၅။

ဒုစ္စရိတသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ဝစီဒုစရိုက်လေးပါးနှင့် ဝစီသုစရိုက်လေးပါးကို အထူး ဟောကြားတော်မူသောသုတ်။

(ဒုစရိုက် သုစရိုက် တရား ၂ ပါး၏ အပြစ်အကျိုးကို ပြသည်။)

အံ စတု–ပါ/ပ–၅၅၀။ ဌ/ဒု–၃၉၀။ ဋ္ဌီ/ဒု–၃၀၆+၃၀၇။ မြန်/ပ–၅၆၆။

ဒိဋ္ဌသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား မိမိကိုယ်ကို တူးဖြို ဖျက်ဆီးအပ်သည့် အပြစ်နှင့် တကွ ပညာရှိတို့ကဲ့ရဲ့အပ်သော တရားလေးပါးနှင့် မိမိကိုယ်ကို မတူးဖြိုမဖျက်ဆီး အပြစ်မဲ့ပညာရှိတို့ ချီးမွမ်းအပ်သော တရားလေးပါးကို ဟောကြားတော်မူသောသုတ်။

(ကံသုံးပါးနှင့် မိစ္ဆာဒိဋ္ဌိကို ထပ်မံ၍ ပြသည်။)

အံ စတု–ပါ/ပ–၅၅၀+၅၅၁။ ဌ/ဒု–မ။ ဋ္ဌီ/ဒု–မ။ မြန်/ပ–၅၆၆။

ဒုပ္ပညသုတ်

အထက် (ဒိဋ္ဌိသုတ်) နှင့် တူသည်၊ အသဒ္ဓ ဒုဿီလ တုသိတ ဒုပ္ပညာ လေးပါးကိုပြသည်။

အံ့ စတု–ပါ/ပ–၅၅၂။ ဌ/ဒု–မ။ ဋ္ဌီ/ဒု–မ။ မြန်/ပ–၅၆၈။

ဒေါသအဘိညာဒိသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ဒေါသ စသော တဆဲ့ ခြောက်ပါးသော တရားတို့ကို ထူးသော ဉာဏ်ဖြင့်သိရန် စသော ကိုးပါးသော အကျိုးတရားတို့ကို ရရှိရန် အလို့ငှာ လေးပါးသော တရားတို့ကို ပွားများအားထုတ်ရန် ဟောကြားတော်မူသောသုတ်။

(ကိုးပါးသော အကျိုးကို ရရှိရန် လေးပါးသော တရားကို ပွားများရန် ပြသည်။)

အံ စတု–ပါ/ပ–၅၈၀။ ဌ/ဒု–မ။ ဋ္ဌီ/ဒု–မ။ မြန်/ပ–၅၉၄။

ဒုက္ခသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ယခုဘဝ၌ ငြိုငြင် ပင်ပန်းဆင်းရဲစွာ နေထိုင်၍ ဒုန္ဒာကိုယ်ပျက်စီးသောအခါ ဒုဂ္ဂတိဘဝသို့ ကေန်ရောက်ခြင်းတရား ငါးပါးနှင့် ယခုဘဝ၌လည်း မငြိုမငြင် မပင်မပန်း ချမ်းသာစွာ နေထိုင်၍၍ တမလွန်ဘဝ၌လည်း သုဂတိဘဝသို့ဘောန် ရောက်ကြောင်းတရား ငါးပါးကို ဟောကြားတော်မူသောသုတ်။

(တရားငါးပါး အစုံကို ပြသည်။)

အံ့ ပဉ္စ–ပါ/ဒု–၂+၃။ ဌ/တ–မ။ ဋ္ဌီ/တ–မ။ မြန်/ဒု–၃+၄။

ဒဋ္ဌဗ္ဗသုတ်

ငါတော်ဘုရားသခင်သည် ရဟန်းတို့အား အားငါးပါးနှင့် ထိုအားငါးပါးကို အသိးသိး သင့်သင့်အခါ၌ မှတ်အပ်သော အရာဌာန ငါးပါးကို ဟောကြားတော်မူသောသုတ်။

(အားငါးပါးနှင့် ကြီးမှူးပုံကို ပြသည်။)

အံ-ဋ္ဌ-၂/ဒု-၁၀။ ဋ္ဌ/တ-၄၊ ၅။ ဍီ/တ-၅၊ ၆။ မြန်/ဒု-၁၄။

ဒုဿီလသုတ်

မြတ်စွာဘုရားသခင်သည် ရဟန်းတို့အား သီလမရှိသော ပုဂ္ဂိုလ်အား သမ္မာသမာဓိစသော တရားငါးပါးပျက်စီးပုံနှင့် သီလနှင့်ပြည့်စုံသောသူအား သမ္မာသမာဓိ စသော တရားငါးပါးနှင့် ပြည့်စုံပုံကို ဟောကြားတော်မူသောသုတ်။

(သမ္မာသမာဓိ စသော တရားငါးပါးကို ပြသည်။)

အံ-ဋ္ဌ-၂-ဒု-၁၆၊ ၁၇။ ဋ္ဌ/တ-၇။ ဍီ/တ-မ။ မြန်/ဒု-၂၂-၂၃။

ဒါနာနိသံသသုတ်

မြတ်စွာဘုရားသခင်သည် ရဟန်းတို့အား ပေးလှူခြင်း၏ အကျိုးငါးပါးကို ဟောကြား တော်မူခဲ့သည်သုတ်။

(အကျိုးငါးပါးကို ပြသည်။)

အံ-ဋ္ဌ-၂-ဒု-၄၄ ၄၅။ ဋ္ဌ/တ-၂၀-၂၁။ ဍီ/တ-မ။ မြန်/ဒု-၄၄။

ဒုက္ကထာသုတ်

မြတ်စွာဘုရားသခင်သည် ရဟန်းတို့အား ပုဂ္ဂိုလ်ငါးမျိုးတို့၌ မကောင်းသောစကားကို ကြိုတင်ပြော ကောင်းသော စကားကို ဖြစ်စေသော စကားငါးမျိုးကို ဟောကြားတော်မူခဲ့သည်သုတ်။

(သင့်စေသော စကားငါးမျိုးကို ပြသည်။)

အံ-ဋ္ဌ-၂/ဒု-၁၅၉-၁၆၁။ ဋ္ဌ/တ-၅၅။ ဍီ/တ-မ။ မြန်/ဒု-၂၀၃+၂၀၆။

ဒုပ္ပဋိဝေနာဒယသုတ်

မြတ်စွာဘုရားသခင်သည် ရဟန်းတို့အား ဖြစ်ပေါ်လာလျှင် ပယ်ဖျောက်နိုင်ခဲသော တရားငါးပါးကို ဟောကြားတော်မူသောသုတ်။

(ပယ်ဖျောက်နိုင်ခဲသော တရားငါးပါးကို ပြသည်။)

အံ-ပဉ္စ-၂/ဒု-၁၆၂+၁၆၃။ ဋ္ဌ/တ-၅၅။ ဍီ/တ-မ။ မြန်/ဒု-၂၀၈။

ဒေါနပြာဟ္မဏသုတ်

မြတ်စွာဘုရားသျှင်သည် အသက်ကြီးသော ဒေါဏပုဏ္ဏားကြီးအား ဝေဒကျမ်းကို စီရင်ကုန်သော ရွှေးဟောင်းရသေ့ ဆယ်ဦးတို့နှင့် ထိုရသေ့တို့၏ တပည့်ပုဏ္ဏား ငါးမျိုးရှိပုံကို ဟောကြားတော်မူသောသုတ်။

(ပုဏ္ဏား ငါးမျိုးရှိပုံကို ပြသည်။)

အံ့ ပဋ္ဌ–ပါ/ဒု–၁၉၆+၂၀၂။ ဋ္ဌ/၆၅+၆၇။ ဋ္ဌီ/တ–၅၇+၅၈။ မြန်/ဒု–၂၄၉+၂၅၆။

ဒန္တကဋ္ဌသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား တံပူစားခြင်း အပြစ်ငါးပါးနှင့် တံပူစားခြင်း၏ အကျိုးငါးပါးကို ဟောကြားတော်မူသောသုတ်။

(တံပူစားခြင်း၏ အပြစ်နှင့် အကျိုးငါးပါးကို ပြသည်။)

အံ့ ပဋ္ဌ–ပါ/ဒု–၂၁၉။ ဋ္ဌ/တ–၇၈။ ဋ္ဌီ/တ–မ။ မြန်/ဒု–၂၇၅။

ပဌမ ဒီဃစာရိကသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား အဘိုင်းအရှည်မရှိ ခရီးဝေးသွားသော ရဟန်း၏ အပြစ်ငါးပါးနှင့် အပိုင်းအခြားဖြင့် ခရီးသွားသော ရဟန်း၏ အကျိုးငါးပါးကို ဟောကြားတော်မူသောသုတ်။

(ခရီးဝေးသွားခြင်း၏ အကျိုးအပြစ်ကို ပြသည်။)

အံ့ ပဋ္ဌ–ပါ/ဒု–၂၂၄။ ဋ္ဌ/တ–၈၁။ ဋ္ဌီ/တ–၇၉+၈၀။ မြန်/ဒု–၂၈၄။

ဒုတိယ ဒီဃစာရိကသုတ်

အထက် (ပဌမ ဒီဃစာရိကသုတ်) နှင့် တူသည်၊ အပြစ်နှင့် အကျိုးငါးပါးကို တန်ဆာ ပြသည်။

အံ့ ပဋ္ဌ–ပါ/ဒု–၂၂၅။ ဋ္ဌ/တ–မ။ ဋ္ဌီ/တ–မ။ မြန်/ဒု–၂၈၄+၂၈၅။

ပဌမ ဒုစ္စရိတသုတ်
ဒုတိယ ဒုစ္စရိတသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ဒုစရိုက်ဘာရားရှိသူ၌ အပြစ်ငါးပါးနှင့် သုစရိုက်တရားရှိသူ၌ အကျိုးငါးပါးကို နှစ်နှည်းအားဖြင့် ဟောကြားတော်မူသောသုတ်။

(ဒုစရိုက် သုစရိုက် တရားတို့၏ အကျိုးနှင့်အပြစ် ငါးပါးစီ နှစ်မျိုးကို ပြသည်။)

အံ့ပဋ္ဌ–ပါ/ဒု–၂၃၃+၂၃၄။ ဋ္ဌ/တ–၈၄။ ဋ္ဌီ/တ–မ။ မြန်/ဒု–၂၉၇+၂၉၈+၂၉၉။

ဒါနသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား အလှူပေး ပုဂ္ဂိုလ်၏ အင်္ဂါသုံးပါး အလှူခံ ပုဂ္ဂိုလ်၏ အင်္ဂါသုံးပါး ဒာန်ဂါ ခြောက်ပါးနှင့် ပြည့်စုံသော အလှူဒါနသည် အကျိုးကြီးပုံကိုဟောကြား တော်မူသောသုတ်။

(အလှူဒါနနှင့် စပ်သော အင်္ဂါခြောက်ပါးကို ပြသည်။)

ဒါ ဆက္က–ပါ/ဒု–၂၉၅+၂၉၆။ ဌ/တ–၁၀၇+၁၀၈။ ဋ္ဌီ/တ–၁၀၇+၁၀၈။ မြန်/ဒု–၃၇၉+၃၈၁။

ဒါရက္ခိန္ဒသုတ်

ဂိဇ္ဈကူဋ် တောင်ပေါ်၌ အသျှင်သာရိပုတ္တရာသည် ရဟန်းတို့အား သစ်တုံးကြီးကို ညှန်ပြလျက် တန်ခိုး အာဘိညာဉ်နှင့် ပြည့်စုံသော ရဟန်းသည် ဤသစ်တုံးကြီးကို ပထဝီစသော ခြောက်ပါး သောအခြင်းအရာဟူ၍ နှလုံးသွင်းရပုံကို ဟောကြားတော်မူသောသုတ်။

(နှလုံးသွင်းဆုပုံ ခြောက်မျိုးကို ပြသည်။)

အံ် ဆက္က–ပါ/ဒု–၂၉၉။ ဌ/တ–၁၀၉။ ဋ္ဌီ/တ–မ။ မြန်–၃၀၅။

ဒါရကမ္မိကသုတ်

မြတ်စွာဘုရားသျှင်သည် နာထိကဂြာ အုတ်ကျောင်း၌ ဒါရုကမ္မိက သူကြွယ်အား အလှူပေးနှင့် စပ်၍ ကဲ့ရဲ့ထိုက်သော ပုဂ္ဂိုလ် ချီးမွမ်းထိုက်သော ပုဂ္ဂိုလ်တို့ကို မေးဖြေ ဟောကြား တော်မူပြီးလျှင် သံဃာအားလှူရန် ထိုက်ခဲ့ပုံ ဟောကြားတော်မူသောသုတ်။

(သံဃာအားလှူလျှင် အကျိုးကြီးမြတ်ပုံကို ပြသည်။)

အံ့ ဆက္က–ပါ/ဒု–၃၄၃ ၃၄၄။ ဌ/တ–၁၃၁။ ဋ္ဌီ/တ–၁၃၂+၁၃၃။ မြန်–၄၃၅+၄၃၆။

ဒေဝတာသုတ်

မြတ်စွာဘုရားသျှင်သည် နတ်သားတယောက်လျှောက်ထားသော ရဟန်းတို့အား မဆုတ်ယုတ်ကြောင်း တရားခြောက်ပါးကို နှစ်သက်လိုက်လျောဘော်မူပြီးလျှင် အတည်ပြုတော်မူလျက် ရဟန်းတို့အား တဖန် ဟောကြားတော်မူပုံနှင့် အသျှင်သာရိပုတ္တရာက ထပ်မံ၍ အကျယ်လျှောက် ထားသောသုတ်။

(မဆုတ်ယုတ်ကြောင်းတရားခြောက်ပါးကို ပြသည်။)

အံ့ ဆက္က–ပါ/ဒု–၃၇၀+၃၇၁။ ဌ/တ–၁၃၇။ ဋ္ဌီ/တ–မ။ မြန်–၄၆၅+၄၆၇။

ဒုက္ခသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ဃာတဝဋ်၌ ပင်ပန်းဆင်းရဲစွာနေရ၍ သေသော

အခါ ဒုဂ္ဂတိဘဝသို့ ရောက်ကြောင်းတရားခြောက်ပါးနှင့် ယခုဘဝ၌ ချမ်းသာစွာနေရ၍ သေသာအခါ သုဂတိဘဝသို့ ရောက်ကြောင်းတရားခြောက်ပါးကို ဟောကြားတော်မူသောသုတ်။

(တရားခြောက်ပါးအစုံကို ပြသည်။)

အံ့ ဆက္က–ပါ/ဒု–၃၇၄+၃၇၅။ ဋ္ဌ/တ–၁၃၀။ ဋီ/တ–၁၄၄။ မြန်–၄၇၂+၄၇၃။

ဒုက္ခသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား သခ်ါရကို ချမ်းသာသောသဘောဖြင့် ရှုသော ရဟန်းအား မဂ်ဖိုလ်ရရန် အကြောင်းမရှိပုံ ဆင်းရဲသောအားဖြင့် ရှုသော ရဟန်းအား မဂ်ဖိုလ်ခံရန် အကြောင်းရှိပုံကို ဟောကြားတော်မူသောသုတ်။

(သခ်ါရတရား၌ ဒုက္ခဟု ရှုရပုံကို ပြသည်။)

အံ့ ဆက္က–ပါ/ဒု–၃၈၅။ ဋ္ဌ/တ–မ။ ဋီ/တ–မ။ မြန်/ဒု–၄၈၅။

ဒုစ္စရိတသုတ်

မြတ်စွာဘုရားသျှင်သည်ရဟန်းတို့အား ကာယ, ဝစီ, မနောဟူသော ဒုစရိုက်သုံးပါးကိုပယ်ရန် သုစရိုက်တရားကို ပွားများအားထုတ်ရန်ကို ဟောကြားဒတော်မူသောသုတ်။

(ဒုစရိုက်ကို ပယ်ရန် သုစရိုက်ကို အားထုတ်ပွားများရပုံ ပြသည်။)

အံ ဆက္က–ပါ/ဒု–၃၈၈။ ဋ္ဌ/တ–မ။ ဋီ/တ–မ။ မြန်/ဒု–၄၉၀။

ဒေါဝစဿတာသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား တရားသုံးပါးကို ပယ်သတ်ရန်အဘို့က် တရားသုံးပါးကို ပွားများရန် ဟောကြားတော်မူသောသုတ်။

(ဆုံးမခက်သော စကားစသည်ကို ပြသည်။)

အံ့ ဆက္က ပါ/ဒု–၃၉၀။ ဋ္ဌ/တ–မ။ ဋီ/တ–မ။ မြန်ဒု–၄၉၄။

ဒုက္ခာနုပဿီသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား အာဟုနေယျစသော ဂုဏ်နှင့် ပြည့်စုံသော ဒုက္ခာနုပဿီပုဂ္ဂိုလ်ခုနစ်မျိုးကို ဟောကြားတော်မူသောသုတ်။

(ကိလေသာမှ လွတ်မြောက်ပုံ ဒုက္ခာနုပဿီခုနစ်မျိုးကို ပြသည်။)

အံ့ သတ္တ–ပါ/ဒု–၄၀၆။ ဋ္ဌ/တ–၁၅၀။ ဋီ/တ–မ။ မြန်/ဒု–၅၁၄။

ဒါနမဟပ္ဖလသုတ်

မြတ်စွာဘုရားသျှင်သည် စမ္မာမြို့သား မျှားစွာသောဥပါသကာတို့နှင့် အသျှင်သာရိပုတ္တရာအား ဒါနနှင့်စပ်၍ အကျိုးမကြီးပုံ အကျိုးကြီးပုံ အလှူပေးပုံကို အကျယ်မေးဖြေဟောကြားတော်မူသောသုတ်။

(အလှူပေးပုံကို ပြသည်။)

အံ အာတ္တ–ပါ/ဒု–၄၄၁+၄၄၄။ ဋ္ဌ/တ–၁၆၈+၁၆၉။ ဋီ/တ–၁၇၄+၁၇၅။ မြန်/တ–၅၅၇+၅၆၀။

ဒေဝဒတ္တဝိပတ္တိသုတ်

မြတ်စွာဘုရားသျှင်သည် ဂိဇ္ဈကူဋ်တောင်၌ ရဟန်းတို့အား ရဲခါ မိမိပျက်စီးခြင်း သူတပါးပျက်စီးခြင်း, ရဲခါမိမိမြင့်ညှင်ခြင်းသူတပါးပြည့်စုံခြင်းတို့ကို ဆင်ခြင်အောင်ပုံ၊ ဒေဝဒတ်သည် မသူတော်တရား ၄ ပါးတို့ကို ပြုမိ၍ နိမ်းကျ၍ ငရဲသို့ ကျခြင်းကို ဟောကြားတော်မူသောသုတ်။

(ဒေဝဒတ် ပျက်စီးကြောင်းကို ပြသည်။)

အံ အာတ္တ–ပါ/တ–၉+၁၁။ ဋ္ဌ/တ–၁၉၆။ ဋီ/တ–မ။ မြန်/တ–၉+၁၂။

ဒုတေယျသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား တမန်ပြုလုပ်ရန် ထိုက်တန်သော ပုဂ္ဂိုလ်၏ အင်္ဂါ ၄ စပါးရှိပုံနှင့် အသျှင်သာရိပုတ္တရာသည် တမန်ပြုလုပ်ရန် ထိုက်တန်သော အင်္ဂါရှစ်ပါးနှင့်ပြည့်စုံပုံကို ဟောကြားတော်မူသောသုတ်။

(တမန်၏ အင်္ဂါရှစ်ပါးရှိပုံကို ပြသည်။)

အံ အာတ္တ–ပါ/တ–၃၇+၃၈။ ဋ္ဌ/တ–၂၁၆ : ၂၁၇။ ဋီ/တ–မ။ မြန်/တ–၃၈+၃၉။

ပဌမဒါနသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ဒါနပြုခြင်း၏ အကြောင်းရှစ်မျိုးကို ဟောကြားတော်မူသောသုတ်။

(ရည်ရွယ်ချက် ရှစ်မျိုးကို ပြသည်။)

အံ အာတ္တ–ပါ/တ–၆၈။ ဋ္ဌ/တ–၂၂၈+၂၂၉။ ဋီ/၂၃၆။ မြန်/တ–၇၀။

ဒုတိယဒါနသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား သဒ္ဓါစသော ယုံကြည်မှုဖြင့် ပေးလှူသောဒါန

သည် သူတော်ကောင်းသို့ အစဉ်လိုက်၍ နတ်ပြည်သို့ ရောက်ကြောင်း လမ်းကောင်းဖြစ်ပုံကို ဟော ကြားတော်မူသောသုတ်။

(ဒါနအကျိုးကို ပြသည်။)

အံ့ အင္ဂ–ပါ/တ–၆၀။ ဌ/တ–၂၂၃။ ဋ္ဌီ/ပ–မ။ မြန်/တ–၇၀။

ဒါနဝတ္ထုသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား အလှူပေးခြင်း၏ အကြောင်းရှစ်မျိုးကို တနည်း ဟောကြားတော်မူသောသုတ်။

(ရည်ရွယ်ချက်ရှစ်မျိုးကို တနည်း ပြသည်။)

အံ့ အင္ဂ–ပါ/တ–၆၉။ ဌ/တ–၂၂၉။ ဋ္ဌီ/တ–မ။ မြန်/တ–၇၀။

ဒါနူပပတ္တိသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား သီလနှင့် ပြည့်စုံသောသူ၏ ဆုမ်းစသော အလှူ ဒါနသည် ရည်ရွယ်တောင့်တအပ်သော အကျိုးနှင့် ပြည့်စုံပုံကို ဟောကြားတော်မူသောသုတ်။

(ရည်ရွယ်ချက်ရှစ်မျိုးနှင့် ပြည့်စုံပုံကို ပြသည်။)

အံ့ အင္ဂ–ပါ/တ–၇၀+၇၂။ ဌ/တ–၂၃၀။ ဋ္ဌီ/တ–၂၃၇။ မြန်/တ–၇၂+၇၆။

ဒုစ္စရိတဝိပါကဝဏ်သုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ကာယကံ သုံးပါး ဝစီကံလေးပါး သုရာမေရယ ဟူသော ဒုစရိုက်ရှစ်ပါးကို ကျူးလွန်ခြင်းသည် အပယ်ငရဲသို့ ကျရောက်ရပုံနှင့်တကွ လူဖြစ်လာ သောအခါ၌လည်း အသက်တိုခြင်းစသော အကျိုးဆက် အမျိုးမျိုးတို့ကို ဟောကြားတော် မူသောသုတ်။

(ဒုစရိုက်တရားတို့၏ အကျိုးရင်းနှင့် အကျိုးဆက်တို့ကို ပြသည်။)

အံ့ အင္ဂ–ပါ/တ–၇၇+၇၀။ ဌ/တ–၂၃၂+၂၃၃။ ဋ္ဌီ/တ–မ။ မြန်/၇၉+၀၀။

ဒိဃဇာဏုသုတ်

မြတ်စွာဘုရားသျှင်သည် ကောဋိယမြို့ ကက်ကရပတ္တနိဂုံး၌ ဒိဃဇာဏုမည်သော ကောလိယ မင်း (ဗျဂ္ဃပဇ္ဇ) အား မျက်မှောက်ဘဝ၌ ချမ်းသာကြောင်း တရားလေးပါး ပျက်စီးကြောင်း တရားလေးပါးနှင့် တမလွန်ဘဝ၌ ချမ်းသာကြောင်းတရား လေးပါးကို ဟောကြားတော်မူသော သုတ်။

(သမ္မဒါတရားလေးပါးနှင့် ဣတ္ထိဝုဘ္ဘစသော တရားလေးပါးကို ပြသည်။)

အံ့ အင္ဂ–ပါ/တ–၁၀၇+၁၁၀။ ဌ/တ–၂၃၉+၂၄၀။ ဋ္ဌီ/တ–၂၄၄။
မြန်/တ–၁၀၇+၁၁၀။

ဒေဝတာသုတ်

နတ်တို့သည် မြတ်စွာဘုရားသျှင်အား မိမိတို့လူဖြစ်စဉ်အခါက ရဟန်းတော်တို့၌ ခရီးဦးကြို လုပ်ခြင်းစသော ကိုးပါးသော အခြင်းအရာတို့ဖွင့် တပါးမျှသာ နှစ်ပါးမျှသာ စသည်ဖြင့် ပြုလုပ်ခဲ့ ကြရ၍ အဆင့်ဆင့် အကျိုးပေးနည်းကြရပုံ - နောင်ဘဝတဖန် ပူပန်ရပုံ စသည်တို့ကို လျှောက်ထား ကြသောသုတ်။

(အကျိုးပေး အဆင့်ဆင့်ကွာခြားပုံကို ပြသည်။)

အံ့ နဝ ပါ/တ—၁၉၃+၁၉၄။ ဌ/တ—၂၆၇။ ဋ္ဌီ/တ—မ။ မြန်/တ—၁၉၄+၁၉၅။

ဒေဝါသုရသင်္ဂါမသုတ်

မြတ်စွာဘုရားရှင်သည် ရဟန်းတို့အား နတ်နှင့်အသုရာတို့ စင်ဘိုက်ကြရာ အသုရာတို့ရှုံး၍ ပြေးကြရုံ - လုံခြုံရာ အရပ်သို့ ရောက်ရှိနေကြရ၍ ဘေးရန်ကို မကြောက်ကြရပုံနှင့် ရဟန်းသည် ရဟန်းဆိုးဆောက်၍ မာရ်ယုတ်ဘေးမှ ဝေးရုံ - နိဗ္ဗာန်သမာပတ်သို့ရောက်၍ မာရ်ယုတ်၏ မမြင်ရာ အရပ်သို့ ဝင်သောက်သည်မည်ပုံကို ဟောကြားတော်မူသောသုတ်။

(သမာပတ်စျာန် ကိုးပါးကို ပြသည်။)

အံ နဝ—ပါ/တ—၂၂၀+၂၃၀။ ဌ/တ—၂၀၁+၂၀၂။ ဋ္ဌီ/တ—၃၀၁+၃၀၃။ မြန်—၂၂၀+၂၃၀။

ဒိဋ္ဌဓမ္မနိဗ္ဗာနသုတ်

အသျှင်အာနန္ဒာသည် အသျှင်ကာဋ္ဌဒါယီအား သမာပတ်စျာနတရား ကိုးပါးကို ရခြင်း သည် မျက်မှောက်နိဗ္ဗာန်မည်၏ဟု ဘုရားသျှင် ဟောတော်မူသည်ကို တဖန် ဟောကြားတော်မူ သောသုတ်။

(မျက်မှောက်နိဗ္ဗာန်မည်ပုံကို ပြသည်။)

အံ နဝ—ပါ/တ—၂၄၆+၂၄၇။ ဌ/တ—၂၄၈။ ဋ္ဌီ/တ—မ။ မြန်—၂၄၆။

ဒုတိယသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား သမ္မာဒိဋ္ဌိစသော မဖြစ်ဘူးသေးကုန်သော တရား ဆယ်ပါးတို့သည် ဘုရားသျှင်၏ အာဆုံးအဖ သာသနာတော်မှတပါး မဖြစ်နိုင်ပုံကို ဟောကြား တော်မူသောသုတ်။

(သာသနာတော်ဘုံး တရားကို ပြသည်။)

အံ ဒသ—ပါ/တ—၄၅၀။ ဌ/တ—မ။ ဋ္ဌီ/တ—မ။ မြန်—၄၄၂။

ဒသမသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား မိစ္ဆာဒိဋ္ဌိစသော မှားယွင်းသောတရားဆယ်ပါးကို ဟောကြားတော်မူသောသုတ်။

(မှားယွင်းသော တရားဆယ်ပါးကို ပြသည်။)

အံ ဒသ–ပါ/တ–၄၅၂။ ဋ္ဌ/တ–မ။ ဋီ/တ–မ။ မြန်–၄၄၅။

ဒုက္ခုဋ္ဌေယျသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား မိစ္ဆာဒိဋ္ဌိစသော ဒုက္ခဖြစ်ကြောင်းတရားဆယ်ပါးနှင့် သမ္မာဒိဋ္ဌိစသော သုခဖြစ်ကြောင်းတရား ဆယ်ပါးတို့ကို ဟောကြားတော်မူသောသုတ်။

(သုခ ဒုက္ခ ဖြစ်ကြောင်းတရား ဆယ်ပါးအစုံကို ပြသည်။)

အံ ဒသ/ပါ–တ–၄၅၅။ ဋ္ဌ/တ–မ။ ဋီ/တ–မ။ မြန်/၄၄၀။

ဒုက္ခဝိပါကသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား မိစ္ဆာဒိဋ္ဌိစသော ဆင်းရဲသော အကျိုးရှိသော တရားဆယ်ပါးနှင့် သမ္မာဒိဋ္ဌိစသော ချမ်းသာသောအကျိုးရှိသောတရား ဆယ်ပါးတို့ကို ဟောကြားတော်မူသောသုတ်။

(ဆင်းရဲချမ်းသာ အကျိုးရှိသောတရား ဆယ်ပါးအစုံကို ပြသည်။)

အံ ဒသ–ပါ/တ–၄၅၅။ ဋ္ဌ/တ–မ။ ဋီ/တ–မ။ မြန်–၄၄၀။

ဒုက္ခုဋ္ဌေယျသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား အဃက် (ဒုက္ခုဋ္ဌေယျသုတ်) ကဲ့သို့ ဟောကြားတော်မူသောသုတ်။

(သုခ ဒုက္ခ ဖြစ်ကြောင်းတရား ဆယ်ပါးအစုံကို ပြသည်။)

အံ ဒသ–ပါ/တ– ၄၀၄။ ဋ္ဌ/တ–မ။ ဋီ/တ–မ။ မြန်–၄၇၅။

[မဇ္ဈိမနိကာယ]

[၀]

၁။ မူလပဏ္ဏာသဝဂ်

၁။ ဓမ္မဒါယာဒသုတ်

(အောင်ဘုရား) မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ပစ္စည်းအမွေခံ မဖြစ်ကြကုန်လင့် သာသနာအမွေခံဖြစ်ကြကုန်ဟူသော စသည်ဖြင့် ဓမ္မဒါယာဒသုတ်ကို ဟောကြားတော်မူပုံနှင့် အသျှင် သာရိပုတ္တရာသည် ရဟန်းတို့အား အနုကြာင်း သိုးပါးဖြင့် ကဲ့ရဲ့ထိုက်သူ - ချီးမွမ်းထိုက်သူနှင့် ပြင်ဆင်သော သင်္ကယ်အလယ် မဂ္ဂင်ရှစ်ပါး အာကျင့်မြတ်တရား နှင့် ယုတ်ညံ့သော တရားကို ဆက်သက်ဟောကြားခဲ့တော်မူသောသုတ်။

(တရားအမွေတော်မြင့်မြတ်ပုံကို ပြသည်။)

ပုဗ္ဗ ပတ်-ပါ-၁ ၁၉။ ဌ/ပ-၉၁၊ ၁၁၃။ ဋီ/ပ-၁၈၀+၂၀၅။ မြန်-၁၆+၂၁။

၂။ ဗမ္ဗဝေတိယသုတ်

(အောင်ဘုရား) သျှင်သည် သက္ကတိုင်း မေဒါဠုပမည်သော သာကီဝင်တို့၏နိဂုံးဌာ သီတင်းသုံးဆောင်ရာ ဒေသနဒီကောသလမင်းကြီးသည် တရားတော်၏ဂုဏ်ကျေးဇူးကို အထူးပြု၍ ဘုရားသျှင်ခဲ့သော သီတင်တို့၏ ဂုဏ်ကျေးဇူးကို ဘုရားသျှင်အား ကိုယ်တွေ့ဥပမာတို့ဖြင့် အကျယ်ဖော်ထုတ်ပုံ - မင်းကြီးကြုံသွားသော အခါ ရဟန်းကိုအား ကောသလမင်းကြီး တရားတော်၌ အသေပြုပုံကို အတုယူကျင့်သုံးကြရန် မိန့်ကြားတော်မူသောသုတ်။

(တရားတော်၌ အရိုအသေပြုပုံကို ပြသည်။)

မဇ္ဈိ ပဏ္ဏာ-ပါ-၃၂၁ ၊ ၃၂၆။ ဌ-၂၄၀+၂၄၅။ ဋီ-၁၆၂+၁၆၃။ မြန်-၃၂၄+၃၃၀။

၃။ ဓနဉ္ဉာနိသုတ်

(ရာဇဂြိုဟ်) အသျှင်သာရိပုတ္တရာသည် ဓနဉ္ဉာနိပုဏ္ဏားအား ကုသိုလ်, အကုသိုလ်နှင့် စပ်ဆိုင်သော တရားတော်တို့ကို ဟောကြားတော်မူပုံ - တနေ့သောအခါ ဓနဉ္ဉာနိပုဏ္ဏား ပကာသနာသျှင် အသျှင်သာရိပုတ္တရာအား ပင့်လျှောက်ပြီးလျှင် တရားနာပုံ - ပုဏ္ဏား၏ အလိုကို ဖုစမ်းသိုက် ဖြာပြည့်သိုလားရောက်ကြောင်း မေတ္တာတရားကို ဟောကြားတော်မူသောသုတ်။

(ပုဏ္ဏားသေဆုံး၍ ဖြာပြည့်သိုရောက်ပုံကို ပြသည်။)

မဇ္ဈိ ပဏ္ဏာ-ပါ-၃၉၅ ၊ ၄၀၆။ ဌ-၂၉၃ ၊ ၂၉၄။ ဋီ-၁၆၂+၁၆၇။ မြန်-၄၀၀+၄၁၁။

၄။ စာတုဝဘင်္သုတ်

မြတ်စွာဘုရားသျှင်သည် ရာဇဂြိုဟ်ပြည် ဘဂ္ဂဝမည်သော အိုးထိန်းသည်၏ အိုးလုပ်ရာ ဘားကုပ်၌ ဘုရားသျှင်ကို မဖူးမြင်ရဘူးသေးပဲ ဘုရားသျှင်အား ရည်မှန်း၍ ရဟန်းပြုလာသော

ပုဏ္ဏသောတိရဟန်းအား ဓါတ်ခြောက်ပါး, ဖဿာယတန ခြောက်ပါး, စိတ်၏ကြံစည်သုံးသပ်ခြင်း တဆယ့်ရှစ်ပါး, ဝိပဿနာပညာကို မမေ့လျော့ခြင်း, ဝစီသစ္စာကိုစောင့်ခြင်း, ကိလေသာကို စွန့်ခြင်း, ကိလေသာငြိမ်းခြင်းတို့ နှင့် တည်ရာလေးပါးကို အပြားအားဖြင့် အကျယ်ဝေဘန် ဟောကြားတော်မူသောသုတ်။

(ဓါတ်ခြောက်ပါးကိုဝေဘန်၍ မင်္ဂလောဇိုလ်ဝင် ပြသည်၊ ဠ/ဋ္ဌ–ပုဏ္ဏသောတိမင်း ရဟန်းပြုပုံကို ကြည်နူးဖွယ် အကျယ်ဖွင့်ပြသည်။)

ဥပရိ ပဏ္ဏ–ပါ–၂၈၁+၂၉၀။ ဋ္ဌ–၁၉၄+၂၁၇။ ဋီ–၃၉၃+၄၀၄။ မြန်–၂၁၄+၂၄၅။

[သံယုတ္တနိကာယ]

ဓနဉ္ဉာနိသုတ်

(ရာဇဂြိုဟ်) မိစ္ဆာအယူရှိသော ဘာရဒ္ဒါဇ ပုဏ္ဏားကြီး၏ ပုဏ္ဏေးမ သောတာပန် ဖြစ်သော ဓနဉ္ဉာနီသည် မိစ္ဆာအယူရှိသော ပုဏ္ဏားငါးရာတို့၏ ထမင်းစားပွဲ၌ ဘုရားသျှင်၏ ဂုဏ်တော်ကို ရွတ်ဆိုရှိခိုးမိသောကြောင့် ပုဏ္ဏားတို့ ဆဲဆိုရေရွတ်ထုတ် သွားကြပုံ ဘာရဒ္ဒါဇ ပုဏ္ဏားကြီးသည် အမျက်ဒေါသ ပြင်းစွာထွက်၍ ဘုရားသျှင်အထံတော်သို့ သွား၍ ဝါဒဘာင် လျှောက်ထားပုံ နှင့် ဘုရားသျှင် ဖြေကြားတော်မူပုံ · ပုဏ္ဏားကြီးရဟန်းပြု၍ မကြာမီ ရဟန္တာ ဖြစ်ပုံကို ဟောကြားတော်မူသောသုတ်။

(သောတာပန်တို့၏ သဒ္ဓါတရား တည်ကြည်ရဲရင့်ပုံကို ပြသည်။)

သဂါထာ သံ–ပါ/ပ–၁၆၂+၁၆၃။ ဋ္ဌ/ပ–၂၀၇+၂၀၉။ ဋီ/ပ–၂၅၄+၂၅၅။ မြန်/ပ–၁၅၃+၁၅၄။

ဓေဂဂသုတ်

(သာဝတ္ထိ) မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ရှေးဦးဖြစ်ဘူးသည့်ကား သိကြားမင်းသည် တာဝတိံသာနတ်တို့ကိုခေါ်၍ စစ်မြေပြင်၌ ကြောက်ရွံ့တုန်လှုပ်လျက် ကြက်သီးမွေးညှင်းထခဲ့သော် ငါ၏အလံ, ပဇာပတိနတ်မင်း၏အလံ, ဝရုဏနတ်မင်း၏အလံ, ဣသာနနတ်မင်း၏အလံ တခုခုသောအလံကို ကြည့်သည်ရှိသော် ကြောက်ရွံ့ခြင်း စသည်တို့ ကင်းပျောက်လိမ့်မည်ဟု မှာကြားပုံ နှင့် ဘုရားသျှင်က ရာဂ, ဒေါသ, မောဟ မကင်းသော ထိုနတ်မင်းတို့၏ အလံကိုကြည့်သဖြင့် ကြောက်ရွံ့ခြင်းစသည် ကင်းပျောက်သော်လည်း ရှိ၏၊ မကင်းပျောက်သော်လည်းရှိ၏၊ ရာဂ, ဒေါသ, မောဟကင်းစင်သော ငါဘုရားနှင့် တရား, သံဃာတို့၏ ဂုဏ်တော်တို့ကို အောက်မေ့ဆင်ခြင်သော် ဘေအရပ် ဆိတ်ငြိမ်ရာအရပ် စသည်၌ နေသော ရဟန်းသည် ကြောက်ရွံ့တုန်လှုပ်ခြင်းစသည်ဘို့မှ ကင်းဝေးကုန်လတံ့ စသည်ဖြင့် ဟောကြားတော်မူသောသုတ်။

(ရတနာသုံးပါး၏ ဂုဏ်တော်တန်ခွန်အကျိုးကို ပြသည်။)

သဂါထာ သံ–ပါ–၂၀၀+၂၂၂။ ဋ္ဌ/ပ–၃၁၁+၃၁၂။ ဋီ/ပ–၃၃၁+၃၃၂။ မြန်/ပ–၂၀၅–၂၀၇။

ပမ်ကထိကသုတ်

(သာဝတ်ပြည်တွင်းသားဖြစ်သည့် မြတ်စွာဘုရားသျှင်အား အဘယ်မျှဖြင့် ဟောကြား သောသတို့ ခန့်ထိုက်ဝတ္ထုဒေါသိုက်ပါနည်းဟု ဓမ်းလျောက်ပုံ - ဘုရားသျှင်က အိုခြင်း,သေခြင်း တရားခဲ့ ... ပြောကြားတော်မူခြင်းကဲ့သို့ ... ပြုပြင်ပြောဆိုဖြန်းရန်တို့ကို ဟောကြားလျှင် ဓမ္မကထိက ရဟန်း မည်ပုံ ... ကိုယ်တိုင်ထားအပ်သည့် ... လက္ခဏာရပ်တို့ဖြင့်ပြည့်စုံသော ရဟန်းမည်ပုံ - တပ်မက်မှုကင်းလျှင် နှစ်သက်သည်ရောက်သော ... ပြောကြားတော်မူသောသုတ်။

(ဓမ္မကထိကဒေါသိုထိုက်ပုံကို ပြသည်။)

နိဒါန် ... ပါ—၂၂၀။ ဋ္ဌ/ဒု—၃၂၀။ ဋီ/ဒု—၃၉။ မြန်/ပ—၂၄၃။

ဓာတုနာနတ္တသုတ်

(သာဝတ် ... မြတ်စွာဘုရားသျှင်အား ရဟန်းတို့အား စက္ခုဓာတ်, ရူပဓာတ်, စက္ခု ဝိညာဏဓာတ် (အစားအစာ) သည်းခံတော်မူခြင်း ... ဓာတ်ဘေဒရှစ်ပါးကို အကျဉ်းအားဖြင့် ဟောကြား တော်မူသောသုတ်။

(ဓာတ်ဘေဒရှစ်ပါးကို အကျဉ်း ပြသည်။)

နိဒါန် ... ပါ—၂၄၀။ ဋ္ဌ/ဒု—၁၂၂။ ဋီ/ဒု—၁၃၉။ မြန်/ပ—၂၄၃။

ဒီတုသုတ်

(သာဝတ် ... ရဟန်းတို့အား သံသရာ အစမထင်နိုင်ပုံ - အဝိဇ္ဇာ ပိတ်ဖုံးလျက် ... ကြောက်မြင်ဖွယ်ရာမရှိသည့် ... သတ္တဝါသို့ ပြေးသွားကျင်လည်ခဲ့ရပုံ - ဤမျှရှည်လျားသော ကာလအတွင်း သင်တို့ဟာဒီပဋိပက္ခာဖြစ်သော သတ္တဝါကိုရှာ၍ ရလွယ်လိမ့်မည် မဟုတ်ပုံတို့ နှင့် သင်တို့ကားကိုယ်ခြံ ... ပြောကြားတော်မူသော ဒီတုသုတ်ကို ဟောကြားတော်မူသောသုတ်။

(သံသရာရှည်လျားခြင်း သဒိသပြုစေခဲ့ဘူးသောသူမရှိပုံကို ပြသည်။)

နိဒါန် သံ—ပါ—၃၉၆။ ဋ္ဌ/ဒု—၁၄၀။ ဋီ/ဒု—၁၅၄။ မြန်/ပ—၃၀၃+၃၀၄။

ဓာတုသုတ်

(... ဝတ္ထု) မြတ်စွာဘုရားသျှင်သည် ကုဟုလာအား ပထဝီဓာတ်သည် မြဲသလော စသည် ဖြင့် ပေးဆွေးမြေးငြားတော်မူ (စကားဆုံးမတော်မူ) လို့သို့ ဘာပေါ, တေဇော, ဝါယော, အာကာသ, ဝိညာဏ ဟူသော ဓာတ်ခြောက်ပါးကို မေးငြမ်းပြောကြားတော်မူသောသုတ်။

(ပထဝီ စသော ဓာတ်ခြောက်ပါးရှုပုံကို ပြသည်။)

နိဒါန် သံ—ပါ—၄၄၂။ ဋ္ဌ/ဒု—၁၉၆။ ဋီ/ဒု—၁၈၀။ မြန်/ပ—၄၃၁။

ဓနုဂ္ဂဟသုတ်

(သာဝတ္ထိ)မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား လေးအတတ်ကို တဘက်ကမ်းရောက် တတ်မြောက်သော လေးသမား လေးယောက်တို့သည် အာရုပ်လေးမျက်နှာမှ ပစ်လွှတ်သော မြားတို့ကို မြေသို့မကျမီ ဖမ်းယူနိုင်သော လျင်မြန်ခြင်းဆက် လ, နေတို့က လျင်မြန်၏၊ လနေတို့ ထက် ထို့ရှေ့မှပြေးသွားသော နတ်တို့က လျင်မြန်၏။ ထိုနတ်တို့ထက် သေခြင်းဘရားက အလွန် လျင်မြန်သည်ဖြစ်၍ မြတ်သောအကျင့်ကို မမေ့မလျော့ ကျင့်အပ်ပုံ စသည်တို့ကို ဟောကြား တော်မူသောသုတ်။

(၎/၌—၈၀နဟသ်ာမင်း လျင်မြန်ပုံကို ပြသည်။)

နိဒါနသံ–ပါ–၎၅၆။ ၎/ဒု–၂၀၇+၂၀၉။ ဋီ/ဒု–၁၀၉+၁၉၀။ မြန်/ပ–၎၎၅။

ဓမ္မကထိကသုတ်

(သာဝတ္ထိ) ရဟန်းတပါးသည် မြတ်စွာဘုရားသျှင်အား [illegible] ဓမ္မကထိက မည်ပါသနည်းဟု မေးလျှောက်ပုံ - ဘုရားသျှင်သည် ဂုဏ် ၈၀ဒနာ စသည်တို့၌ ကြိုးငင်၍ စွဲလမ်း နှစ်သက် တပ်မက်မှုကင်းစေရန် ချုပ်စေရန် ဟောကြားမူ ဓမ္မကထိကမည်ပုံ- ကိုယ်ဘိုင်ကျင့်လျင် မြတ်သောအကျင့်ကို လျော်စွာကျင့်သည်မည်ပုံ - ကြိုးငင်၍ စွဲလမ်းနှစ်သက် တပ်မက်ဖွယ်ကင်းလျင် ကိလေသာတို့မှ လွတ်မြောက်၍ နိဗ္ဗာန်ကို မျက်မှောက်ပြုသော ရဟန်း မည်ပုံစသို့ကို ဟောကြား တော်မူသောသုတ်။

(ဓမ္မကထိကမည်ပုံကို ပြသည်။)

ခန္ဓသံ–ပါ–၁၃၃။ ၎/ဒု–၃၀၅။ ဋီ/ဒု–၂၅၁။ မြန်/ဒု–၃၂၃။

ဒုတိယ ဓမ္မကထိကသုတ်

(သာဝတ္ထိ) မြတ်စွာဘုရားသျှင်သည် အသက် (ဓမ္မကထိကသုတ်) ကဲ့သို့ ဟောကြား တော်မူသောသုတ်။

(ဓမ္မကထိကမည်ပုံကို အထက်သုတ်ကဲ့သို့ ပြသည်။)

ခန္ဓသံ–ပါ–၁၃၃+၁၃၄။ ၎/ဒု–၃၀၅။ ဋီ/ဒု–၂၅၉။ မြန်/ဒု–၃၂၄။

ဝါတသုတ်

(သာဝတ္ထိ) မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ပတဝီခေါက်စေသော ခေါက်ခြောက် ပါးတို့၏ (ဥပပါဒသံ, စက္ခုသုတ်) ကဲ့သို့ ဟောကြားတော်မူသောသုတ်။

(ဓာတ်ခြောက်ပါးတို့၏ ဖြစ်ခြင်း ချုပ်ခြင်း [illegible] ဒုက္ခကြီးအကြောင်းကို ကြံဆသည်။)

ခန္ဓသံ–ပါ–၁၉၂။ ၎/ဒု–၃၁၈။ ဋီ/ဒု–၂၇၃။ မြန်/ဒု–၃၈၃။

ဓာတုသုတ်

(သာဝတ္ထိ) မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ပထဝီစသော ဓာတ်ခြောက်ပါးဖြင့် (ကိုးလသသံ, စက္ခုသုတ်) ကဲ့သို့ ဟောကြားတော်မူသောသုတ်။

ဓာတ်ခြောက်ပါးဖြင့် ဆန္ဒ ရာဂဖြစ်ခြင်း ချုပ်ခြင်း၏ အကျိုးအပြစ်ကို ပြသည်။)

ခန္ဓသံ–ပါ–၁၉၆။ ဥ/ဒု–၃၁၀။ ဦ/ဒု–၂၇၃+၂၇၄။ မြန်/ဒု–၁၀၆။

မမ္မကထိကပုစ္ဆသုတ်

(ခန္ဓသံယုတ် မမ္မကထိကဝဂ် ဒုတိယ မမ္မကထိကသုတ်နှင့် တူသည်။)

သဠာသံ–ပါ/ဒု–၃၅၃+၃၅၄။ ဥ/တ–၄၇။ ဦ/ဒု–၃၁၀။ မြန်/ဒု–၃၄၀။

မဓုရကဝိပဉ္စာသုတ်

ဇမ္ဗုခါဒကပရိဗိုဇ်သည် အသျှင်သာရိပုတ္တရာအား လောကဌ် တရားကို ကောင်းစွာဟောသူ ကောင်းစွာကျင့်သူ ကောင်းစွာသွားသူတို့သည် အဘယ်ပါနည်းဟု မေးလျှောက်ပုံ - အသျှင်သာရိပုတ္တရာက ရာဂ ဒေါသ မောဟကိုပယ်ခြင်းငှာ တရားဟောသူ ကျင့်သူ ပယ်ပြီးသောသူကို ကောင်းစွာဟောသူ ကျင့်သူ သွားသူမည်ပုံ - ရာဂ ဒေါသ မောဟကိုပယ်ရန်မှာ မဂ္ဂင်ရှစ်တန် အကျင့်သမ်းမှန်ကြောင်းပုံကို ဟောကြားတော်မူသောသုတ်။

(ကောင်းစွာဟောသူ ကျင့်သူ သွားသူမည်ပုံကို ပြသည်။)

သဠာသံ–ပါ/ဒု–၃၄၈။ ဥ/တ–၁၂၈။ ဦ/ဒု–၃၆၇။ မြန်/ဒု–၃၄၄။

မဓုဒိန္နသုတ်

ဘုရားဟောသီပြည် မိဂဒါဝုန်တော၌ ဓမ္မဒိန္နဥပါသကာအမှူးရှိသော ဥပါသကာငါးရာတို့သည် ဘုရားသျှင်၏ ဩဆုံးအမကိုခံယူကြပုံ - ငါးပါးသီလနှင့်ပြည့်စုံသော တပည့်တော်တို့အား ထိုထက် သာလွန်သော တရားကိုသာ ဟောကြားတော်မူပါရန် လျှောက်ထားပုံ - ဘုရားသျှင်က ရတနာသုံးပါး၏ဂုဏ်ကို မတုန်မလှုပ် သက်ဝင်ကြည်ညိုကြရန် မိန့်ကြားတော်မူသော် ဤတရားနှင့် ပြည့်စုံပြီးဖြစ်ပါ၏ဟု လျှောက်ထားရာ ဘုရားသျှင်သည် ဝမ်းမြောက်စွာဖြင့် သောတာပတ္တိဖိုလ်ကို လျှောက်ကြားသည်မည်ပုံကို ဟောကြားတော်မူသောသုတ်။

(သောတာပန်မည်ပုံကို ပြသည်။)

မဟာသံ–ပါ–၃၅၆÷၃၅၇။ ဥ/တ-၃၂၁+၃၂၂။ ဦ/ဒု–၅၃၇+၅၃၈။
မြန်/တ–၃၆၁+၃၆၂။

ဓမ္မစက်ကပဝတ္တနသုတ်

မြတ်စွာဘုရားသျှင်သည် ဗာရာဏသီပြည် မိဂဒါဝုန်တော၌ ပဉ္စဝဂ္ဂီ ငါးဦးကို အမှီးထား၍ နတ်ဗြဟ္မာအပေါင်းတို့အား တရားဦးဖြစ်သော ဓမ္မစက္ကာရတနာ သစ္စာလေးပါး မြတ်တရားကို တိပရိဝဋ္ဋ ဒွါဒသာကာရတို့ဖြင့် အကျယ် ပေါကြားတော်မူသောသုတ်။

(မိဂဒါဝုန် ဓမ္မစက္ကာ တရားပွဲတော်ကြီးကို ပြသည်။)

မဟာသံ–ပါ–၃၆၈+၃၇၁။ ဌ/တ–၇၂၇+၃၂၉။ ဋ္ဌီ/ဒု–၅၄၀+၅၄၁။
မြန်/တ–၃၇၃+၃၇၇။

ပဌမ ဓာရဏသုတ်

မြတ်စွာဘုရားသျှင်သည် ငါဟောကြားသော သစ္စာလေးပါးတရားကို ဆောင်ထားကြရန် မိန့်ကြားတော်မူပုံ - ၂ရဟန်းတပါးက ဆောင်ထားပါကြောင်းကို လျှောက်ထားပုံနှင့် ဘုရားသျှင်က ငါဟောကြားသောအတိုင်း သစ္စာလေးပါးအမှန်တရားကို ဆောင်ထား၍ ပွားများအားထုတ်ကြရန် ဟောကြားတော်မူသောသုတ်။

(သစ္စာလေးပါးကို ဆောင်ထား၍ ပွားများအားထုတ်ရန်ကို ပြသည်။)

မဟာသံ–ပါ–၃၇၄+၃၇၅။ ဌ/တ–မ။ ဋ္ဌီ/ဒု–မ။ မြန်/တ–၃၈၀+၃၈၁။

ဒုတိယ ဓာရဏသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ငါဟောကြားသော သစ္စာလေးပါး တရားကို ဆောင်ကြရန် မိန့်ကြားတော်မူပုံ - ရဟန်းတပါးသည် ဆောင်ထားပါကြောင်းကို လျှောက်ထားရာ ဘုရားသျှင်က အဘယ်သို့ ဆောင်ထားသနည်းဟု မေးတော်မူပုံ - ထိုရဟန်းက သစ္စာလေးပါးမြတ်တရားဌ တပါးသော သမဏ ဗြာဟ္မဏတို့သည် ဖြည့်စွက်နုတ်ပယ် အသစ်ထပ်မံပြုပြင်ရန် အကြောင်းမရှိနိုင်ပါ - ဟောကြားတော်မူသောအတိုင်းသာ ဆောင်ထားပါသည်ဟု လျှောက်ထားရာ ဘုရားသျှင်က ချီးကျူးတော်မူလျက် အားထုတ်ရန် တိုက်တွန်းတော်မူသောသုတ်။

(သစ္စာလေးပါးဌ အပိုအလိုမရှိပုံကို ပြသည်။)

မဟာသံ–ပါ–၃၇၅+၃၇၆။ ဌ/တ–မ။ ဋ္ဌီ/ဒု–မ။ မြန်/တ–၃၈၁+၃၈၂။

[အဂုံဟာရနိကာယ]

ဓမ္မဝဂ် (၁၁)

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား စေတောဝိမုတ္တိ ပညာဝိမုတ္တိ စသော တရားနှစ်ပါးစီ အစုံရှိသော တဆယ်တစုံတို့ကို ဟောကြားတော်မူသောသုတ်။

(တရားနှစ်ပါးစုံ တဆယ်တစုံတို့ကို ပြသည်။)

အံ ဒုက–ပါ/ပ–၈၁+၈၂။ ဌ/ဒု–၅၅။ ဋ္ဌီ/ဒု–၄၈+၅၀။ မြန်/ပ–၉၆+၉၈။

ဓမ္မပဒသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ရှေးရှေးသောဘုရား · ပစ္စေကဗုဒ္ဓါ · အရိယသာဝကတို့၏ အနှယ်အဆက်ဖြစ်သော တရားလေးပါးကို ဟောကြားတော်မူသောသုတ်။

(အနှစ်ချုပ် အဗျာပါဒ သမ္မာလင်္ဃိ သမ္မာသမာဓိ လေးပါးကို ပြသည်။)

အံ စတု–ပါ/ပ–၃၃၇+၃၃၈။ ဌ/ဒု–၂၀၈။ ဋီ/ဒု–၂၇၇။ မြန်/ပ–၃၅၃ ၃၅၄။

မေ့ကထိကသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား တရားဟောပုဂ္ဂိုလ်တို့သည် အနည်းအများအကျိုးနှင့် ငပ်, မငပ် အကျိုးဝိ, မရှိနှင့်စင်၍ လေးမျိုးရှိပုံကို ဟောကြားတော်မူသောသုတ်။

(မေ့ကထိက လေးမျိုးရှိပုံကို ပြသည်။)

အံ ဥတ္တ–ပါ/ပ–၄၅၅။ ဌ/ဒု–၃၃၈။ ဋီ/ဒု–၃၃၆။ မြန်/ပ–၄၆၇+၄၆၈။

ဓနသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား သဒ္ဓါစသော မြတ်သော ဥစ္စာငါးပါးကို ဟောကြားတော်မူသောသုတ်။

(ဥစ္စာမြတ်ငါးပါးကို ပြသည်။)

အံ ပဥ္စ–ပါ/ဒု–၄၆+၄၇။ ဌ/တ–မ။ ဋီ/တ–၂၁။ မြန်/ဒု–၅၇+၅၉။

ပဌမ ပေ့ဝိဟာရီသုတ်

ရဟန်းတပါးသည် မြတ်စွာဘုရားသျှင်အား အာဘော်မျှဖြင့် ဓမ္မဝိဟာရီ မည်ပါသနည်းဟု မေးလျှောက်ပုံ ဘုရားသျှင်က ဝိဿတ်ကိုသင်ကြားပို့ချခဲ့မှု, တရားဟောခဲ့မှု, ရွတ်ဘတ်သရဇ္ဈာယ်ခဲ့မှု, ကြံစည်တွေးတောခဲ့မှုဖြင့် ဓမ္မဝိဟာရီမမည်ပုံ · ပရိယတ္တိကို သင်ယူပို့ချခြင်းမျှဖြင့် အချို့နှစ်မည်စေဖဲ့ ကိလေသာငြိမ်းအေးကြောင်း ဥဒ်ပေတ္တိဘုရားကို ပွားများ အားထုတ်နေခြင်းသည် (ဓမ္မဝိဟာရီ)ဘုရားနှင့် နေလေ့ရှိသူမည်၏ဟု ဟောကြားတော်မူသောသုတ်။

(ဓမ္မဝိဟာရီ မည်ပုံကို ပြသည်။)

အံ ပဥ္စ–ပါ/ဒု–၅၆ : ၅၇။ ဌ/တ–၃၁+၃၃။ ဋီ/တ–၂၀+၂၉။ မြန်/ဒု–၉၃+၉၄။

ဒုတိယ ဓမ္မဝိဟာရီသုတ်

ကြွတ်ဖွဲ့ဘုရားသျှင်သည် အထက် (ပဌမ ဓမ္မဝိဟာရီသုတ်)ကဲ့သို့ဟောကြားတော်မူသောသုတ်။

(ပညာဖြင့် မသိပုံမျှသာ ထူးခြားသည်။)

အံ ပဥ္စ–ပါ/ဒု–၅၅+၅၈။ ဌ/တ–၃၃+၃၄။ ဋီ/တ–မ။ မြန်/ဒု–၉၅+၉၆။

မေမရာဇာသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား စကြဝတေးမင်းသည် တရားတော်ကိုအမှီပြုလျက် နန်းတွင်းသား စသော တိုင်းပြည်ကို လုံခြုံဘေးငြိမ်ဝပ်စွာရှောက်လျက် စကြာရာဇာနာလည်စေပုံ နှင့် ဘုရားသျှင်သည် တရားတော်ကိုအမှီပြုလျက် သာဝကတို့အား လုံခြုံစေပြီးလျှင် ဓမ္မစကြာရကနာလည်တော်မူပုံကို ဟောကြားတော်မူသောသုတ်။

(ဓမ္မရတနာစကြာ လည်တော်မူပုံကို ပြသည်။)

အံ ပဥ္စ–ပါ/ဒု–၁၃၂+၁၃၃။ ဌ/တ–၄၇။ ဋ္ဌီ/တ–မ။ မြန်/ဒု–၁၆၄+၁၆၆။

ဓမ္မဿဝနသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား တရားနာရခြင်း၏အကျိုးငါးပါးကို ဟောကြားတော်မူသောသုတ်။

(တရားနာရသောအကျိုးငါးပါးကို ပြသည်။)

အံ ပဥ္စ–ပါ/ဒု–၂၁၆။ ဌ/တ–မ။ ဋ္ဌီ/တ–၇၆။ မြန်/ဒု–၂၇၂။

ဓမ္မိကသုတ်

ဇာတိဘူမိအရပ်ရှိ ကျောင်းတိုက်ခုနစ်တိုက်၌ ကျောင်းတိုင်ဖြစ်သော အသျှင်ဓမ္မိကသည် အာဂန္တုရဟန်းတို့မနေနိုင်အောင် ဆဲရေး, ခြိမ်းခြောက်, ညှဉ်းဆဲ, ချုပ်ချယ်ခြင်းကို အကြောင်းပြု၍ ဥပါသကာတို့က နှင်ထုတ်ပုံ · ဘုရားသျှင်အထံတော်သို့ရောက်၍ ဘုရားသျှင်က အကြောင်းအရာတို့ကို ဇာတ်ဝတ္ထုမျှားအစုံအလင်ဖြင့် အကျယ်ဟောကြားတော်မူသောသုတ်။

(မိမိကိုယ်ကို စောင့်ရှောက်ဘော်ပုံကို ပြသည်။)

အံ့ ဆက္က–ပါ/ဒု–၃၂၁+၃၂၈။ ဌ/တ–၁၂၀+၁၂၂။ ဋ္ဌီ/တ–၁၁၈+၁၁၉။
မြန်/ဒု–၄၁၀+၄၁၇။

ဓာတုသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ဓာတ်သုံးပါးကို ပယ်ရန်အတွက် ဓာတ်သုံးပါးကို ပွားများအားထုတ်ရန် ဟောကြားတော်မူခဲ့သောသုတ်။

(ဓာတ်ကို ဓာတ်ဖြင့်ပယ်သတ်ပုံကို ပြသည်။)

အံ ဆက္က–ပါ/ဒု–၃၀၉။ ဌ/တ–မ။ ဋ္ဌီ/တ–မ။ မြန်/ဒု–၄၉၂။

ငမွာနုပဿိသုတ်

မြတ်စွာ ဘုရားသျှင်သည် ရဟန်းတို့အား အဇ္ဈတ္တ, ဗဟိဒ္ဓတရားတို့ကို ပွားများရန်အတွက် ကြိုက်ခင်ချေယ်အပ်သော တရားခြောက်ပါးကို ဟောကြားတော်မူသောသုတ်။

(ကမ္မရမတံ စသော ခြောက်ပါးကို ပြသည်။)

အံ့ ဆ ဉ္စ -ပါ/ဒု-၃၉၁+၃၉၂။ ဌ/တ-မ။ ဋ္ဌီ/တ-မ။ မြန်/ဒု-၄၉၆။

၀မွည်။သုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းဘိုအား မမွှေ့စသော သိခြင်းခုနစ်ပါးနှင့် ပြည့်စုံသော ရဟန်းသည် အာဟုနေယျ စသော ဂုဏ်နှင့် ပြည့်စုံပုံကို ဟောကြားတော်မူသောသုတ်။

(သိခြင်း ခုနစ်ပါးကို ပြသည်။)

အံ့ သတ္တ-ပါ/ဒု-၄၀၃ ၄၀၆။ ဌ/တ-၁၀၄။ ဋ္ဌီ/တ-၁၉၁+၁၉၂။
မြန်/ဒု-၆၀၄+၆၀၇။

ဓောဝနသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ဒက္ခိဏာဘိုင်း ဇနပုဒ်တို့၌ သူသေ၏အရိုးဆေးပဲ့ ကျင်းကြုပုံနှင့် သမ္မာဒိဋ္ဌိရှိသူအား မိစ္ဆာဒိဋ္ဌိကို ဆေးကြောပြီးသည်မည်ပုံ စသော ဆယ်ပါးသော အဝိုယာတို့၏ ဆေးပဲ့ကျင်းပပုံတို့ကို ဟောကြားတော်မူသောသုတ်။

(သမ္မာဒိဋ္ဌိ စသည်ဖြင့် မိစ္ဆာဒိဋ္ဌိ စသည်ကို ဆေးကြောပုံ ပြသည်။)

အံ့ ဒသ-ပါ/တ-၄၃၁+၄၃၃။ ဌ/တ-၃၃၅။ ဋ္ဌီ/တ-မ။ မြန်/တ-၄၂၄+၄၂၅။

ငမွာသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား မိစ္ဆာဒိဋ္ဌိ စသော တရားမဟုတ်သည်ဆယ်ပါးနှင့် သမ္မာဒိဋ္ဌိ စသော တရားဟုတ်သည်ဆယ်ပါးတို့ကို ဟောကြားတော်မူသောသုတ်။

(တရားအစစ်အမှန် ဆယ်ပါးကို ပြသည်။)

အံ့ ဒသ-ပါ/တ-၄၅၄။ ဌ/တ-မ။ ဋ္ဌီ/တ-မ။ မြန်/တ-၄၄၆။

ဓမွသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား တရားမဟုတ်သော ဒုစရိုက်ဆယ်ပါးနှင့် တရားဟုတ်သော သုစရိုက်ဆယ်ပါးတို့ကို ဟောကြားတော်မူသောသုတ်။

(သုစရိုက်ဆယ်ပါး တရားအစစ်ကို ပြသည်။)

အံ့ ဒသ-ပါ/တ-၄၀၃။ ဌ/တ-မ။ ဋ္ဌီ/တ-မ။ မြန်/တ-၄၇၃။

[မဇ္ဈိမနိကာယ]

[၅]

နိဝါပသုတ်

(သာဝတ္ထိ) မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား မုဆိုးသည် မြက်ခင်းဖြင့် သမင်အပေါင်းတို့ကို ဖမ်းယူပုံ, လေးကြိမ်မြောက် သမင်အပေါင်းကို မဖမ်းယူနိုင်ပုံ ဥပမာဖြင့် သမဏဗြဟ္မဏလေးမျိုးရှိပုံ စသာန် မဂ်ဖိုလ်ကိုရရှိသော သမဏဗြဟ္မဏတို့သည် မုဆိုးဘေးရန်မှ လွတ်ကင်းသော သားသမင်တို့နှင့်တူပုံကို ဟောကြားတော်မူသောသုတ်။

(ကာမဂုဏ်မြက်ခင်း မာရ်ယုတ်၏လက်တွင်းမှ လွတ်ကင်းပုံကို ပြသည်။)

မူလ ပဏ္ဏ/ပါ—၂၀၅+၂၁၅။ ဋ္ဌ/ဒု—၆၅+၆၉။ ဋီ/ဒု—၁၂၁+၁၂၄။ မြန်—၂၁၂+၂၂၂။

နဠကပါနသုတ်

မြတ်စွာဘုရားသျှင်သည် ကောသလတိုင်း နဠကပါနရွာ ပေါက်တော၌ သီတင်းသုံးတော်မူသောအခါ အသျှင်အနုရုဒ္ဓါအား ကာမဂုဏ်တရားတို့မှ ဆိတ်သော ပီတိကိုမရနိုင်သည့် တရားခြောက်ပါးကို ညွှန်ပြတော်မူပြီးလျှင် ငါ ဘုရားသည် ဥပါသကာ ဥပါသိကာတို့၏ လားရာဂတိနှင့် မဂ်ဖိုလ်တို့ကိုပြောကြားခြင်းသည် လူအများအံ့သြ၍ လာတ်လာဘ ပေါများ ကျော်စောထင်ရှားစေခြင်းငှာ မဟုတ်ပဲ သဒ္ဓါ စသောတရားတို့ တိုးပွားစေခြင်းငှာ ပြောကြားတော်မူပုံကို အကျယ် ဟောကြားတော်မူသောသုတ်။

(ရဟန်းတို့အား စသာန် မဂ်ဖိုလ်တရားကို ကြိုးစား အားထုတ်ရန် ပြသည်။)

မဇ္ဈိပဏ္ဏ—ပါ—၁၂၅+၁၃၂။ ဋ္ဌ/၁၂၄+၁၂၇။ ဋီ/၈၁+၈၂။ မြန်/၁၃၅+၁၄၂။

နန္ဒကောဝါဒသုတ်

(သာဝတ္ထိ) မဟာပဇာပတိဂေါတမီ အမှူးရှိသော ဘိက္ခုနီမငါးရာတို့သည် လပြည့်နေ့၌ သြဝါဒခံယူရန် ဘုရားသျှင်အထံတော်သို့ ဆည်းကပ်ကြပုံ - အလှည့်ကျသော အသျှင်နန္ဒကအား တရားဟောရန် ဘုရားသျှင်တိုက်တွန်းတော်မူပုံနှင့် အသျှင်နန္ဒကသည် ဘိက္ခုနီမ ငါးရာတို့အား အတွင်းအာယတနခြောက်ပါး, အပြင်အာယတနခြောက်ပါး, ဝိညာဏ်ခြောက်ပါး, ဖဿခြောက်ပါး, ဝေဒနာခြောက်ပါးတို့၌ မမြဲ ဆင်းရဲ ကိုယ်ပိုင်ဥစ္စာမဟုတ်ပုံတို့ကိုဆီမီး သစ်ပင်နွားသက်ဥပမာတို့ဖြင့် မေးဖြေ၍ ဆန်းကြယ်စွာဟောကြားခဲ့ပုံနှင့် ဗောဇ္ဈင်ခုနစ်ပါး ပွားများပုံကို နှစ်ကြိမ်တိုင်

အကျယ်ဟောကြားခဲ့ပါ၏မူပုံ. ဘုရားသျှင်သည် ထောက်ခံ ချီးကျူးတော်မူလျက် ငါးရာသော ဘိက္ခုနီမတို့တွင် အားယဲ့ဆုံးအဆင့် သောတာပန်ဖြစ်ပုံတို့ကို ဟောကြားတော်မူသောသုတ်။

(၄/၌- အာတိတ်ဝတ္ထုတို့ဖြင့် အကျယ် ဖွင့်ပြသည်။)

ဥပရိ ပဏ္ဏာ/ပါ—၃၁၄+၃၂၄။ ၄/၂၃၉+၂၄၃။ ဋီ/တ—၄၂၄+၄၂၇။ မြန်/၃၁၀+၃၂၉။

နဂရဝိန္ဒေယျသုတ်

မြတ်စွာဘုရားသျှင်သည် မျှားစွာသော ရဟန်းတော်တို့ ခြံရံလျက် ကောသလတိုင်းသို့ ဒေသစာရီ လှည့်လည်တော်မူသောအခါ နာဂရပိန္ဒေယျရွာသား ပုဏ္ဏားတို့အား ဝိညာဏ်ဖြင့် သိအပ်သောအာရုံတို့၌ ရာဂ, ဒေါသ, မောဟ ကင်းဝေးရ၍ ငြိမ်သက်စွာ ဖြောင့်မှန်သော အကျင့် ရှိသည့်ပုဂ္ဂိုလ်တို့အား ရိုသေစွာပူဇော်အပ်ပုံ စသည်တို့ကို ဟောကြားတော်မူသောသုတ်။

(ပူဇော်ခြင်းငှာ ထိုက်သောပုဂ္ဂိုလ်ကို ပြသည်။)

ဥပရိ ပဏ္ဏာ/ပါ—၃၃၆+၃၄၇။ ဋီ/တ-၄၃၅+၄၄၇။ မြန်/၃၄၄+၃၄၇။

[သံယုတ္တနိကာယ]

နိမောက္ခသုတ်

(သာဝတ္ထိ) နတ်သားတယောက်သည် မြတ်စွာဘုရားသျှင်အား သတ္တဝါတို့၏ကိလေသာ အနှောင်အဖွဲ့မှ လွတ်မြောက်ကြောင်း မင်္ဂုလ်နိဗ္ဗာန်ကို အဘယ်ကဲ့သို့ သိရပါသနည်း ဟု မေးလျှောက်ပုံနှင့် ဘုရားသျှင်က တဏှာ သည်ဘ ဝိညာဏ် ဝေဒနာတို့၏ ကုန်ဆုံးချုပ်ငြိမ်းခြင်းကြောင့် သိတော်မူပုံကို အကျယ်ဟောကြားတော်မူသောသုတ်။

(ကိလေသာမှလွတ်မြောက်ခြင်းကို သိတော်မူပုံကို ပြသည်။)

သဂါထာ သံ—ပါ/၂။ ဋ္ဌ/ပ—၁၉+၂၀။ ဋီ/ပ—၆၁+၆၃။ မြန်/ပ—၂။

နန္ဒနသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား တဝဝတိံသာနတ်ပြည်၌ နတ်သားတယောက်က နန္ဒဝန် ဥယျာဉ်ကို မမြင်ဘူးသော သူသည် ချမ်းသာကို မသိ ဟု ရှုတ်ဆိုသည်ကို နတ်သား တယောက်က ဟယ်....နတ်မိုက် သင်္ခါရတရားတို့သည် မမြဲကုန်၊ သင်္ခါရတရားတို့၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်သာလျှင် ချမ်းသာအစစ်ဖြစ်၏ဟု ပြောကြေးပုံတို့ကို ထပ်မံ ဟောကြားတော်မူသေင်သုတ်။

(နိဗ္ဗာန်သာလျှင် ချမ်းသာအစစ်ဖြစ်ပုံကို ပြသည်။)

သဂါထာ သံ—ပါ/၅+၆။ ဋ္ဌ/ပ—၂၀+၂၉။ ဋီ/ပ—၇၃+၇၅။ မြန်/ပ—၅+၆။

နန္ဒတိသုတ်

(သာဝတ္ထိ) နတ်သားတယောက်သည် မြတ်စွာဘုရားသျှင်အား သားသမီး စသော ကာမဂုဏ်ရှိသူတို့သည် ထိုကာမဂုဏ်တို့၌ နှစ်သက်ရ၏၊ ကာမဂုဏ်မရှိသောသူတို့၌ နှစ်သက်စရာ မရှိသည်ကို လျှောက်ထားပုံနှင့် ဘုရားသျှင်က ထိုနတ်သား၏ စကားကို ပယ်တော်မူ၍ သားသမီးစသော ကာမုပဓိ ရှိသူတို့သည် ထိုကာမဂုဏ်ကြောင့် စိုးရိမ်ရ၏၊ ကာမုပဓိ မရှိသူတို့သည် မစိုးရိမ်ရပုံကို အကျယ် ဟောကြားတော်မူသောသုတ်။

(ကာမဂုဏ်တို့၌ စိုးရိမ်ရပုံကို ပြသည်။)

သဂထာဝါသံ–ပါ–၆။ ဌ/ပ–၃၀+၃၁။ ဋီ/ပ–၇၆။ မြန်/ပ–၆။

နတ္ထိပုတ္တသမသုတ်

(သာဝတ္ထိ) နတ်သားတယောက်သည် မြတ်စွာဘုရားသျှင်အား သားသမီးနှင့်တူသော အခြစ် နွားနှင့်တူသောဥစ္စာ နေနှင့်တူသောအရောင် သမုဒ္ဒရာနှင့်တူသောခန္ဓာကိုယ် မရှိသည်ဘို့ ကို လျှောက်ထားပုံ - ဘုရားသျှင်က ထိုနတ်သား၏ စကားကို ပယ်တော်မူ၍ မိမိနှင့်တူသောအခြစ် စပါးနှင့်တူသောဥစ္စာ ပညာနှင့်တူသော အရောင် မိုးယံရောထက်သွန်သော ရေအိုင် မရှိပုံတို့ကို အကျယ်ဟောကြားတော်မူသောသုတ်။

(အခြစ်ဆုံး စသည် လေးမျိုးကိုပြသည်။)

သဂါထာသံ–ပါ–၆။ ဌ/ပ–၃၁+၃၂။ ဋီ/ပ–၇၇။ မြန်/ပ–၆။

နိဒ္ဒါတန္ဒီသုတ်

နတ်သားတယောက်သည် မြတ်စွာဘုရားသျှင်အား အိပ်ငိုက်ခြင်း, ပျင်းရိခြင်း, ကိုယ်လက် သန့်ခြင်း, ထမင်းအဆီရစ်ခြင်း တို့သည် မင်္ဂလာဖြစ်လာက် မဖြစ်နိုင်သည်ကို လျှောက်ထားပုံနှင့် ဘုရားသျှင်က ထိုအိပ်ငိုက်ခြင်း စသော ညစ်ညူးခြင်းတို့ကို ပယ်ဖျောက်နိုင်ခဲ့သော် မင်္ဂလာ ဖြစ်လာက် ရနိုင်ပုံကို အကျယ် ဟောကြားတော်မူသောသုတ်။

(အိပ်ငိုက် ပျင်းရိခြင်း စသည်တို့၏ အပြစ်ကို ပြသည်။)

သဂါထာသံ–ပါ–၇။ ဌ/ပ–၃၄။ ဋီ/ပ–၇၉+၈၀။ မြန်/ပ–၇။

နသန္တိသုတ်

(သာဝတ္ထိ) နတ်သားတို့သည် ဘုရားသျှင်အား လူတို့သည် မမြဲသော ကာမဂုဏ်ကြောင့် ယစ်မူးခံစားလျက် သေသောအခါ နိဗ္ဗာန်သို့ မရောက်နိုင်ခြင်းကို လျှောက်ထားပုံ ဘုရားသျှင် က ကာမဂုဏ်နှင့်စပ်၍ ငြိကပ်ပုံ ပယ်ဖြတ်ပုံ စသည်တို့နှင့်တကွ ပရိနိဗ္ဗာန်ပြုပြီးသော ရဟန္တာ၏

ရုပ်နာမ်ကို လောကဥ် ရှာ၍မတွေ့နိုင်ပုံနှင့် အသျှင်မောဃရာဇ၏ အမေးကို ဖြေကြားတော်မူသော သုတ်။

(ကာမဂုဏ်၏ အပြစ်နှင့် ရဟန္တာ၏ ရုပ် နာမ် ဆိတ်သုဉ်းပုံကို ပြသည်။)

သဂါထာသံ--ပါ--၁၁။ ဥ/ပ—၆၀+၆၁။ ဋီ/ပ—၁၀၆+၁၀၇။ မြန်/ပ—၂၁+၂၂။

နာမသုတ

နတ်သားတယောက်သည် မြတ်စွာဘုရားသျှင်အား ပညတ်ကို လွှမ်းမိုး၍ တည်သော တရား, ကျော်လွှန်၍ မတည်သောတရား, တခုတည်းသော တရား၏ အလိုသို့ လိုက်ရသော တရားတို့ကို မေးလျှောက်ပုံနှင့် ဘုရားသျှင်က အမည်သည် ပညတ်ကိုလွှမ်းမိုး၍ အမည်ကို ကျော်လွှန်သော တရားမဲ့ နာမ်သည်တ်ဟူသော တခုတည်းသောတရား အလိုသို့ လိုက်ကြရပုံကို ဟောကြားတော်မူသောသုတ်။

(နာမ်သည်တ်ဖြင့် လောကကို လွှမ်းမိုးပုံကို ပြသည်။)

သဂါထာသံ—ပါ—၃၆။ ဥ/ပ—၈၉။ ဋီ/ပ—၁၃၂။ မြန်/ပ—၃၅÷၃၆။

နဋ္ဌနသုတ်

နဋ္ဌနတ်သားသည် မြတ်စွာဘုရားသျှင်အား သီလရှိသောသူ, ပညာရှိသောသူ, ဆင်းရဲကို လွှန်စေမြောက်သူ, နတ်တို့ရှိခိုးပူဇော်အပ်သောသူတို့သည် အဘယ်သူတို့ကို ခေါ်ဆိုအပ်ပါနည်းဟု မေးခွန်းလျှောက်ပုံ ဘုရားသျှင်က လောကီ လောကုတ္တရာ သီလနှင့် ပညာ ပြည့်စုံသူ, စျာန် သမာဓိ သဘိဉ်ပြည့်စုံ၍ စိုးရိမ်ပူပန်ခြင်းကင်းလျက် ကိလေသာ အာသဝေါ ကင်းစင်၍ ဆင်းရဲကို လွှန်စေမြောက်သူ နတ်တို့ရှိခိုးပူဇော်အပ်ပုံကို ဟောကြားတော်မူသောသုတ်။

(လောကီ လောကုတ္တရာ သီလနှင့် ပညာ စသည်ကို ပြသည်။)

သဂါထာ သံ—ပါ—၅၁။ ဥ/ပ—၁၀၂။ ဋီ/ပ—၁၅၁။ မြန်/ပ—၅၀။

နန္ဒသုတ်

နန္ဒနတ်သားသည် မြတ်စွာဘုရားသျှင်အား အချိန်အခါ ညဉ့်နေ့တို့သည်လွန်၍ အရှယ်သုံးပါးတို့သည် ပုဂ္ဂိုလ် သတ္တဝါတို့အား အဇ္ဈတ္တိုင်းစွန့်ကုန်၏၊ သေခြင်းဌာ ထို ဘေးသုံးပါးကို ရှု၍ ကောင်းမှုပြုသင့်ကြောင်းကို လျှောက်ထားပုံ နှင့် ဘုရားသျှင်က နိဗ္ဗာန်ကိုအလိုရှိသောသူသည် ထိုကြောက်ဖွယ်ဘေးသုံးပါးကိုရှု၍ လောကာမိသ တေဘူမကဝဋ်ကို စွန့်လွှတ်ရာ၏ဟု ဖြည့်စွက် ထောက်ခံ ဟောကြားတော်မူသောသုတ်။

(အချိန်အရွယ်တို့သည် အစဉ်အတိုင်း ကုန်ဆုံးပုံကို ပြသည်။)

သဂါထာ သံ--ပါ--၆၂။ ဋ္ဌ/မ။ ဋီ/ပ--၁၅၉။ မြန်/ပ--၆၁။

နန္ဒိဝိသာလသုတ်

နန္ဒိဝိသာလနတ်သားသည် မြတ်စွာဘုရားသျှင်အား ဣရိယာပုထ် လေးပါး - ဒုဂရကိုးပေါက်တို့မှ အညစ်အကြေးတို့နှင့် ရောထွေးသော အမိဝမ်းထိုက်ဟူသော ညွှဲအိုင်မှ အဘယ်သို့ လွတ်မြောက်နိုင်ရပါသနည်းဟု မေးလျှောက်ပုံ နှင့် ဘုရားသျှင်က အမိဝမ်းမှ လွတ်မြောက်နိုင်ကြောင်းတရားတို့ကို ဟောကြားတော်မူသောသုတ်။

(အမိဝမ်းမှ လွတ်မြောက်စေနိုင်သောတရားတို့ကို ပြသည်။)

သဂါထာ သံ--ပါ--၆၂။ ဋ္ဌ/မ။ ဋီ/၁၅၉။ မြန်/ပ--၆၁။

နာနာတိတ္ထိယသာဝကသုတ်

(ရာဇဂြိုဟ်) တိတ္ထိဆရာကြီး ခြောက်ဦးတို့၏ တပည့်ဖြစ်ကုန်သော နတ်သားတို့သည် ဘုရားသျှင်အထံတော်၌ တိတ္ထိဆရာကြီးတို့၏ အယူလွဲမှားပုံတို့ကို အသီးသီး ကိုယ်စီလျှောက်ထားကြပုံများနှင့် မာရ်နတ်သည် ဝေဂဇ္ဈရိနတ်သားအားပူးဝင်၍ ဘုရားသျှင်အားလျှောက်ထားပုံ - ဘုရားသျှင် ပြန်လည်မိန့်ကြားတော်မူပုံ နှင့် မာဏဝဂါမိယ နတ်သားသည် ရာဇဂြိုဟ်ပြည်၌ ဝေပုလ္လတောင်, ဟိမဝန္တာ၌ ကေလာသတောင်, ကောင်းကင်၌ နေမင်း, နက္ခတ်၌ လမင်း, နတ်နှင့်တကွသောလူတို့တွင် မြတ်စွာဘုရားသျှင်သည်သာ အကြီးမြတ်ဆုံးဖြစ်ပါပေသည် ဘုရားဟု လျှောက်ထားပုံကို ဟောကြားတော်မူသောသုတ်။

(တိတ္ထိဆရာကြီးတို့၏ အယူလွဲမှားပုံ နှင့် အမြတ်ဆုံးကို ပြသည်။)

သဂါထာ သံ--ပါ--၆၅+၆၇။ ဋ္ဌ/ပ--၁၁၆+၁၁၈။ ဋီ/ပ--၁၆၇+၁၆၈။ မြန်/ပ--၆၄+၆၆။

နန္ဒတိသုတ်

(နန္ဒနဝဂ် နန္ဒကိသုတ်) နှင့် တူသည်၊ မာရ်နတ်ယုတ် လျှောက်ထားခြင်းမျှသာ ထူးသည်။

(ကာမဂုဏ်တို့၌ ဝိုးရိမ်ရပုံကိုပြသည်။)

သဂါထာ သံ--ပါ--၁၀၉။ ဋ္ဌ/ပ--[illegible]။ ဋီ/ပ--၂၀၇။ မြန်/ပ--၁၀၅+၁၀၆။

နဝကမ္မိကသုတ်

မြတ်စွာဘုရားသျှင်သည် ကောသလတိုင်း တခုသော တောအုပ်အတွင်း အင်ကြင်းပင်ရင်းဌာ
ပါသေး သုံးငါးတာမျှလို နဂရကမ်မိကဘာရဒ္ဒါဒ ပုဏ္ဏားသည် ဘုရားသျှင်အား အဘယ်ကိစ္စဖြင့်
ကြွအံကြိုးပါရင်းဌာ တပေါက်တည်းမှ ငလျှင်ပါသနည်းဟု မေးလျှောက်ပုံ - ဘုရားသျှင်က
ဟောကြားအား ပါဘုရားသည် တောဌာပြုလုပ်ယုယကိုးပုဇ္ဈရှိ ကိလေသာတောနှင့် ငြောင့်တသင်းကို
ဒေကြွင်းမဲ့ယဉ်နုတ်ပြီးပြီ စသည်ဖြင့် ဟောကြားတော်မူသောသုတ်။

(ကိလေသာတောနှင့် ငြောင့်တသင်းမှ ကင်းလွှတ်ပုံကို ပြသည်။)

သဂါထာ သံ- ပါ- ၁၀၁-၁၀၂။ ဌ/ပ-၂၄၃။ ဋီ/ပ-၂၇၀+၂၇၉။မြန်/ပ- ၁၇၀။

နိက္ခန္တသုတ်

ဝုဟန်းပြုစဖြစ်သော အသျှင်ဝင်္ဂီသာသည် ဥပဇ္ဈာယ်ဖြစ်သော အသျှင်နီငြောဓကပ္ပန့်အတူ
အာဠဝီပြည် အဂ္ဂါဠဝစေတီကျောင်း၌ သိတင်းသုံးစဉ် ဥပဇ္ဈာယ်ဆရာ ဆွမ်း ခံ ကြွသော အခါ
ဝုဟန်းပြုစဖြစ်၌ ကျောင်းစောင့်နေခဲ့ရပုံ - ကျောင်းကြည့်ရန်လာကြသော အမျိုးသမီးတို့အား
အသျှင်ဝင်္ဂီသ ရဟန်းပြုတပ်မက်သောစိတ်ကြောင့်ပုံနှင့် မိမိကိုယ်ကို ဆုံးမပြီးလျှင် လေးသမား
တရားတော်၌ ပြန်၍ ရင်ကြသည်ထက် ပိုပိုပြင်းထန်သော ရွှပါစုံစမ်းသော မြွားငါးစင်းတပြိုင်တည်း
ဝင်ခဲသောကြောင့် ဌါအား ကုန်လွှပ်ခြင်းငှာ မဇ္ဈိမဒေသ၌ စသည်ဖြင့် ရှုတ်ဆိုကျူးကျော်ပုံကိုဟောကြား
တော်မူသောသုတ်။

(ပဒဘုဂါမတို့သည် မြွားငါးစင်းကို တပြိုင်တည်းပစ်နိုင်ပုံကို ပြသည်။)

သဂါထာ သံ--ပါ-၁၀၇။ ဌ/ပ-၂၄၆+၂၄၇။ ဋီ/ပ-၂၀၂။ မြန်/ပ-၁၇၅။

နဂဒတ္တသုတ်

ဒေသျှင်နဂဒတ္တသည် ကောသလတိုင်း တောအုပ်တခု၌ သီဘင်းသုံးတော်မူစဉ် ရွာတွင်း
သို့ဆွမ်းခံဝင် ငစဉ်းစားကြ၍ နေမြဲနေမှ ပြန်လာပုံ - ကောစိုးနတ်သည် အသျှင်မြတ် အထံသို့ ခြေဦး
ကပ်၍ အပြစ်လွှဲစွာ ဂူတို့နှင့်ရောနှော၍ လူကိုကဲ့သို့ နေသော အသျှင်မြတ်အား ကြောက်လန့်
ပါစေ၊ ဌ အားကြီးသော ငသမင်း၏ အလိုနိုင်ငံသို့ မလိုက်ပါလျှင် စသည်ဖြင့် သတိပေး
ခေါ်ယူကြောင်းပုံကို ဟောကြားတော်မူသောသုတ်။

(ရဟန်းသည် လူတို့နှင့် ရောနှော၍ လူတို့ကဲ့သို့ မနေသင့်ပုံကို ပြသည်။)

သဂါဌာ သံ -ပါ-၂၀၂+၂၀၃။ ဌ/ပ-၂၆၀။ ဋီ/ပ-၃၀၁+၃၀၂။ မြန်/ပ-၁၈၄။

နဒုတ္တိယသုတ်

(သာဝတ္ထိ) မြက်စွာဘုရားသျှင်သည် ရဟန်းတို့အား ရှေးအခါက သိကြားမင်းသည်
ဒေဝါသုရစစ်ပွဲ ကာလ ရောက်ကည်းနေလျက် အကြင်သူသည် ငါ၏ရန်သူပင် ဖြစ်သော်လည်း မပြစ်
မှားဖောဘဲဟု အကြံဖြစ်ပုံနှင့် ဝေပစိတ္တိအသူရိန်သည် သိကြားမင်း၏ အကြံကိုသိ၍ သိကြား

မင်းအထံသို့ ချဉ်းကပ်ပုံ - သိကြားမင်းသည် အဝေးမှ မြင်သော် ဝေပစိတ္တိအသူရိန် သင့်အား ငါဖမ်း၏ဟု ဆိုပုံ - သိကြားမင်းအား ရှေးကဂုန်ညှိုးမကျေသေးသလောဟု မေးသော် သိကြားမင်းက ငါ့အား မပြစ်မှားတော့ပါဟု ယုံကြည်လောက်အောင် ကျိန်ဆိုပါလော့ဟု ဆိုသောအခါ ဝေပစိတ္တိအသူရိန် ကျိန်ဆိုပုံတို့ကို ဟောကြားတော်မူသောသုတ်။

(ဝေပစိတ္တိအသူရိန်၏ လေးနက်သော ကျိန်ဆိုပုံတို့ကို ပြသည်။)

သဂါထာသံ-ပါ-၂၂၆+၂၂၇။ ဋ္ဌ/ပ-၃၁၅။ ဋီ/ပ-၃၃၄။ မြန်/ပ-၂၁၁။

နဝမုမ္ပသုတ်

(သာဝတ္ထိ) မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ဤကိုယ်သည် မိမိဥစ္စာလည်း မဟုတ်. သူတပါး၏ ဥစ္စာလည်းမဟုတ် - စေတနာ ကံဟောင်းလျှင် အရင်းခံရှိ၍ ဝေဒနာဖြစ်တည်ရာစသည်ဖြစ်ပုံ - အကြောင်းတရားကြောင့် ဒုက္ခဖြစ်ပုံ - အကြောင်းတရားချုပ်လျှင် အကျိုးတရားချုပ်ပုံတို့ကို ပဋိစ္စသမုပ္ပါဒ် အနုလုံ ပဋိလုံအားဖြင့် ဟောကြားတော်မူသောသုတ်။

(ခန္ဓာကိုယ်သည် မိမိဥစ္စာ သူတပါးဥစ္စာ မဟုတ်ပုံကို ပြသည်။)

နိဒါနသံ-ပါ-၂၉၄+၂၉၅။ ဋ္ဌ/ဒု-၆၅။ ဋီ/ဒု-၈၁။ မြန်/ပ-၂၀၂။

နာမရူပသုတ်

(သာဝတ္ထိ) မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား (မဟာရုက္ခသုတ်) ကဲ့သို့ သစ်ပင်ကြီးဥပမာဖြင့် နာမ်, ရုပ် သက်ဝင်ပုံကို ဟောကြားတော်မူသောသုတ်။

(နာမ် ရုပ် သက်ဝင်ပုံ ချုပ်ငြိမ်းပုံတို့ကို သစ်ပင်ကြီးဥပမာဖြင့် ပြသည်။)

နိဒါနသံ-ပါ-၃၁၆+၃၁၇။ ဋ္ဌ/ဒု-မ။ ဋီ/မ။ မြန်/ပ-၃၈၇။

နိဒါနသုတ်

ကုရုတိုင်း ကမ္မာသဓမ္မနိဂုံး၌ အသျှင်အာနန္ဒာသည် မြတ်စွာဘုရားသျှင်အား ပဋိစ္စသမုပ္ပါဒ် တရားတော်သည် အလွန်နက်နဲ သိမ်မွေ့ပါ၏။ သို့သော် တပည့်တော်၏ဉာဏ်၌ လွယ်ကူပါ၏ဟု လျှောက်ထားပုံ - အာနန္ဒာ ဤသို့မဆိုလင့် - ပဋိစ္စသမုပ္ပါဒ်တော်သည် အလွန်ခက်ခဲ နက်နဲ သိမ်မွေ့၏ - သိနိုင်ခဲ၏ • သတ္တဝါတို့သည် ထိုဘုရားကိုယ်သိနိုင်ကြသောကြောင့် ရက်ကွန်းချည်ထွေး စာပေါင်းသို့က် စသည်တို့ကဲ့သို့ ရှုတ်ထွေးလျက် သံသရာမှ မလွတ်မြောက်နိုင်ပုံနှင့် (မဟာရုက္ခသုတ်)ကဲ့သို့ ဟောကြားတော်မူသောသုတ်။

(ဋ္ဌ/၌--အသျှင်အာနန္ဒာ၏ ပညာညောင်းမားပုံလေးပါး ဥပမာများနှင့် အကိုယ်ဘာသာကြောင်းကို အကျယ်ဖွင့်ပြသည်။) .

နိဒါနသံ-ပါ-၃၁၇+၃၁၉။ ဋ္ဌ/ဒု--၇၉+၉၀။ ဋီ/ဒု--၉၀+၁၀၄။ မြန်/ပ-၃၀၄+၁၀၅။

နဂရသုတ်

(သာဝတ္ထိ) မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ဘုရားမဖြစ်မီ အလောင်းတော်သဖြစ် ခဲ့သော ငါ့အား သတ္တဝါတို့၏ အိုရ သေရ တဖန် ပဋိသန္ဓေနေရခြင်း ဆင်းရဲခြင်းကြောင်းကား အတယ်နည်းဟု ကြံတွေးမိပုံ - ဇာတိရှိလျှင် ဇရာ,မရဏ ဖြစ်ပေါ်ပုံ - ဇာတိသည် ဘဝကြောင့် စသည်ဖြင့် ဆင်းရဲခြင်း တရားအစုတို့ ဖြစ်ပေါ်ပုံကိုငင်း တဖန် အဇ္ဈတ္တဘဝ,ဘာရုံးချုပ်က အကျိုးတရားချုပ်ပုံကိုငင်း ထိုးထွင်းရှာသိမြင်တော်မူပုံ · တောသွားယောဂါရှင်းသည် မြို့ဟောင်းကိုတွေ့၍ ဘုရင်ကြီးသစ်တည်ပုံ ဥပမာဖြင့် ရှေးဘုရားသျှင်တို့ ကြသွားခဲ့တော်မူရာ မဂ္ဂင်လမ်းဟောင်းကိုမြင်ခဲ့တော်မူပုံတို့ကို အကျယ် ဟောကြားခဲ့တော်မူသောသုတ်။

(မြို့ဟောင်းအသွင် မဂ္ဂင်လမ်းဟောင်းကို မြင်တွေ့ပုံကို ပြသည်။)

နိဒါန သံ–ပါ–၃၂၄+၃၂၉။ ဌ/ဒု–၁၀၆+၁၁၀။ ဋ္ဌီ/ဒု–၁၁၆+၁၁၉။ မြန်/ပ–၃၁၄+၃၁၆။

နဠကလာပီသုတ်

အသျှင်သာရိပုတ္တရာသည် ဗာရာဏသီပြည် မိဂဒါဝုန်တော၌ သီတင်းသုံးတော်မူစဉ် အသျှင်မဟာဒေဝကသည် အသျှင်သာရိပုတ္တရာအား အိုမှု သေမှုနှင့်စပ်၍ မေးလျှောက်ပုံ· အသျှင်သာရိပုတ္တရာသည် ပဋိစ္စသမုပ္ပါဒ် တရားတော်အစဉ်ဖြင့် ဖြေကြားတော်မူပုံနှင့် ရုပ်, နာမ်နှင့် ဝိညာဏ်ဘရားသည် အကြောင်းအကျိုး အပြန်အလှန်ဖြစ်ပုံကို ကျူးစည်းနှစ်စည်း အချင်းချင်း မှီတွယ်ပုံ ဥပမာပြ၍ မိန့်ကြားတော်မူ၍ ဓမ္မကထိကမည်ပုံ စသည်တို့ကို ဟောကြားတော် မူသောသုတ်။

(ဝိညာဏ်နှင့် နာမ်ရုပ် အပြန်အလှန် အကြောင်းအကျိုးဖြစ်ပုံကို ပြသည်။)

နိဒါန သံ–ပါ–၂၃၄+၂၃၉။ ဌ/ဒု–၁၂၂+၁၂၉။ ဋ္ဌီ/ဒု–၁၂၁။ မြန်/ပ–၂၂၀+၂၂၂။

နာဠိယသုတ်

(သာဝတ္ထိ) မြတ်စွာဘုရားသျှင်သည် လက်သည်းတော်ဖျားဌ၌ အနည်းငယ်မျှသော ဆန်ခြည်နှုန်းကိုဆင်၍ ရဟန်းတို့အား ဤလက်သည်းဖျားဌ၌ရှိသော မြေမှုန့်နှင့် မဟာပထဝီမြေကြီးသည် အဘယ်ကမျှားသနည်း ဟု မေးတော်မူပုံ· ရဟန်းတို့သည် မဟာပထဝီမြေကြီးက များလှုပါသည် စသည်ဖြင့် လျှောက်ကြားပုံ· ချစ်သားတို့ သစ္စာလေးပါးကိုသိမြင်၍ အရိယာဉာဏ်ကိုရရှိပြီးသော ပုဂ္ဂိုလ်အား ကုန်ဆုံးပြီးသောဆင်းရဲတို့သည် ဤမဟာပထဝီမြေကြီးကဲ့သို့ အလွန်များလှကုန်၏၊ ကြွင်းကျန်သောဆင်းရဲအစုသည် မြေမှုန့်တမျှသာဖြစ်ကုန်၏၊ သောတာပတ္တိမဂ်ဖိုလ်ကိုရခြင်းသည် ဤသို့ အလွန်, အကျိုးကြီးလှ၏ ဖြစ်သည်ဖြင့် ဟောကြားတော်မူသောသုတ်။

(အရိယာပုဂ္ဂိုလ်တို့၏ ကုန်ဆုံးပြီးသောဆင်းရဲနှင့် ကြွင်းကျန်သော ဆင်းရဲကို နှိုင်းယှဉ်ပြသည်။)

နိဒါန သံ–ပါ–၃၅၂။ ဌ/ဒု–၁၁၉။ ဋ္ဌီ/ဒု–၁၂၇။ မြန်/ပ–၃၃၇။

နောဖဿနာနတ္တသုတ်

(သာဝတ္ထိ) မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား မာတ် အမျိုးမျိုးကို စွဲ၍ ဖဿ အမျိုးမျိုးဖြစ်၏၊ ဖဿအမျိုးမျိုးကိုစွဲ၍ ဝေဒနာအမျိုးမျိုးဖြစ်ပုံ- စက္ခုဓာတ်ကိုစွဲ၍ စက္ခုသမ္ဖဿ ဖြစ်သော်လည်း စက္ခုသမ္ဖဿကိုစွဲ၍ စက္ခုဓာတ်မဖြစ်ပုံ(သောတ)စသည်တို့ကို ဟောကြားတော်မူသောသုတ်။

(ဓာတ်ကြောင့်ဖဿဖြစ်၍ ဖဿကြောင့် ဓာတ်မဖြစ်နိုင်ပုံကို ပြသည်။)

နိဒါန သံ-ပါ-၃၅၈+၃၅၉။ ဋ္ဌ/ဒု-၁၂၁။ ဋီ/ဒု-၁၃၀။ မြန်/ပ-၃၄၃+၃၄၄။

နောပရိယေသနာ နာနတ္တသုတ်

(သာဝတ္ထိ) မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ဓာတ်အမျိုးမျိုးကို စွဲ၍ သညာ, သင်္ခါ, ဆန္ဒ, ပရိဠာဟ, ပရိယေသနာအမျိုးမျိုးတို့ အဆင့်ဆင့်စွဲ၍ ဖြစ်သော်လည်း ပရိယေသနာအမျိုးမျိုးကိုစွဲ၍ ပရိဠာဟ ဆန္ဒ သင်္ခါ သညာ ဓာတ်အမျိုးမျိုးတို့ မဖြစ်နိုင်ပုံကို (ရူပ, သဒ္ဒ) စသည်တို့ဖြင့် ဝေဖန် ဟောကြားတော်မူသောသုတ်။

(ပရိယေသနာမှ ဓာတ်သို့ပြန်၍မဖြစ်နိုင်ပုံကို ပြသည်။)

နိဒါန သံ-ပါ-၃၆၁။ ဋ္ဌ/ဒု-၁၂၃။ ဋီ/ဒု-၁၃၂။ မြန်/ပ-၃၄၆။

နောစေဒံသုတ်

(သာဝတ္ထိ)မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား သတ္တဝါတို့သည် ဓာတ်ကြီးလေးပါး၌ သာယာဖွယ်ရှိ၍ တပ်မက်ပုံ အပြစ်ရှိ၍ ငြီးငွေ့ပုံ လွတ်မြောက်ကြောင်း ရှိ၍ လွတ်မြောက်ပုံ တို့ကို ဟုတ်တိုင်းမှန်စွာ မသိသေးသမျှကာလပတ်လုံး နတ်လူနှင့်တကွသော လောကမှ မထွက် မြောက် မကင်းလွတ်ပုံ ဟုတ်တိုင်းမှန်စွာသိသောအခါ၌ ထွက်မြောက်လွတ်ကင်းပုံကို ဟောကြားတော်မူသောသုတ်။

(ဘုံသုံးပါးမှ ထွက်မြောက် လွတ်ကင်းပုံကို ပြသည်။)

နိဒါန သံ-ပါ-၃၀၁+၃၀၂။ ဋ္ဌ/ပ-၁၄၄။ ဋီ/ပ-၁၄၀။ မြန်/ပ-၃၆၉+၃၇၀။

နိစ္ဆဝိသုတ်

(ရာဇဂြိုဟ်) ကောင်းကင်၌ ကျီးငှက် စွန်ရဲတို့ ဝိုင်းအုံထိုးဆိတ်၍ အော်ဟစ်မြည်တမ်း ပြေးလွှားနေရသော အခြေမရှိသော ယောကျ်ား ပြိတ္တာကို အသျှင်မဟာမောဂ္ဂလာန် တွေ့မြင် တော်မူရပုံ(အဋ္ဌသုတ်) ကဲ့သို့ ဟောကြားတော်မူသောသုတ်။

(ဆိတ်သတ်ယောကျ်ား ဖြစ်ခဲ့ဘူးပုံကို ပြသည်။)

နိဒါန သံ-ပါ-၄၄၈။ ဋ္ဌ/ဒု-၂၀၁။ ဋီ/ဒု-၁၈၃။ မြန်/ပ-၄၃၇။

ဥဒ္ဒါဝိတ္ထိသုတ်

အလက် (နန္ဒဆင်းသူပေး) ကဲ့သို့ သဒ္ဒဗေဒပြဿနာမျိုးကို အသျင်မဟာမောဂ္ဂလာန် ထွေ မြင်တော် မူရပုံ (ပဒ္ဓိသုတ်) ကဲ့သို့ ဟောကြားတော်မူသောသုတ်။

(လင်ကိုလွန်းကျူးမိုက်ခဲသော မိန်းမဖြစ်ပုံကို ပြသည်။)

နိဒါန် သံ–ပါ–၄၅၀။ ဌ/ဒု–၂၀၃။ ဋီ/ဒု–၁၀၅။ မြန်/ပ–၄၄၀။

နဝသိဝသုတ်

(သာဝတ္ထို) ဘုရားသျှင်သည် လက်သည်းဘော်ဖျားခွံ မြေမှုန့်အနည်းငယ်ကို တင်၍ ရဟန်းတို့အား မေးပုံနှင့် ရဟန်းတို့က ဖြေကြားပုံ - ဘုရားသျှင်က လူသေ၍ လူပြန်ဖြစ်သူသည် ဤမြေမှုန့်မျှ အလွန်နည်းလှ၏၊ အပါယ်သားများသို့ ကျရောက်သောသူတို့သည် ဤမဟာပထဝီ မြေကြီးကဲ့သို့ အလွန်များစွာရှိ၏ ဟူသည်ကြောင့် ဟောကြားတော်မူသောသုတ်။

(ပထမ မလျှူရှုနိုင်ခြင်းကို ပြသည်။)

နိဒါန် သံ–ပါ–၄၅၄။ ဌ/ဒု–၂၀၆။ ဋီ/ဒု–၁၀၇။ မြန်/ပ–၄၄၃။

နဝကသုတ်

(သာဝတ္ထို) မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား မထေရ်ကြီးတို့ကို အတုအပယူ၍ ဆုံးခံအိမ်ခွင် အာဂါမိကြာမြင့်စွာနေသော ပေးဆပ်ကိုအကြောင်းပြု၍ ရွေးအခါ ရေအိုင်ကြီး အနှံးခွံ ဆင်ကြီးနှင့် ဆင်ငယ်သို့ ကြွေ့ပုံ့ပုံ့ စေးပုံချင်းမတူ၍ ဆင်ငယ်သည် သေလောက်သော ဆင်းရဲရောက်ရပုံ ဟောကြားတော်မူသောသုတ်။

(ဒါယကာတို့နှင့် ဆက်ဆံပုံချင်း မတူပုံကို ပြသည်။)

နိဒါန် သံ–ပါ–၄၅၈+၄၅၉။ ဌ/ဒု– ၂၁၂။ ဋီ/ဒု–၁၉၂။ မြန်/ပ–၄၄၇+၄၄၈။

နဝသုတ်

(သာဝတ္ထို) ရဟန်းတပါးသည် ကမ္မဋ္ဌာန်းကိုတင်း၍ ဆိတ်ငြိမ်စွာနေ၍ သက်နှံးချုပ်ရာတွင် အမှုကြီးငယ်၌ ပါဝင်ပတ်လုပ်ခြင်းမရှိသည်ကို ရဟန်းတို့က ဘုရားသျှင်အား လျှောက်ထားပုံ - ဘုရားသျှင်က ဒေါသဟူ ငေးမြုန်းတော်မူသောအခါ ကပ္ပတော်သည် မိမိ အလုပ်ကို လုပ်ပါသည် ဘုရားဟု လျှောက်ထားပုံ - ကိုရဟန်း၌ ဗျာပဒအဘိညာဏ်ရသည်ကို သိတော်မူ၍ ဘုရားသျှင် ချီးကျူးတော်မူပုံ နှင့် ရဟန်းတို့အား ဩဝါဒတို့ ပေးသွားသော အားအစွမ်းဖြင့် ပေါ့ပေါ့ လျော့လျော့ အားတုတ်၍ ပရိနိဗ္ဗာန်စံပုံ စသည်တို့ကို ဟောကြားတော်မူသောသုတ်။

(ရဟန်းတို့၏ အလုပ်ကို ပြသည်။)

နိဒါန် သံ– ပါ– ၄၆၅+၄၆၆ ။ ဌ/ဒု– ၂၁၆။ ဋီ/ ဒု– ၁၉၅+၁၉၆။
မြန်/ပ–၄၅၄+၄၅၅။

နန္ဒသုတ်

(သာဝတ္ထိ) မိထွေးတော်ဂေါတမီ၏သားဖြစ်သော ညီတော်အသျှင်နန္ဒာသည် ချောခမ်း လှပသော သင်္ကန်းကို ဝတ်ရုံလျက် မျက်စိကို (ကာချယ်ဆဲ့) မျက်ရေးကွင်းလျက် တောက် ပြောင်သော သပိတ်ဖြင့် ဘုရားသျှင်၏ အထံတော်၌ ဂိုဒိုးလျက် ထိုင်နေတော်မူပုံ - ဘုရားသျှင် သည် အသျှင်နန္ဒအား အရည်ကင်မုတင် ပိတ္တပါတ်ဝုတင် ပံသုကူမုတင် ဟောက်တည်ခြင်းစသည် ဖြင့် ကာမဂုဏ်ကို မငဲ့ကွက်ပဲ နေခြင်းသည်သာ သာဒွါဒရားနှင့်ပြည့်စုံသော ရဟန်းအား လျောက် ပတ်ပုံတို့ကို ဟောကြားတော်မူပြီးလျှင် အရည်ကင် ဝုတင် ပံသုကူမုတင်ကို ဆောက်တည်လျက် မထင်မရှား ဆွမ်းခံ၍ မျှတရောင့်ရဲကာ ကာမဂုဏ်၌ ငဲ့ကွက်ခြင်းမရှိသော နှုန်းကို ဘယ်အခါဦး ငါ တွေ့မြင်ရပါအုံးနည်းဟု မိန့်ကြားတော်မူသောသုတ်။

(ညီတော်အသျှင်နန္ဒ၏ အပြုအမူနှင့် ဘုရားသျှင်၏ ဆန္ဒတော်ကို ပြသည်။)

နိဒါန သံ- ပါ-၄၆၈+၄၆၉။ ဋ္ဌ/ဒု-၂၁၉။ ဋီ/ဒု-၁၉၇။ မြန်/ပ-၄၅၇။

နကုလပိတုသုတ်

ဘဂ္ဂတိုင်း သုသုမာရဂိရမြို့ ဘေသကဠာဘောဂုဒ်၌ ဘီတင်းသုံးဘဝ်မူသော မြတ်စွာဘုရား သျှင်အား နကုလပိတာ သူကြွယ်သည် မိမိအား ဆုံးမတော်မူပါရန် စသည်ဖြင့် လျောက်ထားပုံ - ဘုရားသျှင်က ရုပ်ခန္ဓာနှင့် စသော ခန္ဓာကိုယ်၌ တဏှာမျှ အနှာကင်းသည်ဟု ဝန်ခံလျှင် ထိုသူသည် သူမိုက်မည်ပုံ - ကိုယ်နှာကျင်သော်လည်း စိတ်နှာကျင်သူ ကင်းဆေဝင် ကျင့်ရုံကို အကျဉ်းမျှ ဟော ကြားတော်မူသော တရားကို အသျှင်သာရိပုတ္တရာအား လျောက်ဆား၍ သာသျှင်သာရိပုတ္တရာက အကျယ် ဝေဘန် ဟောကြားတော်မူသောသုတ်။

(ခန္ဓာငါးပါး၌ နှလုံးသွင်းပုံတို့ကို ပြသည်။)

ခန္ဓ သံ-ပါ-၁+၅။ ဋ္ဌ/ဒု-၂၂၉+၂၃၆။ ဋီ/ဒု-၂၀၁+၂၀၇။ မြန်/ဒု-၁+၅။

နတုမ္ဟာကသုတ်

(သာဝတ္ထိ) မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ရုပ်ခန္ဓာစသည်တို့သည် သင်တို့၏ ဥစ္စာမဟုတ်ကုန် ပယ်စွန့်ကြကုန်လော့၊ ပယ်စွန့်ကုန်သည်ဖြစ်သော်- စီးပွားချမ်းသာခြင်း ဖြစ်ကုန် လတံ့ဟု ဇောတဝန်ကျောင်းအတွင်း၌ အမိုက်သစ်ခါကဲ့သို့ လူတို့မိန့်ဆိုပုံ ဥပမာဖြင့် ဟောကြား တော်မူသောသုတ်။

(ခန္ဓာငါးပါးသည် ကိုယ့်ဥစ္စာပဟုတ်ပုံကို ပြသည်။)

ခန္ဓ သံ-ပါ-၂၀။ ဋ္ဌ/ဒု-၂၄၄+၂၄၅။ ဋီ/ဒု-၂၁၆။ မြန်/ဒု-၂၇။

ဒုတိယ နတုမ္ပာကသုတ်

(သာဝတ္ထိ) အထက် ' နံတုမ္ပာကသုတ် ' နှင့် တူသည်၊ ဥပမာမျှသာ ထူးခြားသည်။

ခန္ဓ သံ–ပါ–၂၀။ ဌ/ဒု–၂၄၅။ ဋီ/ဒု–မ၊ မြန်/ဒု–၂၇+၂၀။

နန္ဒိကွယသုတ်

(သာဝတ္ထိ) မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ရုပ် ဝေဒနာ စသည်တို့ကို အသင့် အားဖြင့်နှလုံးသွင်းရန်နှင့် မမြဲဟု ဟုတ်မှန်သောအတိုင်း ရှုရန် တိုက်တွန်းတော်မူပုံ - ရုပ် စသည်ကို အသင့်အားဖြင့် မမြဲဟု ဟုတ်မှန်စွာရှုသော ရဟန်းအား ငြိုးငွေ့လျက် နှစ်သက် တပ်မက်ခြင်းတို့မှ ကောင်းစွာ လွတ်မြောက်ပုံတို့ကို ဟောကြားတော်မူသောသုတ်။

(နှစ်သက်တပ်မက်ခြင်းမှ လွတ်မြောက်ပုံကိုပြသည်။)

ဝန္ဓ သံ–ပါ–၄၂။ ဌ/ဒု–၂၅၀။ ဋီ/ဒု–၂၂၂။ မြန်/ဒု–၄၁။

ဒုတိယ နန္ဒိကွယသုတ်

(သာဝတ္ထိ) မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ရုပ် ဝေဒနာ စသည်တို့ကို အသင့် အားဖြင့်နှလုံးသွင်းရန်နှင့် မမြဲဟု ဟုတ်မှန်သောအတိုင်း ရှုရန် တိုက်တွန်းတော်မူပုံ - ရုပ် စသည်ကို အသင့်အားဖြင့် မမြဲဟု ဟုတ်မှန်စွာရှုသော ရဟန်းအား ငြိုးငွေ့လျက် နှစ်သက် တပ်မက်ခြင်းတို့မှ ကောင်းစွာ လွတ်မြောက်ပုံတို့ကို ဟောကြားတော်မူသောသုတ်။

(မမြဲသော ရုပ် စသည်ကို မမြဲဟု ရှုရန်ကို ပြသည်။)

ခန္ဓ သံ–ပါ–၄၂+၄၃။ ဌ/ဒု–၂၅၀။ ဋီ/ဒု–၂၂၂။ မြန်/ဒု–၄၁+၄၂။

နိဂုတ္တိပထသုတ်

(သာဝတ္ထိ) မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ကာလသုံးပါး၌ မစွန့်အပ်သော လွန်ဆုံးပြောင်းလဲသွားသည့် ရုပ် စသည်တို့နှင့်ပင်၍ ဒုတိတ် အနာဂတ် ပစ္စုပ္ပန်ကာလသုံးပါး၏ ပညတ် သုံးမျိုးတို့ တမျိုးရလျှင် နှစ်မျိုးမရပုံကို အကျယ်လှည့်၍ ညွှန်ပြ ဟောကြားတော်မူသောသုတ်။

(ကာလတပါးရလျှင် နှစ်ပါးမရပုံကို ပြသည်။)

ခန္ဓ သံ- ပါ– ၅၉+၆၀။ ဌ/ဒု– ၂၅၇+၂၅၈။ ဋီ/ဒု– ၂၂၇+၂၂၉။
မြန်/ ဒု–၅၇+၅၈။

နဒီသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား တောင်အမြင့်မှ အရှိန်ပြင်းစွာ စီးဆင်းလာသော မြစ်ရေအယဉ်၌ မျောလာသော ယောက်ျားသည် မြစ်ကမ်းဘေးရှိ မြက်သစ်ပင်တို့ကို ဆွဲကိုင်အား ကိုးပါစေသော်လည်း မခိုင်မြဲသော မြေစိုင်နှင့်အတူ ကျတ်ပါလာ၍ အားကိုးရာမရဗျက်စီးရပုံ ဥပမာ

ဖြင့် ပုထုဇဉ်တို့သည် မမြဲသော ရုပ် စသည်တို့ဌ် ငါ ငါဉစ္စာ ငါ၏အတ္တဟု နှစ်သက်စဲ့လမ်း အား ကိုးပြုသော်လည်း ရုပ်စသည်တို့ မမြဲ ဖောက်ပြန်ပျက်စီးသောအခါ အားကိုးရာမရပဲ ထိုသူပျက်စီး ရပုံစသည်ကို အကျယ်ဟောကြားတော်မူသောသုတ်။

(သံသရာ မြစ်ရေအယဉ်နှင့် မခိုင်မြဲသော ခန္ဓာငါးပါးကို ပြသည်။)

ခန္ဓ သံ-ပါ-၁၁၂+၁၁၃။ ဌ/ဒု-၂၉၂+၂၉၃။ ဋ္ဌိ/ဒု-၂၄၉။ မြန်-ဒု-၁၀၅။

နဒသိခါသုတ်

ရဟန်းတပါးသည် မြစ်စွာဘုရား သျှင်အား နေ့လက်သို့ တည်မြဲသော ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တို့ ရှိပါသလားဟု မေးလျှောက်ပုံနှင့် ဘုရားသျှင်က လက်သည်းဖျားဌ် တင်ထား သော မြေမှုန့်အနည်းငယ်ကို ဥပမာပြု၍ မရှိပုံကို ဟောကြားတော်မူသောသုတ်။

(သင်္ခါရတရားတို့ မမြဲပုံကို ပြသည်။)

ခန္ဓသံ-ပါ-၁၂၀+၁၂၁။ ဌ/ဒု-၂၆၇+၂၆၈။ ဋ္ဌိ/ဒု-၂၅၁။ မြန်/ဒု-၁၁၁+၁၁၂။

နိဗ္ဗိဒါဇဟုလသုတ်

(သာဝတ္ထို) မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ရုပ် ဝေဒနာ စသည်တို့ဌ် ငြီးငွေ့ခြင်း များစွာဖြစ်လျှင် ရုပ် ဝေဒနာ စသည်တို့ကို ပိုင်းခြားရှုသိပုံ - ပိုင်းခြားရှုသိလျှင် ရုပ် ဝေဒနာ စသည်တို့မှ လွတ်မြောက်ပုံနှင့် ပဋိသန္ဓေနေခြင်း စသော ဆင်းရဲအပေါင်းတို့မှ လွတ်မြောက်ပုံ စသည်တို့ကို ဟောကြားတော်မူသောသုတ်။

(ရုပ် ဝေဒနာ စသည်တို့မှ လွတ်မြောက်ပုံကို ပြသည်။)

ခန္ဓသံ-ပါ-၁၄၇။ ဌ/ဒု-၃၀၆။ ဋ္ဌိ/ဒု-၂၆၀÷၂၆၁။ မြန်/ဒု-၁၃၀÷၁၃၉။

နောစမေသိယာသုတ်

(သာဝတ္ထို) မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ရုပ် ဝေဒနာ စသည်တို့ဌ် စဲ့လျက် မှားသော နှလုံးသွင်းဖြင့် ငါဟု စဲ့လမ်းလျှင် ငါဉစ္စာဟု စဲ့လမ်းခြင်းဖြစ်၍ ငါဟု မစဲ့လမ်း တော့လျှင် ငါဉစ္စာမဖြစ်တော့လတံ့ဟု မှားသောအယူဖြစ်ပုံ - မမြဲ ဆင်းရဲ ဖောက်ပြန်တတ်သော ရုစ်ဝေဒနာ စသည်တို့ဌ် ငါငါဉစ္စာဟု အစဲ့ပြုခဲ့လျှင် ထိုမှားသောအယူသည် မဖြစ်နိုင်ပုံ စသည် တို့နှင့် ဤသို့ဟုတ်တိုင်းမှန်စွာ ပညာဖြင့် သိမြင်လျှင် မဲ်ကိစ္စပြီးပုံကို ဟောကြားတော်မူသော သုတ်။

(မှားသောအယူကို ပြသည်။)

ခန္ဓသံ-ပါ-၁၅၀။ ဌ/ဒု-၃၀၇။ ဋ္ဌိ/ဒု-၂၆၁။ မြန်/ဒု-၁၄၁+၁၄၂။

နိဗ္ဗာနဝဂ္ဂမသုတ်

(သဝတ္ထိ) အသျှင်ရာဓသည် မြတ်စွာ ဘုရားသျှင်အား ချုပ်ခြင်းသဘော ဟူသည် အဘယ်ပါနည်းဟု မေးလျှောက်ပုံ - ဘုရားသျှင်က ရှစ် ဝေဒနာ စသည်တို့သည် ချုပ်ခြင်းသဘော မည်ပုံနှင့် ပညာဖြင့် ဟုတ်မှန်လှသိလျှင် ပင်ကိုစွဲပြီးပုံကို ဟောကြားတော်မူသောသုတ်။

(ချုပ်ခြင်းသဘောနှင့် ပတ်သက်စွဲပြီးပုံကို ပြသည်။)

ခန္ဓသံ-ပါ-၁၆၁။ ဌ/ဒု-၁၀၈+၁၀၉။ ဋ္ဌိ/ဒု-၂၆၂။ မြန်/ဒု-၁၅၄။

နိဗ္ဗာနဝဂ္ဂမသုတ်

မြတ်စွာဘုရားသျှင်သည် တရားအားထုတ်လိုသော အသျှင်ရာဓအား ချုပ်ခြင်းသဘော ရှိသော ခန္ဓာငါးပါးတို့ အနှစ်, ရာဂ, ဆုံးရှုံးကိုယ်ချင်း အကျဉ်းအားဖြင့် ဟောကြားတော်မူသောသုတ်။

(ခန္ဓာငါးပါးနှင့် ချုပ်ခြင်းသဘောကို ပြသည်။)

ခန္ဓသံ-ပါ-၁၆၃။ ဌ/ဒု-၃၀၄။ ဋ္ဌိ/ဒု-၂၆၃။ မြန်/ဒု-၁၅၅။

နိဗ္ဗာနဝဂ္ဂမသုတ်

အထက် (နိဗ္ဗာနဝဂ္ဂမသုတ်) နှင့်တူသည်။

ခန္ဓသံ-ပါ-၁၆၄၊ ၁၆၅။ ဌ/ဒု-၃၀၄။ ဋ္ဌိ/ဒု-၂၆၃။ မြန်/ဒု-၁၅၆။

ဥပနိသဝမဟာဝဂ္ဂသုတ်

အထက် (နိဗ္ဗာနဝဂ္ဂမသုတ်) နှင့် သဘောတူသည်။

ခန္ဓသံ-ပါ-၁၆၆။ ဌ/ဒု-၃၁၀၊ ဋ္ဌိ/ဒု-၂၆၅+၂၆၆။ မြန်/ဒု-၁၅၀။

နက္ခတ္တသုတ်

(သဝတ္ထိ) မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား နက္ခတ်ဒိန္နံ နတ္ထိဒိန္နံ စသော အတိတကမ္မဝါဒ၏ ဝါဒကို ဟောကြားတော်မူပုံ - ပါဌိ ... ဝါဒကို ယေဘုယျအားဖြင့် ဖော်ကြွပြန်တတ်သော ရုပ် ဝေဒနာ စသည်တို့၌ မှားယွင်းသောအားဖြင့် မစဲမှု ကျိန်အပ္ပါဝင်ခြင်း ... (သုကဝါ) အရိယသာဝကသည် ထိုအယူနှင့် ခန္ဓာငါးပါး သစ္စာလေးပါးတို့၌ ယုံမှားခြင်းကင်းပျောက်၍ သောတာပန် ဖြစ်ပုံတို့ကို အကျယ် ဟောကြားတော်မူသောသုတ်။

(နက္ခတ္တကဝါဒကို ပြသည်။)

ခန္ဓသံ-ပါ-၁၆၉ ၁၇၁။ ဌ/ဒု-၃၁၁။ ဋ္ဌိ/ဒု-၂၆၇+၂၆၈။ မြန်/ဒု-၁၆၀+၁၆၂။

နဟောတိ တထာဂတောသုတ်

(သာဝတ္ထိ) မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား သတ္တဝါတို့သည် သေပြီးသည်မှ နောက် မဖြစ်ဟူသော အယူနှင့်စပ်၍ (အသဿတဒိဋ္ဌိသုတ်) ကဲ့သို့ ဟောကြားတော်မူခဲ့သောသုတ်။
(မှားသောအယူဖြစ်ပုံကို ပြသည်။)
ခန္ဓသံ–ပါ–၁၇၆။ ဋ္ဌ/ဒု–၃၁၆။ ဋီ/ဒု–၂၇၂။ မြန်/ဒု–၁၆၈။

နေဝဟောတိ နနဟောတိ တထာဂတောသုတ်

(သာဝတ္ထိ)မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား သတ္တဝါတို့သည် သေပြီးသည်မှနောက် ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်းမဟုဟူသော အယူဖြစ်ပုံကို (နဟောတိတထာဂတော) သုတ်ကဲ့သို့ ဟောကြားတော်မူသောသုတ်။
(မှားသောအယူဖြစ်ပုံကို ပြသည်။)
ခန္ဓသံ–ပါ–၁၇၇။ ဋ္ဌ/ဒု–၃၁၆။ ဋီ/ဒု–၂၇၂။ မြန်/ဒု–၁၆၉။

နေဝဟောတိ နနဟောတိသုတ်

(သာဝတ္ထိ) ' သောတာပတ္တိဝင် နေဝဟောတိ နနဟောတိသုတ် ' နှင့် တူသည်။
ခန္ဓသံ–ပါ–၁၇၉။ ဋ္ဌ/ဒု–၃၁၇။ ဋီ/ဒု–၂၇၂။ မြန်/ဒု–၁၇၀+၁၇၁။

နေဝရူပီ နာရူပီအာဟာသုတ်

(သာဝတ္ထိ) မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား အတ္တသည် ရုပ် ရှိသည်လည်းမဟုတ်-ရုပ်မရှိသည်လည်းမဟုတ်-သေပြီးနောက်၌ ပျက်စီးခြင်းမရှိ မြဲ၏ဟူသော အယူဖြစ်ပုံကို (ရူပီအတ္တာသုတ်) ကဲ့သို့ဟောကြားတော်မူသောသုတ်။
(မှားသောအယူဖြစ်ပုံကို ပြသည်။)
ခန္ဓသံ–ပါ–၁၈၀။ ဋ္ဌ/ဒု–၃၁၇။ ဋီ/ဒု–၂၇၂။ မြန်/ဒု–၁၇၂။

နဝါတသုတ်

(သာဝတ္ထိ) မြတ်စွာသုရားသျှင်သည် ရဟန်းတို့အား ရုပ် ဝေဒနာ စသည်တို့ကို အစဲ့ပြု ကာ အမှားကိုနှုလုံးသွင်း၍ လေတို့သည် မတိုက်ကုန်, မြစ်တို့သည် မစီးကုန် စသော အညတ်ကိုး တို့၏အယူ ဖြစ်ပုံကို ပြတော်မူ၍ ရုပ် ဝေဒနာ စသော တရားတို့သည် မြဲသဖြင့် ချမ်းသာများ အတွက်လော စသည်ဖြင့် မေးဖြေ ဟောကြားတော်မူခဲ့သည့် (ဒုတိယ) အဂ်ုတ္တရဝဂ်သည် ပဌမ ဆင်းရဲ ဖောက်ပြန်တတ်သော ရုပ် ဝေဒနာ စသည်တို့ကိုဖြစ်၍ ၎င်းအယူမျိုးနှင့် ခန္ဓာငါးပါး သည်

လေးပါးတို့၌ ယုံမှားကင်းပျောက်၍ သောတာပန်အဖြစ်သို့ ရောက်ပုံကို ဟောကြားတော်မူသော သုတ်။ (၂၄ - သုတ် ဖြည့်ရမည်။)

(အညတိတ္တိယတို့၏ မှားသော အယူအမျိုးမျိုး ဖြစ်ပုံကို ပြသည်။)

ဧန္ဒသ-ပါ-၁၀၂။ ဌ/ဒု-၃၁၇။ ဋီ/ဒု-၂၇၂။ မြန်/ဒု-၁၇၃+၁၇၄။

နဝါတသုတ်

အသက် (နဝါတသုတ်)နှင့် တူသည်၊ (၂၄-သုတ်ဖြည့်ရမည်။)

ဧန္ဒသံ-ပါ-၁၀၃+၁၀၄။ ဌ/ဒု-၃၁၇။ ဋီ/ဒု-၂၇၂။ မြန်/ဒု-၁၇၅။

နေဝသညာ နာသညာယတနသုတ်

အသျှင်အာနန္ဒာမေးလျှောက်ပုံနှင့် အသျှင်သာရိပုတ္တရာသည် ဒေဝသညာနာသညာယတန ဈာန် ဝင်ဝင်းခဲ့ပုံကို (ဝ်ဒေကဇသုတ်)ကဲ့သို့ ဟောကြားတော်မူသောသုတ်။

ဧန္ဒ သံ-ပါ-၁၀၆။ ဌ/ဒု-၃၁၈။ ဋီ/ဒု-၂၇၃။ မြန်/ဒု-၁၇၆။

နိရောဓသမာပတ္တိသုတ်

အသျှင်အာနန္ဒာ မေးလျှောက်ပုံ နှင့် အသျှင်သာရိပုတ္တရာသည် နိရောဓသမာပတ် ဝင်စား ခဲ့ပုံကို (ဝ်ဒေကဇသုတ်)ကဲ့သို့ ဟောကြားတော်မူသောသုတ်။

ဧန္ဒ သံ-ပါ-၁၀၆+၂၀၀။ ဌ/ဒု-၃၁၈။ ဋီ/ဒု-၂၇၃။ မြန်/ဒု-၁၇၆။

ပဌမ နေဝသညာနာသညာယတနသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား စက္ခုဝတ္ထုသော အစ၍တို့ကာယတန ခြောက်ပါးသည် သာယာဖွယ်ရှိ၍ ပဝတ္တနပုံ - အပြစ်ဖြစ်စရာရှိ၍ အပြစ်ဖြစ်ပုံ - ငြီးငွေ့စရာရှိ၍ ငြီးငွေ့ပုံတို့နှင့် ညီညွတ်ဖြောင့်မှုန်စွာသိလျှင် လောကကြီးမှ ထွက်ခွာမြောက်ပုံတို့ကို ဟောကြားတော်မူသောသုတ်။

(လောကကြီးမှထွက်ခွာမြောက်ပုံကို ပြသည်။)

သဠာ သံ-ပါ/ဒု-၂၄၄+၂၄၅။ ဌ/က-၃+၄။ ဋီ/ဒု-၂၀၄။ မြန်/ဒု-၂၃၆။

ဒုတိယ နေဝသညာနာသညာယတနသုတ်

(ပဌမ နေဝသညာနာသညာယတနသုတ် နှင့် တူသည်၊ ဗာဟိရဆယတန ခြောက်ပါးမျှသာ ထူးသည်။

သဠာ သံ-ပါ/ဒု-၂၄၅၊ ၂၄၆။ ဌ/တ-၃+၄။ ဋီ/ဒု-၂၀၄။ မြန်/ဒု-၂၃၇။

ပဌမ နကုမ္ပာကသုတ်
ဒုတိယ နတုမ္ပာကသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား သင်တို့၏ဥစ္စာ မဟုတ်ကုန်သော စက္ခု စသော ပသာဒ အာရုံ ဝိညာဏ် သမ္မဿ ဝေဒနာတို့ကို ပယ်ကြကုန်လော့ · ပယ်လျှင် စီးပွားချမ်းသာခြင်း ဖြစ်လတံ့ဟု တိုက်တွန်းဟောကြားတော်မူသောသုတ် (၂) သုတ်။

(မိမိဥစ္စာမဟုတ်ကုန်သော တရားတို့ကို ပယ်လျှင် စီးပွားချမ်းသာဖြစ်ပုံကို ပြသည်။)

သဋ္ဌာ သံ–ပါ/ဒု–၃၀၂+၃၀၄။ ဋ္ဌ/တ–၃၁။ ဋီ/ဒု–၃၀၄။ မြန်/ဒု–၂၄၅+၂၄၆+၂၄၇။

နာဠန္ဒသုတ်

မြတ်စွာဘုရားသျှင်သည် နာဠန္ဒရွာ ပါဝါရိကသူဌေး၏ ဘရက်ဥယျာဉ်၌ သီတင်းသုံးတော်မူစဉ်အခါ ဥပါလိသူကြွယ်သည် မြတ်စွာဘုရားသျှင်အား မေးလျှောက်ပုံ နှင့် မြတ်စွာဘုရားသျှင်သည် (ဝေသာလီသုတ်)ကဲ့သို့ မေးဖြေဟောကြားတော်မူသောသုတ်။

(ကိလေသာ ငြိမ်းနိုင်ပုံ မငြိမ်းနိုင်ပုံ၏ အကြောင်းကို ပြသည်။)

သဋ္ဌာ သံ–ပါ′ဒု–၃၂၀။ ဋ္ဌ/တ–၃၇+၃၀။ ဋီ/ဒု–၃၁၀။ မြန်/ဒု–၃၂၂။

နကုလပိတုသုတ်

မြတ်စွာဘုရားသျှင်သည် ဘဂ္ဂတိုင်း သုသုမာဂိရမြို့ ဘေသကလတောအုပ်၌ သီတင်းသုံးတော်မူစဉ်အခါ နကုလပိတာသူကြွယ်သည် မြတ်စွာဘုရားသျှင်အား မေးလျှောက်ပုံ နှင့် ဘုရားသျှင်က (ဝေသာလီသုတ်) ကဲ့သို့ မေးဖြေဟောကြားတော်မူသောသုတ်။

သဋ္ဌ သံ–ပါ/ဒု–၃၃၃+၃၃၄။ ဋ္ဌ/တ–၄၁။ ဋီ/ဒု–၃၁၂။ မြန်/ဒု–၃၂၇+၃၂၈။

ပဌမ နတုမ္ပာကသုတ်
ဒုတိယ နတုမ္ပာကသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတော်တို့အား ဘင်တို့၏ဥစ္စာ မဟုတ်ကုန်သော စက္ခုစသော စက္ခုဝိညာဏ် စက္ခုသမ္မဿ ဝေဒနာတို့၌ (သောတ သဒ္ဒ) စသည် ငါ ငါ့ဥစ္စာမဟုတ်ဟု ပယ်အပ်ပုံ - ပယ်လျှင် ချမ်းသာအကျိုးစီးပွားတိုးပုံတို့ကို ဥပမာတို့ဖြင့် ဟောကြားတော်မူသောသုတ်။

(ကိုယ်ပိုင်မဟုတ်သော တရားတို့ကို ပြသည်။)

သဋ္ဌာ သံ–ပါ/ဒု–၃၀၂+၃၀၄။ ဋ္ဌ/တ–၃၁။ ဋီ/ဒု–၃၀၄။ မြန်/ဒု–၂၄၅+၂၄၇။

ပဌမ နတုမ္ဘာကသုတ်
ဒုတိယ နတုမ္ဘာကသုတ်

အထက် (နတုမ္ဘာကသုတ်)နှင့်တူသည်၊ ကွဲသုတ်၌ စကြဝဠာပေါ်ရောက်သော အဇ္ဈတ္တိကာယတနနှင့် ဗာဟိရာယတနကို ပယ်ရန် ဟောကြားတော်မူသည်။

သဋ္ဌာ သံ–ပါ/ဒု–၃၄၃ + ၃၄၄။ ဌ/တ–၄၆။ ဋ္ဌီ/ဒု–၃၁၅။ မြန်/ဒု–၃၁၆ + ၃၃၇။

နိဗ္ဗာန သပ္ပာယ ပဋိပဒါသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား စကြဝဠာသော ပဿဒ အာရုံ ဝိညာဏ် သမ္မာသမာဓိနှင့် တရားတို့သည် မမြဲ ဆင်းရဲ ဖေါက်ပြန်၍ ငါ ငါ့ဥစ္စာ ငါ၏အတ္တ မဟုတ်ပုံတို့နှင့် နိဗ္ဗာန်အား လျှောက်ပတ်သော အကျင့်တရားတို့ကို ဟောကြားတော်မူသောသုတ်။

(နိဗ္ဗာန်အား လျှောက်ပတ်သော အကျင့်တရားတို့ကို ပြသည်။)

သဋ္ဌာ သံ–ပါ/ဒု–၃၄၈။ ဌ/တ–၄၆။ ဋ္ဌီ/ဒု–၃၁၆။ မြန်/ဒု–၃၄၂ + ၃၄၃။

နိဂုမိသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ကိလေသာ အာမိသရှိသော ပိတိ သုခ ဥပေက္ခာ ဝိမောက္ခ- ကိလေသာအာမိသ မရှိသော ပိတိ သုခ ဥပေက္ခာ ဝိမောက္ခနှင့် ထိုထက် သာလွန်၍ ကိလေသာ အာမိသ မရှိသော ပိတိ သုခ ဥပေက္ခာ ဝိမောက္ခရှိပုံတို့ကို အကျယ်ဝေဘန်ဟောကြားတော်မူသောသုတ်။

(ပိတိ သုခ ဥပေက္ခာ ဝိမောက္ခတို့ကို သုံးမျိုးခွဲ၍ ပြသည်။)

သဋ္ဌာ သံ–ပါ/ဒု–၃၃၄ + ၃၃၅။ ဌ/တ–၁၂၄။ ဋ္ဌီ/ဒု–၃၀၅။ မြန်/ဒု–၃၁၀ + ၃၁၁။

နာဠကပါဏသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား မာဝုဂါမတို့၌ အဆင်း စည်းစိမ် ဆွေမျိုးသားသမီး သိုလှဟူသော အားငါးပါးတို့တွင် အဆင်းစသော အားလေးပါးနှင့် ပြည့်စုံသော်လည်း သီလအားနှင့် မပြည့်စုံလျှင် အိပ်မှန့်ထုတ်အပ်ပုံ· အဆင်း စသော အားလေးပါးနှင့်မပြည့်စုံသော်လည်း သီလအားနှင့်ပြည့်စုံလျှင် အိပ်မှမှန့်ထုတ်အပ်ပုံကို ဟောကြားတော်မူသောသုတ်။

(သီလအား ကြီးမားမြင့်မြတ်ပုံကို ပြသည်။)

သဋ္ဌာ သံ–ပါ/ဒု–၃၃၃။ ဌ/တ–၁၂၄။ ဋ္ဌီ/ဒု–၃၀၅။ မြန်/ဒု–၃၃၀။

နိဗ္ဗာနပဉ္ဇ်ာသုတ်

ဇမ္ဗုဒီပကဆိုတဲ့သည် မဂဓတိုင်း နာလကဂ္ဂါဋ်၌ သီတင်းသုံးတော်မူသော အသျှင်သာရိပုတ္တရာအား နိဗ္ဗာန်သို့မျက်မှောက်ပြုရန် အကျင့်လမ်းမှန်ရှိပါသလားဟု မေးလျှောက်ပုံနှင့် အသျှင်

သာရိပုတ္တရာက နိဗ္ဗာန်သို့ မျက်မှောက်ပြုခြင်း မဂ္ဂင်ရှစ်တန်သည် အကျင့်လမ်းမှန်ဖြစ်ပုံကို ဟောကြားတော်မူသောသုတ်။

(နိဗ္ဗာန်သွားရန် ရှစ်တန်ဖြောင့်တန်း မဂ္ဂင်လမ်းကို ပြသည်။)

သဋ္ဌာ သံ–ပါ/ပ–၄၄၇။ ဋ္ဌ/တ–၁၂၇။ ဋ္ဌီ/ဒု–၃၆၆+၃၆၇။ မြန်/ဒု–၄၄၃။

နေဝသညာနာသညာယတ်နပဋ္ဌာသုတ်

(ပဌမစျာနပဋ္ဌာသုတ်) နှင့် တူသည်။ နေဝသညာနာသညာယတနစျာန်မျှသာ ထူးသည်။

သဋ္ဌာ သံ–ပါ/ဒု–၄၆၁+၄၆၂။ ဋ္ဌ/တ–၁၂၉။ ဋ္ဌီ/ဒု–၃၆၉။ မြန်/ဒု–၄၅၆။

နိဂဏ္ဌနာဋပုတ္တသုတ်

စိတ္တသူကြွယ်သည် မစ္ဆိကာသဏ္ဍအရပ်သို့ တပည့်ငါးရာဖြင့် ရောက်ရှိလာသော နိဂဏ္ဌနာဋပုတ္တ အဆံသို့ သွားရောက်ပုံ· နိဂဏ္ဌနာဋပုတ္တသည် စိတ္တသူကြွယ်အား ရဟန်းဂေါတမ၌ ဝိတက် ဝိစာရ မရှိသော သမာဓိနှင့် ချုပ်ငြိမ်းမှုရှိသည်ဟု ယုံကြည်ရှိ ဆည်းကပ်သာလျှားဟုမေးပုံ စိတ္တသူကြွယ်က မဟုတ်ပါဟု ဖြေဆိုသောအခါ သူကြွယ်အား ချီးကျူးပုံ· သူကြွယ်က မိမိကိုယ်တိုင် ဝိတက် ဝိစာရ စသည်တို့ ချုပ်ငြိမ်း၍ စတုတ္ထစျာန်ကို အလိုရှိတိုင်း ဝင်စားနိုင်ပုံ စသည်ကို ပြောကြားသောအခါ သူကြွယ်အားကဲ့ရဲ့ရှုတ်ချပုံ· သူကြွယ်က ဤမျှမက ပြဿနာပေကျဉ်းအမက်အခဲတို့ တခုမကဆယ်ခုဖြစ်စေ မေးလိုသမျှ ကျွန်ုပ်ထံသို့ လာရောက် မေးမြန်းနိုင်ပုံကို ပြောကြား၍ ပြန်လာခဲ့ပုံ စသည်တို့ကို ဟောကြားတော်မူသောသုတ်။

(စိတ္တသူကြွယ်၏ စိတ်ထားနှင့် ပညာကြီးမားပုံကို ပြသည်။

သဋ္ဌာ သံ–ပါ/ဒု–၄၀၇+၄၀၉။ ဋ္ဌ/တ–၁၃၀။ ဋ္ဌီ/ဒု–၃၇၇ ၃၇၀။
မြန်/ဒု–၄၀၁+၄၀၃။

နန္ဒိယသုတ်

(သာဝတ္ထိ) နန္ဒိယ ပရိဗိုဇ်သည် မြတ်စွာဘုရားသျှင်အား အဘယ်တရားကို ပွားများအား ထုတ်လျှင် နိဗ္ဗာန်သို့ ရောက်နိုင်ပါသနည်းဟု မေးလျှောက်ပုံ နှင့် ဘုရားသျှင်က မဂ္ဂင်ရှစ်ပါး အကျင့်မြတ်တရားကို ပွားများအားထုတ်လျှင် နိဗ္ဗာန်သို့ရောက်နိုင်ပုံကို ဟောကြားတော်မူသော သုတ်။

(မဂ္ဂင်ရှစ်ရပ်အကျင့်မြတ်ဖြင့် နိဗ္ဗာန်သို့ ရောက်နိုင်ပုံ။)

မဟာ သံ–ပါ–၁၀။ ဋ္ဌ/တ–၁၆၄။ ဋ္ဌီ/ဒု–၄၀၄။ မြန်/ဟ–၁၁။

နဝကသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား နဂါးတို့သည် ဟိမဝန္တာ တောင်ကို အမှီပြု၍ ကြီးပွားအားယူလျက် အိုင်ငယ်အိုင်ကြီး, မြစ်ငယ်မြစ်ကြီးများမှစ၍ မဟာသမုဒ္ဒရာသို့ သက်ဆင်းပြီးလျှင် ခန္ဓာကိုယ်ကြီးမား၍ ခွန်အားပြည့်စုံစေသကဲ့သို့ ရဟန်းသည်သီလကို အမှီပြု၍ မဂ္ဂင်ရှစ်ပါး အကျင့်မြတ်တရားကိုပွားများအားထုတ်ရပုံ စသည်တို့ကို ဟောကြားတော်မူသောသုတ်။

(သီလသည် အကျင့်မြတ်၏ဘည်ဆာအစအဦးဖြစ်ပုံကို ပြသည်။)

မဟာ သံ–ပါ–၄၄။ ဌ/တ–၁၇၁+၁၇၂။ ဋ္ဌီ/ဒု–၄၁၁။ မြန်/တ–၄၆+၄၇။

နဝဝါသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ခြောက်လပတ်လုံး သမုဒ္ဒရာသို့ အကြိမ်ကြိမ် ကူးတော်ခဲ့သည့်လေ့ကြီးကို ကုန်းပေါ်သို့ တင်ထားပုံ - ချုပ်နှောင် ထားသော ကြိုးမိတ်သည် လေပူ ဇနပုတို့ခြောင့် မိုးယံးခရဖြင့် တွေ့ခဲ့သောအခါ လွယ်ကူစွာ ဆွေးမြေ့ ပျက်စီး ပြတ် တောက်ကုန်သကဲ့သို့ မဂ္ဂင်ရှစ်ပါး အကျင့်မြတ်တရားကို ပွားများအားထုတ်သော ရဟန်းအား သံယောဇဉ်တရားတို့ကို လွယ်ကူစွာဖြတ်တောက်နိုင်ပုံကို ဟောကြားတော်မူသောသုတ်။

(သံယောဇဉ်နှောင်ကြိုး ဆွေးမြေ့ပြတ်တောက်ပုံကို ပြသည်။)

မဟာ သံ–ပါ–၄၇+၄၈။ ဌ/တ–၁၇၃။ ဋ္ဌီ/ဒု–၄၁၁။ မြန်/တ–၅၀+၅၁။

နဒီသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား အဓေ့သို့ ညွတ်ရှိုင်း ချိုင့်ဝှမ်း စီးဆင်းသော ဂင်္ဂါမြစ်ရေအယဉ်ကို တဖန်အနောက်သို့ညွှတ်ရှိုင်းချိုင့်ဝှမ်းစီးဆင်းရန်မဖြစ်နိုင်သကဲ့သို့ မဂ္ဂင်ရှစ်ပါး အကျင့်မြတ်တရားကို အကြိမ်ကြိမ် ပွားများအားထုတ်သော ရဟန်းကို မင်း,ပုဏ္ဏား စသည်တို့က စည်းစိမ်ဥစ္စာနှင့် ပြားယောင်းသော်လည်း လူ့ဘောင်သို့ မသက်ဆင်းပုံ စသည်တို့ကို ဟောကြားတော်မူသောသုတ်။

(မဂ္ဂင်ရှစ်ခန်း လွန်ကြိုးပမ်းက ရဟန်းလူမထွက်သည်ကို ပြသည်။)

မဟာ သံ–ပါ–၄၉+၅၀။ ဌ/တ–၁၇၃။ ဋ္ဌီ/ဒု–၄၁၂။ မြန်/တ–၅၂+၅၃။

နန်ဃသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ရာဂ ဒေါသ မောဟဟူသောညှဉ်းဆဲခြင်း သုံးပါးပယ်ပုံ နှင့် ထိုညှဉ်းဆဲခြင်းသုံးပါးကို ထူးသောဉာဏ်ဖြင့် သိရန် ပိုင်းခြား၍ သိရန် ကုန်ရန် ပယ်ရန် မဂ္ဂင်ရှစ်ပါးတန်အကျင့်မှန်တရားကို ပွားများအားထုတ်ရန် ဟောကြားတော်မူသောသုတ်။

(ညှဉ်းဆဲခြင်းသုံးမျိုး နှင့် ကျင့်ရိုးလမ်းစဉ်မြတ်မဂ္ဂင်ကို ပြသည်။)

မဟာ သံ–ပါ–၅၃။ ဌ/တ–၈။ ဋ္ဌီ/ဒု–၈။ မြန်/တ–၅၇။

နိဝရဏသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား နိဝရဏတရား ငါးပါးရှိပုံ နှင့် ထိုနိဝရဏတရား ငါးပါး ကို ထူးသောဉာဏ်ဖြင့် ပိုင်းခြားရှင်းလင်းနိုင်ရန် ကုန်ရန် ပယ်ရန် အကျင့်မှန်တရားမဂ္ဂင်ရှစ်ပါး ကို ပွားများအားထုတ်ရန် ဟောကြားတော်မူသောသုတ်။

(နိဝရဏတရား ငါးပါးနှင့် အကျင့်မြတ်လမ်းစဉ် မြတ်မဂ္ဂင်ကို ပြသည်။)

မဟာ သံ–ပါ–၅၆။ ဋ္ဌ/တ–မ။ ဋီ/ဒု–မ။ မြန်/တ–၆၀။

နိဗ္ဗိဒါသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ဗောဇ္ဈင်ခုနစ်ပါးကို အကြိမ်ကြိမ် ပွားများ အားထုတ်လျှင် ငြိုးငွေ့ခြင်း စသော ရာဂကုန်ရာ နိဗ္ဗာန်၏အကျိုးဖြစ်ပုံကို ဟောကြားတော်မူသော သုတ်။

(ဗောဇ္ဈင်တရား အားထုတ်ခြင်း၏ အကျိုးကို ပြသည်။)

မဟာ သံ–ပါ–၇၅။ ဋ္ဌ/တ–မ။ ဋီ/ဒု–မ။ မြန်/တ–၇၉။

နိဗ္ဗေဒဘာဂိယသုတ်

မြတ်စွာဘုရားသျှင်သည် အသျှင်ဥဒါယီအား ဗောဇ္ဈင်ခုနှစ်ပါးကို အကြိမ်ကြိမ်ပွားများ သောသူသည် လောဘ, ဒေါသ, မောဟ စသော တရားတို့ကို ဖေါက်ခွဲနိုင်ပုံကို ဟောကြား တော်မူသောသုတ်။

(ဗောဇ္ဈင်တရား ဖေါက်ခွဲပုံ အားအစွမ်းကို ပြသည်။)

မဟာ သံ–ပါ–၇၀+၇၉။ ဋ္ဌ/တ–၁၀၇။ ဋီ/ဒု–၄၂၆။ မြန်/တ–၈၃။

နိဝရဏသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား နိဝရဏတရား ငါးပါးတို့သည် အသိဉာဏ် ပညာမျက်စိကို ကန်းစေ၍ ပင်ပန်းဆင်းရဲအောင်ပြုတတ်ပုံ · ကိလေသာငြိမ်းအေးခြင်း မဖြစ်နိုင်ပုံ တို့နှင့် ဗောဇ္ဈင်ခုနစ်ပါး မြတ်တရားသည် အသိဉာဏ်ပညာမျက်စိကို ကြည်လင်စေ၍ ချမ်းသာစွာ ဖြင့် ကိလေသာတို့ကို ငြိမ်းအေးစေနိုင်ပုံတို့ကို ဟောကြားတော်မူသောသုတ်။

(အဖျက်တရား နှင့် အပြုတရားကို ပြသည်။)

မဟာ သံ–ပါ–၈၆။ ဋ္ဌ/တ–-၁၈၉။ ဋီ/ဒု–၄၂၈။ မြန်/တ- ၉၁။

နိရောဓသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား နိဂရောဓသညာနှင့် ပေါင်ချင်ခုနစ်ပါးကို ပွားများလေ့ကျင့် အကျိုးကြီးစေကုံ့ ယောဂတရားအားထုတ်ပုံ့ ဆင်ဝင်ဖြစ်ပုံ့ ချမ်းသာပုံ့ အရဟတ္တဖိုလ် အနာဂါမ် တပါးပါးဖြစ်နိုင်ပုံကို ဟောကြားတော်မူသောသုတ်။

(နိရောဓသညာနှင့် ပေါင်ချင်ခုနစ်ပါး အကျိုးမျှားပုံကို ပြသည်။)

မဟာ သံ–ပါ–၁၁၇+၁၁၈။ ဌ/တ–၂၁၁+၂၁၂။ ဋီ/ဒု–၄၄၀+၄၄၉။ မြန်/တ–၁၂၂+၁၃၃။

နာလန္ဒသုတ်

နာလန္ဒမြို့ ပါဝါဋိကသရက်ဥယျာဉ်၌ ဗာဟျင်သာရိပုတ္တရာသည် မြတ်စွာဘုရားသျှင်အား သဒ္ဓညာတဉာဏ်တော်၌ မြတ်စွာဘုရားထက်သာလွန်သော သမဏ ဗြဟ္မဏတို့သည် ယခင်,ယခု နောင်အခါတို့၌ ရှိမည်မဟုတ်သည်ကို ယုံကြည်ကြောင်းကို လျှောက်ထားပုံ နှင့် ဘုရားသျှင် မေးမြန်းတော်မူသောအခါ အဿျင်သာရိပုတ္တရာသည် ဟညာရှိတံခါးစောင့် ဥပမာ စသည်တို့ဖြင့် လျှောက်ထားကြောင်းကို ဘုရားသျှင်ချီးကျူးတော်မူသောသုတ်။

(သဒ္ဓညာတ ဉာဏ်တော်၌ ဘုရားသျှင်တိုထက် သာလွန်သူမရှိပုံကို ပြသည်။)

မဟာ သံ–ပါ–၁၃၇+၁၃၉။ ဌ/တ–၂၄၁+၂၄၅။ ဋီ/ဒု–၅၇၄+၅၇၈။ မြန်/တ–၁၄၂+၁၄၆။

နိဗ္ဗေဓိကသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ဥဒ္ဓစ္စကုက္ကုစ္စလေးပါးကို အကြိမ်ကြိမ် ပွားများအားထုတ်လျှင် ပြီးပြတ်ခြင်း, ဆန္ဒရာဂချုပ်ငြိမ်းခြင်း, ကူးသောဉာဏ်ဖြင့် ကိုယ်တိုင်သိခြင်း, နိဗ္ဗာန်, သို့ မျက်မှောက်ပြုခြင်း အကျိုးနှိုပုံကို ဟောကြားတော်မူသောသုတ်။

(ဥဒ္ဓစ္စကုက္ကုစ္စလေးပါး ပွားများခြင်း၏အကျိုးကို ပြသည်။)

မဟာ သံ–ပါ–၂၂၃။ ဌ/တ–မ။ ဋီ/ဒု–မ။ မြန်/တ–၂၂၅။

နာနာတ္တသုတ်

အသျှင် မဟာမောဂ္ဂလ္လာနသည် ရဟန်းတို့အား ငါးသည် သတိပဋ္ဌာန် လေးပါးကို အကြိမ်ကြိမ် ပွားများခြင်းကြောင့် များစွာသော ဓာတ်အမျိုးမျိုးရှိသော လောကကြီးကို ဟုတ်မှန်စွာ သိတော်မူပုံကို ဟောကြားတော်မူသောသုတ်။

(သတိပဋ္ဌာန်လေးပါး၏အကျိုး တန်ခိုးကို ပြသည်။)

မဟာ သံ–ပါ–၂၆၆။ ဌ/တ- မ။ ဋီ/ဒု–မ။ မြန်/တ–၂၆၈။

နာနာဝိမုတ္တိသုတ်

အသျှင်အနုရုဒ္ဓါသည် ရဟန်းတို့အား ငါသည် သတိပဋ္ဌာန်လေးပါးကို အကြိမ်ကြိမ် ပွားများအားထုတ်ခြင်းကြောင့် သတ္တဝါတို့၏ နှလုံးသွင်း အမျိုးမျိုးကို ဟုတ်မှန်စွာ သိတော်မူပုံကို ဟောကြားတော်မူသောသုတ်။

(သတိပဋ္ဌာန် အကျိုး နှလုံးသွင်း အမျိုးမျိုးသိပုံကို ပြသည်။)

မဟာ သံ–ပါ–၂၆၆။ ဋ္ဌ/တ–မ။ ဋီ/ဒု–မ။ မြန်/တ–၂၉၆။

နန္ဒကလိဉ္စဝိသုတ်

ဝေသာလီပြည် မဟာဝုန်တော ပြာသာဒ် ကျောင်း၌ မြတ်စွာဘုရားသျှင်သည် နန္ဒကလိစ္ဆဝီ အမတ်ကြီးအား သောတာပတ္တိယင်္ဂဘုရားလေးပါးနှင့် ပြည့်စုံသော အရိယသာဝကသည် သောတာပန်ဖြစ်ပုံ နှင့် အရိယ သာဝကသည် လူနတ်တို့၌ ဖြစ်သော အာယု ဝဏ္ဏ သုခ ယသ အဓိပတေယျတို့နှင့် ယှဉ်ပုံ တဆင့်ကြားမဟုတ် ကိုယ်တိုင်သိမြင်တော်မူပုံကို ဟောကြားတော်မူသောသုတ်။

(သောတာပန်၏ အကျိုးကို ပြသည်။)

မဟာ သံ–ပါ–၃၄၀+၃၄၁။ ဋ္ဌ/တ–မ။ ဋီ/ဒု–မ။ မြန်/တ–၃၅၃+၃၅၄။

နန္ဒိယသက္ကသုတ်

ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ နန္ဒိယ သာကီဝင်သည် မြတ်စွာဘုရားသျှင်အား သောတာပန်အင်္ဂါလေးပါးနှင့် အခါခပ်သိမ်း မပြည့်စုံသော အရိယ သာဝကအား မေ့မေ့လျော့လျော့နေသူဖြစ်ပါသလောဟု မေးလျှောက်ပုံ - မြတ်စွာဘုရားသျှင်သည် ပုထုဇဉ် မည်ပုံနှင့် မေ့မေ့လျော့လျော့ နေတတ်သော အရိယ သာဝက မမေ့မလျော့ နေတတ်သော အရိယ သာဝကဟု နှစ်မျိုးရှိပုံကို အကျယ် ဟောကြားတော်မူသောသုတ်။

(အရိယသာဝက နှစ်မျိုးရှိပုံကို ပြသည်။)

မဟာ သံ–ပါ–၃၄၆+၃၄၈။ ဋ္ဌ/တ–၃၂၀။ ဋီ/ဒု–၅၃၆။ မြန်/တ–၃၅၁+၃၅၂။

နန္ဒိယသုတ်

ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ မြတ်စွာဘုရားသျှင်သည် နန္ဒိယ သာကီဝင်အား သောတာပန်အင်္ဂါလေးပါးနှင့် ပြည့်စုံလျှင် အထက်မဂ်သုံးပါးလျှင် ကိုန်းဝေလည်းဖေလျှင်ကုန်ရာရှိသော သောတာပန်ဖြစ်ပုံကို ဟောကြားတော်မူသောသုတ်။

(သောတာပန်သည် အထက်မဂ်သုံးပါး ကိုန်းဝေမြဲပုံကို ပြသည်။)

မဟာ သံ–ပါ–၃၅၃။ ဋ္ဌ/တ–မ။ ဋီ/ဒု–မ။ မြန်/တ–၃၅၇+၃၅၈။

• နိဗ္ဗေဓိကဝဟာသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား (မဟာပညာသုတ်) ကဲ့သို့ နိဗ္ဗေဓိက ပညာထိုးတွင်း၍သိနိုင်သော ပညာနှင့် ပြည့်စုံပုံကို ဟောကြားတော်မူသောသုတ်။

(ထိုးတွင်း၍ သိနိုင်သော ပညာနှင့် ပြည့်စုံခြင်းလေးပါးကို ပြသည်။)

မဟာသံ-ပါ-၃၆၂+၃၆၃။ ဌ/တ--မ။ ဋီ/ဒု--မ။ မြန်/တ--၃၆၇။

နခသိခသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား (နခသိခ) ဥပမာဖြင့် အရိယ သာဝက၏ ကြုံးကျန်သော (သတ္တက္ခတ္တုပရမ) မျှသာ အလွန်ရှိသော ဒုက္ခသည် လက်သည်းဖျားပေါ်မှ မြေမှုန့်ကဲ့သို့ အလွန်နည်း၍ ကုန်ဆုံးပြီးသော ဒုက္ခတို့သည် မဟာပထဝီ ဖြေကြီးကဲ့သို့ အလွန်များပုံတို့နှင့် အရိယ သာဝကဖြစ်ရန် သစ္စာလေးပါး မြတ်တရားကို ပွားများအားထုတ်ရန် တိုက်တွန်း ဟောကြားတော်မူသောသုတ်။

(အရိယသာဝက၏ ကြွင်းကျန်သော ဒုက္ခကို ပြသည်။)

မဟာ သံ-ပါ-၃၀၀။ ဌ/တ-၃၃၃။ ဋီ/ဒု-၅၄၆။ မြန်/တ-၃၀၆။

နဝဓိတသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ကြင်း သီခြင်း တီးမှုတ်ခြင်းကို နားထောင်ကြည့်ရှုခြင်းမှ ရှောင်ကြဉ်သော သူထက် မရှောင်ကြဉ်သော သူတို့က များပုံကို ဟောကြားတော်မူသောသုတ်။

(အနည်းနှင့်အများကို ယှဉ်တွဲ ပြသည်။)

မဟာသံ- ပါ ၃၀၈။ ဌ/တ-၃၃၅။ ဋီ/ဒု-၅၄၇+၅၄၈။ မြန်/တ-၃၁၅။

နိရိယ မနုဿ နိရိယာဒိသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား သဘ္ဘဝါဘို့သည် ငရဲဘဝမှစုတေ၍ လူ့ဘဝ၌ ဖြစ်သောသူတက် ငရဲ တိရစ္ဆာန် ပြိတ္တာဘဝတို့၌ ဖြစ်သောသူတို့က များပုံကို ဟောကြားတော်မူသောသုတ်။

(အပါယ်လေးပါးသို့ ကျရောက်သူများပုံကို ပြသည်။)

မဟာ သံ-ပါ-၃၁၄။ ဌ/တ--မ။ ဋီ/ဒု--မ။ မြန်/တ-၃၂၀။

နိရိယ ဒေဝ နိရိယာဒိသုတ်

မြတ်စွာ ဘုရားသျှင်သည် ရဟန်းတို့အား သတ္တဝါတို့သည် ငရဲဘဝမှ စုဝေး၍ နှတ်ဘဝ်ခံ ဖြစ်သောသူထက် ငရဲ တိရစ္ဆာန် ပြိတ္တာဘဝတို့ဝ်ခံ ဖြစ်သော သူတို့က များပုံကို ဟောကြားတော်မူသောသုတ်။

(အပါယ်လေးပါးသို့ ကျရောက်သူများပုံကို ပြသည်။)

မဟာ သုံ–ပါ–၄၁၄။ ဥ/တ–မ။ ဦ/ဒု–မ။ မြန်/တ–၄၂၀။

[အင်္ဂုတ္တရနိကာယ]

နိဝရဏပဟာနဝဂ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား နိဝရဏတရား ငါးပါးဖြစ်ပေါ်ရန် အခြောင်းတရားတို့နှင့် နိဝရဏတရားတို့၏ ဖြစ်ပုံ ကင်းပျောက်ပုံတို့ကို ယှဉ်တဲ့ ဟောကြားတော်မူသော (၁၀) သုတ်။

(ဥ/ဦ–မိလက္ခတိဿထေရ၏သား မထေရ်တို့၏ဝတ္ထု ပါသည်။)

အံ ဇက–ပါ/ပ–၂+၄။ ဥ/ပ–၂၂+၃၉။ ဦ/ပ–၇၂+၈၈။ မြန်/ပ–၃+၅။

နိဒါနသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ဝဋ်ဆင်းရဲသို့ ရောက်စေတတ်သော ကံတရားတို့၏ ဖြစ်ပေါ်ကြောင်း တရားသုံးပါးကို ဟောကြားတော်မူသောသုတ်။

(လောဘ ဒေါသ မောဟ သုံးပါးကို ပြသည်။ ဥ/ဦ– ကံ (၁၁) ပါး နှင့် အကျိုးပေးပုံ ဝတ္ထုတို့ပါသည်။)

အံ တိက–ပါ/ပ–၁၃၃+၁၃၅။ ဥ/ဒု–၁၀၃+၁၁၅။ ဦ/ဒု–၁၀၀+၁၁၀။ မြန်/ပ–၁၅၁+၁၅၃။

နိဗ္ဗုတသုတ်

မြတ်စွာဘုရားသျှင်သည် ဇာဏုဿောဏိပုဏ္ဏား၏ ဒေးလျှောက်ချက်အရ တရားဂုဏ်တော်ခြောက်ပါးကို ဟောကြားတော်မူသောသုတ်။

(တရားဂုဏ်တော် ခြောက်ပါးကို ပြသည်။)

အံ တိက–ပါ/ပ–၁၅၀+၁၅၉။ ဥ/ဒု–၁၄၁။ ဦ/ဒု–၁၂၀။ မြန်/ပ–၁၇၇+၁၀၇။

နိကဏ္ဍသုတ်

ဝေသာလီပြည် မဟာဝုန်တော ပြာသာဒ်ကျောင်း၌ အာဘယလိစ္ဆဝီမင်းနှင့် ပဏ္ဍိတ ကုမာရ လိစ္ဆဝီမင်းတို့သည် ဒေသနာအာနန္ဒာဒေါ နာဠန္ဒာပုတ္တတက္ကတ္ထန်း၏ ကြွားလုံးထုတ်သည့်စကားတို့နှင့် စပ်၍ လျှောက်ထားလို သောအာနန္ဒာက သိလ သမာဓိ ပညာ အကျင့်လမ်းစဉ်ကို ညွှန်ပြ ဟောကြားတော်မူသောသုတ်။

(သိလ သမာဓိ ပညာ သုံးပါးကို ပြသည်။)

ဒုံ သိက-ပါ/ပ-၂၂၁+၂၂၂။ ဋ္ဌ/ဒု-၂၀၂+၂၀၃။ ဋီ/ဒု-၁၈၁+၁၈၂။
မြန်/ပ-၂၃၈+၂၄၀။

နိဝေသကသုတ်

မြတ်စွာဘုရားသျှင်သည် အသျှင်ကဿပဖခုဒ္ဓာအား ချစ်ကျမ်းဝင်သော ဆွေမျိုး မိတ်သင်္ဃာတို့အား ဒေသနာတော်ဖြင့် ကိုးကွယ်လိုမှု ရှာနှုသုံးပါးတို့၏ ဂုဏ်တော်တို့ကို မတုန်မလှုပ်သက်ဝင်ယုံကြည်ဆောက်တည်စေခြင်းငှာ [illegible] ဟောကြားလေးပါးသည် ဖောက်ပြန်နိုင်သော်လည်း အရိယသာဝကတို့၏ ယုံကြည်မှုသည် မဖောက်ပြန်နိုင်ကြောင်းတို့ကို ဟောကြားတော်မူသောသုတ်။

(ရတနာသုံးပါး ဂုဏ်ရည်နှင့် အရိယာတို့၏ ယုံကြည်ပုံကို ပြသည်။)

ဒုံ တိက-ပါ/ပ-၂၂၃+၂၂၄။ ဋ္ဌ/ဒု-၁၀၃+၁၀၄။ ဋီ/ဒု-၁၈၂။
မြန်/ပ-၂၄၀+၂၄၁။

နိမိတ္တသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား မင်း၏နန်းတော်တွင်းသို့ ဝင်ရောက်သော ရဟန်း၏အပြစ်ဆယ်ပါးကို ဟောကြားတော်မူသောသုတ်။

(မသွားသင့်သောအရပ်သို့ သွားခြင်း အပြစ်ကို ပြသည်။)

အံ ဒသ–ပါ/တ–၃၂၀+၃၂၁။ ဋ္ဌ/တ–၃၁၂။ ဋီ/တ–မ။ မြန်–၃၁၉+၃၂၀။

ရာဂပေယျာလ

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ရာဂ, ဒေါသ, မောဟစသော (၁၇)ပါးသော တရားတို့ကို ထူးသောဉာဏ်ဖြင့်သိခြင်း စသော ဆယ်ပါးသော အကျိုးတို့ကို ရစေရန်အတွက် ဆယ်ပါးသောတရား သုံးမျိုးတို့ကို ပွားများရန် ဟောကြားတော်မူသောသုတ်။

အံ ဒသ–ပါ/တ–၅၁၇+၅၁၈။ ဋ္ဌ/တ–ပ။ ဋီ/တ–မ။ မြန်/–၅၁၁+၅၁၂။

ရာဂပေယျာလ

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ရာဂ စသော (၁၇)ပါးသော တရားတို့ကို ထူးသောဉာဏ်ဖြင့် သိခြင်းစသော ဆယ်ပါးသော ၊ + + ရန် ပဌမစျာန်စသော တဆဲ့တပါး သောတရားတို့ကို ပွားများရန် ဟောကြားတော်မူသောသုတ်။

အံ ကောဒသ–ပါ/တ–၅၅၇+၅၅၈။ ဋ္ဌ/တ–မ။ ဋီ/တ–မ။ မြန်–၅၄၄။

No 74

[ဒီဃနိကာယ]

[လ]

လောဟိစ္စသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတော်ငါးရာ ခြံရံလျက် ကောသလတိုင်း သာလဝတီကာ ဥယျာဉ် ကြွရောက်ဘော်မူစဉ်အခါ လောဟိစ္စပုဏ္ဏားအား အကြောင်းပြု၍ စောဒနာထိုက်သော ဆရာသုံးမျိုး - မဒစောဒနာလိုက်သော ဆရာသုံးမျိုးတို့ကို အကျယ်ဟောကြားတော်မူသောသုတ်။
(လောကဋ္ဌ အပြစ်တင်သင့်ပုံ နှင့် မတင်သင့်ပုံကို ပြသည်။)

သီလက္ခန္ဓ-ပါ-၂၁၄+၂၂၁။ ဋ္ဌ-၃၂၇+၃၃၀။ ဋီ/ဒု-၄၂၀+၄၂၄။ မြန်-၂၄၃+၂၅၁။

လကွဏသုတ်

(သာဝတ္ထိ) မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား သုဘဒ္ဒါဘုရာဒ စသော မဟာပုဏ္ဏသလက္ခဏာတော်ကြီး ၃၂-ပါးကို ရတော်မူခြင်း၏ အကြောင်းအကျိုးနှင့်တကွ စုံလင်စွာ အကျယ် ဒေသနာ ဟောကြားတော်မူသောသုတ်။

(သာဂါနာမ ဆေရိမြတ်တို့၏ ရှုကဆိုရာ ၃၂-ပါးသော မဟာပုရိသလက္ခဏာတော်ပြ ဂါထာတော်များနှင့်တကွ ကြည်ညိုမှတ်သားဖွယ်တို့ကို ပြသည်။)

ပါထိက-ပါ-၁၁၇+၁၄၅။ ဋ္ဌ-၁၀၁+၁၂၃။ ဋီ-၁၀၀+၁၂၆။ မြန်-၁၄၅+၁၆၂။

[မ၇္ဈိမနိကာယ]

လဋုကိကောပမသုတ်

ဗြဟ္မာဆုဘုရားသျှင်သည် အင်္ဂတိုင်း အာပနမည်သောနိုဂုံးဌ် သီတင်းသုံးတော်မူစဉ်အခါ ယောဂျုဝေါဟိအား အနှောင်အဲနှင့်စပ်၍ ဥပမာ အမျိုးမျိုးတို့နှင့်တကွ အနှောင်အဖွဲ့မှ လွတ်ငြောက်ခြင်း တည်းတို့ကို အကျယ်ဟောကြားတော်မူသောသုတ်။

(စျာန်မဂ်ဖိုလ်တရားတို့ကို အဆင့်ဆင့် ပြသည်။)

မ၇္ဈိပဏ္ဏာ-ပါ-၁၁၁+၁၁၉။ ဋ္ဌ-၁၁၄+၁၂၀။ ဋီ-၇၄+၇၈။ မြန်-၁၁၉+၁၂၉။

လောမသက်ဂိုယ ဘဒ္ဒေကရတ္တသုတ်

(သာဝတ္ထိ) စန္ဒန နတ်သားဘုံ ကပိုလဝတ်ပြည် နိဂြောဓာရုံ ကျောင်း၌ အာသျှဝ် လောမသက်ဂိုယအား ဘဒ္ဒေကရတ္တသုတ်ကို ကြားနာမှတ်သား သင်ယူပို့ချရန် လျှောက်ထားပုံ-

အသျှင် လောမသက်ဂိယသည် သာဝတ္ထိပြည် ဘုရားသျှင် အထံတော်သို့ လာရောက်လျှောက်ထားပုံ နှင့် ဘုရားသျှင်က ဘဒ္ဒေကရတ္တသုတ်ကို ဥဒ္ဒိသာ, နိဒ္ဒိသ အားဖြင့် ဟောကြားတော်မူသောသုတ်။

(ခန္ဓဝါးပါးဌ ဝိပဿနာ. ရှုဆင်ခြင်ပုံကို ပြသည်။)

ပရိ ပဏ်–ပါ–၂၄၀+၂၄၃။ ဋ္ဌ–၁၇၄+၁၇၅။ ဋီ–၃၇၀+၃၇၁။ မြန်–၂၄၂ ၂၄၆။

[သံယုတ္တနိကာယ]

လောကသုတ်

နတ်သား တယောက်သည် မြတ်စွာဘုရားသျှင်အား လောကကို ဖြစ်စေသောတရား · လောက၏အပေါင်းအဖော် · လောက၏အကြောင်းတရား - လောကကို နှိပ်စက်သောတရား တို့ကို မေးလျှောက်ပုံ နှင့် ဘုရားသျှင်က အဋ္ဌင်္ဂိကာယတနတရား ခြောက်ပါးဖြစ်လျှင် လောကသည်ဖြစ်၏၊ အဋ္ဌင်္ဂိကာယဘန ခြောက်ပါးသည်ပင်လျှင် လောက၏ အပေါင်းအဖော် ဖြစ်၏၊ အကြောင်းတရားဖြစ်၏၊ လောကကိုနှိပ်စက်၏ စသည်ဖြင့် ဟောကြားတော်မူသောသုတ်။

(လောကနှင့် အဋ္ဌင်္ဂိကာယတန ခြောက်ပါးကို ပြသည်။)

သဂါထာ သံ–ပါ–၃၀။ ဋ္ဌ/ပ–၉၁။ ဋီ/ပ–၁၃၄+၁၃၅။ မြန်/ပ–၃၇+၃၀။

လောကသုတ်

(သာဝတ္ထိ) ကောသလမင်းကြီးသည် မြတ်စွာဘုရားသျှင်အား စီးပွားချမ်းသာကို ပြစ်စေပဲ ဆင်းရဲစေသောဘုရားကို မေးလျှောက်ပုံ · ဘုရားသျှင်က လောဘ, ဒေါသ, မောဟတရား သုံးပါးသည် စီးပွားချမ်းသာကိုမဖြစ်စေပဲ ဘင်းမဲ့ဒုက္ခကြောင်းတရား ဖြစ်ပုံကို ဝါးပင်, ကျူပင် ဥပမာဖြင့် ဟောကြားတော်မူသောသုတ်။

(ပုဂိုသသုဘ်နှင့်တူသည်၊ ဆင်းရဲကြောင်းတရားကို ပြသည်။)

သဂါထာ သံ–ပါ–၉၈+၉၉။ ဋ္ဌ/မ။ ဋီ–မ။ မြန်/ပ–၉၅+၉၆။

လောကသုတ်

(သာဝတ္ထိ) မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ပဋိစ္စသမုပ္ပါဒ်နည်းတစ်ရပ်ရှိ လော ဟူ၏ ဖြစ်ခြင်း ချုပ်ခြင်း စသည်ကို ဟောကြားတော်မူသောသုတ်။

(သဒ်ဂါရ လောကဖြစ်ပုံ ချုပ်ပုံကို ပြသည်။)

နိဒါန သံ–ပါ–၃၀၁+၃၀၂။ ဋ္ဌ/ဒု–၆၉။ ဋီ/ဒု–၈၇။ မြန်/ပ–၂၈၉ ၂၉၀

လဲ့ကာယတိကသုတ်

(သာဝတ္ထိ) လဲ့ကာယတိက ပုဏ္ဏားသည် မြတ်စွာဘုရားသျှင်အား အလုံးစုံသည် ရှိပါသလော - သို့မဟုတ် မရှိပါသလော - အလုံးစုံသည် သဘောတူပါသလော- အထူးထူး သဘောဋ္ဌိပါသလောဟု မေးလျှောက်သုံ - ဘုရားသျှင်က ထိုအမေးလေးပါးသည် လောကကို ခွဲခြားသိသောဇာရားတို့ပေတည်း၊ အစွန်းနှစ်ပါးကိုပယ်၍ အလယ်လမ်းဖြင့် အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ပုံ ဧသော ပဋိစ္စသမုပ္ပါဒ်ဘရားဘော်ကို အနုလုံ ပဋိလုံအားဖြင့် ဟောကြားတော်မူသောသုတ်။

(လောကကို ခွဲခြားသိကြောင်းမည်ပုံကို ပြသည်။)

နိဒါန သံ–ပါ–၃၀၄+၃၀၅။ ဋ္ဌ/ဒု–၇၀။ ဋီ/ဒု–၈၉။ မြန်/ပ–၂၉၂။

လကုဏ္ဍလဘဒ္ဒိယသုတ်

(သာဝတ္ထိ) မြတ်စွာဘုရားအထံတော်သို့ ဆည်းကပ်ရန်လာနေသော အသျှင်လကုဏ္ဍလဘဒ္ဒိယ အား အဝေးမှမြင်တော်မူ၍ ရဟန်းတို့အား အဆင်းမလှ ပုကွကွဖြစ်၍ ရဟန်းတို့၏ ခြေဖျင်လျှောင်ခြင်းကိုခံရသော ထိုချစ်သား လကုဏ္ဍလဘဒ္ဒိယသည် တန်ခိုးကြီး၏၊ မာင်ဘူးသော သမာပတ်မရှိ - အရဟတ္တဖိုလ်နှင့် ပြည့်စုံ၏၊ အသက်ငယ်သော်လည်း ပညာရှိသောသူသည် ကြီးမြတ်ပုံ - အသက်ကြီးသော်လည်း သူပိုက်သည် ကြီးမြတ်သည် မမည်ပုံ စသည်တို့ကို ဟောကြားတော်မူသောသုတ်။

(ကြီး,ငယ်မဟူ ပညာရှိသူ ကြီးမြတ်ပုံကို ပြသည်။ ဋ္ဌ/ဋ္ဌ–အတိတ်ဇာတ်ကြောင်းကို ပွင့်ပြသည်။)

နိဒါန သံ–ပါ–၄၆၇။ ဋ္ဌ/ဒု–၂၁၇၊ ၂၁၈။ ဋီ/ဒု–၁၉၆။ မြန်/ပ–၄၅၅+၄၅၆။

လောကပဉ္ဉာသုတ်

ရဟန်းတပါးသည် မြတ်စွာဘုရားသျှင်အား အဘယ်အကြောင်းကြောင့် လောကမည်ပါသနည်းဟု မေးလျှောက်ပု- ဘုရားသျှင်က ဖော်ကျွေစေသော ပဿဒ္ဒ, အာရုံ, ဝဏ္ဏဇာ, သမ္ဗဿ,ဝေဒနာတရုံးတို့ပေါ်။ ပျက်စီးပုံနှင့် ပျက်စီးတတ်သောကြောင့် လောကမည်ပုံကို ဟောကြားတော်မူသောသုတ်။

(ပျက်စီးတတ်သောကြောင့် လောကမည်ပုံကို ပြသည်။)

သဠာ သံ–ပါ/ဒု–၂၇၈။ ဋ္ဌ/တ–၁၇။ ဋီ/မ။ မြန်/ဒု–၂၇၁။

လောကသမုဒ္ဒယသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား စက္ခု, ရူပါရုံ စသည်တို့ကိုစွဲ၍ ဝိညာဏ်, ဖဿ

ဝေဒနာ, တဏှာ, ဥပါဒါန်, ဘဝ, ဇာတိ စသည်တို့ ဖြစ်ပေါ်ခြင်းကို လောကဟု ခေါ်ဝေါ်ဖြစ်ပေါ်ပုံနှင့် လောကချုပ်ပုံတို့ကို ဟောကြားတော်မူသောသုတ်။

(လောက၏ ဖြစ်ပုံ ချုပ်ပုံကို ပြသည်။)

သဋ္ဌာ သံ–ပါ/ဒု–၃၀၇+၃၀၈။ ဋ္ဌ/တ–၃၂။ ဋ္ဌီ/ဒု–၃၀၅။ မြန်/ဒု–၃၀၀+၃၀၁။

လောကန္တဂမနသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား လောက၏အဆုံးကို သိမြင် ရောက်ရှိအပ်ခြင်း မရှိပုံ - လောကအဆုံးသို့ သိမြင်ရောက်ရှိခြင်း မရှိပါလျှင် ဝဋ်ဆင်းရဲ၏အဆုံးသို့ မရောက်ရှိပုံတို့ကို အကျဉ်းအားဖြင့် ဟောကြားတော်မူပုံ - ရဟန်းတော်တို့သည် အသျှင်အာနန္ဒာအား မေးလျှောက်ကြ၍ အသျှင်အာနန္ဒာက အကျယ်ကိုဝေဘန်ဟောကြားတော်မူပုံ နှင့် ရဟန်းတော်တို့က ဘုရားသျှင်အား ပြန်ကြားလျှောက်ထားကြ၍ ဘုရားသျှင်က ချီးကျူးထောက်ခံအတည်ပြုတော်မူသောသုတ်။

(လောက၏ အဆုံးသို့ မရောက်နိုင်ပုံ နှင့် ရောက်ပုံကို ပြသည်။)

သဋ္ဌာ သံ–ပါ/ဒု–၃၁၃+၃၁၇။ ဋ္ဌ/တ–၃၃+၃၅။ ဋ္ဌီ/ဒု–၃၀၆+၃၀၇။
မြန်/ဒု–၃၀၇+၃၁၀။

လောဟိစ္စသုတ်

အသျှင်မဟာကစ္စည်းသည် အဝန္တီတိုင်း မတ္တရကတမြို့ တောကျောင်း၌ သီတင်းသုံးတော်မူစဉ်အခါ လောဟိစ္စပုဏ္ဏား၏တပည့် ထင်းခွေပုဏ္ဏားတို့သည် အသျှင်မဟာကစ္စည်း၏ အနီးအပါး၌ ဆဲဆိုရေရွတ် အော်ဟစ်ကြပုံ - အသျှင်မဟာကစ္စည်းသည် ထင်းခွေပုဏ္ဏားတို့အား ရှေးခေတ်ဟောင်းပုဏ္ဏားတို့၏ အကျင့်တရားနှင့် မျက်မှောက်ခေတ် ပုဏ္ဏားတို့၏ အကျင့်တရားကို ဟောကြားတော်မူပုံ - ထင်းခွေပုဏ္ဏားတို့၏ ပြန်ကြားပြောဆိုသောစကားဖြင့် လောဟိစ္စပုဏ္ဏား အမျက်ထွက်၍ အသျှင်မဟာကစ္စည်းအထံသို့ သွားရောက်မေးမြန်း လျှောက်ထားပုံ - အသျှင်မဟာကစ္စည်းက တရားတော်ကို အကျယ် ဝေဘန် ဟောကြားတော်မူပုံ နှင့် လောဟိစ္စပုဏ္ဏား ဥပါသကာဖြစ်ပုံကို ဟောကြားတော်မူသောသုတ်။

(ဂူဇန္ဒြေတို့၌ လုံခြုံပုံကို ပြသည်။)

သဋ္ဌာ သံ–ပါ/ဒု–၃၃၄÷၃၃၇။ ဋ္ဌ/တ–၄၁+၄၃။ ဋ္ဌီ/ဒု–၃၁၂+၃၁၃။
မြန်/ဒု–၃၂၀+၃၃၁။

လောကသုတ်

သာကေတမြို့ ကဏ္ဍကီတောအုပ်၌ အသျှင် သာရိပုတ္တရာသည် အသျှင် အနုရုဒ္ဓါအား ဒေဘယ်စရာကို ပွားများသောကြောင့် မြတ်သော အသိဉာဏ်နှင့် ပြည့်စုံပါသနည်းဟု

မေးလျှောက်ပုံ · အာသျင်အနုရုဒ္ဓါက သတိပဋ္ဌာန်လေးပါးကို ပွားများအားထုတ်သောကြောင့် လောကတဒဘာဝ်ကို သိမြင်နိုင်သည့် မြတ်သော အသိဉာဏ်နှင့် ပြည့်စုံပုံကို ဖြေကြားတော်မူသောသုတ်

(ရဟောဂတဝဂ် တတိယကဏ္ဍကိသုတ်နှင့် တူသည်။)

မဟာ သံ–ပါ–၁၅၃။ ဋ္ဌ/တ–၂၆၁။ ဋီ/ဒု–၄၈၃။ မြန်/တ–၁၅၈။

လဟုပညာသုတ်

ခြတ်စ္ဒာဘုရားသျင်သည် ရဟန်းတို့အား (မဟာပညာ သုတ်) ကဲ့သို့ ပေါ့ပါးသော ပညာနှင့် ပြည့်စုံစေသော အင်္ဂါလေးပါးကို ဟောကြားတော်မူသောသုတ်။

(သူတော်ကောင်းကို မှီဝဲဆည်းကပ်ခြင်း စသည်ကို ပြသည်။)

မဟာ သံ–ပါ–၃၆၁။ ဋ္ဌ/တ–၈။ ဋီ/ဒု–၈။ မြန်/တ–၃၆၆။

လောကသုတ်

မြတ်စ္ဒာဘုရားသျင်သည် ရဟန်းတို့အား သစ္စာလေးပါး အမှန် တရားကို ဟောကြားတော်မူပုံ- သတ္တလောကဌ မြတ်စ္ဒာဘုရားသျင်သည် အရိယာမည်သောကြောင့် အရိယ သစ္စာ ခေါ်ဆိုပုံ နှင့် ရဟန်းတို့အား ပွားများအားထုတ်ရန် တိုက်တွန်း ဟောကြားတော်မူသော သုတ်။

(မြတ်စ္ဒာဘုရားသျင်သည် အရိယာ မည်ပုံကို ပြသည်။)

မဟာ သံ–ပါ–၃၀၁။ ဋ္ဌ/တ–၃၃၀။ ဋီ/ဒု–၅၄၃။ မြန်/တ–၃၀၈။

လောကဓိန္ဓာသုတ်

(ရာဇဂြိုဟ်) မြတ်စ္ဒာဘုရားသျင်သည် ရဟန်းတို့အား ရှေးအခါက ယောကျ်ားတယောက်၏ လောကဓိန္ဓာကြံစည်ပုံ စစ်ရှုံးလာသော အသူရာ စစ်သည်တို့ ကြောစွယ်ကြာရိုး အရင်းသို့ဝင်သွားပုံတို့ကို မြင်ရရှိ မိမိနှင့်တကွ လူအပေါင်းတို့က ရှုးသွပ်သွားပြီဟု ထင်မှတ်ပုံ စသည်တို့နှင့် ပတ်သျို့းမရှိသော လောကဓိန္ဓာကို မကြံစည်အပ်ပုံ သစ္စာလေးပါးကိုသာ ကြံစည် ပွားများ အပ်ပုံ စသည်တို့ကို ဟောကြားတော်မူသောသုတ်။

(အကျို့းမရှိသော လောကဓိန္ဓာကို မကြံစည်အပ်ပုံကို ပြသည်။)

မဟာ သံ–၁ ၃၀၀+၃၀၃။ ဋ္ဌ/တ–၃၃၁+၃၃၂။ ဋီ/ဒု–၅၄၄။
မြန်/တ–၃၉၆+၃၉၇။

[အာဂုံတ္တရနိကာယ]

လက္ခဏသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား သူမိုက်တို့၏ လက္ခဏာသုံးပါး နှင့် ပညာရှိကို့၏ လက္ခဏာသုံးပါးတို့ကို ဒုစရိုက်သုစရိုက်တို့ဖြင့် ယှဉ်ပြု ဟောကြားတော်မူသောသုတ်။

(သူမိုက်နှင့် ပညာရှိတို့၏ လက္ခဏာ သုံးပါးအစုံကို ပြသည်။)

အံ တိက–ပါ/ပ–၁၀၀။ ဋ္ဌ/ဒု–၇၀။ ဋီ/ဒု–၇၅+၇၆။ မြန်/ပ–၁၁၈။

လောဏကပလ္လဿုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ပြုအပ်သောကံကြောင့် ကံ၏ အကျိုးကို ခံစားရသည်ဟူသော အယူနှင့် ခံစားအပ်သော ကံကို ပြုလုပ်ခြင်းကြောင့် ကံ၏ အကျိုးကို ခံစားရသည်ဟူသောအယူနှစ်မျိုး၏ ထူးခြားပုံ တမလွန်၌ အနည်းငယ်မျှသော အကုသိုလ်၏ အကျိုးပေးပုံ မပေးပုံတို့ကို ဆားငန်ရေ ဥပမာတို့ဖြင့် ဟောကြားတော်မူသောသုတ်။

(အကုသိုလ် အကျိုးပေးပုံ မပေးပုံကို ပြသည်။)

အံ တိက–ပါ/ပ–၂၅၀+၂၅၄။ ဋ္ဌ/ဒု–၂၂၅+၂၂၇။ ဋီ/ဒု–၁၉၇–၁၉၈။
မြန်–၂၆၉+၂၇၃။

လေခသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ကျောက်, မြေ, ရေ တို့၌ ရေးသားအပ်သော အက္ခရာကဲ့သို့သော ပုဂ္ဂိုလ်သုံးမျိုးရှိပုံကို ဟောကြားတော်မူသောသုတ်။

(ပုဂ္ဂိုလ် သုံးမျိုးရှိပုံကို ပြသည်။)

အံ တိက–ပါ/ပ–၂၀၆+၂၀၇။ ဋ္ဌ/ဒု–၂၄၁။ ဋီ/ဒု–၂၁၅ ၂၁၆။
မြန်–၃၀၄+၃၀၅။

လောကသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ဂါဘုရားသည် လောကနှင့်စပ်သမျှ အလုံးစုံကို သိတော်မူပုံ လောက၏ ဖြစ်ကြောင်း ချုပ်ငြိမ်းရာ ချုပ်ငြိမ်ကြောင်း အကျင့်တရားတို့ကို သိတော်မူပုံနှင့် တထာဂတမည်တော်မူပုံ စသည်တို့ကို ဟောကြားတော်မူသောသုတ်။

(သစ္စာလေးပါးနှင့် တထာဂတလေးပါးကို ပြသည်။)

အံ စတု–ပါ/ပ–၃၃၁+၃၃၃။ ဋ္ဌ/ဒု–၂၆၀ ၂၇၀။ ဋီ/ဒု–၂၄၆ ၂၅၄။
မြန်/ပ–၃၄၇+၃၄၈။

လိစ္ဆဝီရာဇကုမာရသုတ်

ဧကသာလိပြည်၌ မဟာဝုန်တော ပြာသာဒ် ကျောင်း၌ မြတ်စွာဘုရားသျှင်သည် လိစ္ဆဝီမင်းသားငယ်များ နှင့် မဟာနာမ် လိစ္ဆဝီ မင်းအား ကြီးပွား တိုးတက်ခြင်းကို ဖြစ်စေသော တရားငါးပါးကို ဟောကြားတော်မူသောသုတ်။

(ကြီးပွားကြောင်းတရား ငါးပါးကို ပြသည်။)

အံ ပဋ္ဌ--ပါ/ဒု--၆၆ ၆၉။ ဌ/တ--၂၉+၃၀။ ဋ္ဌီ/တ--၂၆။ မြန်/ဒု--၈၁+၈၄။

ပဌမ လောကဓမ္မသုတ်
ဒုတိယ လောကဓမ္မသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းဘိုးဘွား လောကဓံတရား၌စပ်ပါးနှင့် လောကကြီးသည် အပြန်အလှန်အစဉ်လိုက်နေပုံနှင့် အရိယာ သာဝက နှင့် ပုထုဇဉ်သို့သည် ကွဲပြားလောကဓံ လေးပါး အနိဋ္ဌလောကဓံလေးပါးတို့၌ နှလုံးသွင်းဆူးခြားပုံတို့ကို ဟောကြားတော်မူသောသုတ်။

(ပုထုဇဉ်နှင့် အရိယာတို့ လောကဓံတရား၌ နှလုံးထားပုံကို ပြသည်။)

အံ အဋ္ဌ--ပါ/တ--၇+၉။ ဌ/တ--၁၉၅+၁၉၆။ ဋ္ဌီ/တ--၂၀၆။ မြန်/တ--၇+၁၀။

လောကာယတိကသုတ်

လောကာယတဝါဒရှိသော ပုဏ္ဏား (၂) ယောက်သည် မြတ်စွာဘုရားသျှင်အား ပုရာဏကဿပနှင့် နာဋပုတ္တ၏သားနိဂဏ္ဌတို့၏ ဝင်ကြား ပြောဆိုသည့် စကားတို့၏ ဆန့်ကျင်ဘက် ဒဿနကို လျှောက်ထားပုံ ဘုရားသျှင်က အကျယ် ဝေဘန် ဟောကြားတော်မူသောသုတ်။

(ပဏ္ဏားတို့၏ ဒဿနကိုပယ်၍ လောကဿ ကွက်မြောက်ပုံကို ဥပမာတို့ဖြင့် ပြသည်။)

အံ နဝ--ပါ/တ--၂၂၅+၂၂၀။ ဌ/တ--၂၀၀+၂၀၁။ ဋ္ဌီ/တ--၃၀၀+၃၀၁။
မြန်/တ--၂၂၆+၂၂၀။

[မဇ္ဈိမန်ကာယ]

[၀]

ဝတ္ထသုတ်

(သာဝတ္ထိ) မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား အညစ်အကြေးစွဲသော အဝတ်နှင့် ပြုစုသော အဝတ်ကို ဖော်ရောင်ဆိုးပုံ- ညစ်ညူးကြောင်း ဖြစ်သော စိတ်နှင့် ညစ်ညူးခြင်း ကင်းပျောက်လျင် အတွင်း၌ ရောဂျိုးပြိုးသော ရဟန်း ဟု ခေါ်ဆိုရပုံ- ရောဂျိုးခြင်းနှင့် စပ်၍

သုံးနှုန်းရိုက ဘာရဒွါဇပုဏ္ဏား၏ လျှောက်ဆားခြင်းကို အကျယ် ဖြေဆို ဟောကြားတော်မူသော သုတ်။

(စိတ်ညစ်ညူးလျှင် ပညာအလင်းရောင် မထွန်းပဲကို ပြသည်။)

မူလ ပဏ္ဏာ-ပါ-၄၃+၄၈။ ဋ္ဌ/ပ-၁၇၀+၁၈၅။ ဋီ/ပ-၂၆၈+၂၈၃။ မြန်-၄၇ ၅၂။

ဝနပတ္တသုတ်

(သာဝတ္ထိ) မြင့်စွာ ဘုရားသျှင်သည် ရဟန်းတို့အား တောအုပ်ဥစ္စာဂုဏ်း, ရွာဥစ္စာဂုဏ်း, ပုဂ္ဂိုလ် တဦးဦး၌ဂုဏ်း မှီဝဲ၍ နေသင့်ခြင်း မနေသင့်ခြင်း၏ အကြောင်းကို ဆုံခြားရှိ ဟောကြား တော်မူသောသုတ်။

(နေထိုင်ရေးကို ဝေဘန်ပြသည်။)

မူလ ပဏ်/ပါ-၁၄၉+၁၅၄။ ဋ္ဌ/ပ-၃၇၆။ ဋီ/ဒု-၅၇+၅၈။ မြန်-၁၅၃+၁၅၈။

ဝိတက္ကသဏ္ဌာနသုတ်

(သာဝတ္ထိ) မြတ်စွာ ဘုရားသျှင်သည် ရဟန်းတို့အား အကုသိုလ်ဝိတက်တရား တို့ ဖြစ်ပေါ် လာသော် ၎င်းဝိတက်ကို အကြောင်းအကျိုးဆင်ခြင်၍ အံသွားကို ကြိတ်လျက် ကုသိုလ်အာဟုံသို့ ပြောင်းယူရပုံတို့ကို ဥပမာ အမျိုးမျိုးတို့ဖြင့် ဆန်းကြယ်စွာ ဟောကြားတော်မူသောဒုတ်။

(စိတ်ကို မရလျှင် ရအောင် ပြောင်းရပုံကို ပြသည်။)

မူလ ပဏ်-ပါ-၁၆၇+၁၇၂။ ဋ္ဌ/ပ-၃၉၁+၃၉၈။ ဋီ/ဒု-၇၂+၇၇။ မြန်-၁၇၁+၁၇၅။

ဝမ္မိကသုတ်

(သာဝတ္ထိ) အနုဗုဒ္ဓာဘုရားအုပ်ခြုံ သီတင်းသုံးနေသော အသျှင် ကုမာရကဿပကား ညဉ့်သန်ခေါင်ယာမ်အချိန်၌ နတ်သားတဦး လာရောက်လျှောက်ထားသည့် တဆဲ့ငါးပါး အခြင်းအရာတို့ဖြင့် (ဆေးပဲပို့) ပြုသူဘဝကို ဘုရားသျှင်အား မေးလျှောက်ပုံနှင့် ဘုရားသျှင်က အဓိပ္ပါယ်စုံလင်စွာဖြင့် ကောင်းကျိုး ပြုကြားတော်မူသောသုတ်။

(အရဟာဏ္ဍဝိုင်ဘက်ကို ဆေးပဲပို့ ဥပမာဖြင့် ဆန်းကြယ်စွာပြသည်၊ ဋ္ဌ/နှ- အသျှင် မောရကဿပ၏ အကိတ်ဝတ္ထုကြီး ပင့်ပြသည်။)

မူလ ပဏ်-ပါ-၁၉၅+၁၉၈။ ဋ္ဌ/ဒု-၂၆+၄၀။ ဋီ/ဒု-၁၀၁+၁၀၈။ မြန်-၂၀၁+၂၀၄။

(သံယုတ္တနိကာယ)

ဝနရောပနသုတ်

နတ်သားတယောက်သည် မြတ်စွာဘုရားသျှင်အား နေ့ညဉ့်မကွာ အခါခပ်သိမ်း ကုသိုလ်ကောင်းမှုနှင့် ပြည့်စုံခြင်းကို လျှောက်ထားပုံ - ဘုရားသျှင်က ဥယျာဉ် သစ်ပင် ဝိုက်ဝိုင်းခြုံ, တံတားခင်းခြင်း, ရေအိုးစင် ရေတွင်း ရေကန် ကျောက်စသည် လှူဒါန်းသူတို့သည် အာဒါဝပ်သိမ်း ကုသိုလ်ကောင်းမှုနှင့် ပြည့်စုံသည် မည်ပုံကို ဟောကြားတော်မူသောသုတ်။

(နေ့ ညဉ့်မပြတ် ကုသိုလ်ကောင်းမှုနှင့် ပြည့်စုံနည်းကို ပြသည်။)

ဆဂါထာ သံ-ပါ-၃၀၊၃၁။ ဥ/ပ-၀၃၊၀၅။ ဝိ/ပ-၁၂၂၊၁၂၄။ မြန်/ပ-၃၉။

ဂဏ္ဍသုတ်

နတ်သားတယောက်သည် မြတ်စွာဘုရားသျှင်အား ဂဏ္ဍိ၏ မိုရာဝဲညာရာ, မြတ်သော အာဆွေဒေါပုန်း, မြေဒွတည်သော သတ္တဝါတို့၏ ဒေသင်မြေးမှု မိုရာတို့ကို လျှောက်ထားပုံနှင့် မြတ်စွာဘုရားသျှင်က လူတို့၏ မိုရာ တည်ရာဒေသ ကားသမီး, မြတ်သော အာဆွေ ဒေါပုန်းသည် ကောင်းသောမယား, မြေဒွတည်သောသတ္တဝါတို့ဒေသင်မြေးမှု မိုရာသည် မိုးသဲ့ရာ စသည်ကြောင့် ပြောကြားတော်မူသောသုတ်။

(တည်ရာ မိုရာ အားသားလုံးကို ပြသည်။)

သဂါထာ သံ-ပါ-၁၄။ ဥ/ပ-၀၈။ ဝိ/ပ-၁၂၆။ မြန်/ပ-၃၄။

ဂိဉ္ဇသုတ်

နတ်သား တယောက်သည် မြတ်စွာဘုရားသျှင်အား ဒေသကဲ့သို့ မြတ်သောဥာဏ်, ခွန်အား ဆောင်ရွက်သော ဇလကျွဉ်ပျံ, အကောင်းဆုံးအရှေသော နှင့် မြတ်သော အသက်ရှူမဖျော်ဖို့ ပေး လျှောက်ပုံ - ဘုရားသျှင်က သဒ္ဓါ, ကုသိုလ်တရား, ဘုရားတရားတို့ ပညာကသည် မြတ်သောသူ မွေးခြင်း မည်ပုံစသည်တို့ကို ဟောကြားတော်မူသောသုတ်။

(လောကဋ္ဌ မြတ်သောချမ်းသာ သွေ့ကျွံမှု အရာသာ အသက်ရှူမှုကို ပြသည်။)

သဂါထာ သံ-ပါ-၃၉။ ဥ/ပ-၉၁။ ဝိ/ပ-၁၃၆။ မြန်/ပ-၅၀-၅၂

ဂိဉ္ဇသုတ်

နတ်သား တယောက်သည် မြတ်စွာဘုရားသျှင်အား တော်လာရာဒေသ ပြောကြားတော်မူသော အရာဝတ္ထု ခြေဖြင့် သွားတော်မူသောသူ အားကိုးရာပုဂ္ဂိုလ် ကို ပြောကြားတော်မူပုံတို့ အာဘယ်သည် မြတ်ပါသနည်းဟု မေးလျှောက်ပုံ ဘုရားသခင်က (မျိုးဒေ, မိုးသဲ့)

နှင့် သား) ဝိဇ္ဇာမင်္ဂလာကို အဝိဇ္ဇာ သံယောဇဉ်နှင့် အကျိုးစီးပွားကို ပြောတတ်သော သူတို့တွင် မြတ်စွာဘုရားသည် အမြင်ဆုံး ဖြစ်ပုံကို ဟောကြားတော်မူသောသုတ်။

(လွန်မြောက်ခြင်းတို့ကို ပြသည်။)

သဂါထာ သံ–ပါ–၃၉။ ဌ/ပ–၉၂။ ဒို/ပ–၁၃၆+၁၃၇။ ဩ/ပ–၃၉။

ဝေဇ္ဇာသုတ်

ခပ္ပကာနတ်သားသည် မြတ်စွာဘုရားသျှင်အား ဘုရားသျှင်၏ သာသနာတော်၌ မမေ့မလျော့ ဝံ့သွားခြင်း၌ အကျင့်မြတ်ကို ကျင့်ကြံသူ၏ ခုပ်းသင့်ပုံကို ပေးလျောက်ပုံ နှင့် ဘုရားသျှင်က ၎င်းစကားကို မသေမမွေလျှဉ် ကျင့်ကြံသောသူသည် သေမင်းနှိုင်းသို့ မလိုက်ပါရပုံကို ဟောကြားတော်မူခဲ့သောသုတ်။

(ဘုရားသျှင်၏ တရားတော်ကို ကျင့်ကြံရခြင်း၏ အကျိုးကို ပြသည်။)

သဂါထာ သံ–ပါ–၅၀။ ဌ/ပ–၁၀၂။ ဒို/ပ–၁၅၀။ ဩ/ပ–၄၉။

ဝါသဒတ္တသုတ်

ဝါသဒတ္တ နတ်သားသည် မြတ်စွာဘုရားသျှင်အား လှူဒါန်းအထိုးခံရသူ့ ဥိးခေါင်းကို မီးတောက်ဆေးကဲ့သို့ ရာဂကိလေသာနှိမ်ချုပ်ခြင်း နှင့် ဘုရားသျှင်က [illegible] အခရုးကြီးဖွာ သင်္ကြံပြုသင့်ပုံကို ဟောကြားတော်မူသောသုတ်။

(သင်္ကာယဒိဋ္ဌိကို ပယ်သတ်ရန် အခေါ်းကြီးပုံကို ပြသည်။)

သဂါထာ သံ–ပါ–၅၂။ ဌ/ပ–၁၀၂+၁၀၃။ ဒို/ပ–၁၅၂။ မြန်/ပ–၅၀+၅၁။

ဝိဇယာသုတ်

(သာဝတ္ထိ) ဝိဇယာဘိက္ခုနီ အသျှင်ပဝါရဏာ အနုဝန်တောအဘွင်း တခုသော သစ်ပင်ရင်းခြံ သီတင်းဝါးနှုတ်အခါ မာရ်နတ်ပျက်သည် အသင်ဖလည် ဆုံနယ်ပျိုမြစ် လှုပသူဖြစ်၏၊ ငါလည်း နှုတ်ပျိုမစ်သူဖြစ်၍ ငါတို့နှင်ကိုး ပြုးကွးဝပျက်ဝပ့် ကြပါဘုန်စို့ဟု မဖွယ်မရာ လူပျို စကား ဖြစ်ပါနှင့် ဘိက္ခုနီ အသျှင်မက အာဂုံငါးပါး ကာမဂုဏ် တရားတို့ကို သင်အားသာလျှင် အပ်ဆင်းလိုက်၏။ ငါဦးကား အလိုမရှိ၊ ခန္ဓာလိုသ်ကို ငါပြုံးငွေ့၍ တဏှာကို နုတ်ပယ်ပြီးပြီ စသည် ဖြင့် ပြန်ကြားတော်မူခဲ့သောသုတ်။

(ပာရ်နတ်ယုတ်၏ လူပျိုစကားပြောပုံကို ပြသည်။)

သဂါထာ သံ–ပါ–၁၃၁+၁၃၂။ ဌ/ပ–၁၇၆။ ဒို/ပ–၂၂၅။ မြန်/ပ–၁၂၇။

ဝဇီရာသုတ်

(သာဝတ္ထီ) ဝဇီရာ ဘိက္ခုနီ အသျှင်မသည် အန္ဓဝန်တောအတွင်း တခုသော သစ်ပင်ရင်းခြံ သီတင်းသုံးနေစဉ်အခါ မာရ်နတ်ယုတ်သည် အဘယ်သူသည် သတ္တဝါကိုဖြစ်စေ၍ သတ္တဝါကို ပြုတတ်သူကား အဘယ်နည်း၊ သတ္တဝါ၏ဖြစ်ခြင်း ချုပ်ခြင်းသည် အဘယ် အကြောင်းကြောင့် ပါနည်း စသည်ဖြင့် ရွာဆိုပုံ နှင့် ဘိက္ခုနီအသျှင်မက မာရ်ယုတ်အား ဘာကိုသတ္တဝါဟု မှားယွင်းစွာ ထင်မှတ်ယုံကြည်နေပါသလဲ၊ သင် ထင်သော သတ္တဝါသည် သန်ဂရ အစုသက်သက်မျှသာ ဖြစ်၍ သင်္ဘဝါမဟုတ်ပုံ လှည်းသံ ဝင်မှီးစသော အင်္ဂါအစိတ်အပိုင်း ကိုကြောင့် ရထားဟု ခေါ်ရသကဲ့သို့ ခန္ဓာငါးပါး အစုအဝေးကို သတ္တဝါဟုခေါ်ပုံ စသည်တို့ကို ဟောကြား တော်မူသောသုတ်။

(ခန္ဓာငါးပါး အစုအဝေးကို သတ္တဝါဟု ခေါ်ပုံကို ပြသည်။)

သဂါထာ သံ–ပါ–၁၃၆ ၁၃၇။ ဌ/ပ–၁၃၈။ ဋ္ဌီ/ပ–၂၂၇+၂၂၈။
မြန်/ပ–၁၃၁+၁၃၂။

ဝင်္ကသုတ်

(သာဝတ္ထီ) အသျှင်ဝင်္ကသသည် မြတ်စွာဘုရားသျှင် ဟောကြားတော်မူသော ခန္ဓာ, အာယတန, ဓာတ်တရားတို့ကိုကြားနာရ၍ ရဟန်းပြုခဲ့ပြီးလျှင် မကြာမီ အရဟတ္တဖိုလ်သို့ ရောက်တော်မူသောအခါ အသျှင်ဝင်္ကသ၏ မြတ်စွာဘုရားသျှင်သည် မျှားစွာသော ရဟန်းယောကျ်ားရဟန်းမိန်းမတို့၏ အကျိုးငှာ ပဋိဘောဏ်လွှာပုံ · မြတ်စွာဘုရားသျှင်၏ အဆုံးအမကို လိုက်နာကျင့်သုံးရ၍ ဝိဇ္ဇာသုံးပါး အသိဉာဏ်တရားကိုနှင့် ပြည့်စုံရပေပြီ စသည်ဖြင့် ရွှတ်ဆို ကျူးမှာတော်မူပုံကို ဟောကြားတော်မူသောသုတ်။

(အသျှင်ဝင်္ကသ၏ ဝမ်းမြောက်ဝမ်းသာ ဥဒါန်းကျူးပုံ အစဉ်ကို ပြသည်။)

သဂါထာသံ–ပါ–၁၉၇+၁၉၈။ ဌ/ပ–၂၆၀+၂၆၂။ ဋ္ဌီ/ပ–၂၉၅+၂၉၆။ မြန်/ပ–၁၀၅

ဝိဇယသုတ်

ဝဇိုပုတ္တသုတ်

ရဟန်းတပါးသည် ဝေသာလီပြည် တောအုပ်တခုခွင် သီတင်းသုံးတော်မူစဉ် ညဉ့်အခါ၌ ဝေသာလီပြည် ဂဒိုဠီးသားတို့၏ နက္ခတ်သဘင် ပျော်ရွှင်တီးမှုတ် ကခုန် ကြွေးကြော်ကြသော အသံတို့ကို ကြားရ၍ ထိုရဟန်းသည် ငါတော်ယောဂါတည်း ဤတောတွင် အသံမဝင်သောသစ်ဆွေးကဲ့သို့ဖြစ်၍ ယခုနည်ခြင်္သေ့ ငါလောက် အသံးမဝင် ဒုက္ခိုးယုတ်သူ မရှိပါဘကားဟု ပြောဆို ဝိုင်းကြုံးပုန်ဖို့ ထောင်းနှဝါက ရဟန်းဇော်ဒကဒိုးတို့ ပြောဆိုတောင့်တလျက် အသျှင်ရဟန်း - ဖော်၌ သင်းဆွေးကဲ့သို့ ဘဉ်းကျည်းဝန်သော အသျှင်မြတ် ဘုရားဝဲကဲသားတို့သည် နက်သားတို့ကို ချစ်မြတ်နိုးကြကုန်သကဲ့သို့ ယခုအပေါင်းတို့သည် အသျှင်မြတ် [illegible] ကြပါကုန်အံ့ဟု အားပေးလျှောက်သားပင်ကို ပေးတော်မူသောသုတ်။

(ဝိတက်ဒိတ်မျှားသော ရဟန်းအား [illegible] အားပေးပုံကို ပြသည်။)

[illegible]
။ဝ၅ဂ+၂ဝ၄ ။ဒွီ/ပ—၃ဝ၄+၂ဝ၄ဂ။ ။ဝ၅ဂ+၂ဝ၄ဂ။ ဒွီ/ပ—၂ဝ၄+၂ဝ၄ဂ။
မြန်/ပ—၃ဝ၄။

ဇဝပဝိဇိုတ်

(သာဝတ္ထိ) မြတ်စွာဘုရားသျှင်သည် ရာဇဂြိဟာ ရွေးအခါက ဝေပစိတ္တိအသူရိန် သည် အားထုတ်ကြိုးစားအား တာဝတိံသာနတ်ပြည်ကို ရောက်၍ အောင်နိုင်ခဲ့သော် သိကြားမင်းအား လက်ဆင်တာကဲ့, ခြေနှစ်တက်, လည်ကိုနှောင်ရှိ [illegible] ဝါသော် မာန်ကြီးပုံ - သိကြားမင်းကလည်း နှုတ်ကပ်ဆုံးမ ထို့အတူ မာန်ကြီးပုံ [illegible] တဝတိံသာနတ်တို့က အောင်နိုင်၍ ဝေပစိတ္တိအသူရိန်ကို ဆုံးမသော ဇာတ်ပွဲကဲ့သို့ ဇနပဒကလျာဏီသားတို့ ရန်ပွဲဖြစ်ကြသော် သိကြားမင်း ထံသို့ ဒေါ်ဆောင်းသွားကြပုံ ဝေပစိတ္တိအသူရိန်က [illegible] သိကြားမင်းအား ကြိမ်းတမ်းစွာ ဆဲရေးပုံ နှုတ်ကို သိကြားမင်း သည်းခံပုံ - ပဂတလိနတ်သားနှင့် [illegible] - သည်းခံခြင်းအကျိုးကို ဟောကြားတော်မူပုံတို့ကို ဖော်ပြသော သုတ်။

(သည်းခံခြင်းအကျိုးကို ပြသည်။)

[illegible]
။ဒ၅ဂ+၂ဝ၄—၁/မြန်/ပ—၂ဝ၇+၂ဝ၉။

ဇဝဇရာဇာနအာဋာနာဋိယသုတ်

(သာဝတ္ထိ) မြတ်စွာဘုရားသျှင် [illegible] ဇဝဇရာဇာနအသူရိန်က ယောကျ်ားသည် အကျိုးကိစ္စပြီးအောင် အားထုတ်ဆောင်ရွက် [illegible] စသည်ဖြင့် ရှုတ်ဆိုပုံ.

သိုက်ကြားမင်းကဖြည့်စွက်၍ သည်းခံခြင်းထက် လွန်ကဲသောအကျိုးတရားကား မရှိဟု ချွတ်ဆိုပုံတို့ကို ဟောကြား တော်မူသောသုတ်။

(သည်းခံခြင်း၏ အကျိုးတရား ကြီးမားပုံကို ပြသည်။)

သဂါထာသံ–ပါ–၂၂၇။ ဋ္ဌ/ပ–၃၁၅+၃၁၆။ ဋီ/ပ–၃၃၅။ မြန်/ပ–၂၁၂။

ဒီဝေါပဒသုတ်

(သာဝတ္ထိ) မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား သိုက်ကြားမင်းသည် ခွေးအခေါ်လူပြစ်စဉ်က အသက်ထက်ဆုံး မိဘကို လုပ်ကျွေးခြင်း, ကြီးသူကို ရိုသေခြင်း, သိမ်မွေ့ဖွယ်သာ စကားကို ဆိုခြင်း, ကုံးချောစကား မပြောကြားခြင်း, လွတ်လွတ် ရွာဒါန်းစွန့်ကြဲပေးကမ်းခြင်း, မှန်ဖွယ်သာ စကားကိုသာ ပြောဆိုခြင်း, ဒေမျက်မထွက်တတ်ခြင်း, လွတ်လျှင် ချက်ခြင်းပြေလွယ်ခြင်းဟူသော ခုနစ်ပါးသောကျင့်ဝတ်ဘရားတို့ကို အသက်ရှင်သမျှ ကျင့်သုံးခဲ့၍ သိုက်ကြားမင်းအဖြစ် ရရှိပုံကို ဟော ကြားတော်မူသောသုတ်။

(သိုက်ကြားမင်းကျင့်ဝတ် ခုနစ်ပါးကို ပြသည်။)

သဂါထာသံ–ပါ–၂၃၀။ ဋ္ဌ/ပ–၃၁၇။ ဋီ/ပ–၃၁၆+၃၁၇။ မြန်/ပ–၂၃၄။

ပဉ္စင်္ဂသုတ်

(သာဝတ္ထိ) ပြည်စုံသောဘုရားသျှင်သည်, ဤကိုးသား ပဋိစ္စသမုပ္ပါဒ်ဟူသော တရားတော်ကို အခပ်ပါ ယဉ် အကျယ် ဝေဘန်၍ အနုလုံပဋိလုံအားဖြင့် ဟောကြားတော်မူသောသုတ်။

(ပဋိစ္စသမုပ္ပါဒ်တရားတော်ကို နိဒ္ဒေသအားဖြင့် ပြသည်။)

နိဒါန် သံ–ပါ–၂၄၄+၂၄၆။ ဋ္ဌ/ဒု–၁၀+၁၇။ ဋီ/ဒု–၁၃+၂၁။ မြန်/ပ–၂၂၀+၂၃၀။

ဝိပဿီသုတ်

(သာဝတ္ထိ) မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ဝိပဿီမြတ်စွာဘုရားလက်ထက် သင့် လေးပါးကို မသိရသေးမီ နောက်ဆုံးဘဝ အလောင်းဖြစ်စဉ်က အိုခြင်းတရား, ရောဂါ ခြင်း တရားတို့မှ လွတ်မြောက်ကြောင်းတရားကို ပြင်ပြုပုံနှင့် ပဋိစ္စသမုပ္ပါဒ် တရားတော်ကို ကျင့်ကာ မှစ၍ ပဋိလုံမှ အနုလုံသို့တိုင်အောင် ရှုဆင်ခြင်တော်မူပုံကို ဟောကြားတော်မူသောသုတ်။

(ပဋိစ္စသမုပ္ပါဒ် တရားတော်ကို ဇရာမှစ၍ ပဋိလုံ အနုလုံ ဆင်ခြင်ပုံကို ပြသည်။)

နိဒါန် သံ–ပါ–၂၄၆+၂၅၀။ ဋ္ဌ/ဒု–၁၉+၂၁။ ဋီ/ဒု–၂၂+၂၄။ မြန်/ပ–၂၃၁+၂၃၅။

ငဝဿဘုသုတ်

အဆင်း (ဝိသဿသုတ်) နှင့် တူသည်။

ဒီဂ နိ သံ ၂၁။ ၅/ဒု–၂၁။ ၌/မ။ မြန်/ပ–၂၄၅။

ဝိညာဏသုတ်

(သင်္ခါရ) မြတ်ခြားဘုရားသျှင်သည် ရဟန်းတို့အား (နာမရူပ) သုတ်ကဲ့သို့ သစ်ပင်ကြီး ဥ ... ပမာ ဟောကြားတော်မူသောသုတ်။

(နာမ်,ရုပ်သင်္ခါရ ခြင်း နှင့် ဝိညာဏ်သင်္ခါရ ဝင်ခြင်းမျှသာ ထူးခြားသည်။)

ဒီဂ နိ သံ ၂၁။ ၅/ပ ... ၌/မ။ ခြန်/ပ–၃၀၄။

ဝေဒနာ နာနတ္တသုတ်

(...) မြတ်ခြားဘုရားသျှင်သည် ရဟန်းတို့အား ဓာတ်ကိုစွဲ၍ ဖဿ ဖြစ်ပုံ · ဖဿကို ... ဝေဒနာ ... (စက္ခု, သောတစသည်)ကို ဟောကြားတော်မူသောသုတ်။

(ဓာတ်ကိုစွဲ၍ ဖဿ, ဝေဒနာ အစဉ်ဖြစ်ပုံကို ပြသည်။)

ဒီဂ နိ သံ ၂၁–၂၅၉။ ၅/ဒု–၁၂၂။ ၌/ဒု–၁၃၀။ မြန်/ပ–၃၄၄။

ဒုတိယ ဝေဒနာ နာနတ္တသုတ်

(သင်္ခါရ ...) ဘုရားသျှင်သည် ရဟန်းတို့အား ဓာတ်ကိုစွဲ၍ ဖဿ, ဝေဒနာ အဆင့် ... ဝေဒနာ ... ဖဿ ကိုစွဲ၍ ဖဿ-ဖြစ်- ဖဿကိုစွဲ၍ ဓာတ်မဖြစ်နိုင်ပုံကို ဟောကြားတော်မူ ... ။

(ဝေဒနာကြောင့် ဖဿ, ဓာတ်တို့ မဖြစ်ပုံ)

နိဒါန ... ဒီဂ နိ သံ–၂၅၉–၂၆၀။ ၅/ဒု–၁၂၂။ ၌/ဒု–၁၃၁။ မြန်/ပ–၃၄၅+၃၄၆။

ဝေပုလ္လပဗ္ဗတသုတ်

မြတ်ဘုရားသျှင်သည် ဂိဇ္ဈကူဋ် တောင်၌ သီတင်းသုံးတော်မူစဉ်အခါ ရဟန်းတို့အား ... ဘုရားလောင်းဘဝကို ညွှန်ပြတော်မူလျက် ပဉ္စင်္ဂတော်ပူဇော်ကြွေးကျူးပြီးသော ဘုရားသျှင်လေးဆူတို့၏ လက်ထက်တော်အခါက ... ဘဝအစဉ်တို့၏ ဖဿတော်များ, ဝေပုလ္လတောင်၏ အမည်များ, တောင်သို့ ... , ... တို့၏ အမည်များကို ဟောကြားမူလျက် သစ္စာရဘုရားတို့၏မမြဲပုံ သစ္စာ ... စသည်တို့ကို ဟောကြားတော်မူသောသုတ်။

(သစ္စာရဘုရား ... တို့၏ မမြဲပုံကို ပြသည်၊ ၄/၌– ဘုရားလေးဆူ ပဉ္စင်္ဂတော်မူရာ သက်တမ်း ... ကျော်ပုံ · ဆုတ်ယုတ်ပုံတို့ကို ဖွင့်ပြသည်။)

နိဒါန သံ–ပါ–၃၆၃+၃၆၈။ ၄/ဒု–၁၆၉။ ၌/ဒု–၁၅၄။ မြန်/ပ–၃၀၄+၃၀၆။

ဝေရမ္ဘသုတ်

(သာဝတ္ထိ) မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား လာဘသတ္ကာရ ဂုဏ် အကျော်အစောတို့သည် ထက်မြက်ကြမ်းကြုတ်၍ မဂ်ဖိုလ်၏ အန္တရာယ်ဖြစ်ပုံ- အလွန်မြင့်သောကောင်းကင်သို့ ပျံတက်သော ငှက်သည် ဝေရမ္ဘလေနှင့် ကြုံတွေ့သော အခါ လေအဟုန်ကြောင့် ခြေ, အတောင်, ဦးခေါင်းတို့ တခြားစီဖြစ်၍ ပျက်စီးရသော ဥပမာဖြင့် ဟောကြားတော်မူသောသုတ်။

(ဝေရမ္ဘလေ ဥပမာဖြင့် ပြသည်။)

နိဒါန သံ–ပါ–၄၂၀။ ဋ္ဌ/ဒု–၁၉၂။ ဋီ/ဒု–၁၇၅။ မြန်/ပ–၄၁၇။

ဝိညာဏသုတ်

(သာဝတ္ထိ) မြတ်စွာဘုရားသျှင်သည် အသျှင်ရာဟုလာအား အဘယ်သို့ မှတ်ထင်သနည်း- စက္ခုဝိညာဏ်သည် မြဲသလော (သောတ စသည်) မမြဲပါ စသည်ဖြင့် မေးဖြေ ဟောကြားတော်မူသောသုတ်။

(စက္ခုဝိညာဏ်စသည်၌ ရှုပုံကို ပြသည်။)

နိဒါန သံ–ပါ–၄၄၀။ ဋ္ဌ/ဒု–၁၉၆။ ဋီ/ဒု–၁၇၉+၁၈၀။ မြန်/ပ–၄၂၉။

ဝေဒနာသုတ်

(သာဝတ္ထိ) မြတ်စွာဘုရားသျှင်သည် အသျှင်ရာဟုလာအား အဘယ်သို့ မှတ်ထင်သနည်း- စက္ခုသမ္ဖဿဇာဝေဒနာသည် မြဲသလော မမြဲပါ (သောတစသည်) စသည်ဖြင့် မေးဖြေ ဟောကြားတော်မူသောသုတ်။

(ဝေဒနာ၌ ရှုပုံကို ပြသည်။)

နိဒါန သံ–ပါ–၄၄၀+၄၄၁။ ဋ္ဌ/ဒု–၁၉၆။ ဋီ/ဒု–၁၇၉+၁၈၀။ မြန်/ပ–၄၃၀။

ဝိသာခသုတ်

မြတ်စွာဘုရားသျှင်သည် ဝေသာလီပြည် မဟာဝုန်တော ပြာသာဒ် ကျောင်း၌ သီတင်းသုံးတော်မူစဉ်အခါ ပဉ္စာလမင်း၏သား အသျှင်ဝိသာခသည် စည်းဝေးရာစခုပ်၌ ရဟန်းတို့က သစ္စာလေးပါးနှင့် စပ်သော ကရားကို ချိုသာစွာ ဟောကြားတော်မူပုံ- ညချမ်းအခါ ဘုရားသျှင် ကြွလာတော်မူ၍ မေးမြန်းသောအခါ ရဟန်းတို့က အသျှင်ဝိသာခသည် ချိုသာစွာ တရား ဟောကြားသည်ကို လျှောက်ထားကြပုံ- ဘုရားသျှင်က ချီးကျူးတော်မူပြီးလျှင် တရားဟောမှသာ ပညာရှိဟုသိရပုံ တရားဟောသည် ရဟန်းတို့၏ တံခွန်ဖြစ်ပုံကို ဟောကြားတော်မူသောသုတ်။

(တရားတော်သည် ရဟန်းကို့၏ တံခွန်ဖြစ်ပုံကို ပြသည်။)

နိဒါန သံ–ပါ–၄၆၇+၄၆၈။ ဋ္ဌ/ဒု–၂၁၉။ ဋီ/ဒု–၁၉၇။ မြန်/ပ–၄၅၆+၄၅၇။

ဒီဇင်ဘာ ၉ ရက်

ဒီဇင်ဘာ ၉ ရက်

ဒီဇင်ဘာ ၉ ရက်

ဝယငပ္ပသုတ်

(သာဝတ္ထိ) အသျှင်ရာဓသည် မြတ်စွာဘုရားသျှင်အား ပျက်ခြင်းသဘောဟု ဟူသည် အဘယ်ပါနည်းဟု မေးလျှောက်ပုံ · ဘုရားသခင် ... ဟောကြားတော်မူသော ပျက်ခြင်းသဘောတရားသည် ဟောကြားတော်မူသောသုတ်။

(ပျက်ခြင်းသဘောကို ပြသည်။)

ခန္ဓ သံ–ပါ–၁၆၁။ ဌ/ဒု–၃၁၀+၃၁၉။ နို/ဒု–၂၆၂။ မြန်/ဒု–၁၂၉။

ဝါဟသုတ်

(သာဝတ္ထိ) မြတ်စွာဘုရားသျှင်သည် ရဟန်းကိုဘား ရှုပ်ဓေဒနာ စသည်တို့ကို အစဲပြုကာ အမှားကို နှုလုံးသွင်း၍ လေတို့သည် ပြင်းထန်သော ကြိုးကဲသည် မစီးကုန် စေဘာ အညတိတ္တိယတို့၏ အယူကို ပြတော်မူပုံ - ရှုပ် ဓေဒနာ စသော ... လေတို့သည် ဖြဲသလော ... ချမ်းသာသလော အတ္တလော စသည်ဖြင့် မေး, ဖြေ ဟောကြားတော်မူပုံ · (သုဘဝါ) အရိယာ သာဝကသည် မမြဲဆင်းရဲ ဖောက်ပြန်တတ်သော ရှုပ် ဓေဒနာ စသည်တို့၌ ကိုအယူမျိုး နှင့် ခန္ဓာငါးပါး သစ္စာလေးပါးတို့၌ ယုံမှားကင်းပျောက်၍ သောတာပန် မည်ပုံကို ဟောကြားတော်မူသော သုတ်။

(အညတိတ္တိယတို့၏ အယူအားဖြင့် တို့ကို ပြသည်။)

ခန္ဓ သံ–ပါ–၁၆၆ ... ၁၆၇+။ ဌ/ဒု–၃၁၁ ... ဌ/ဒု–၂၆၄။ မြန်/ဒု ၁၂၇ ... ၁၂၈။

ဝါတံသုတ်

(သာဝတ္ထိ) မြတ်စွာဘုရားသျှင်သည် ရဟန်းတို့ကား (သောတာပတ္တိဝါတကာ) သည်ကဲ့သို့ တဆဲ့ရှစ်သုတ်ကို ဟောကြားတော်မူသော သုတ်။

(သောတာပတ္တိဝင်ကဲ့သို့ တော်မသုတ် ဂသူကြီး တဆယ့်ရှစ်သုတ်ကဲ့သို့ ...)

ခန္ဓ သံ–ပါ–၁၇၀ ... ၁၇၉။ ဌ/ဒု–၃၁၇။ နို/ဒု–၂၇၂။ မြန်/ဒု–၁၃၆ ... ၁၃၀။

ဝိညာဏသုတ်

(သာဝတ္ထိ) မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား စက္ခုဝိညာဉ် ... စသော ဝိညာဉ်ခြောက်ပါးတို့သည် မမြဲ ဖောက်ပြန် တည်ကြင်ခြင်း ... ထိုဝတ္ထုများပို့ကို မြဲသည် မဟုတ်ဟု တဖြုံးတဖုံမဖြစ်ဟု ယုံကြည်သူသည် သောတာပန် ... ယုံကြည်သူသည် သောတာပန်ဖြစ်ထိုက်ပုံကို ဟောကြားတော်မူသော သုတ်။

ခန္ဓ သံ–ပါ–၁၀၇။ ဌ/ဒု–၃၁၇၊ နို/ဒု ၂၇၃။ မြန်/ဒု–၁၃၀ ...

ဝိညာဏသုတ်

(သာဝတ္ထိ)မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား စက္ခုဝိညာဏ်စသော ဝိညာဏ်ခြောက်ပါး၏ ဖြစ်ခြင်း, တည်ခြင်း, ရှေ့ရှုဖြစ်ခြင်း, ထင်ရှားစွာဖြစ်ခြင်းတို့သည် ဆင်းရဲခြင်း, အနာရောဂါတို့၏ တည်ရာ, အိုခြင်း, သေခြင်းတို့၏ ထင်ရှားဖြစ်ပေါ်မှု မည်ပုံနှင့် စက္ခုဝိညာဏ်စသော ဝိညာဏ်ခြောက်ပါး၏ ချုပ်ငြိမ်း ကွယ်ပျောက်ခြင်းသည် ဆင်းရဲခြင်း, အနာရောဂါ, အိုမှု, သေမှုတို့၏ ချုပ်ငြိမ်းကွယ်ပျောက်သည်မည်ပုံကို ဟောကြားတော်မူသောသုတ်။

(ဝိညာဏ်ခြောက်ပါးနှင့် စပ်၍ အကျိုးအပြစ်တို့ကို ပြသည်။)

ခန္ဓ သံ–ပါ–၁၉၁။ ဋ္ဌ/ဒု–၃၁၇။ ဋီ/ဒု–၂၇၃။ မြန်/ဒု–၁၈၁။

ဝိညာဏသုတ်

(သာဝတ္ထိ)မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား စက္ခုဝိညာဏ်စသော ဝိညာဏ်ခြောက်ပါးတို့၌ လိုချင်တပ်မက်မှု ဆန္ဒရာဂသည် စိတ်ကိုကပ်၍ ညစ်ညူးပူပန် နှိပ်စက် တားမြစ်တတ်ပုံ-ထိုဝိညာဏ်ခြောက်ပါး၌ စိတ်၏ညစ်ညူးမှု စသည်ကို ပယ်သောသူ၏စိတ်သည် ကိလေသာတို့မှ လွတ်မြောက်ရန်ညွတ်ပုံ · ကိလေသာတို့မှ ထွက်မြောက်ရန် အတုံ့ရသောစိတ်သည် ထူးသောညာဏ်ဖြင့်သိ၍ မျက်မှောက်ပြုသင့်သော တရားတို့၌ မျက်မှောက်ပြုပုံတို့ကို ဟော်ကြားတော်မူသောသုတ်။

(စိတ်၏ညစ်ညူးကြောင်းတရားကို ပြသည်။)

ခန္ဓ သံ–ပါ–၁၉၄။ ဋ္ဌ/ဒု–၃၁၈။ ဋီ/ဒု– ၂၇၃+၂၇၄။ မြန်/ဒု–၁၈၄။

ဝေဂဏ္ဍသုတ

(သာဝတ္ထိ) အသျှင်အာနန္ဒာသည် အသျှင်သာရိပုတ္တရာအား ဤနွေ ရုပ်အဆင်းတို့၏ သန့်ရှင်းကြည်လင် ဖြူစင်ပုံကို မေးလျှောက်ပုံ · အသျှင်သာရိပုတ္တရာက ပဌမဈာန်ကို ဝင်စားခဲ့ပုံ· ပဌမဈာန်ကို ငါဝင်စားသည် · ပဌမဈာန်ကို ငါဝင်စားခဲ့သည် · ပဌမဈာန်မှ ငါ ထခဲ့ပြီဟူသော စိတ်အကြံ မဖြစ်ပုံ · တဏှာ, မာန, ဒိဋ္ဌိကို ပယ်သတ်ပြီးဖြစ်၍ ကျွတ်သို့ စိတ်အကြံ မဖြစ်ပုံကို ဟောကြားတော်မူသောသုတ်။

(တဏှာ, မာန, ဒိဋ္ဌိ ပယ်သတ်ပြီးဖြစ်၍ ငါမရှိပုံကို ပြသည်။)

ခန္ဓ သံ–ပါ–၁၉၇။ ဋ္ဌ/ဒု–၃၁၈။ ဋီ/ဒု–၂၇၄။ မြန်/ဒု–၁၈၇။

ဝိညာနဉ္စာယတနသုတ်

(သာဝတ္ထိ) အာသျင်အာနန္ဒာ မေးလျှောက်ပုံ - အာသျင်သာရိပုတ္တရာသည် ဝိညာနဉ္စာယတနစျာန် ဝင်စားခဲ့ပုံကို (ဝိဝေကဇသုတ်) ကဲ့သို့ ဟောကြားတော်မူသောသုတ်။

(ဝိညာနဉ္စာယတနစျာန် ဝင်စားပုံကို ပြသည်။)

ခန္ဓ သံ-ပါ-၁၉၉။ ဌ/ဒု-၃၁၀။ ဋီ/ဒု-၂၇၄။ မြန်/ဒု-၁၈၉။

ဝါတဝလာဟက်သုတ်

ရဟန်းတပါးသည် မြတ်စွာဘုရားသျင်အား လေအေး တိုက်ခတ်ခြင်း၏ အကြောင်းအထောက်အစံ့ကို မေးလျှောက်ပုံ- ဘုရားသျင်က ဝါတဝလာဟကနတ်တို့၏ ပျော်မွေ့မှုဖြင့် လေကိုတောင့်တခြင်း အထောက်အပံ့ကြောင့် လေအေးတိုက်ခတ်ခြင်း ဖြစ်ပုံကို ဟောကြားတော်မူသောသုတ်။

(လေအေးဖြစ်ပေါ်ပုံကို ပြသည်။)

ခန္ဓ သံ-ပါ-၂၁၆။ ဌ/ဒု-၃၂၁+၃၂၂။ ဋီ/ဒု-၂၇၇+၂၇၈။ မြန်/ဒု-၂၀၈။

ဝဿဝလာဟကသုတ်

အထက် (ဝါတဝလာဟကသုတ်) နှင့် တူသည်၊ မိုးသီးကိုကောင့်တခြင်းမျှသာ ထူးသည်။

ခန္ဓ သံ-ပါ-၂၁၆+၂၁၇။ ဌ/ဒု-၃၂၁+၃၂၂။ ဋီ/ဒု-၂၇၇+၂၇၈။ မြန်/ဒု-၂၀၈။

ဝေဒနာအညာဏသုတ်

ဝစ္ဆဂေါတ္တ ပရိဗိုဇ်သည် မြတ်စွာဘုရားသျင်အား လောကဌ် မြဲ၏ဟူ၍၎င်း မမြဲဟူ၍၎င်း အယူအမျိုးမျိုးတို့၏ ဖြစ်ပေါ်ခြင်း အကြောင်းအထောက်အပံ့ကို မေးလျှောက်ပုံ - ဘုရားသျင်က ဝေဒနာ - ဝေဒနာဖြစ်ကြောင်း - ဝေဒနာ ချုပ်ငြိမ်းရာ - ဝေဒနာချုပ်ငြိမ်းကြောင်း အကျင့်တရားတို့ကို မသိခြင်းကြောင့် လောကဌ် မြဲ,မမြဲစသော အယူအမျိုးမျိုးတို့ ဖြစ်ပေါ်ရပုံကို ဟောကြားတော်မူသောသုတ်။

(အယူဝါဒ အမျိုးမျိုးတို့ ဖြစ်ပေါ်ရခြင်း၏ အကြောင်းရင်းကို ပြသည်။)

ခန္ဓ သံ-ပါ-၂၁၈+၂၁၉။ ဌ/ဒု-၃၂၃။ ဋီ/ဒု-၂၇၈။ မြန်/ဒု-၂၀၉+၂၁၀။

ဝိညာဏအညာဏသုတ်

အထက် (ဝေဒနာအညာဏသုတ်) နှင့် တူသည်၊ ဝိညာဏ်မျှသာ ထူးခြားသည်။

ခန္ဓ သံ-ပါ-၂၂၀။ ဌ/ဒု-၃၂၃။ ဋီ/ဒု-၂၇၈။ မြန်/ဒု-၂၁၁။

ဝိညာဏအာဟာရကမ္မသုတ်

မြတ်စွာဘုရားသျှင်သည် ဝန္တပဉ်ဒုဗ္ဗအား ပိဏ္ဍပါတ်၌ မျက်မှောက်ပြုမှု မရှိခြင်း - ဖြစ်ကြောင်း၌ ရှုပြဆိုရာ၌ ရှုပြဆိုခြင်းငှာ... ဒုဗ္ဗ... ပိဏ္ဍပါတ်၌ မျက်မှောက်ပြုမှုမရှိခြင်း တို့ကြောင့် ပဉ္စင်္ဂသမာဓိ... ဖြစ်ခြင်းငှာ ဟောတော်မူသောသုတ်။

(အယုဝါဒ အမျိုးမျိုးလျှောက်ပတ်စေခြင်း အစရှိသော အခြားရင်းကို ပြသည်။)

ဗန္ဓ သံ-ပါ-၂၂၃။ ဒွ/ဒု-၃၂၃။ ဒို/ဒု-၂၇၈။ မြန်/ဒု-၂၁၄။

စုဠဒုက္ခလက္ခဏသုတ္တာဒိ သတ္တက

မြတ်စွာဘုရားသျှင်သည် ဂုဟဋ္ဌိတို့အား ထေရကာအစရှိသော စွဲလန်းဝင်စားလေ့ရှိသော ပုဂ္ဂိုလ်တို့သည် ရုပ်မထခြင်းစသော လိပ္ပညာရှိ ဂုဏ်ထူးခြားခဲ့ကြပြန်၌ ဓလိမ္ပာ သမာဒပေတွိမူလက အာနန္ဒာတိုင်း (ခုဠဒုက္ခလက သပ္ပါယကာဟိ) ဟောတော်မူခဲ့သည်ဟု ဆိုလိုသည်တွင် ခုနစ်သုတ် ပုလဲမူလီသုတ်ရမည်။

(စျာန်ဝင်စားခြင်းငှာ ဆောင်၌ ပြသည်။)

ဗန္ဓ သံ-ပါ-၂၃၁+၂၃၂။ ဒွ/ဒု-၃၂၃ ၃၂၄။ ဒို/ဒု-၂၇၉။ မြန်/ဒု-၂၂၂။

ဝဝသားပိသုတ်

မြတ်စွာဘုရားသျှင်သည် ဝေသာလီပြည် ကောဋိဂါမ၌ ပြာသာဒ်ကျောင်း၌ သီတင်းသုံးတော်မူဘိ၍ ဥဂ္ဂသူကြွယ်သည် မြတ်စွာဘုရားသျှင်အား သင့်ဝါတို့သည် မျက်မှောက်ဘဝ၌ ကိလေသာ ငြိမ်းနိုင်ခြင်း မငြိမ်းနိုင်ခြင်းငှာ အာထာဂတ်ဘုံကို မေးလျှောက်ပုံ - ဘုရားသျှင်က ချစ်ခင်နှစ်သက် စဲမက်ဖွယ်ရာ ကာမဂုဏ်ငါးပါးသော ရူပါရုံစသည်တို့၌ နှစ်သက်စဲလမ်းသောငှာတည်း လွှမ်းမိုးခြင်းကို ခံရသည်သည် ကိလေသာမငြိမ်းအောင်နိုင်ပုံ နှင့် ငြိမ်းအောင်နိုင်ပုံကို ဟောကြားတော်မူသောသုတ်။

(မျက်မှောက်ဘဝ၌ ကိလေသာ ငြိမ်းနိုင်ပုံ မငြိမ်းနိုင်ပုံကို ပြသည်။)

သဠာ သံ-ပါ-၃၂၇+၃၂၈။ ဒွ/တ-၃၇+၃၈။ ဒို/ဒု-၃၁၀။ မြန်/ဒု-၃၂၁+၃၂၂။

ဝဇ္ဇိသုတ်

မြတ်စွာဘုရားသျှင်သည် ဝဇ္ဇိတိုင်း ပဒေသရာဇ် ဃီတင်းသုံးတော်မူစဉ်အခါ ဥဂ္ဂသူကြွယ်ဒေးလျှောက်ပုံ နှင့် ဘုရားသျှင် ပြောကြားတော်မူပုံ (ဝေသာလီသုတ်) ကဲ့သို့ ဟောကြားတော်မူသောသုတ်။

(ကိလေသာ ငြိမ်းပုံ မငြိမ်းပုံကို ပြသည်။)

သဠာ သံ-ပါ-၃၂၈။ ဒွ/တ-၃၇+၃၈။ ဒို/ဒု-၃၁၀။ မြန်/ဒု-၃၂၂။

ဝေရဟစ္စာနီသုတ်

အသျှင်ဥဒါယီသည် ကာမဏ္ဍမြို့ တောဒေယျပုဏ္ဏားအိမ်၌ သရက်ဥယျာဉ်၌ သီတင်းသုံးတော်မူစဉ်အခါ ဝေရဟစ္စာနီ ပုဏ္ဏားမ၏ တပည့် လုလင်ယော်ဘသည် အသျှင်ဥဒါယီ၏ တရားတော်ကို နာကြားပြီးလျှင် ပုဏ္ဏားမကြီးအား ပြန်ပြောကြား၍ ဆွမ်းစား ပင့်ပုံ နှင့် ဝေးဟေ-ရန် ဧလျာက်ထားပုံ - အရှိအသေ ပြုသဖြင့် တရားမဟောကြားပုံ နှင့် ဒုတိယ အကြိမ် ပင့်၍ အရှိအသေပြုစု လျှောက်ထားကောင်းပန်သောအခါတရားဟောကြားတော်မူပုံ - ပုဏ္ဏားမ ဥပါသိကာဘမ ဖြစ်ပုံကို ဟောကြားတော်မူသောသုတ်။

(တရားမဟောသင့်ပုံနှင့် ဟောသင့်ပုံကို ပြသည်။)

သဋ္ဌာ သံ-ပါ/ဒု-၃၃၇+၃၄၀။ ဋ္ဌ/တ-၄၄။ ဋီ/ဒု-၃၁၃။ မြန်/ဒု-၃၃၁+၃၃၃။

ဂိဏောဒပသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းဂိုအား ရှုပါဂုံစသည်တို့၌ တွေ့မြင်ရသောအခါ ဆန္ဒဒေါသ မောဟတို့ မဖြစ်စေရန် တားမြစ်ရုပုံဘို့ ဂို ဆူးချုံထူထပ်သောလမ်း ဥပမာ လယ်စောင့် ယောကျ်ားဥပမာ စောင်းဥပမာ စသည်တို့ဖြင့် ဒေသကယ် ဟောကြားတော်မူသောသုတ်။

(ဆန္ဒ ရာဂ စသည်တို့ကို တားမြစ်ရန် စောင်းဥပမာဖြင့် ပြသည်။)

သဋ္ဌာ သံ-ပါ/ဒု-၃၉၉+၄၀၁။ ဋ္ဌ/ဘ-၁၀၅+၁၀၉။ ဋီ/ဒု-၃၄၄+၃၄၇။ မြန်/ဒု-၄၉၁+၄၉၆။

ဒီဃာဝုသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်း [illegible] ဆင် ဖည်းဖိမ်ဥစ္စာ ဇနဿုမျိုး သားသို့ သိလက္ခဏာအား ငါးပါးနှင့် ပြည့်စုံသော မာ[illegible]ကဝသည့် အိမ်ဦး ရဲရင့်စွာနေရပုံကို ဟောကြားတော်မူသောသုတ်။

(မာတုဂါမတို့၏ အားငါးပါးကို ပြသည်။)

သဋ္ဌာ သံ-ပါ/ဒု-၄၄၃။ ဋ္ဌ/ဘ-၁၂[illegible]။ ဋီ/ဒု-၃၆၅။ မြန်/ဒု-၄၄၂။

ပုဏ္ဏသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်း[illegible]သား [illegible]ပါ သိလ သုတ စာဂ ပညာ ဤငါးပါးတို့ ကြီးပွားလျက်ရှိသော အရိယာ တပည့်သည် အရိယာ၏ ကြီးပွားခြင်းဖြင့် ကြီးပွားသူ ကိုယ်၏ အနှစ်အမြတ်ကို ယူသည်မည်ကို ဟောကြားတော်မူသောသုတ်။

(တိုးပွားအပ်သော ဂုဏ်ငါးပါးကို ပြသည်။)

သဋ္ဌာ သံ-ပါ/ဒု-၄၄၆။ ဋ္ဌ/ဘ-၁၂[illegible]။ ဋီ/ဒု-၃၆၅။ မြန်/ဒု-၄၄၂။

ဝေဒနာပဥ္စသုတ်

ဤသို့ဆိုရာရောက်သော် အသျှင်သာရိပုတ္တရာအား ဝေဒနာနှင့် ဝေဒနာကို ပိုင်းခြားပြီး သိရန် အကျဉ်းလမ်းစဉ် မေးလျှောက်ပုံ အသျှင်သာရိပုတ္တရာက ဝေဒနာသုံးမျိုးရှိပုံ နှင့် ဝေဒနာကို ပိုင်းခြားပြီးသိရန် အကျဉ်းမှာ မဂ္ဂင်ရှစ်တန် အကျင့် လမ်းမှန် ဖြစ်ပုံကို ဟောကြားတော်မူခဲ့သောသုတ်။

(ဒုတိယ ဝေဒနာကို ပိုင်းခြားသိရန် ပြသည်။)

သဋ္ဌာ သံ-ပါ/ဒု-၄၅၀။ ဌ/တ-မ။ ဋီ/ဒု-မ။ မြန်/ဒု-၄၄၆။

ဝိညာနဋ္ဌာယတံနပဥ္ဉာသုတ်

အထက် (ပဌမ စျာနပဥ္ဉာသုတ်) နှင့် တူသည်၊ ဝိညာနဋ္ဌာယတနစျာန် မျှသာ ထူးသည်။

(မြတ်သောအဘိညာဏ်နှင့် ပြည့်စုံသည်ကို ပြသည်။)

သဋ္ဌာ သံ-ပါ/ဒု-၄၆၀+၄၆၁။ ဌ/တ-၁၂၉။ ဋီ/ဒု-၃၆၉။ မြန်/ဒု-၄၅၅-၄၅၆။

ဝစ္ဆဂေါတ္တသုတ်

ဝစ္ဆဂေါတ္တဝိဇိုဗ်၏ လောကသည် မြဲပါသလော စသည်ဖြင့် မေးမြန်းလျှောက်သည်ကို ဘုရားသျှင်၏ ဟုတ်ပြီတော်နှင့် အသျှင် မဟာမောဂ္ဂလာန်၏အပြေ နှစ်ပါး တူမျှပုံ နှင့် ဝစ္ဆဂေါတ္တပရိဗိုဇ်အား ဘုရားဆုံးမသြဝါဒ ပေးပုံကို ဟောကြားတော်မူခဲ့သောသုတ်။

(ဘုရားသျှင် နှင့် သာဝကအဖြေတူညီပုံကို ပြသည်။)

သဋ္ဌာ သံ-ပါ/ဒု-၅၆၁ ၅၆၃။ ဌ/တ-၁၅၁။ ဋီ/ဒု-၃၉၀။ မြန်/ဒု-၅၅၁+၅၅၃။

ဝိဘင်္ဂသုတ်

(သာဝတ္ထိ) မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား မဂ္ဂင်ရှစ်ပါး အကျင့်မြတ်တရားကို အကျယ် ဟောကြားတော်မူသောသုတ်။

(မဂ္ဂင်ရှစ်သွယ် အကျယ်ကို ပြသည်။)

မ ၁၀၁ သံ-ပါ-၇၊ ၉။ ဌ/တ-၁၆၀၊ ၁၆၄။ ဋီ/ဒု-၃၃၉+၄၀၂။ မြန်/တ-၈+၁၀။

ပဌမ ဝိဟာရသုတ်

(သာဝတ္ထိ) မြတ်စွာဘုရားသျှင်သည် တဆဲ့ငါးရက်ပတ်လုံး တပါးတည်း သီတင်းသုံးတော်မူပြီး၍ ရဟန်းတို့အား ဘုရားဖြစ်ခါစအချိန်ကနေထိုင်သောနည်းဖြင့်နေထိုင်ခဲ့ပုံ · မိစ္ဆာမဂ္ဂ,

သံမွာမဂ္ဂ, ဆန္ဒ, သညာ, ဝေဒနာ, အရဟတ္တဖိုလ် စသည်ကို အမျိုးမျိုး ခံစားရပုံကို ဟောကြား တော်မူသောသုတ်။

(ပဌမဘိသမ္ဘုဒ္ဓ သီတင်းသုံးပုံကို ပြသည်။)

မဟာ သံ–ပါ–၁၀+၁၁။ ဌ/တ–၁၆၇+၁၆၇။ ဋီ/ဒု–၄၀၃+၄၀၆။ မြန်/တ–၁၂။

ဒုတိယ ဝိဟာရသုတ်

(သာဝတ္ထိ) မြတ်စွာဘုရားသျှင်သည် တလပတ်လုံး ကပါးတည်း သီတင်းသုံးတော်မူပြီး၍ ရဟန်းတို့အား (ပဌမ ဝိဟာရသုတ်) ကဲ့သို့ ဟောကြားတော်မူသောသုတ်။

မဟာ သံ–ပါ–၁၁+၁၂။ ဌ/တ–၁၆၇။ ဋီ/ဒု–၄၀၆။ မြန်/တ–၁၂+၁၃။

ဝေဒနာသုတ်

(သာဝတ္ထိ) မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ဝေဒနာသုံးပါးရှိပုံနှင့် ထိုဝေဒနာကို ပိုင်းခြား၍ သိနိုင်ရန် မဂ္ဂင်ရှစ်ပါး အကျင့်မြတ်တရားကို ပွားများ အားထုတ်အပ်ပုံကို ဟောကြားတော်မူသောသုတ်။

(ဝေဒနာတရား ပိုင်းခြားသိရန် အကျင့်လမ်းမှန်ကို ပြသည်။)

မဟာ သံ/–ပါ–၁၇။ ဌ/တ–မ။ ဋီ/ဒု–မ။ မြန်/တ–၁၉+၂၀။

ဝိရဒ္ဓသုတ်

(သာဝတ္ထိ) မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား အရိယမဂ္ဂင် ချုတ်ယုင်းလျှင် နိဗ္ဗာန် ရောက်ကြောင်း ချုတ်ယုင်းပုံ နှင့် မဂ္ဂင်ရှစ်ပါး အကျင့်မြတ်တရားကို ပွားများ အားထုတ်သူသည် ဝဋ်ဆင်းရဲမှ လွတ်မြောက်၍ နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်ပုံကို ဟောကြားတော်မူသောသုတ်။

(မဂ္ဂင်ရှစ်တန် နှင့် မြတ်နိဗ္ဗာန်ကို ပြသည်။)

မဟာ သံ–ပါ–၁၉။ ဌ/တ–မ။ ဋီ/ဒု–မ။ မြန်/တ–၂၁။

ဝိဝါဒသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ဝေဖန်ငြင်းခြင်း မရှိ သုံးပါးရှိပုံ နှင့် တိုးမရှိ သုံးပါးကို ထူးသောဉာဏ်ဖြင့် ပိုင်းခြားသိတုန်း, ကုန်ရာ, ပယ်ရန် မဂ္ဂင်ရှစ်တန် အကျင့်မြတ်တရားကို ပွားများအားထုတ်ရန် ဟောကြားတော်မူသောသုတ်။

(ယထာ သေနာ တထာ ဝိတ္ထာရေတဗ္ဗံ။)

မဟာ သံ–ပါ–၅၂။ ဌ/တ–၁၇၄။ ဋီ/ဒု–၄၁၂။ မြန်/တ–၅၅။

ဇဝဒနာသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ဇဝဒနာသုံးပါးရှိပုံ စသည်တို့ကို အထက် (ဝိဓာသုတ်) ကဲ့သို့ ဟောကြားတော်မူသောသုတ်။

(ဝေဒနာသုံးပါးနှင့် ရှစ်ပါးမဂ္ဂင် ကျင့်လမ်းစဉ်ကို ပြသည်။)

မဟာ သံ–ပါ–၅၃။ ဋ္ဌ/တ–မ။ ဋီ/ဒု–မ။ မြန်/တ–၅၇။

ဝတ္ထသုတ်

(သာဝတ္ထိ) အသျှင်သာရိပုတ္တရာသည် ရဟန်းတို့အား ဗောဇ္ဈင်ခုနစ်ပါးရှိပုံ နှင့် မိမိသည် နံနက်, ဇနီ, ညဉ့် အချိန်တို့တွင် အလိုဇ္ဈာသောဗောဇ္ဈင်ဖြင့် မြင့်မြတ်ကောင်းမွန်တည်တံ့စွာ နေနိုင်ပုံကို မင်းသည် ပုဆိုးအမျိုးမျိုးတို့ကို စိုးပိုင်၍ အလိုရှိသလိုလဲလှယ်ဝတ်ဆင်သော ဥပမာဖြင့် ဟောကြားတော်မူသောသုတ်။

(ဗောဇ္ဈင် တရားနှင့် အလိုရှိသည့်အတိုင်း ခံစားခွင့်ပြုတော်မူနိုင်ပုံကို ပြသည်။)

မဟာ သံ–ပါ–၆၄+၆၅။ ဋ္ဌ/တ–၁၀၂။ ဋီ/ဒု–၄၂၁+၄၂၂။ မြန်/တ–၆၀။

ဝိရဒ္ဓသုတ်

အထက် (ပဋိပတ်ဝဂ် ဝိရဒ္ဓသုတ်) နှင့် တူသည်၊ မဂ္ဂင် နှင့် ဗောဇ္ဈင်မျှသာထူးသည်။)

မဟာ သံ–ပါ–၇၄။ ဋ္ဌ/တ–မ။ ဋီ/ဒု–မ။ မြန်/တ–၇၀။

ဝိဓာသုတ်

(သာဝတ္ထိ) မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား အတိတ် အာနာဂတ် ပစ္စုပ္ပန်ကာလ သုံးပါးတို့၌ အလုံးစုံသော သမဏ ဗြဟ္မဏတို့သည် ဗောဇ္ဈင်ခုနစ်ပါးကို အကြိမ်ကြိမ် ပွားများလျက် မာနသုံးပါးကို ပယ်ပြီး ပယ်ဆဲ ပယ်တတ် ဖြစ်ပုံတို့ကို ဟောကြားတော်မူသောသုတ်။

(ဗောဇ္ဈင် တရားသည် မာနသုံးပါးကို ပယ်နိုင်ပုံကို ပြသည်။)

မဟာ သံ/ပါ–၀၇။ ဋ္ဌ/တ–၁၀၂။ ဋီ/ဒု–၄၂၉။ မြန်/တ–၉၂။

ဝိနီလကသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ဝိနီလကသညာ နှင့် ဗောဇ္ဈင် ခုနစ်ပါးကို ပွားများလျှင် ချမ်းသာစွာ နေရပုံကို ဟောကြားတော်မူသောသုတ်။

(ဝိနီလကသညာ နှင့် ဗောဇ္ဈင်၏ အကျိုးကို ပြသည်။)

မဟာ သံ–ပါ–၁၁၅။ ဋ္ဌ/တ–မ။ ဋီ/ဒု–မ။ မြန်/တ–၁၁၉။

ဝိစ္ဆိဒ္ဒကသုတ်

အထက် (ဝိနီလကသုတ်) နှင့် တူသည်၊ ဝိစ္ဆိဒ္ဒကသည် နှင့် ပေါင်္ခမျှသာ ဆူးသည်။
မဟာ. သံ–ပါ–၁၁၅။ ဋ္ဌ/တ–၂၁၁။ ဋီ/ဒု–၄၄၈။ မြန်/တ–၁၁၉။

ဂိရာဂသုတ်

အထက် (ဝိနီလကသုတ်)နှင့် တူသည်၊ ဝိရာဂသည် နှင့် ပေါင်္ခမျှသာ ထူးသည်၊
မဟာ သံ–ပါ–၁၁၇။ ဋ္ဌ/တ–၂၁၁+၂၁၂။ ဋီ/ဒု–၄၄၈+၄၄၉။ မြန်/တ–၁၂၂။

ဂိရာဂသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား သတိပဋ္ဌာန် လေးပါးကို ပွားများခြင်းသည် ရာပကင်းရာ ချုပ်ငြိမ်းရာနိဗ္ဗာန်သို့ရောက်ကြောင်းအကျင့်မြတ် ဖြစ်ပုံကို ဟောကြားတော်မူသောသုတ်။
(သတိပဋ္ဌာန် လေးပါးသည် ရာဂကုန်နိုင်ပုံကို ပြသည်။)
မဟာ သံ–ပါ–၁၅၆။ ဋ္ဌ/တ–မ။ ဋီ/ဒု–မ။ မြန်/တ–၁၆၁+၁၆၂။

ဝိရဒ္ဓသုတ်

အထက် (ဂိလာနဝဂ်ဂ် ဝိရဒ္ဓသုတ်) နှင့် တူသည်၊ သတိပဋ္ဌာန် လေးပါးမျှသာ ထူးခြားသည်။
(သတိပဋ္ဌာန် လေးပါး ခွဲခြတ်ယှင်းလျှင် နိဗ္ဗာန်ခွဲခြတ်ယှင်းပုံကို ပြသည်။)
မဟာ သံ–ပါ–၁၅၇။ ဋ္ဌ/တ–မ။ ဋီ/ဒု–မ။ မြန်/တ–၁၆၂။

ပိဘဂ်သုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား သတိပဋ္ဌာန် လေးပါး နှင့် သတိပဋ္ဌာန်ကို ပွားများခြင်း သတိပဋ္ဌာန်ပွားများခြင်းသို့ ရောက်ကြောင်း အကျင့်တရား မဂ္ဂင်္ဂစ်ပါးကို အကျယ်ဝေဘန်ဟောကြားတော်မူသောသုတ်။
(သတိဋ္ဌာန် လေးပါး နှင့် မဂ္ဂင်ရှစ်ပါး အကျင့်မြတ်တရားတို့ကို ပြသည်။)
မဟာ သံ–ပါ–၁၆၀။ ဋ္ဌ/တ–မ။ ဋီ/ဒု–မ။ မြန်/တ–၁၆၃။

ဝေဒနာသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ဝေဒနာသုံးပါးရှိပုံ နှင့် ထိုဝေဒနာသုံးပါးကိုပိုင်း

ခြားရှိသိခြင်းငှာ သတိပဋ္ဌာန်လေးပါးကို ပွားများအားထုတ်ရန် ဝိုက်တွန်းဟောကြားတော်မူသောသုတ်။

(ဝေဒနာသုံးပါးကို ပိုင်းခြားသိရန်ပြသည်။)

မဟာ သံ–ပါ–၁၆၅။ ဌ/က–မ။ ဍီ/ဒု–မ။ မြန်/က–၁၇၂။

ပဌမ ဝိဘင်းသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား သဒ္ဓိန္ဒြေစသော ဣန္ဒြေငါးပါးကို အကျယ်ဝေဘန် ဟောကြားတော်မူသောသုတ်။

(ဣန္ဒြေငါးပါး ခေါ်ဆိုရပုံကို ဝေဘန်ပြသည်။)

မဟာ သံ–ပါ–၁၇၂+၁၇၃။ ဌ/တ–၂၆၅+၂၆၆။ ဍီ/ဒု–၄၈၈+၄၈၉။ မြန်/တ–၁၇၇+၁၇၈။

ဒုတိယ ဝိဘင်းသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား သဒ္ဓါဇြေစသော ဣန္ဒြေငါးပါးကို တနည်းအားဖြင့် ဝေဘန် ဟောကြားတော်မူသောသုတ်။

မဟာ သံ–ပါ–၁၇၃+၁၇၅။ ဌ/တ–၂၆၆+၂၆၉။ ဍီ/ဒု–၄၈၈+၄၈၉။ မြန်/တ–၁၇၈+၁၈၀။

ပဌမ ဈာနဝိဘင်းသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ဣန္ဒြေငါးပါးကို ပြီးပြည့်စုံအောင် အားထုတ်ခြင်းကြောင့် ရဟန္တာဖြစ်ပုံ-ဣန္ဒြေနှံ့လျော်ဒန္ဓရာပမိုနိဗ္ဗာယီ-ထို့အောက် ဥပဟစ္စ ပရိနိဗ္ဗာယီ-ထို့အောက် အသခ်ါရ ပရိနိဗ္ဗာယီ-ထို့အောက် သသ သခ်ါရ ပရိနိဗ္ဗာယီ-ထို့အောက် ဥဒ္ဓံသောတဂါမိနိဗ္ဗာ ဝါမိ-ထို့အောက် သကဒါဂါမိ-ထို့အောက်သောတာပန်-ထို့အောက် ဓမ္မာနုသာရီထို့အောက် သဒ္ဓါနုသာရီ သောတာပန်ဖြစ်နိုင်ပုံတို့ကို ဟောကြားတော်မူသောသုတ်။

(ဣန္ဒြေငါးပါးအကျိုး အဆင့်ဆင့်တို့ကို ပြသည်။)

ပဟာ သံ–ပါ–၁၇၆+၁၇၇။ ဌ/ဟ–၂၆၈။ ဍီ/ဒု–၄၉၁+၄၉၂။ မြန်/တ–၁၈၂။

ဒုတိယ ဝိဘင်းသုတ်

အဘက် (ပဌမ ဝိဘင်းသုတ်) နှင့် တူသည်၊ ဣန္ဒြေထူး၍ ဖိုလ်ထူးသည်၊ ဖိုလ်ထူး၍ ပုဂ္ဂိုလ်ထူးသည်ဖြစ်သော ထူးခြားသည်။

(ထူးခြားပုံကို ပြသည်။)

မဟာ သံ–ပါ–၁၇၇။ ဌ/တ–၂၆၈။ ဍီ/ဒု–၄၉၁+၄၉၂။ မြန်/တ–၁၈၃။

တတိယ ဝိတ္ထာရသုတ်

အထက် (ပဌမ ဝိတ္ထာရသုတ်) နှင့် တူသည်၊ ဤမြန်မာ ဘာသာပြန်ဆိုချက်တွင် အပြည့်အစုံအားထုတ်လျှင် ရဟန္တာဖြစ်၍ တစိတ်တဒေသအားထုတ်လျှင် အနာဂါမ်ဖလသည် တစိတ်တဒေသဖြစ်ပုံမျှသာ ထူးခြားသည်။

(ဤနေရာ အဆင့်ဆင့် အကျိုးပေးပုံကို ပြသည်။)

မဟာ သံ–ပါ–၁၇၇+၁၇၀။ ဋ္ဌ/တ–၂၆၀။ ဋီ/ဒု–၄၉၁+၄၉၂။ မြန်/တ–၁၀၃+၁၀၄။

ပဌမ ဒိဘင်္သုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ကိုယ်ခြံဖြစ်သော ချမ်းသာကို ဆံစားခြင်းသည် သုခိန္ဒြေ, ဆင်းရဲကို ဆံစားခြင်းသည် ဒုက္ခိန္ဒြေ, စိတ်ခြံဖြစ်သော ချမ်းသာကို ဆံစားခြင်းသည် သောမနဿိန္ဒြေ, ဆင်းရဲခြင်းကို, ဆံစားခြင်းသည် ဒေါမနဿိန္ဒြေ, ဆင်းရဲ ချမ်းသာတို့ကိုလျစ်လျူရှုသော ဆံစားခြင်းသည် ဥပေက္ခိန္ဒြေမည်ပုံတို့ကို ဟောကြားတော်မူသောသုတ်။

(ဆံစားပုံ နှင့် ဤဣန္ဒြေမည်ပုံတို့ကို ပြသည်။)

မဟာ သံ–ပါ–၁၀၄+၁၀၅။ ဋ္ဌ/တ–၂၇၃၊ ဋီ/ဒု–၄၉၆။ မြန်/တ–၁၉၀+၁၉၁။

ဒုတိယ ဝိဘင်္သုတ်

အထက် (ပဌမ ဝိဘင်္သုတ်) နှင့် တူသည်၊ သုခိန္ဒြေ, သောမနဿိန္ဒြေ နှစ်ပါးကို သုခဝေဒနာ, ဒုက္ခိန္ဒြေ ဒေါမနဿိန္ဒြေ နှစ်ပါးကို ဒုက္ခဝေဒနာ, ဥပေက္ခိန္ဒြေကို အလယ်အလတ်ဖြစ်သော အဒုက္ခမသုခ ဝေဒနာအဖြစ် ကောက်ယူဖော်ပြခြင်းမျှသာ ထူးသည်။

(ဤနေရာ ငါးပါးကို ဝေဒနာသုံးပါးဖြင့် ဝေဘန်ပုံကို ပြသည်။)

မဟာ သံ–ပါ–၁၀၅+၁၀၆။ ဋ္ဌ/တ–မ။ ဋီ/ဒု–မ။ မြန်/တ–၁၉၁+၁၉၂။

တတိယ ဝိဘင်္သုတ်

အထက် (ဒုတိယ ဝိဘင်္သုတ်) နှင့် တူသည်။

။ဟာ သံ–ပါ–၁၀၆+၁၀၇။ ဋ္ဌ/တ–မ။ ဋီ/ဒု–မ။ မြန်/တ–၁၉၂။

ဝိရဒ္ဓသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား [illegible] ချုတ်ယှင်းလျှင် အရိယမဂ် ချုတ်ယှင်းပုံကို ဟောကြားတော်မူသောသုတ်။

(ဤဒိပါဒ် လေးပါး မပြည့်စုံသော တစ်ပုဒ်ဒုဒ်ချိုင့်ပုံကို ပြသည်။)

မဟာ သံ–ပါ–၂၂၂။ ဋ္ဌ/တ–မ။ ဋီ/ဒု–မ။ မြန်/တ–၂၂၄။

ဝိဘင်္ဂသုတ်

မြတ်စွာ ဘုရားသျှင်သည် ရဟန်းတို့အား ကုဋ္ဌိပါဒ်လေးပါး ပွဲားများ အားထုတ်ပုံကို အကျယ် ဝေဘန်ညွှန်ပြတော်မူပုံနှင့် ကုဋ္ဌိပါဒ်လေးပါးကို အကြိမ်ကြိမ် ပွဲားများအားထုတ်လျှင် တန်ခိုးအမျိုးမျိုးတို့ အလိုရှိတိုင်း ပြည့်စုံ၍ အရဟတ္တဖိုလ်ကို ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုနိုင်ပုံကို အကျယ် ဝေဘန်ဟောကြားတော်မူသောသုတ်။

(ကုဋ္ဌိပါဒ်လေးပါး အားထုတ်ပုံနှင့် တန်ခိုးအမျိုးမျိုးနှင့် ပြည့်စုံနိုင်ပုံကို ပြသည်။)

မဟာ သံ–ပါ–၂၄၂–၂၄၅။ ဋ္ဌ/တ–၂၀၉+၂၉၁။ ဋီ/ဒု–၅၁၃+၅၁၄။
မြန်/တ–၂၄၅+၂၄၈။

ဝေသာလီသုတ်

ဝေသာလီပြည် မဟာဝုန်တောဋ္ဌ· မြတ်စွာ ဘုရားသျှင်သည် ရဟန်းတို့အား အသုဘ ကမ္မဋ္ဌာန်း၏ ဂုဏ်ကျေးဇူး ကြီးမားပုံကို ဟောကြားလျက် တဆဲ့ငါးရက်တိုင်တိုင် တပါးတည်း သီတင်းသုံးဘော်မပုံ - ရဟန်းတို့သည် အသုဘကမ္မဋ္ဌာန်းကို ပွဲားများရာမှ ငြီးငွေ့ စက်ဆုတ်ကြ၍ ရဟန်းများစွာတို့ မိမိကိုယ်ကို ဓားဖြင့် သတ်သေကြပုံ - တဆဲ့ငါးရက်စေ့၍ ဘုရားသျှင်သိရှိတော်မူသောအခါ ရဟန်းတို့ကို စည်းဝေးစေပြီးလျှင် အလွန်အေးချမ်းငြိမ်သက်စွာ တည်ကြည်လျက် ဖြည့်စရာမလိုသော အာနာပါနဿတိ ပွဲားများပုံတို့ကို အစုံအလင် အကျယ် ဟောကြာတော်မူသောသုတ်။

(ကမ္မဝိပါကနှင့် အာနာပါန သမာဓိ၏ တည်ကြည်ငြိမ်သက်ပုံကို ပြသည်။)

မဟာ သံ–ပါ–၂၇၀+၂၀၀။ ဋ္ဌ/တ–၂၆၆+၃၀၁။ ဋီ/ဒု–၅၁၉+၅၂၂။
မြန်/တ–၂၀၀+၂၀၂။

ဝဋ္ဋဒ္ဒါရေယျသုတ်

ကောသလတိုင်း ဝေဋ္ဌဒ္ဒါရရွာသား ပုဏ္ဏားတို့သည် မြတ်စွာဘုရားသျှင်အား အထူးထူး သော ကာမဂုဏ်တို့ကို ခံစားလျက် သုဂတိဘဝသို့ လားရောက်နိုင်သော တရားကို နာကြားလို ပါကြောင်း လျှောက်ထားကြပုံ - ဘုရားသျှင်က မိမိတို့ မနှစ်သက်သော ကာယဒုစရိုက် သုံးပါး, ဝစီဒုစရိုက်လေးပါးကို ရှောင်ကြဉ်၍ ရတနာသုံးပါး၏ဂုဏ်ကို သက်ဝင်ကြည်ညိုလျှင် သောတာပန်ဖြစ်၍ သုဂတိဘဝသို့ လားရောက်နိုင်ပုံကို ဟောကြားတော်မူသောသုတ်။

(မိမိမကြိုက်သည်ကို သူတပါးအား မပြုလုပ်ရန်ကို ပြသည်။)

မဟာ သံ–ပါ–၃၀၆+၃၁၀။ ဋ္ဌ/တ–၃၁၁။ ဋီ/ဒု–၅၂၉။ မြန်/တ–၃၀၈+၃၁၁။

ဝဿသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား တောင်ထိပ်၌ မိုးယံးကြီး သည်းထန်စွာ ရွာသွန်းသောအခါ ပတ်ကြား, မြောင်းငယ်, မြောင်းကြီး, ချောင်းငယ်, ချောင်းကြီး, မြစ်ငယ်, မြစ်ကြီးတို့မှ သမုဒ္ဒရာသို့စီးဝင် အဆင့်ဆင့် ပြည့်ကုန်သကဲ့သို့ သောတာပတ္တိယင်္ဂတရား လေးပါးတို့ စီးဆင်းသော် အာသဝေါကင်းရာနိဗ္ဗာန်တဖက်သို့ ရောက်ပုံကို ပေါကြားတော်မူသောသုတ်။

(သောတာပတ္တိ ရေအယဉ်သည် နိဗ္ဗာန်အထိစီးဝင်ပုံကို ပြသည်။)

မဟာ သံ–ပါ–၃၄၅+၃၄၆။ ဋ္ဌ/တ–၃၁၉။ ဋီ/ဒု–၅၃၅။ မြန်/တ–၃၄၉+၃၅၀။

ဝဿံဝုတ္ထသုတ်

သာဝတ္ထိပြည်မှ ဝါကျွတ်၍ကြွလာသော ရဟန်းတပါးအား ကပိလဝတ်ပြည်မှ သာကီဝင်မင်းတို့သည် ဘုရားသျှင်အမှူးရှိသော အသျှင်သာဂိုပုတ္တရာနှင့်တကွ သံဃာတော်အသျှင်မြတ်တို့၏ ကျန်းမာရေးကို မေးမြန်လျှောက်ထားပြီးလျှင် ယခုဝါတွင်း၌ ကြားနာခဲ့ရသော တရားတော်ကို ဟောကြားပါရန် တောင်းပန်လျှောက်ထားကြပုံ. ရဟန်းတော်သည် ယခုမျက်မှောက်ဘဝ၌ ရဟန္တာဖြစ်သော ပုဂ္ဂိုလ်ထက် အနာဂါမ်ဗြဟ္မာ ဖြစ်သည်က မျှားပုံ - ထိုထက် သကဒါဂါမ် - ထိုထက် သောတာပန်က ပိုမိုမျှားသည်ဟု ကြားနာခဲ့ရပုံကို ဟောကြားတော်မူသောသုတ်။

(သောတာပန် ဖြစ်သည်က မျှားပုံကို ပြသည်။)

မဟာ သံ–ပါ–၃၅၅+၃၅၆။ ဋ္ဌ/တ–၃၂၁။ ဋီ/ဒု–၅၃၇။ မြန်/တ–၃၆၀+၃၆၁။

ဝိပုလပညာသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား (မဟာပညာသုတ်) ကဲ့သို့ ပြန့်ပြောသော ဝိပုလပညာ နှင့် ပြည့်စုံစေသော အင်္ဂါလေးပါးကို ဟောကြားတော်မူသောသုတ်။

(သူတော်ကောင်းတို့ကို မှီဝဲဆည်းကပ်ခြင်း စသည်ကို ပြသည်။)

မဟာ သံ–ပါ–၃၆၀။ ဋ္ဌ/တ–မ။ ဋီ/ဒု–မ။ မြန်/တ–၃၆၅။

ဝိတက္ကသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ဝိတက်တရားတို့၌ မကြံစည်အပ်ပုံ - ဆန္ဒ ရာဂ ချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော သစ္စာလေးပါးတရား၌သာလျှင် ကြံစည်အပ်ပုံကို ဟောကြားတော်မူသောသုတ်။

(ဝိတက်တရားသုံးပါး၌ မကြံစည်အပ်ပုံကို ပြသည်။)

မဟာ သံ–ပါ–၃၆၆။ ဋ္ဌ/တ–မ။ ဋီ/ဒု–မ။ မြန်/တ–၃၇၁။

ဝိဂ္ဂါဟိက ကထာသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းပရိသတ် ကို ဟောကြားတော်မူသည်၌ ပြောဆို ငြင်းခုံခြင်းကို မပြုလုပ်သင့်ပုံ- ဆန္ဒရာဂ ချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ ဦးတည်ရာဖြစ်သော သစ္စာလေးပါး တရားကို သာလျှင် ပြောဆိုသွေးနွေး ကျင့်ကြံအား ထုတ်သင့်ကြောင်း ဟောကြားတော်မူသောသုတ်။

(တရားမဟုတ်သည်၌ ပြောဆိုငြင်းခုံခြင်း မပြုသင့်ပုံကို ပြသည်။)

ဟော သံ-ပါ-၃၆၇။ ဌ/တ-ဟ။ ပို/ခု-မ။ မြန်/တ-၃၇၂။

ဝိဇ္ဇာသုတ်

ရဟန်းတပါးသည် မြတ်စွာဘုရားသျှင်အား ဦးခွာဟူသည် အဘယ်ပါနည်း၊ အဘယ်မျှဖြင့် ဝိဇ္ဇာသို့ရောက်ရှိသူမည်ပါသနည်းဟု [illegible] ဘုရားသျှင်က သစ္စာလေးပါးကို သိခြင်းသည် ဝိဇ္ဇာမည်ပုံ သိခြင်းမျှဖြင့် ဝိဇ္ဇာသို့ရောက်ရှိသူ မည်ပုံကို ဟောကြားတော် မူသောသုတ်။

(ဝိဇ္ဇာမည်ပုံကို ပြသည်။)

မဟာ သံ-ပါ-၃၀၆။ ဌ/တ-မ။ ပို/ခု-မ။ မြန်/တ-၃၀၂+၃၀၃။

ဝါဒတ္ထိကသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား သစ္စာလေးပါးအမှန်တရားကို ဟုတ်မှန်စွာသိသော ရဟန်းအား အရဟတ္တမဂ်ဉာဏ် ဝါဒတင်ရန် လားရာက်ကြစေကာမူ ကြောက်ရွံ့ တုန်လှုပ်ရန် မရှိပုံ- မြေဝင်ရှစ်ဘောင်ရှိသော ကျောက်တိုင်ကဲ့သို့ အရဟတ္တမဂ်ဉာဏ်မှ လေပြင်းမုန်တိုင်း တိုက်ခတ်သော်လည်း မတုန်လှုပ်နိုင်ပုံ နှင့် သစ္စာလေးပါးကို အားထုတ်ရန် တိုက်တွန်းဟောကြားတော်မူသောသုတ်။

(သစ္စာလေးပါး [illegible] ပုံကို ပြသည်။)

မဟာ သံ-ပါ-၃၀၉။ ဌ/တ-[illegible]။ ပို/ခု-၅၄၅။ မြန်/တ-၃၉၅-၃၉၆။

ဝါလသုတ်

အသျှင်အာနန္ဒာသည် ဝေသာလီပြည် ဝါးတောဥယျဉ်၌ မြွေးပစ်အတတ်ကိုလေ့ကျင့်နေကြသော မင်းသားတို့ကို ဆွမ်းဝိုင်းရာမှမြင်တွေ့ခဲ့ရ၍ [illegible] ချီးမွမ်းဖွယ်ကောင်းသည်ကို ဘုရားသျှင်အား လျှောက်ကြား [illegible] ဘုရားသျှင်က [illegible] ကို ဒုနှစ်စိတ်ခွဲ၍ သားမြီးဖျားအချင်းချင်း ထိုးဖောက်ရသော ဝက်ခြံပမာ [illegible] သစ္စာလေးပါးဌ ကိုယ်တိုင်ထိုးထွင်းမှ သိကဲ့သို့ [illegible] သစ္စာလေးပါးတရားကို ဟောကြားတော်မူသောသုတ်။

(သစ္စာသေးပါးဌ [illegible] ပုံကို ပြသည်။)

၁ သံ-ပါ-၃၉၅-၃၉၆။ ဌ/တ-၃၂၂။ ပို/ခု-၅၄၅။ မြန်/တ-၄၀၁+၄၀၂။

ဝိကာလဘောဇနသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား (နခသိခသုတ်) ဥပမာဖြင့် နေလွဲညစာ စားခြင်းမှ ရှောင်ကြဉ်သူထက် မရှောင်ကြဉ်သူတို့က များပုံကို ဟောကြားတော်မူသောသုတ်။

(နေလွဲညစာ စားခြင်းမှ ရှောင်ကြဉ်သူနည်းပုံကို ပြသည်။)

မဟာ သံ–ပါ–၄၀၈။ ဋ္ဌ/တ–၃၃၅။ ဋီ/ဒု–၅၄၇။ မြန်/တ–၄၁၄။

[အင်္ဂုတ္တရနိကာယ]

ဝိရိယာရမ္ဘဒိဝက် (၁၀)

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ဝီဒိယာရမ္ဘကထာ, မဟိစ္ဆတာ, အပိစ္ဆတာ, အသန္တုဋ္ဌိ, သန္တုဋ္ဌိ, ယောနိသောမနသိကာရ, အသမ္မုဇ္ဇ, သမ္မုဇ္ဇ, ပါပမိတ္တဘရားတို့ ဖြစ်ပေါ်ခြင်းနှင့် ကုသိုလ်·အကုသိုလ်ဘရားတို့၏ အတိုးအဆုတ်စသည်တို့ကို ယှဉ်တွဲ ဟောကြားတော်မူသော ဆယ်သုတ်။

(ကုသိုလ် အကုသိုလ်တရားတို့၏ တိုးပွားဆုတ်ယုတ်ကြောင်းကို ပြသည်။)

အံ ဇက–ပါ/ပ–၁၁+၁၂။ ဋ္ဌ/ပ–၅၆+၆၂။ ဋီ/ပ–၁၁၂+၁၁၆။ မြန်/ပ–၁၄ ၊ ၁၆။

ဝဇ္ဇသုတ်

(သာဝတ္ထိ) မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား မျက်မှောက်ဘဝ၌ ဖြစ်သော အပြစ်·တမလွန်ဘဝ၌ဖြစ်သောအပြစ်·အပြစ်နှစ်ပါးကို အကျယ် ဟောကြားတော်မူပြီးလျှင် ထိုအပြစ်နှစ်ပါးကို ကြောက်ရွံ့ရန် ဟောကြားတော်မူသောသုတ်။

(အပြစ်နှစ်ပါးကို ပြသည်။)

အံ ဒုက–ပါ/ပ–၄၉+၅၁။ ဋ္ဌ/ဒု–၁+၄။ ဋီ/ဒု–၁+၂။ မြန်/ပ–၅၉+၆၂။

ဝဿုပနာယိကသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ပုရိမဝါကပ်ခြင်း, ပစ္ဆိမဝါကပ်ခြင်း ဟူသော ဝါကပ်ခြင်းနှစ်မျိုးကို ဟောကြားတော်မူသောသုတ်။

(ဝါကပ်ခြင်းနှစ်မျိုးကို ပြသည်။)

အံ့ ဒုက–ပါ/ပ–၅၃။ ဋ္ဌ/ဒု–၈။ ဋီ/ဒု–၉။ မြန်/ပ–၆၆။

No. 78

ဝိနယ ပေယျာလ (၃၀၀)

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား သိက္ခာပုဒ်ကိုပညတ်ခြင်း၏ ရည်ရွယ်ဓတ်မူရင်း နှင့်ပါးအစု ဆယ်ခုံ နှင့် ပါတိမောက်ကို ပြည့်တင်တော်မူခြင်း၏ ရည်ရွယ်ဓတ်မူရင်း နှစ်ပါးအစု နှစ်ရပ်ကိုးဆယ်သော သုံးသို့ကို အကျယ် ပြောကြားတော်မူသောသုတ်။

(သုံးရာသော ဒုတိယအရာတို့ဖြင့် ပြသည်။)

အံ့ ဒုက-ပါ/ပ-၉၇+၉၈။ ဌ/ဒု-၆၅+၆၆။ ဋီ/ဒု-၆၆+၇၄။ မြန်/ပ-၁၁၃+၁၁၅။

ဝဇိရူပမသုတ်

မြတ်စွာဘုရားသျှင်သည် ရတနာတို့အား အနာဂေဟင်း, ဟျပ်စစ်, ဝဇိရစိန်နှင့် တူသော ပုဂ္ဂိုလ်သုံးမျိုးကို အကျယ်ဒေသနာ ဟောကြားတော်မူသောသုတ်။

(ပုဂ္ဂိုလ် သုံးမျိုးကို ပြသည်။)

အံ့ ဇိက-ပါ/ပ-၁၂၁+၁၂၂။ ဌ/ဒု-၉၁+၉၃။ ဋီ/ဒု-၉၂+၉၃။ မြန်/ပ-၁၄၀။

ဝဇ္ဇဂေါတ္တသုတ်

ဒါနပြုခြင်း အကျိုးကြီးခြင်းနှင့်ပတ်၍ ဝဇ္ဇပရိဗိုဇ်၏ မေးလျှောက်ချက်အရ ဘုရားသျှင် သည် ဒါနကိုတားမြစ်သူသည် အန္တရာယ်သုံးပါးကို ပြုသည်မည်ပုံ · ဒါနသည် အဆင့်ဆင့် ကျိုးကြီး ထူးခြားခြင်းကိုဂါထာဝိုက် ဟောကြားတော်မူသောသုတ်။

(ဒါနကို ပတ်၍ အန္တရာယ်သုံးမျိုး အကျိုးအဆင့်ဆင့် ကြီးမြတ်ပုံကို ပြသည်။)

အံ့ တိက-ပါ/ပ-၁၆၁+၁၆၃။ ဌ/ဒု-၁၄၂+၁၄၄။ ဋီ/ဒု-၁၂၉+၁၃၀။
မြန်/ပ-၁၇၉+၁၈၀။

ဝဇ္ဇိယမာဟိတသုတ်

ဝေနာဂပုရဏ္ဍာသား ဝဇ္ဇိယမာဟိတသည် ဘုရားသျှင်၏ ကြွက်သရေတော်တို့နှင့် မြင့်မြတ်သော ဧနရာကိုအလိုရှိခြင်းတို့တော်မူသည်ကို လျှောက်ထားပုံ · ဘုရားသျှင်က ဤမြင့်မြတ်သောနေရာ အခင်း တို့သည် ရဟန္တာ မအပ်ပုံ · ဘုရားဘျှင်ဟု နတ်ပြုဟ္မာ အရိယာတို့၏ ဥစ္စာဖြစ်သော မြင့်မြတ်သောဥစ္စာသုံးမျိုးကို အလိုရှိတော်ရှိကိုင်း ရန်ိုင်ပုံတို့ကို ဟောကြားတော်မူသောသုတ်။

(မြင့်မြတ်သော နေရာသုံးမျိုးကို ပြသည်။)

အံ့ တိက-ပါ/ပ-၁၈၁+ ၈၅။ ဌ/ဒု-၁၆၅+၁၇၃။ ဋီ/ဒု-၁၂၀+၁၆၀။
မြန်/ပ-၁၉၉+၂၁၃။

ဝဇိပုတ္တသုတ်

ဝေသာလီပြည် မဟာဝုံနတော ပြာသာဒ်ဒကျောင်း၌ ဝဇ္ဇီမင်းသား ရဟန်းဘပါးသည် သိက္ခာပုဒ် တရာ့ငါးဆယ်ကျော်ကို ကျင့်သုံးဆောက်တည်ခြင်းနှင့် မစွမ်းနိုင်ကြောင်းကို ဘုရားသျှင် အား လျှောက်ထားး၍ ဘုရားသျှင်က သိက္ခာသုံးပါးမျှကို ကျင့်သုံးဆောက်တည်ခြင်း ကောမူဇောသုတ်။

(သိက္ခာပုဒ်တော် (၁၅၀)ကျော်မျှ ပညတ်ပြီးသောအခါနှင့်တွင်ဖြစ်သည်။)

အံ တိက–ပါ/ပ–၂၃၁+၂၃၂။ ဇ္ဇံ/ဒု–၂၁၅။ ဇ္ဇီ/ဒု–၁၀၅+၁၀၆။ မြန်/ပ–၂၄၉။

ဝိပတ္တိသမ္ပဒါသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား လေ့ကျင့်ခြင်းသုံးပါးနှင့် ပြည့်စုံခြင်း သုံးပါးကို ဟောကြားတော်မူသောသုတ်။

(ပျက်စီးခြင်း နှင့် ပြည့်စုံခြင်းသုံးပါး အစုံကို ပြသည်။)

အံ တိက ပါ/ပ–၂၇၁+၂၇၃။ ဇ္ဇံ/ဒု–၂၃၄။ ဇ္ဇီ/ဒု–၂၀၆။ မြန်/ပ–၂၀၉+၂၉၀။

စုန္ဒိသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ကြီးပွားတိုးတက်အပ်သော တရားသုံးပါးကို ဟောကြားတော်မူသောသုတ်။

(သဒ္ဓါ, သီလ, ပညာ သုံးပါးကို ပြသည်။)

အံ တိက–ပါ/ပ–၂၉၁+၂၉၂။ ဇ္ဇံ/ဒု–၈။ ဇ္ဇီ/ဒု–၈။ မြန်/ပ–၃၀၀။

ဝိသမသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ငရဲသို့ ဆောင်ယူခြုထားသကဲ့သို့ ကျူရောက် စေသော မညီညွတ်သော တရားသုံးပါး နှင့် နတ်ပြည်သို့ ရောက်စေသော ညီညွတ်သောတရား သုံးပါကို ဟောကြားတော်မူသောသုတ်။

(ကံသုံးပါးကို ပြသည်။)

အံ တိက–ပါ/ပ–၂၉၇။ ဇ္ဇံ/မ။ ဇ္ဇီ–မ။ မြန်/ပ–၃၁၄။

ဝန္ဒနာသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ကိုယ်, နှုတ်, စိတ် အားဖြင့် ရှိခိုးခြင်း သုံးမျိုးကို ဟောကြားတော်မူသောသုတ်။

(ရှိခိုးခြင်း သုံးမျိုးကိုပြသည်။)

အံ စတုက—ပါ/ပ—၃၉၀။ ဥ/ဒု—မ။ ဋီ/ဒု—မ။ မြန်/ပ—၃၁၆။

ဝေသာရဇ္ဇသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား မြတ်သော ဂုဏ်းစကြာရတနာကို လည်စေတော်မူသော မြတ်စွာဘုရားသျှင်၏ လေးပါးသော ဝေသာရဇ္ဇဉာဏ်တော်ကို ဟောကြားတော်မူသော သုတ်။

(ရဲရင့်ခြင်းလေးပါးကို ပြသည်၊)

အံ စတု—ပါ/ပ—၃၁၅+၃၁၆။ ဥ/ဒု—၂၅၃+၂၅၅။ ဋီ/ဒု—၂၂၆+၂၂၈။ မြန်/ပ—၃၃၁။

ဝဿကာရသုတ်

(ရာဇဂြိုဟ်) ဝဿကာရ ပုဏ္ဏားအား မြတ်စွာဘုရားသျှင်အား လျှောက်ထားသော ယောကျ်ားမြတ်တို့၏ တရားလေးပါးနှင့် ဘုရားသျှင်ဟောကြားတော်မူသော တရားလေးပါးကို နှိုင်းယှဉ်ပုံနှင့် ဝဿကာရပုဏ္ဏားက ဘုရာသျှင်၏ ဂုဏ်တော်တို့ကို ချီးကျူး လျှောက်ထားပုံကို ဗဟာကြားတော်မူသောသုတ်။

(ယောကျ်ားမြတ်တို့၏ အင်္ဂါလေးပါးကို ပြသည်။)

အံ စတု—ပါ/ပ—၃၄၄+၃၄၆။ ဥ/ဒု—၂၅၇။ ဋီ/ဒု—၂၅၃။ မြန်/ပ—၃၆၀+၃၆၁။

ဝိသာခသုတ်

(သာဝတ္ထိ) စည်းဝေးရာစရပ်၌ ပဉ္စာလပုတ္တေးမ၏ သား အသျှင်ဝိသာခသည် ရဟန်းတို့အားဘရားဟောတော်မူသည်ကို မြတ်စွာဘုရားသျှင်သည် ချီးကျူးတော်မူသောသုတ်။

(ပညာရှိဟု သိရပုံကို နိဒါနသံ ဝိသာခသုတ်ကဲ့သို့ ပြသည်။)

အံ စတု—ပါ/ပ—၃၆၀+၃၆၁။ ဥ/ဒု—၃၀၆။ ဋီ/ဒု—၃၀၃+၃၀၄။ မြန်—၃၇၄+၃၇၅။

ဝိပလ္လာသသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား သညာစိတ္တ ဒိဋ္ဌိ ဟူသော ဝိပလ္လာသတရားသုံးပါး တို့၏ ဖေါက်ပြန်ရာ လေးပါးကို ဟောကြားတော်မူသောသုတ်။

(ဝိပလ္လာသတရား တဆဲ့နှစ်ပါးပဉ္စမပုံကို ပြသည်။)

အံ့စတု–ပါ/ပ–၃၆၁+၃၆၂။ ဌ/ဒု–၃၀၇။ ဋ္ဌိ/ဒု–၃၀၄။ မြန်/ပ–၃၇၅+၃၇၆။

ဝဇိဋ္ဌသုတ်

အသျှင်သာရိပုတ္တရာသည် ကုန်သည်ချင်းတူပါလျက် အကျိုးပေးရည်နှယ်ချက် အောင်မြင် ခြင်းမတူပုံကို ဘုရားသျှင်အား လျှောက်ကြားရာ ဘုရားသျှင်က မတူခြင်း၏ အကြောင်းတရား လေးပါးကို ဟောကြားတော်မူသောသုတ်၊

(ပစ္စည်းလေးပါး ဘိတ်ကြားသည်ကို ပြသည်။)

အံ့စတု–ပါ/ပ–၃၉၃+၃၉၄။ ဌ/ဒု–၃၂၀။ ဋ္ဌိ/ဒု–၃၁၆။ မြန်/ပ–၄၀၇+၄၀၉။

ပဌမ ဝလာဟကသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ချုံနှုံးခြင်းရှာခြင်းနှင့် စပ်၍ မိုဃ်းလေးမျိုးရှိပုံနှင့် အပြောအလုပ်နှင့် စပ်၍ ပုဂ္ဂိုလ် လေးမျိုးရှိပုံကို ဝေဘန် ဟောကြားတော်မူသောသုတ်။

(မိုဃ်းလေးမျိုးနှင့် ပုဂ္ဂိုလ်လေးမျိုးကို ပြသည်။)

အံ့စတု–ပါ/ပ–၄၁၆+၄၁၇။ ဌ/ဒု–၃၂၇။ ဋ္ဌိ/ဒု–၃၂၂။ မြန်/ပ–၄၂၉+၄၃၀။

ဒုတိယ ဝလာဟကသုတ်

မြတ်စွာဘုရားသျှင်သည် ရဟန်းတို့အား ချုံနှုံးခြင်း ရှာခြင်းနှင့် စပ်၍ မိုဃ်းလေးမျိုးနှင့် သညာသိ ပညာသိ ပုဂ္ဂိုလ် လေးမျိုးရှိပုံကို ဝေဘန် ဟောကြားတော်မူသောသုတ်။

